www.burmeseclassic.com

# နုဝင်္သမီး

## လေတိုးသံများရဲ့အလယ်

BURMESE CLASSIC

GRAPHIC DESIGN
HEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျူစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
ဘလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ဖုန်း: ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဇော်တင်ဘာ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ပျူစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| နတ်သမီး<br>လေတိုးသံများရဲ့အလယ်<br>ပျူစာပေ ၊ ၂၀၁၅။<br>၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ။<br>(၁) လေတိုးသံများရဲ့အလယ် |



## အခန်း (၁)

အိပ်မက်များထဲကနေ သူမ လန့်နိုးလာချိန်မှာ ချွေးစေးများဖြင့် တစ်ကိုယ်လုံး ရွှဲနစ်နေခဲ့သည်။ ပန်းခင်းများကို ဖြတ်သန်းပြီး သူမထံသို့ လျှောက်လှမ်းလာသော ယောကျ်ားတစ်ယောက်။ အရပ်ရှည်ရှည် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ထိုအမျိုးသားသည် သူမရှိရာဆီသို့ တည့်တည့်မတ်မတ် လျှောက်လှမ်းလာပြီး သူမ နှုတ်ခမ်းများထက်မှာ နွေးထွေးညင်သာသော အနမ်းလေးတစ်ခု ချွေချထားခဲ့သည်။

မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရ။ သေချာတာကတော့ ထိုအမျိုးသားကို သူမရဲ့အပြင်ဘဝမှာ သိရှိမြင်တွေ့ဖူးခြင်း မရှိတာပါပဲ။ ပြီးတော့ ဒီအိပ်မက်ကို သူမ မြင်မက်နေတာ အခုတစ်ညတည်း မဟုတ်တော့။ ဒီညနဲ့ဆို သုံးညဆက်တိုက် ဖြစ်နေပြီ။ အိပ်မက်ကနေ နိုးလာတိုင်းလည်း ချွေးစေးများဖြင့် တစ်ကိုယ်လုံး ရွှဲနစ်နေမြဲ။

အိပ်မက်ထဲမှာ ထိုလူ့မျက်နှာကို မြင်တွေ့ခွင့်ရဖို့ ကြိုးစားနေရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တင် သူမ မောပန်းနေခဲ့ခြင်း ဖြစ်သည်။ ဒီလူ ဘယ်သူလဲ။ ဘာဖြစ်လို့များ သူမ အိပ်မက်တွေထဲကို ရောက်ရောက်လာနေတာလဲ။

နာရီကိုကြည့်လိုက်တော့ ညနှစ်နာရီကျော်သာ ရှိသေးသည်။ ပြန်အိပ်ဖို့ ကြိုးစားလိုက်ပေမယ့် ထပ်တစ်ခါကြုံတွေ့ရမယ့် အိပ်မက်ထဲမှာ ဒီလူကို ပြန်တွေ့နေဦးမှာလားလို့ ထိတ်လန့်နေမိသည်။ အရမ်းမြင်တွေ့ချင်နေပါလျက်နှင့် ဘယ်လိုမှ ကြိုးစားလို့မရခဲ့သော အရာ၊ သူ့မျက်နှာ။ ဒီအတိုင်းသာဆို အရင်နှစ်ညကအတိုင်း သူမ မျက်လုံးအကြောင်သားဖြင့် မိုးလင်းတော့မယ်နဲ့တူပါရဲ့။

အိပ်မရတော့မယ့်အတူတူ စာကြည့်စားပွဲပေါ်မှ ကျက်လက်စ စာတစ်အုပ်ကို ဆွဲယူပြီး အခန်းမီးကိုလည်း ထိန်လင်းနေအောင် ဖွင့်ထားလိုက်၏။ စာပဲကျက်နေလိုက်တော့မည်။ ဘယ်သူမှန်း ဘယ်ကမှန်းမသိသည့် အိပ်မက်ထဲက လူတစ်ယောက်ကြောင့် စိတ်ရှုပ်ခံနေမယ့်အစား ကိုယ့်အတွက် အကျိုးရှိတာကိုပဲ လုပ်တော့မည်။

"သမီးလေး မအိပ်သေးဘူးလား"

အခန်းတံခါးခေါက်သံ တိုးတိုးဖွဖွလေးနှင့်အတူ မာမီ့အသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရ၏။ မေပျိုငယ် စာကြည့်စားပွဲမှထကာ တံခါးကို ခပ်မြန်မြန်လေး ဖွင့်ပေးလိုက်သည်။

"မာမီရော ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"မာမီက တစ်ရေးနိုးလာတာပါ။ ရေထသောက်ရင်း သမီး အခန်းမီးလင်းနေတာတွေ့လို့ ခေါ်ကြည့်တာ"

"ဟုတ်တယ် မာမီရေ၊ သမီးလည်း တစ်ရေးနိုးပြီး ပြန်အိပ်မရတော့တာနဲ့ စာထိုင်ကျက်နေတာ"





"ကျက်တာတော့ ကျက်တာပေါ့ သမီးရယ်၊ ကိုယ့်ကျန်းမာရေးကိုတော့ မထိခိုက်စေနဲ့၊ ကိုယ့်ကိုယ်ကိုယ်ထက် အရေးကြီးတာ ဘာမှမရှိဘူး"

ဟိုးငယ်ငယ်တည်းကနေစပြီး မေပျို့ကို မာမီက ဂရုတစိုက်နှင့် ကြီးပြင်းလာသည်မို့ သူမဘဝမှာ ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းခဲ့ရသောကိစ္စဟူ၍ သိပ်မရှိခဲ့ပါ။ ယခု အသက်ဆယ့်ကိုးနှစ်အရွယ်ထိ ဘာကိုမှ မတောင့်မတ မကြောင့်မကြစွာ နေထိုင်နိုင်ခဲ့၏။ မေပျို လေးတန်းအရွယ်မှာ ဒယ်ဒီ ဆုံးပါးသွားပြီး ဖတဆိုးလေးဖြစ်ခဲ့ရပေမယ့် လစ်ဟာနေတဲ့ ကွက်လပ်ဆိုတာမျိုး မရှိနိုင်အောင်ကို မာမီ တာဝန်ကျေခဲ့သည်။

အခန်းထဲကနေ မာမီ ပြန်ထွက်သွားပြီး သိပ်မကြာခင်မှာ ကော်ဖီပန်းကန်လေးနှင့် ပြန်ရောက်လာခဲ့သည်။

"စာကျက်မယ်ဆိုလည်း ကော်ဖီလေးသောက်ရင်း ကျက်"

မာမီ့ကို မေပျို ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်မိသည်။ မေပျိုက ကော်ဖီလေးသောက်ရင်း စာကျက်ရင် ပိုဉာဏ်ပွင့်တတ်တာလေ။

"မာမီ အိပ်တော့နော်၊ သုံးနာရီတောင် ထိုးတော့မယ်၊ မနက်လည်း အစောကြီးထရဦးမှာကို"

"အင်းပါ သမီးလေးလည်း တစ်ညလုံး မအိပ်ဘဲ လုပ်မနေနဲ့ဦး"

မာမီက ချိုသာသော မျက်စောင်းလေးဖြင့် မေပျို့ကို သတိပေးစကားပြောကာ အခန်းထဲမှ ထွက်သွားသည်။ သူမကတော့ မအိပ်ချင်သေးတာရော၊ အိပ်လိုက်ရင် မြင်မက်မယ့် အိပ်မက်များကို မလိုချင်သောကြောင့် စာကိုသာ ဇိကျက်နေလိုက်သည်။ မေပျိုတို့နောက်ဆုံးနှစ်စာမေးပွဲကလည်း သိပ်မကြာခင် ဖြေရတော့မှာလေ။

■ ■ ■

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ တစ်နေရာရာမှာ တစ်ခုခုသွားစားကြရအောင်"

ကျူရှင်က ဆင်းသည်နှင့် မိုးစက်က အစားအသောက်ကိစ္စ တင်ပြလာသည်။ အားလုံးလည်း ဗိုက်ဆာနေကြတာမို့ အလွယ်တကူပင် ခေါင်းညိတ် သဘောတူလိုက်သည်။ ဒီလိုနဲ့ သူမတို့ သူငယ်ချင်းလေးယောက် ရောက်လာခဲ့တာက ကျူရှင်နှင့်သိပ်မလှမ်းသည့်နေရာမှ မြေအိုးမြီးရှည်ဆိုင်လေးဆီ ထွက်ခဲ့ကြသည်။

"မြေအိုးပွဲကြီးတစ်ပွဲ၊ မာလာဟင်းပွဲကြီးတစ်ပွဲ၊ ရှမ်းထမင်းချဉ်လေးပွဲ၊ ငါးသံပုရာပေါင်း တစ်ပွဲ၊ အာလူးချောင်းကြော်သုပ် နှစ်ပွဲ"

လေးယောက်သား နေရာယူပြီးကြတာနှင့် စားသောက်ဖွယ်ရာများကို ဆက်တိုက်မှာယူလိုက်သည်။ သူတို့အဖွဲ့လာရင် ဒီလိုပဲ များများစားစား မှာယူလေ့ရှိတာ သိနေပြီဖြစ်သော ဆိုင်မှ စားပွဲထိုးမလေးကတော့ ဘာမှ မထူးဆန်းပေမယ့် ဘေးဝိုင်းမှ ကောင်လေးတစ်ဖွဲ့က မေပျို့တို့ကို လှမ်းကြည့်လိုက်တာ သတိထားလိုက်မိ၏။

မျက်လုံးများက တအံ့တသြ။ မိန်းကလေးတွေဖြစ်ပြီး အစားအသောက်ကြီးလှချည်လားဆိုသည့် အကြည့်မျိုးတွေ။ ဟွန့် ကိုယ့်ဗိုက်နဲ့ကိုယ် ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားသောက်တာတောင်မှပဲ သူများတွေကို ဂရုစိုက်နေရဦးမှာလား မသိ။

"ဟဲ့ ဘာဖြစ်တာတုန်း မေပျို"

သူမက ဟွန့်ဆိုတာကို နှုတ်ကထုတ်ပြီး ပြောလိုက်သည်မို့ သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။ အကျိုးအကြောင်းပြောပြလိုက်တော့ ကျန် သုံးယောက်ရဲ့မျက်လုံးများကလည်း ထိုဝိုင်းဆီသို့ ရောက်ရှိသွားသည်။ ကောင်လေးသုံးယောက်တည်း ထိုင်နေသောဝိုင်း။





"ယောကျ်ားကြီးတွေဖြစ်ပြီး အနေအထိုင် မဟာတ်လိုက်တာ"

မိုးစက်တို့လှမ်းကြည့်လိုက်ချိန်ထိ မချိုမချဉ် မျက်နှာများဖြင့် စောင်းငမ်းစောင်းငမ်း ကြည့်နေသော ထိုယောကျ်ားလေးအဖွဲ့ကြောင့် ချိုသာက မဲ့ကာရွဲ့ကာနှင့် ပြောသည်။

"ဟုတ်ပါ့ဟယ်၊ ဒီလောက်လေး မှာစားတာကိုပဲ အထူးအဆန်းလုပ်နေတယ်"

ပိုးကလည်း ဝင်ထောက်ခံ၏။

"နေပါဦးဟ နင်တို့ကလည်း အပြစ်တင်စကားတွေချည်းပဲ ပြောနေကြတယ်၊ ဟိုအောက်ထောင့်ကတစ်ယောက်ကတော့ အေးအေးဆေးဆေးလေးပါဟ၊ သူ့ဘာသာ ရှမ်းခေါက်ဆွဲစားနေတာ၊ ငါတို့ဘက်ကို ကြည့်ဖော်တောင်မရပါဘူး"

မိုးစက်အပြောကြောင့် သူမကိုယ်တိုင်ပင် တစ်ချက်လှည့်ကြည့်မိသွား၏။ ဟုတ်ပေသားပဲ၊ သုံးယောက်ထဲက ထောင့်ဆုံးတစ်ယောက်ကတော့ သူ့ဘာသာ အစားကို အေးအေးဆေးဆေး စားနေခြင်းဖြစ်သည်။ မေပျို့တို့ကို ရှိတယ်လို့တောင် ထင်ပုံမရ။ ဘေးက သူ့သူငယ်ချင်းနှစ်ကောင်တသာ ဖြစ်နေတာ။

"ပြီးတော့ အဲဒီတစ်ယောက်က ချောချောလေးနော် မေပျို အဟီး"

အရေးထဲမှ သေသေချာချာ ငေးကြည့်ပြီး မှတ်ချက်ချနေသည့် မိုးစက်စကားကြောင့် သူမက မျက်စောင်းလေးဖြင့် တုန့်ပြန်လိုက်ရသည်။ စိတ်ထဲကတော့ မိုးစက်စကားကို တိတ်တိတ်လေး ဝန်ခံလိုက်မိ၏။ သူ့အာရုံများက ရှမ်းခေါက်ဆွဲပန်းကန်ဆီသို့သာ ရောက်နေလျက် ကျန်တဲ့အရာအားလုံးကို မေ့လျော့နေသလိုပင်။ ဂုတ်ထောက်လုလု ဖြစ်နေသော ဆံစများ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ဝဲကျလာလျှင် ပြန်ပြန်သပ်တင်လျက် မေပျို့တို့ဆီသို့ မျက်လုံးတစ်ချက် ပင် လှန်မကြည့်။

မိုးစက် မပြောခင်တည်းက ထိုလူကို မေပျို့ သတိထားမိပါသည်။ အနက်ရောင် တီရှပ်လေးနှင့် ဂျင်းဘောင်းဘီကို ရိုးစင်းစွာ ဝတ်ဆင်ထားသော သူက ဒီနားမှာပဲ နေတာလားမသိ။

ကိုယ့်ဘာသာ တွေးမိပြီးတော့မှ ငါ ဘာလို့ ဒီလိုတွေးလိုက်မိတာလဲလို့ ပြန်အံ့ဩမိသေးသည်။ မေပျို့က စာနှင့်သာ နပန်းလုံးခဲ့ရသူတစ်ယောက်မို့ ဒီအရွယ်ထိ စိတ်မကစားဖူးခဲ့သေးတာတော့ ဝန်ခံချင်ပါသည်။ ယောက်ျားလေးသူငယ်ချင်းလည်း မေပျို့မှာမရှိ။ တစ်ဖွဲ့လုံးက မိန်းလေးတွေချည်းပဲမို့ ယောက်ျားလေးဆိုတာ မေပျို့အတွက် မရင်းနှီးမကျွမ်းဝင်သော သတ္တဝါတစ်မျိုးပါပဲ။

"ဟဲ့ မေပျို့ စားလေ၊ အစားအသောက်တွေ ရှေ့ရောက်နေတာတောင် နင်က ဘာတွေတွေးနေတာလဲ"

ချိုသာ သတိပေးမှပင် သူမအတွေးတွေက လက်ရှိအချိန်ကို ပြန်ရောက်လာသည်။ အငွေ့တထောင်းထောင်းထနေသော စားသောက်စရာများက မွှေးပျံ့သောရနံ့များဖြင့် မေပျို့ရဲ့စားချင်သောက်ချင်စိတ်ကို မြူဆွယ်လိုက်ကြသောကြောင့် ခုနက တွေးလက်စများ အားလုံးပျောက်ကာ တူနှစ်ချောင်းကို ကောက်ကိုင်လိုက်တော့၏။

မေပျို့တို့ အစားအသောက်ကို သည်းကြီးမည်းကြီး စားနေကြတုန်းမှာပင် တစ်ဖက်ဝိုင်းက ကောင်လေးတွေထပြန်သွားတာ သတိထားလိုက်မိသည်။ မြင့်မားသော အရပ်နှင့် ဝတ်ဆင်ထားသော ဂျင်းပင်အရှည်က ချပ်ချပ်ရပ်ရပ်နှင့် ဆွဲဆောင်မှုရှိနေတာတော့ သေချာပါသည်။





သူငယ်ချင်းတွေ မသိလိုက်ခင်မှာပဲ မေပျို့ကတော့ သူ့ကိုကြိတ်ပြီးခိုးကြည့်နေခဲ့မိသည်။ ပထမဆုံးမြင်မြင်ချင်းထဲက မေပျို့စိတ်ကို ဆွဲဆောင်နိုင်ခဲ့သော ယောက်ျားဟာ ဒီကမ္ဘာ သူ ပထမဆုံးပါပဲ။ မေပျို့တို့ ထပ်ဆုံဖြစ်ကြရင် ကောင်းမှာပဲနော်။

■ ■ ■

"ငါတို့ မနေ့က မြေအိုးမြီးရှည်ဆိုင်ကို ထပ်သွားစားကြရအောင်"

"ဒီနေ့လည်း မြေအိုးမြီးရှည်ပဲ စားကြမှာလား"

သူငယ်ချင်းတွေက သူမ အဆိုပြုချက်ကို သိပ်လက်ခံချင်ပုံမရ။ ကျူရှင်ကဆင်းတိုင်း အားလုံးစုပြီး စားသောက်နေကျမို့ တစ်နေ့ကိုတစ်ဆိုင် မရိုးနိုင်အောင် လျှောက်စားကြမြဲ။ မနေ့က စားပြီးသားကြီးကို ဒီနေ့ ထပ်စားချင်ကြပုံမရသော သူငယ်ချင်းများအား မေပျို့ သွားဖြဲလေးနှင့် ရယ်ပြလိုက်သည်။

"ငါ ဒကာခံမယ်လေဟာ နော်"

"မေပျို့ ဒီနေ့ထူးဆန်းနေပါလား၊ အရင်တုန်းကတော့ နင်ကိုယ်တိုင်ပဲပြောခဲ့တာမဟုတ်လား၊ အစားအသောက်တစ်ခုတည်းကို နေ့စဉ်စားနေရတာ ရိုးတယ်ဆို"

"အေး ပြောခဲ့တယ်လေ၊ ဒါပေမဲ့ ဘယ်လိုဖြစ်မှန်း မသိပါဘူး၊ မနေ့က မြေအိုးမြီးရှည်လေးကို မေ့လို့မရဘူးဖြစ်နေတယ်"

သူမ စကားကြောင့် မိုးစက်က မျက်စောင်းလှမ်းထိုး၏။ တကယ်တော့ မြေအိုးမြီးရှည်စားဖို့ကို မေပျို့ စိတ်အားထက်သန်နေရခြင်း အကြောင်းရင်းကို သူငယ်ချင်းတွေ သဘောပေါက်ပုံပါပဲ။

"နင်မေ့မရတာ မြေအိုးမြီးရှည်လား၊ မြေအိုးမြီးရှည်ဆိုင်မှာ တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူလား''

ချိုသာက ခုလို ပေါ်တင်ကြီးမေးလာတော့လည်း သူမမှာ ခေါင်းလေးကိုသာ မသိမသာ ညိတ်ပြလိုက်ရသည်။

''အရှုံးမရယ် ဟိုက နင့်ကိုတောင် သတိထားမိတာမဟုတ်ဘူး။ အဲဒါကို နင်က ဒီနေ့တစ်ခါ မြေအိုးမြို့ရှည်ဆိုင်ထဝ်သွားပြီးကြည့်မယ်ဆိုတော့ မဟုတ်သေးပါဘူး''

''သူ လာလိုလာငြားပေါ့ဟာ''

သူမ လေသံတိုးတိုးလေးနှင့်ပြောဖြစ်လျှင် သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းလေးတွေခါနေကြတာ မြင်ရ၏။

''နင်တို့မလိုက်လည်း ငါ့ဘာသာငါ သွားကြည့်မယ်''

''ငါတို့လိုက်ပါ့မယ်၊ နင်တစ်ယောက်တည်းတော့ မလွှတ်ပါဘူး''

အားလုံးရဲ့သဘောတူညီမှုဖြင့် နောက်ဆုံးမှာတော့ သူမတို့လေးယောက် မနေ့က မြေအိုးမြို့ရှည်ဆိုင်လေးဆီ ပြန်ရောက်လာခဲ့ကြသည်။ ထုံးစံအတိုင်း စားပွဲပြည့်စားသောက်စရာများ မှာယူလိုက်ပေမယ့် မေပျိုက တော့ မစားချင်စားချင်နှင့် တို့ကနန်းဆိတ်ကနန်းသာ။ မျက်လုံးများက ဂနာမငြိမ်စွာဖြင့် လည်တဆန့်ဆန့် ဖြစ်နေမိသည်။

''အစားအသောက်လေးတွေလည်း စားပါဦးဟာ၊ နင့်ကြည့်ရတာ စိတ်မသက်သာလွန်းလို့''

''သူ လာကိုလာမှာ ငါ သိတယ်''

သူငယ်ချင်းတွေ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခေါင်းခါကြပြန်သည်။ မေပျို့စကားတွေက သူတို့အတွက်တော့ ထူးဆန်းနေမှာပေါ့။ ဒါပေမဲ့ မေပျို့ရင်ထဲမှာ ဘယ်ကမှန်းမသိ ပေါက်ဖွားနေသော ယုံကြည်ချက်





တွေ ပြည့်နှက်နေသည်။ သူ့ကို ဒီနေ့ပြန်တွေ့ခွင့်ရဦးမယ်လို့ သေချာနေမိသည်။

''ငါတို့ ထိုင်နေတာ တစ်နာရီပြည့်တော့မယ်နော်၊ ပြန်သင့်ပြီလို့ မထင်ဘူးလားဟင် မေပျို''

''ငါနဲ့သူ ပြန်တွေ့ဦးမှာ သေချာတယ်''

''မေပျို နင်ရူးသွားဦးမယ်နော်၊ သတိလည်းထားဦး''

''ငါမရူးပါဘူး၊ သေချာနေတဲ့ အကြောင်းရင်း ငါ့မှာရှိတယ်''

''ဘာလဲ''

''ငါ သူ့ကို အိပ်မက်ထဲမှာ တွေ့ထားတာလေ''

''ဟွန်''

အားလုံးရဲ့မျက်နှာတွေ ပျက်ကျသွားတာကြည့်ပြီး မေပျို နာခေါင်းရှုံ့မိသည်။

''နင်တို့က ငါပြောတာ မယုံဘူးကိုး''

''နင် နောက်နေသလိုပဲ မဟုတ်ဘူးလား၊ အိပ်မက်ထဲမှာ တွေ့တယ်ဆိုတာကြီးက''

''ငါမနောက်ဘူး ပို၊ ငါ သုံးညဆက်တိုက်တောင် အိပ်မက်ထဲမှာ ယောကျ်ားတစ်ယောက်ကို တွေ့တွေ့နေတာ''

''အဲဒါ သူဆိုတာ နင် ဘယ်လိုသိလဲ''

''မျက်နှာကို ငါ မမြင်ရပေမယ့် ငါ့စိတ်ထဲက အလိုလိုသိနေတယ်၊ အဲဒါ သူပဲ၊ ယောကျ်ားတစ်ယောက် ငါ့ဘဝထဲကို ပထမဆုံးဝင်လာတော့မယ့် အချိန်မှာ မက်ခဲ့တဲ့ အိပ်မက်လေ၊ အဲဒီအိပ်မက်မက်ပြီး ဘယ်နှရက်မှတောင် မရှိသေးဘူး၊ ငါ သူနဲ့ဆုံခဲ့တာ၊ အဲဒါ ထူးဆန်းတယ်မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"နင်တော့ တော်တော်ရှူးနေပြီပဲ"

သူငယ်ချင်းတွေ ဘယ်လောက်ပဲပြောပြော သူမကတော့ သူနဲ့ ပြန်ဆုံတွေ့ခွင့်ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်ကို ဘယ်လိုအကြောင်းနဲ့မှ အပျက်ခံမှာမဟုတ်ပါ။

"အစားလေးဘာလေးလည်း စားဦး။ လည်ပင်းကြီးဆန့်ပြီး တမျှော်မျှော်ပဲ လုပ်မနေနဲ့"

"အေးပါဟာ စားမှာပါ"

ချိုသာက မုံ့ကာရွဲ့ကာ ပြောလာတော့ မစားချင်စားချင်နှင့်ပင် တို့ဟူးကြော်ပန်းကန်ဆီသို့ တူလေးနှင့်လှမ်းရွယ်လိုက်သည်။ သို့သော် သူမလက်များက တို့ဟူးကြော်ကို တူနှင့်ညှပ်ယူဖို့ထိ မရောက်လိုက်ပါဘဲ လမ်းတစ်ဝက်မှာတင် ရပ်တန့်သွား၏။

"ဟဲ့ တန်းလန်းကြီး ဘာဖြစ်နေတာတုန်း"

"ဟိုမှာ ဟိုမှာ သူ လာနေပြီ"

ဆိုင်ထဲသို့ ဝင်လာနေသော သူ့ကို မေပျိုက မျက်တောင်မခတ်တမ်း ငေးကြည့်ရင်း ပြောလိုက်သည်။ သူငယ်ချင်းတွေအားလုံးလည်း မေပျိုငေးကြည့်နေရာဆီ လိုက်ကြည့်ရင်း အာသံပဒိတ်သွားကြ၏။

"ငါ မပြောဘူးလား။ ဒီနေ့ သူလာကိုလာမှာပါဆို"

"နင်ကတော့ တကယ်ပဲ မေပျို"

"အေးလေ တကယ်ပေါ့။ ငါ့စိတ်ထဲက အလိုလိုသိနေတာ၊ သူဟာ ငါ့ဖူးစာရှင်ပဲ ဖြစ်ရမယ်"

"ချက်ချင်းကြီး ဘယ်လိုကျိန်းသေသွားတာတုန်း"

"အဲဒါလည်း ငါ့စိတ်ထဲက အလိုလိုသိနေတာလေ"





စိတ်ရှည်လက်ရှည် စောင့်ခဲ့ရကျိုးနပ်သွားပါပြီ။ ဒီနေ့အတွက် သူ့မျက်နှာလေးကိုမြင်လိုက်ရခြင်းကပဲ သူမအတွက် အားရကျေနပ်စရာ ကောင်းနေခဲ့၏။

"နင်ကသာ ဖူးစာရှင်ဆိုပြီး ဖြစ်နေတာ၊ ဟိုက နင့်ကိုတစ်ချက်တောင် မကြည့်ဘူးနော်"

"သူမကြည့်ရင် ငါက ကြည့်လာအောင် လုပ်မှာပေါ့"

"နင်က ဘယ်လိုလုပ်မှာလဲ"

"စောင့်ကြည့်နေ"

ပြောပြောဆိုဆိုပင် မြေအိုးမြီးရှည်ထဲမှ ခေါက်ဆွဲပြားဖတ်တစ်ခုကို တူနှင့်ညှပ်ယူလိုက်ပြီး သူ့ဆီတည့်တည့်ချိန်ရွယ်ပစ်လိုက်သည်။ သူငယ်ချင်းတွေအားလုံး မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေကြပြီး တားမြစ်ချိန်ပင် မရလိုက်။

သူ့လက်ဖျံပေါ်တည့်တည့်ကျသွားသော ခေါက်ဆွဲဖတ်ကြောင့် သူ လန့်သွားပုံနှင့် ဟိုဟိုဒီဒီ မျက်လုံးဝေ့ရှာဖွေနေသည်။

"နင်ကတော့ ပြဿနာကို မီးထွန်းရှာနေတာပဲ မေပျို"

မိုးစက်ရဲ့တိုးတိုးလေး ကြိတ်ပြောလိုက်သံကို လျစ်လျူရှုလိုက်ပြီး သူမ ပြုံးပြုံးလေးဖြင့် သူ့နားသို့ ထလျှောက်သွားလိုက်သည်။

"ဆောရီးနော် မေပျို လုပ်လိုက်မိလို့ ပေသွားပြီ"

"မင်း မျက်လုံးမပါဘူးလား"

"ဆောရီးလို့ တောင်းပန်နေပြီပဲဟာကို၊ မတော်လို့ ဖြစ်သွားတာပါ"

"မင်းကွာ"

လက်မှပေကျံနေတာတွေကို သုတ်ပစ်ရန် ရည်ရွယ်ချက်ဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်သျှူးဘူးကို လှမ်းယူသည်။ သို့သော် ကံဆိုးချင်တော့ ဘူးထဲမှာ တစ်သျှူးက တစ်စက်မှမရှိ။ အဲဒါကပဲ မေပျို့အတွက် အကွက်ဝင်လာခဲ့ခြင်း ဖြစ်သည်။ ဘောင်းဘီအိတ်ကပ်ထဲ ထည့်ထားသော တစ်သျှူးထုပ်လေးကို သူ့ဆီကမ်းပေးလိုက်၏။

မှုန်ကုတ်ကုတ် မျက်နှာပေးနှင့် မေပျို့ကို တစ်ချက်မော့ကြည့်ပြီး တစ်သျှူးထုပ်ကို စားပွဲအောက်မှ အမှိုက်ပုံးထဲ ပစ်ထည့်လိုက်ရင်း အနားမှာ ရပ်နေဆဲဖြစ်သော မေပျို့ကို မော့ကြည့်သည်။

"ဘာရပ်လုပ်နေတာလဲ"

"ဘာပြောဦးမလဲလို့လေ"

"ဘာမှမပြောဘူး။ သွားလို့ရပြီ"

မေပျို မသိမသာ နှာခေါင်းလေးရှုံ့လိုက်မိ၏။ ဒီလိုသာ လှည့်ပြန်သွားမိရင် သူနဲ့နောက်တစ်ခါ ထပ်ဆုံတွေ့ဖို့ကို ဘယ်လိုထပ်ကြိုးစားရမယ်မှန်း သိတော့မှာမဟုတ်။ အဲဒါကြောင့်လည်း ခပ်တည်တည်နှင့်ပင် ပေရပ်နေလိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

"ဟိတ် ညီမလေး"

အနားမှ ဖြတ်သွားသော စားပွဲထိုးကောင်မလေးကို လှမ်းခေါ်လိုက်ပြီး

"ဟို ကောင်မလေးသုံးယောက်ထိုင်နေတဲ့ဝိုင်းက အစ်မပန်းကန်လေး သွားယူပြီး ဒီမှာ လာချပေးပါလား"

"ဟုတ်ကဲ့ အစ်မ"

စားပွဲထိုးကောင်မလေး ထွက်သွားတော့ မေပျိုက သူ့ဘေးမှ





လေးတွင် ဇွေ့ခနဲ ဝင်ထိုင်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

"ဟိုမှာ ဝိုင်းကျပ်နေလို့ မေပျို ဒီမှာ ထိုင်မယ်နော်၊ ရတယ်မဟုတ်လား"

မျက်နှာပြောင်တိုက်ကာ ပြန်ဖြေလိုက်ပြီး စားပွဲထိုးမလေး လာချပေးထားသော ရှမ်းခေါက်ဆွဲပန်းကန်ကို ခေါင်းမဖော်တမ်း စားနေလိုက်သည်။ သူ့ထံမှ ကျွတ်ခနဲ စုတ်သပ်သံ ထွက်ပေါ်လာသည်။ မေပျို့ကြောင့် သူ တော်တော်စိတ်ညစ်သွားပြီလား မသိပါ။

"ရှင်းမယ်"

"ဟင်"

ပန်းကန်ထဲမှာ စားစရာတွေ ကျန်နေသေးပေမယ့် သူက ပိုက်ဆံရှင်းမယ့်ဟန် ပြင်နေတော့ မေပျို ခေါင်းလေးထောင်ထလာပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွား၏။ မေပျို့ကြောင့်နဲ့ သူ အစားအသောက်ကိုတောင် ဆက်မစားတော့ဘူးပေါ့လေ။

"ကုန်လည်း မကုန်သေးဘဲနဲ့ ရှင်းတော့မလို့လား"

"စားရသောက်ရတာ အာရုံနောက်သွားရင် ဆက်မစားချင်တော့ဘူး"

ကျသလောက်ငွေရှင်းကာ အနားမှ သူ ထွက်သွားသည်။ စိတ်ပျက်လက်ပျက်နှင့် သူ့ကိုငေးကြည့်နေရုံကလွဲလို့ မေပျို ဘာမှမတတ်နိုင်ခဲ့ပါ။

သူမ ထိုင်နေတုန်း ချက်ချင်းလိုလိုပင် သူငယ်ချင်းတွေ အနားရောက်လာ၏။

"ကဲ ဘာတွေများ အကျိုးအမြတ်ရလိုက်တုန်း ဒေါ်မေပျို"



www.burmeseclassic.com

www.burmeseclassic.com



"သူ ငါ့ကိုတော့ မှတ်မိသွားမှာ သေချာတယ်"

"သေလိုက်ပါတော့ဟာ"

"မှတ်တော့မှတ်မိပါရဲ့၊ နောက်တစ်ခေါက် ထပ်မဆုံဖြစ်ကြရင် နှင့်ကိုမှတ်မိနေလည်း အလကားပဲလေ"

"ပြောရက်လိုက်ကြတာ၊ သူနဲ့ငါက ဘာလို့ထပ်မဆုံရမှာလဲ၊ သူက ငါ့မှူးစာရှင်ပဲဟာကို"

ပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့ ယုံကြည်ချက်တွေ ယိုင်လဲချင်ချင် ဖြစ်နေမိသည်။ ခုတစ်ခါ နောက်ဆုံးဖြစ်သွားပြီး ထပ်ဆုံတွေ့ခွင့်မရတော့ရင် ဘယ်လိုလုပ်ကြမလဲ။ နေ့စဉ်နေ့တိုင်း ဒီဆိုင်လေးမှာ လာစောင့်နေဖို့ဆိုတာကလည်း ဖြစ်နိုင်တာ မဟုတ်ဘူးလေ။

"နှင့်မှူးစာရှင်ကြီးလည်း သွားပြီဆိုတော့ ငါတို့လည်း ပြန်ရအောင်၊ တော်တော်တောင် နောက်ကျနေပြီ"

ထိုင်ခုံကပင် မထနိုင်တော့သလို မှိုင်တွေနေသည့် မေပျို့လက်မောင်းတစ်ဖက်အား ပိုးက ဆွဲထူကာ ပြောလိုက်သည်။

"ငါ သိတယ်၊ သူနဲ့ငါ ထပ်ဆုံဦးမှာပါ"

မတတ်နိုင်သည့်အဆုံး အိမ်ပြန်လာရပေမယ့် မေပျို့ရင်ထဲမှာတော့ သူနဲ့ပြန်တွေ့ဖို့ ဘယ်လိုကြိုးစားရမလဲဆိုသည့် အတွေးများ ပြည့်နှက်နေသည်။ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ယောကျာ်းတစ်ယောက်ကို ရင်ခုန်မှုခြင်းဖြစ်သောကြောင့် ခံစားချက်ကြီးက ထူးဆန်းလွန်းနေသည်။

ဒီလူကို နောက်တစ်ခေါက် ထပ်မမြင်ရရင်ပဲ မေပျို့ဘဝတစ်ခုလုံး မည်းမှောင်သွားတော့မလား ထင်နေမိ၏။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မေပျို့အိပ်မက်တွေထဲမှာ ပေါ်လာတတ်သော ယောကျာ်းသည် သူသာဖြစ်မှန်း ကိုယ့်ကိုယ်





ကိုယ် သေချာနေတာမို့ သူနဲ့ထပ်မံဆုံတွေ့ခွင့်ရဦးမယ်လို့လည်း ယုံကြည်ထားချင်ပါသည်။

■ ■ ■

"မာမီရေ သမီး ပြန်လာပြီနော်"

ကျောင်းက ပြန်လာတိုင်း အသံကျယ်ကျယ်ဖြင့် နှုတ်ဆက်နေကျအတိုင်း မေပျို လှမ်းအော်လိုက်၏။ သို့သော် အရင်ကလိုမျိုး အပြုံးလေးဖြင့် ဆီးကြိုတတ်သော မာမီ့ကိုတော့ မတွေ့ရ။ အလုပ်က ပြန်မလာသေးတာများလား။ အိမ်နောက်ဖေးဘက် သွားကြည့်တော့လည်း မတွေ့။

လွယ်အိတ်ထဲမှ ဖုန်းလေးကို ထုတ်ပြီး မာမီ့ဆီ ချက်ချင်းပင် ဖုန်းဆက်လိုက်သည်။ ခေါ်ဆိုသံရှည်လေး ပြီးဆုံးသွားသည်ထိ ဖုန်းမကိုင်။ သုံးလေးခါဆက်တိုက် ခေါ်နေတာတောင် မကိုင်သည်မို့ သူမ စိတ်ပူပန်သွားမိသည်။ ကုမ္ပဏီကိုပဲလိုက်သွားရမလား။ ရုတ်တရက်ကြီးမို့ မေပျို ဘာလုပ်လို့လုပ်ရမှန်း မသိ။

အဝတ်အစားမလဲနိုင်သေးဘဲ သူမ တစ်ကိုယ်တည်း ဧည့်ခန်းထဲမှာ ထိုင်နေစဉ် တံခါးဖွင့်သံကြားလိုက်ရပြီး ဖြည်းညင်းသောခြေလှမ်းများဖြင့် မာမီ လှမ်းဝင်လာတာ မြင်လိုက်ရတော့ မေပျို ချက်ချင်း ထလျက် အပြေးတလေးပင် မာမီ့နားရောက်သွားသည်။

"ခုနက မာမီ့ဆီ ဖုန်းတွေခေါ်ထားသေးတယ်၊ ဘာလို့မကိုင်တာသဲလို့"

"မာမီ အလုပ်လေးတွေ ပင်ပန်းနေလို့ပါ သမီးရယ်"

ဟုတ်ပါရဲ့၊ အရင်လို ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ မဟုတ်ဘဲ မာမီ့မျက်နှာက ထိုင်းမှိုင်းနေသည်။ ကုမ္ပဏီမှာ ဘာတွေများ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့လို့လဲ။

"အလုပ်ထဲမှာ ဘာများဖြစ်ခဲ့လို့လဲဟင် မာမီ"

"ထွေထွေထူးထူးမဟုတ်လို့ သမီး စိတ်ပူဖို့ မလိုပါဘူးကွယ်"

လျော့ရဲသော အပြုံးလေးဖြင့် မာမီ တုန့်ပြန်သည်။ မာမီ့အမူအရာကို ကြည့်ရတာ သူမ အားမရပေမယ့် စိတ်ပူဖို့ မလိုဘူးဆိုတော့လည်း ဘာဆက်ပြောလို့ ပြောရမှန်းမသိ။ မေပျို ကိုယ်တိုင်ကလည်း ကျောင်းမပြီးသေးတာမို့ မာမီ့လုပ်ငန်းတွေနဲ့ ပတ်သက်ရင် ဘာမှသိတာ မဟုတ်ဘူးလေ။

"ကျောင်းက ပြန်လာတာ အဝတ်တောင် မလဲသေးဘူးပေါ့"

"မာမီက ဖုန်းမကိုင်တော့ စိတ်ပူပြီး ကုမ္ပဏီကိုလိုက်လာရင်ကောင်းမလားလို့ ထိုင်စဉ်းစားနေတာလေ"

"အလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး သမီး ဘာမှစိတ်ပူမနေနဲ့ ဟုတ်လား။ အားလုံးကို မာမီ အဆင်ပြေအောင်လုပ်နိုင်ပါတယ်၊ အခု ဘာမှလည်း မစားရသေးဘူးမဟုတ်လား၊ မာမီ ဘာလုပ်ပေးရမလဲ"

"ရပါတယ် မာမီ၊ ပင်ပန်းလာတာ နားလိုက်တော့နော်၊ သမီး ဘာသာ ထမင်းပဲခူးစားလိုက်တော့မယ်"

မာမီ့လက်မောင်းကို တွဲခိုကာ အခန်းထဲထိ မေပျို ကိုယ်တိုင်လိုက်ပို့ပေးလိုက်သည်။ မဟုတ်ရင် မာမီ့ခြေလှမ်းများက မီးဖိုချောင်ဘက်ကို ဦးတည်နေတာလေ။

"အဝတ်အစားလဲပြီး တစ်ရေးတစ်မော အိပ်လိုက်ပါလား မာမီ နိုးလာတော့မှ ရေမိုးချိုးပေါ့၊ လန်းလန်းဆန်းဆန်း ဖြစ်သွားအောင်"

"အောင်မယ် ငါ့သမီးက ငါ့ကိုပြန်ပြီး ဆရာလုပ်နေပါလား"

မာမီက အပြုံးလေးဖြင့် တုန့်ပြန်သည်။





"ဒီသားအမိနှစ်ယောက်တည်းရှိတာကို အပြန်အလှန် ဂရုစိုက်ရမှာပေါ့ မာမီရဲ့၊ မာမီတစ်ယောက်တည်းကပဲ သမီးကို ဂရုစိုက်နေရမှာမှ မဟုတ်တာ"

"ဟုတ်ပါပြီရှင်၊ ဒါဆိုလည်း မာမီ ခဏလောက် အိပ်လိုက်ဦးမယ် သမီး လိုတာရှိရင် လှမ်းခေါ်လိုက်နော်"

မေပျို ခေါင်းလေးတစ်ချက်ညိတ်ပြကာ မာမီ့အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ အိမ်နောက်ဖေးမှာ ထမင်းအဆင်သင့် ဟင်းအဆင်သင့်။ နည်းနည်းလောက် ပြန်နွှေးပြီး စားလိုက်ရုံ၊ ထမင်းဟင်းချက်ပေးသည့် အိမ်အကူအဒေါ်ကြီးက အိမ်မှုတာဝန်တွေ ပြီးပြီဆိုတာနဲ့ ခြံနောက်ဘက်မှာ အလုပ်သမားများအတွက် ပေးထားသော သူ့အခန်းလေးဆီ ပြန်သွားပြီ။

ထမင်းချက် အိမ်သန့်ရှင်းရေးလုပ်ဖို့ အဲဒီအန်တီကြီးကို ငှားထားပေမယ့် အလုပ်အားလပ်ပြီး စိတ်လိုလက်ရရှိလျှင်တော့ မာမီကိုယ်တိုင် ချက်ပြုတ်တတ်ပါသည်။ ဒါပေမဲ့ အဲဒါက တစ်လနေလို့ နှစ်ခါသုံးခါသာ။ ဟင်းရည်ကို အနည်းငယ်နွှေးလိုက်ပြီး ထမင်းခူးနေတုန်းမှာပင် သူမ ဖုန်းလေးမြည်လာသည်။ မိုးစက်ဆီမှ ဖြစ်၏။

"ဘာဖြစ်တုန်း ပြော"

"နင် မနက်ဖြန် ကျူရှင်လာမှာလား"

"ထူးထူးဆန်းဆန်းဟယ်၊ လာမှာပေါ့၊ စာမေးပွဲက ဒီလောက်နီးနေပြီကို"

"အဲဒါဆိုရင်တော့ နင်တစ်ယောက်တည်း တက်ရတော့မှာပဲ မေပျိုရေ"

မိုးစက်စကားက အထူးအဆန်း။ ကျန်တဲ့သုံးယောက်က ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာမို့လို့ သူမတစ်ယောက်တည်း ကျူရှင်တက်ရမှာတဲ့လဲ။

"နင် ဘာဆိုလိုတာလဲ"

"ငါက မနက်ဖြန် လေဆိပ်မှာ ဦးလေးတစ်ယောက်ကို သွားကြို ပေးရမယ်၊ ငါ မလာနိုင်ကြောင်း ပိုးဆီ ခုပဲဖုန်းဆက်တော့ အဲဒီမိန်းမက စကားတောင် ကောင်းကောင်းမပြောနိုင်ဘူးလေ၊ အသံတွေဝင်ပြီး ဖျားနေပြီ တဲ့"

အဲဒါတော့ ဖြစ်နိုင်ပါသည်။ ဒီနေ့ ပိုးတစ်ယောက် ကျောင်းလည်း မလာခဲ့ဘူးလေ။

"ဒါဆို ချိုသာကရော"

မေးသာမေးရသည်။ သူမအသံတွေ အားမရှိတော့။

"ချိုသာကတော့ မနက်ဖြန် သူ့ဘဲဘဲမွေးနေ့ဆိုတော့ ကျူရှင် မလာဘူးတဲ့ဟေ့"

မိုးစက်က ခပ်ငေါ့ငေါ့လေးပြောသည်။ မေပျိုတို့သူငယ်ချင်းအဖွဲ့ထဲ မှာ ချိုသာက ပထမဆုံး ရည်းစားရသွားသူဖြစ်သည်။ ဒါကြောင့်လည်း သူငယ်ချင်းလေးယောက် ဆုံဖြစ်ဖို့ ကြိုးစားရသည့် တချို့ရက်များမှာ ချိုသာ့ကို ဖမ်းလို့မမိတတ်။

"အာကာ့မွေးနေ့ဆိုတာနဲ့ပဲ သူက ဘာဖြစ်လို့ ကျူရှင်မလာနိုင် ရတာတုန်း"

မေပျို ခပ်ငေါ့ငေါ့လေး မေးမိသည်။

"ဘုရားသွား ကျောင်းတက်၊ အတူစားအတူလျှောက်လည်မယ် ပေါ့ကွယ်"

"ဒါတွေက တခြားနေ့တွေလည်း လုပ်လို့ရတာပဲကို၊ ငါ အဲဒီမိန်းမ





ဆီ ဖုန်းဆက်လိုက်ရမလား"

"ဆက်မနေပါနဲ့တော့ဟာ၊ ကြားသုံးကြား မဝင်ကောင်းပါဘူး။ တော်ကြာ ငါတို့က ရည်းစားမရှိလို့ သူရှိတာကို ဖျက်လိုဖျက်ဆီးလုပ်တယ် ထင်သွားပါဦးမယ်"

တကယ်တော့ မေပျိုတို့ သူငယ်ချင်းတွေကြားမှာ မိုးစက်ပြော သလို အထင်လွဲစရာအဖြစ်မျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါ။ တစ် ယောက်ကိုတစ်ယောက် နားလည်ပေးနိုင်ကြပြီး အချင်းချင်းလည်း ပြောမနာ ဆိုမနာများ ဖြစ်၏။ အခုလည်း မိုးစက်က မေပျို ဖုန်းဆက်ပြီး ပြဿနာ သွားရှာမှာစိုးလို့ တမင်ပြောလိုက်ခြင်းဖြစ်သည်။

ဟုတ်တယ်လေ၊ ဖုန်းဆက်လည်း ဆက်တဲ့သူပဲ မောမှာ။ ချိုသာ ကတော့ သူမရဲ့အစီအစဉ်ကို ပြင်မှာမှမဟုတ်တာ။

"ဒီလိုဆိုတော့လည်း တကယ့်ကို ငါတစ်ယောက်တည်းပေါ့၊ ဟူး ပျင်းစရာကြီး"

"ညကျရင် စာစုကျက်မယ်လေဟာ၊ နင့်အိမ်မှာပဲ စုကျက်ကြတာ ပေါ့၊ ငါနဲ့ချိုသာ လာခဲ့မယ်၊ ပိုးကတော့ သူ နေကောင်းမှပဲ လာပါစေတော့ ပေါ့"

"အေးပါ ငါသိပါတယ်၊ ညည်းတို့တွေ ကျူရှင်မှာသင်လိုက်တာကို ငါ့ဆီက ပြန်လာကူးမလို့ မဟုတ်လား"

"အေး သိရင်လည်း ပြီးရောပေါ့"

မိုးစက် ဖုန်းချသွားတော့မှ မေပျို့မှာ ထမင်းကို ကောင်းကောင်း မွန်မွန် စားရတော့သည်။ စားသောက်ပြီးစီးတော့ ကိုယ့်အခန်းထဲကိုပြန် ကာ သီချင်းလေးနားထောင်လိုက် စာအုပ်ကလေးဖတ်လိုက်နှင့် အနားယူ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်၏။ နှစ်နာရီလောက်ကြာတော့မှ အိမ်နောက်ဖေးဘက်က အသံများ ကြားသောကြောင့် သူမ ထွက်လာခဲ့လိုက်တော့ မာမီ။

"မာမီ ဘာလုပ်နေတာလဲ"

အိမ်နောက်ဖေး မီးဖိုချောင်မှာ ချက်ပြုတ်တော့မည့်အနေအထား မျိုး ခါးစည်းအဝတ်ကို စည်းထားသော မာမီက အုံ့ဆိုင်းသွားသော မျက်နှာ ပေးနှင့် လှည့်ကြည့်သည်။

"မာမီက သမီးအိပ်နေတယ် ထင်တာ"

"မအိပ်ပါဘူး မာမီရဲ့၊ ဒီတိုင်း သီချင်းနားထောင်နေတာပါ"

မာမီက မေပျို့ကို မကြည့်တော့ဘဲ ရေခဲသေတ္တာထဲမှ အသား များကို ထုတ်ယူလိုက်သည်။

"အခု မာမီဟင်းချက်မလို့ လုပ်နေတာလား၊ မနက်က အန်တီကြီး ချက်ပေးသွားတာ ငါးသလောက်ပေါင်းနဲ့ ချဉ်ပေါင်ဟင်းရည်တွေ အများကြီး ကျန်သေးတယ်လေ"

"မနက်ဖြန်အတွက် အသားပြုတ်ထားမလို့လေ"

**"ဟာ ဒါဆို မနက်ဖြန်ကျ မာမီ့လက်ရာ စားရမှာပေါ့နော်"**

သူမစကားကြောင့် မာမီက လက်ထဲမှ အသားတွေကို ခုံပေါ်တင် လိုက်သည်။ နောက်တော့ မေပျို့ကို မော့ကြည့်၏။ မာမီ့မျက်ဝန်းမှာ ထင်ဟပ် နေတဲ့ အရိပ်အယောင်တွေက ဘာကိုဆိုလိုချင်နေတာလဲ။ ပျော်ရွှင်ကြည်နူး နေခြင်းတွေ မဟုတ်တာတော့ သေချာပါသည်။

"မာမီ ဘာဖြစ်လို့လဲဟင်"

မာမီနားကို တိုးကပ်သွားလိုက်ပြီး နှစ်ကိုယ်ကြား လေသံလေးဖြင့် မေပျို့ မေးမိသည်။





"တကယ်တော့ သမီးကို မာမီ အသိပေးစရာတစ်ခုရှိတယ်"

မာမီ့အသံက ဝိုးဖျော့ပေမယ့် ပြတ်သားကြည်လင်နေသည်။ ပြီးတော့ မျက်နှာကလည်း မဲ့ရွှင်မပျနှင့်မို့ အခု မာမီပြောမည်ဆိုသည့် စကားဟာ အကောင်းတော့ မဖြစ်နိုင်တာ ကျိန်းသေပါသည်။ ညနေတည်းက မှုပျက်ချင်နေသော မာမီ့ဆီမှာ ဘယ်လိုကိစ္စအဖြစ်အပျက်တွေများ ရှိနေပါလိမ့်။

"ဘာလဲဟင် မာမီ"

"မနက်ဖြန်ကျရင် အိမ်ကို ဧည့်သည်လာလိမ့်မယ် သမီး၊ အဲဒီ အတွက် မာမီကိုယ်တိုင် ပြင်ဆင်ချက်ပြုတ်ဖို့ လုပ်နေတာ"

"ဘယ်သူလဲ မာမီ၊ အလုပ်က လူကြီးတွေလား"

ဒေါ်ထားထားခင်က ချက်ချင်း အဖြေပြန်မပေးသေးဘဲ သက်ပြင်း ကိုသာ ချနေ၏။ မာမီ့အမူအရာတွေက မေပျို့အတွက် အလွန်ထူးဆန်းနေ တာတော့ အမှန်ပါ။ မနက်ဖြန် ထမင်းစားလာမည့် ဧည့်သည်တွေက ဘာမို့ သို့လဲ။

"မာမီတို့ ဧည့်ခန်းမှာ ခဏထိုင်ကြရအောင်လေ"

မာမီပြောမည့်စကားက ဘယ်လောက်တောင်ရှည်လျားမည်မို့ ထိုင်ခုံမှာတောင်ထိုင်ပြီးမှ နားထောင်ရမှာပါလိမ့်။ သေချာတာကတော့ အခု မာမီပြောမယ့်စကားတွေက ပေါ့သေးသေးတော့ ဟုတ်ဟန်မတူ။

"တကယ်တော့ ကုမ္ပဏီမှာ ငွေကြေးအကျပ်အတည်းလေးတွေ ရှိနေတယ် သမီး"

"ဟင် ဘယ်လို မာမီ"

မာမီ့အလုပ်တွေနဲ့ ပတ်သက်ပြီး သူမသိခဲ့တာ ဘာမှမရှိတော့မို့ ကုမ္ပဏီထဲမှာ ငွေကြေးကျပ်တည်းနေလား ဒါမှမဟုတ် အဆင်ပြေချောမွေ့



www.burmeseclassic.com

www.burmeseclassic.com



သလားဆိုတာမျိုးတွေ မေပျို ဘာမှမသိပါ။

"ဟုတ်တယ် သမီး၊ မနက်ဖြန်ကျရင် လာမယ့်ညွှေ့သည်က မာမီ့အခက်အခဲကို ဖြေရှင်းပေးခဲ့တဲ့သူပဲ"

"ဒါဆို ကျေးဇူးတင်စရာကောင်းတဲ့သူပေါ့နော် မာမီ"

သူမရဲ့အားတက်သရော အပြောကို မာမီက အပြုံးဖျော့ဖျော့လေးဖြင့် တုံ့ပြန်၏။ တကယ်ဆို ကိုယ့်အခက်အခဲကို ကူညီပေးခဲ့တဲ့လူအား ထမင်းတစ်နပ်ဖြင့် ဧည့်ခံရမည့်ကိစ္စလေးကို မာမီ့အမူအရာက ဘာဖြစ်လို့များ ချိုတုံ့ချတုံ့ ဖြစ်နေတာပါလိမ့်။

"မာမီ အဓိက ပြောချင်တာက"

ပြောဖို့ ရည်ရွယ်လိုက်တိုင်း ပြောမထွက်နိုင် ဖြစ်နေသော ထိုစကားဟာ ဘာများပါလဲ။ မာမီက အဲဒီလိုဖြစ်လေလေ သူမကလည်း ပိုလို့စိတ်ဝင်စားမိလေပါပဲ။

"အဲဒီလူကို မာမီ လက်ထပ်ရမယ်"

"ဘာ"

မယုံကြည်နိုင်သော စကားတစ်ခွန်းကို ကြားလိုက်ရသည်မို့ မေပျို တစ်ယောက် ဝုန်းခနဲ ထရပ်ကာ နှုတ်ကနေလည်း အော်ပစ်လိုက်မိသည်။ အခု ကြားလိုက်ရတဲ့စကားက ဘာလဲ။

"မာမီ နောက်နေတာလားဟင်"

မာမီ့ပါးစပ်ကနေ တိတိကျကျ ထွက်လာသည့် ထိုစကားကို သူမ လက်မခံနိုင်စွာ မေးမိသည်။ တကယ်ဆို ဒီလိုစကားမျိုးကို ပျော်စေပျက်စေ တောင် နောက်ပြောင်သင့်တာ မဟုတ်ပါ။

"သမီးကိုပြောဖို့ မာမီ ကြိုးစားနေခဲ့တာ ကြာပါပြီကွယ်"





မာမီ့မျက်ဝန်းမှာ မျက်ရည်များဖြင့် ပြည့်နှက်နေ၏။ ဘယ်လိုမှ ထင်မှတ်မထားသောကိစ္စမို့ ရုတ်တရက်ကြီး ကြားလိုက်ရတော့ မေပျိုကိုယ်တိုင်လည်း ဘာပြန်ပြောလို့ ပြောရမှန်းမသိခဲ့။ တကယ်ဆို မေပျို ယုံကြည်ထားတာက သူမတို့သားအမိနှစ်ဦးပဲ ဘဝကို အတူတူရင်ဆိုင်သွားကြမယ်လို့လေ။

ဒါပေမဲ့ ခုတော့ သူမ ယုံကြည်မှုများဖြင့် ဆန့်ကျင်စွာ မာမီက နောက်အိမ်ထောင်ပြုမည့်ကိစ္စကို ထုတ်ပြောလာခဲ့သည်။ ကံကြမ္မာအပြောင်းအလဲက နောက်ကွယ်ကနေ ဘွားခနဲ ထွက်ပေါ်လာတာကို သူမ ရင်ဆိုင်လိုက်ရချိန်မှာ ထိတ်လန့်ကြောက်ရွံ့နေမိတာကိုတော့ ဝန်ခံပါသည်။

"ဦးရဲကျော်ခေါင်က လူကောင်းတစ်ယောက်ပါ သမီး"

"မာမီ လက်ထပ်မယ့်ယောကျ်ားက လူကောင်းတစ်ယောက်ဖြစ်ခြင်း မဖြစ်ခြင်းကို ခုချိန်မှာ သမီး ပြောနေတာ မဟုတ်ဘူး။ သမီးက အဓိကအကြောင်းရင်း မာမီ လက်ထပ်မယ်ဆိုတာကို ပြောနေတာ၊ အံ့သြလွန်းလို့ မယုံနိုင်ဘူး မာမီ"

"ဦးရဲကျော်ခေါင်ကလည်း မာမီ့လိုပဲ မုဆိုးဖိုတစ်ယောက်ပါ။ သူ မာမီ့ကို လက်ထပ်ချင်တယ်လို့ ပြောထားတာကလည်း တော်တော်ကြာခဲ့ပါပြီ၊ ခု ဒီတစ်ခေါက် လုပ်ငန်းမှာ ငွေကြပ်တည်းသွားပြီး မာမီတစ်ယောက်တည်း ခေါင်းခြောက်နေတုန်း သူ ဝင်ကူညီပေးခဲ့လို့သာပဲ"

"ကုမ္ပဏီကိစ္စနဲ့ ပတ်သက်ပြီး ကျေးဇူးတင်စရာကောင်းမှန်း သမီး သိပါတယ်၊ ဒါပေမဲ့ မာမီက လက်ထပ်မယ်ဆိုတာကြီးကိုတော့ သမီး လက်ခံဖို့ ခဲယဉ်းနေတယ်"

"ဒီကိစ္စမှာ မာမီတစ်ယောက်တည်း ရင်ဆိုင်နေရတာကို သူ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်ဘူးတဲ့၊ နောက်ဆို မာမီ့ကို တစ်ယောက်တည်း မဖြစ်စေချင်ဘူးတဲ့၊ ဘယ်အရာမဆို သူ့ကို အားကိုးလို့ရစေချင်တယ်တဲ့''

မာမီ ပြောပြနေသည့် ဦးရဲကျော်ခေါင်စကားများကတော့ နားထောင်လို့ကောင်းပါသည်။

''အဲဒီတော့ မာမီက သူ့ကမ်းလှမ်းမှုကို လက်ခံလိုက်တယ်ပေါ့''

''သူ့ကျေးဇူးတွေကို ဆပ်နိုင်ဖို့ကလည်း ဒီတစ်နည်းပဲ ရှိတော့တယ်လို့ မာမီ ယူဆလို့ပါ၊ ပြီးတော့ ဦးရဲကျော်ခေါင်က လူကောင်းတစ်ယောက်ဆိုတာလည်း မာမီ ယုံကြည်တယ်လေ''

မေပျို တစ်ယောက် တကယ်ကို နှုတ်ဆွံ့အနေမိသည်။ ဒီလိုကိစ္စကြီးက တစ်နေ့နေ့တစ်ချိန်ချိန်မှာ မေပျို့ဘဝထဲကို ရောက်ရှိလာလိမ့်မယ်လို့ ဘယ်တွေးခဲ့မိပါ့မလဲ။ ခုလို မျက်မြင်ကြီး နားနဲ့ဆက်ဆက် ကြားနေရတော့ ပြောစရာစကားလုံးတွေ ပျောက်ရှနေခဲ့တာ သူမ အမှားမဟုတ်ပါဘူးနော်။

''အဲဒီတော့ မာမီက ဦးရဲကျော်ခေါင်အတွက် ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ပေးရမယ်ပေါ့လေ''

''ဦးရဲကျော်ခေါင်မို့လို့ မဟုတ်ပါဘူး။ ဒါကတော့ မာမီ့စည်သည်မှန်သမျှကို မာမီကိုယ်တိုင်ပဲ ချက်ကျွေးတတ်တာ သမီးကိုယ်တိုင်လည်း သိပါတယ်''

ဟုတ်ပါတယ်၊ မာမီက တော်ရုံတန်ရုံ နောက်ဖေးမီးဖိုချောင်ဝင်ပြီး မချက်ပြုတ်တတ်ပေမယ့် အထူးဧည့်သည်ဓတွ လာမယ်ဆိုရင်တော့ ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ပေးတတ်သည်။ မာမီ့လက်ရာကို စားဖူးသည့်လူတိုင်းကလည်း မချီးကျူးဘဲ မနေနိုင်ကြပါ။

''ဖြစ်နိုင်ရင် မနက်ဖြန်တက်ရမယ့် ကျူရှင်ကို တစ်ချိန်လောက်





ဖျက်ပစ်လိုက်လို့ မရဘူးလား သမီး''

ဒီတောင်းဆိုမှုအတွက်လည်း သူမ တအံ့တဩ ဖြစ်သွားမိသည်။ မာမီက ပညာရေးနဲ့ပတ်သက်ရင် ဘယ်တော့မှ ပေါ့ပေါ့တန်တန် သဘောထားတတ်တာ မဟုတ်ခဲ့ပါ။ ခုတော့ ဒီအိမ်ထောင်ပြုမယ့်အကြောင်းကြီးကို ပြောပြီးသည့်နောက်မှာ မာမီက မေပျို့ကို ကျူရှင်တောင် ဖျက်ခိုင်းနေပြီလား။ ဒီလူဟာ ဒီလောက်တောင်ပဲ အရေးကြီးနေပြီလား။

''သမီး ကျူရှင်တော့ မဖျက်နိုင်ဘူး မာမီ၊ မနက်ဖြန် အရေးကြီးတာတွေသင်မှာ''

သူမ တစ်ခွန်းတည်း ခပ်ပြတ်ပြတ်ပြောလိုက်ပြီး မာမီ့နားကနေ ထထွက်လာခဲ့မိသည်။ နောက်ကနေ မာမီ လိုက်လာသော်လည်း မေပျို က အခန်းတံခါးကို ဂုန်းခနဲနေအောင် ပိတ်လိုက်သဖြင့်

''သမီး တံခါးဖွင့်ဦး၊ မာမီ့ကို စိတ်ညစ်အောင်မလုပ်ပါနဲ့ကွာ''

ခုတင်ပေါ် မှောက်အိပ်ပြီး မျက်နှာကို ခေါင်းအုံးနှင့်ဖိကပ်ထားလိုက်သည်။ အိပ်ပျော်သွားရင် ကောင်းမှာ။ မာမီပြောခဲ့သမျှ စကားတွေအားလုံးဟာ ခဏတာ အိပ်ပျော်သွားချိန်မှာ မြင်မက်ခဲ့သည့် အိပ်မက်ဆိုးများအဖြစ် ပျောက်ကွယ်သွားစေချင်သည်။ ဒီအိပ်မက်ဆိုးတွေကနေ မြန်မြန်နိုးထလာခဲ့လျှင်တော့ အကောင်းဆုံးဖြစ်မည်။

■ ■ ■

မီးဖိုချောင်ထဲမှာ မာမီ အလုပ်ရှုပ်နေတုန်း မေပျို အသာလေး လစ်ထွက်ခဲ့လိုက်သည်။ ကျူရှင်ချိန်က ဆယ်နာရီမှ စမှာဆိုတော့ နှစ်နာရီလောက်တောင် လိုနေသေး၏။ ဒီအချိန်တွေကို သူမတစ်ယောက်တည်း ဘယ်မှာသွားဖြုန်းနေရမလဲ။ မြို့ထဲဘက်မှာ တစ်ယောက်တည်း လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရင်း အေးချမ်းဆိတ်ငြိမ်သော ကော်ဖီဆိုင်လေးတစ်ခုကို မေပျို့ တွေ့ရှိသွားခဲ့သည်။

မှန်တံခါးအမည်းများဖြင့် ကာရန်ထားသော ဆိုင်လေးက အထဲမှာလည်း အေးအေးစိမ့်စိမ့်လေးဖြင့် နေလို့ထိုင်လို့ အတော်လေး သက်သောင့်သက်သာ ဖြစ်၏။ နာနတ်သီးဖတ်လေးများပါသော ဖျော်ရည်တစ်ခွက်နှင့် အာလူးချောင်းကြော်တစ်ပွဲ မှာယူပြီး မေပျို့တစ်ကိုယ်တည်း ငြိမ်ငြိမ်သက်သက် ထိုင်နေမိသည်။ ခေါင်းထဲမှာက မာမီ့ကိစ္စနဲ့ပတ်သက်ပြီး ရှုပ်ထွေးနောက်ကျိနေ၏။

မာမီသာ တကယ်ကြီး နောက်အိမ်ထောင်ပြုသွားခဲ့ရင် သူမ ဘယ်လိုဖြစ်သွားမှာလဲ။ သားအမိနှစ်ယောက်တည်း စိတ်ချမ်းချမ်းသာသာ နေထိုင် နေသော ဘဝလေးကနေ သူစိမ်းလူတစ်ယောက် ဝင်ပါလာမယ့် အိမ်တွင်းရေး ဟာ ပျော်ရွှင်ကြည်နူးစရာကောင်းပါတော့မလား။ ပြီးတော့ ပထွေးဆိုတာမျိုး က သိပ်ကောင်းမွန်နေတတ်သည့် လူစားမျိုးမှ မဟုတ်တာ။ ဘယ်လိုအခြေ အနေမျိုးမှာမဆို ကောင်းမွန်မှန်ကန်ပါသည်ဆိုသည့် ပထွေးဆိုတာ တစ်ရာမှာ တစ်ယောက်လောက်ပဲ ရှိတတ်တာ။

ခုချိန်လောက်ဆို မာမီတော့ မေပျို့ အိမ်မှာမရှိမှန်း သိသွားပြီလား မသိ။ အတွေးပင် မဆုံးသေးခင်မှာ သူမ အိတ်လေးထဲမှ ဖုန်းအသံကျယ်ကျယ် မြည်လာသည်။ မာမီ့ဆီကပဲ သေချာသည်။ သို့သော် သူမ မကိုင်ပါ။ ကိုင်မိပြီး မာမီ့ကို ပြောနေရမည့်စကားတွေလည်း ပြောချင်စိတ်မရှိ။ မာမီ ပြောတာတွေလည်း နားထောင်ချင်စိတ်မရှိ။

ဖုန်းအသံကျယ်ကျယ်က အဆက်မပြတ် မြည်နေတာ တစ်ကြိမ်တည်းမဟုတ်။ မာမီက ဆက်တိုက်ခေါ်နေသောကြောင့် ဖုန်းသံကလည်း





ကျယ်ကျယ်လောင်လောင် ဆက်တိုက်မြည်နေသည်။ ဘေးဝိုင်းမှာ မေပျို့လိုပဲ တစ်ယောက်တည်း ထိုင်စာဖတ်နေသော ကောင်လေးတစ်ယောက်က လည်ပြန်လှည့်ကြည့်သည်။ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်လေးမှာ မေပျို့ ဖုန်းသံလေးက ဆူညံသံကို ဖြစ်ပေါ်နေစေသည်။

သူ လှည့်ကြည့်လိုက်သောကြောင့်ပင် ကိုယ့်ဖုန်းသံကိုယ် ပြန်သတိထားမိကာ ဖုန်းလေးကို ကောက်ယူပြီး တစ်ခါတည်းစက်ပိတ်ထားလိုက်၏။ တစ်ဆက်တည်းလိုလိုပင် ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပျော်ရွှင်သွားမိသည်။ သူမကို မလိုတမာစွာ လှည့်ကြည့်လိုက်သော မျက်ဝန်းတွေက သူမကိုယ်တိုင် သိပ်တွေ့ချင်နေခဲ့မိသော မျက်ဝန်းတွေပဲ မဟုတ်လား။

သူ့ရဲ့ခပ်တည်တည် မှန်ကုတ်ကုတ်မျက်နှာလေးကို မေပျို့နှလုံးသားထဲမှာ ကောင်းကောင်းကြီး မှတ်မိနေခဲ့တာလေ။ လည်ဂုတ်အထက်နားထိ ရှည်လျားသော ဆံပင်လေးတွေကိုလည်း သူမ သဘောကျသည်။ မည်းနက်စူးရှသော မျက်ဝန်းတွေကိုလည်း သူမ သဘောကျသည်။ ထူးဆန်းပါရဲ့။ ပြန်တွေ့မယ့်တွေ့တော့လည်း တိုက်တိုက်ဆိုင်ဆိုင်တွေချည်းပါပဲ။

ဒီနေ့လည်း ဟိုနေ့ကလိုပင် အနက်ရောင်တီရှပ်လေးနှင့် ဂျင်းဘောင်းဘီတိုလေးကို ဝတ်ထားသည်။ နေ့တိုင်း ဒီအဝတ်ပဲဝတ်နေတာတော့ မဟုတ်လောက်ပါဘူးနော်။ အနက်ရောင်အဝတ်အစားကို နှစ်သက်တတ်တာလေးက မေပျို့နှင့်သွားတူနေသဖြင့် သူမတစ်ယောက်တည်း ကြိတ်ပြုံးလိုက်မိသေးသည်။

နောက်ဆုံးလက်ကျန် ဖျော်ရည်အကပ်လေးကို ပိုက်နှင့်အားရပါးရ စုပ်လိုက်ပြီး ပိုက်ဆံရှင်းရန် ဘီလ်လှမ်းတောင်းလိုက်၏။ ပြီးမှ သူ ထိုင်နေသော ဝိုင်းကိုသွားပြီး တစ်ခုခုပြောဖို့ စဉ်းစားနေမိ၏။ ဖုန်းသံကြောင့် လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တုန်းကတော့ မေပျို့ကိုမြင်ပြီးသားမို့ ဟိုတစ်နေ့က ကောင်မလေး မှန်း သူ မှတ်မိမှာသေချာသည်။

စားပွဲထိုးလေး လာပေးသော ဘီလ်စာရွက်ကို လှမ်းယူကြည့်လိုက်တော့ ငါးထောင်တဲ့။

"ဟင်"

သူမ လက်လေးများက ကျောပိုးအိတ်ထဲကို မွှေနှောက်စမ်းကြည့်ပေမယ့် ပိုက်ဆံအိတ်ကိုမစမ်းမိ။ အိတ်ထဲကို ခေါင်းကြီးတိုးဝင်တော့မတတ် ပြူးပြဲကြည့်ပေမယ့်လည်း သူမရဲ့ပိုက်ဆံအိတ်ပန်းနုရောင်ရှည်ရှည်လေးကို မတွေ့။ သွားပြီ။ မေပျို့တော့ အရှက်လုံးလုံး ကွဲတော့မည်။ စားထားသောက်ထားပြီးမှ ပိုက်ဆံအိတ်မပါလာမှန်း သိသည်။

ဘယ်လိုလုပ်ရပါ့မလဲ။

မေပျို့ မျက်နှာလေးက ထိန်းမရအောင် ပျက်ယွင်းနေသည်။ နဖူးမှာ ချွေးလေးများပင် စို့တက်လာ၏။ ဒီကိစ္စကို ဘယ်လိုရှင်းရပါ့မလဲ။ နာရီကို ကြည့်လိုက်တော့ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်သာ လိုတော့သည်။ မာမီ့ဆီလည်း ဖုန်းမဆက်ချင်ပါ။ သိပ်မကြာခင်မှာပဲ ဦးရဲကျော်ခေါင် ရောက်လာတော့မှာဆိုတော့ သူမကြောင့်နဲ့ အနှောင့်အယှက် မဖြစ်စေချင်ပါ။

ဒါဆို ဘယ်လိုရှင်းမလဲ။ ဟိုမိန်းမတွေဆီ ဖုန်းဆက်ရင်ရော။

လောလောဆယ်တော့ ဘီလ်စာရွက်လေးကိုင်ပြီး စားပွဲဘေးမှာ ရပ်နေသော စားပွဲထိုးလေးကို အရင်ဆုံး ရင်ဆိုင်ရဦးမည်။

"ခဏလေးနော် အစ်ကို"

မျက်နှာလေးပျက်ပျက်နှင့် သူမ တောင်းဆိုတော့ စားပွဲထိုးလေး ဘီလ်စာရွက်လေးကို စားပွဲပေါ်တင်ပေးပြီး အနားမှထွက်သွားသည်။ ဖုန်းလေး





ကိုယူပြီး စက်ပြန်ဖွင့်ကာ မိုးစက်ဆီသို့ ချက်ချင်းပင် လှမ်းဆက်လိုက်၏။

"ဟယ်လို မိုးစက်ရေ နင်ဘယ်မှာလဲ"

"ငါ လေဆိပ်မှာပေါ့ဟ"

သူမ စိတ်တော်တော်ညစ်သွားသည်။ လေဆိပ်နဲ့ ရန်ကုန်မြို့လယ်ခေါင်နဲ့ဆိုတာ အချိန်တိုလေးအတွင်းမှာ ဘယ်လိုမှ လာဖို့မဖြစ်နိုင်သော အရာ။

"ဘာဖြစ်လို့လဲ မေပျို့၊ နင် ကျူရှင်မှာ မဟုတ်ဘူးလား"

"အေး ငါ အခုပဲ သွားမလို့"

မိုးစက်ကိုလည်း ဘာမှမပြောဖြစ်လိုက်ဘဲ သူမ ဖုန်းချပေးလိုက်သည်။ ပြောလို့လည်း အချိန်ကုန်တာပဲ အဖတ်တင်မည်။ ဒီလောက်အဝေးကြီးကို ဘယ်လိုလာမှာတဲ့လဲ။ သူမရဲ့နောက်တစ်ခု တားဂတ်က ချိုသာ့ဆီ ဖုန်းခေါ်ဖို့ ဖြစ်သည်။ ဒါပေမဲ့ ဒီတစ်ခါလည်း သူမ ကံဆိုးပါသည်။ ချိုသာက ဖုန်းကိုတောင် စက်ပိတ်ထားလိုက်သေးသည်။

နဖူးလေးတင်မကတော့ဘဲ သူမ နားထင်စပ်မှာတောင် ချွေးများစီးကျလာနေပြီ။ ပိုးက နေမကောင်းဘူးဆိုလို့ မဆက်တော့ဘူးလုပ်ထားပေမယ့် မတတ်နိုင်တော့သည့်အဆုံးမှာတော့ ဆက်လိုက်ရတော့သည်။ ဖုန်းကိုင်လိုက်သော ပိုးအသံကို ကောင်းကောင်းတောင်မကြားရ၊ အသံတွေဝင်နေတာ ညည်းနည်းမှ မသက်သာသေးဘူးနဲ့ တူပါရဲ့။

"ပြောလေ မေပျို့"

"ငါ ဒုက္ခရောက်နေပြီ ပိုး"

"နင် ကျူရှင်မသွားဘူးလား၊ ဘာဖြစ်လို့လဲဟင်"

"အချိန်စောနေသေးလို့ ကော်ဖီဆိုင်ဝင်ထိုင် စားသောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်မပါမှန်း သိလို့ မာမီ့ဆီလည်း မဆက်ချင်ဘူး''

''နင့်အမေဆီ ဘာလို့ မဆက်ချင်တာလဲ''

''နင်တို့နဲ့ အေးအေးဆေးဆေးတွေ့မှ အဲဒီအကြောင်းတွေ သေချာ ပြောပြမယ်ဟာ၊ လောလောဆယ် ငါ့အမေဆီဆက်ဖို့ အဆင်မပြေဘူးဆိုတာကတော့ သေချာတယ်''

''ဘယ်လိုလုပ်မလဲ မေပျို၊ ငါက အားနည်းနေတယ်ဆိုပြီး ခုလေးတင် ဆရာဝန်က အားဆေးချိတ်ပေးသွားတာ''

သေလိုက်တော့ မေပျိုရေလို့ ကိုယ့်နဖူးကိုယ်ထုပြီးသာ အော်ပစ်လိုက်ချင်တော့သည်။ တကယ်ဆို မာမီ့အလစ်မှာ အိမ်ကနေ ထွက်ပြစ်ဖို့ကိုပဲ စိတ်လောနေသောကြောင့် အိတ်ထဲမှာ ပစ္စည်းအစုံအလင်ထည့်ပြီးမပြီးကို မစစ်ဆေးခဲ့မိခြင်း ဖြစ်သည်။

ခုတော့ မေပျိုတစ်ယောက်တည်း ဒုက္ခကောင်းကောင်းရောက်ပြီပေါ့။ ကိုယ့်ဖြစ်နေတဲ့အခက်အခဲကို အနောက်နားမှာ ထိုင်နေသော သူကြားသွားမှာစိုးလို့ တိုးတိုးတိတ်တိတ်လေးလည်း ပြောနေရသေးသည်။ သူ သာ ကြားသွားရင် မေပျိုတော့ အရှက်ကွဲပါပြီ။

''ငါ ဘယ်လိုလုပ်ပေးရမလဲဟင် မေပျို''

''နေပါစေတော့ဟာ၊ ငါ့ဘာသာငါ တစ်ခုခုကြည့်ရှင်းလိုက်ပါ့မယ်''

လက်ထဲမှာကိုင်ထားသော ဖုန်းလေးကိုကြည့်ပြီး သူမ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဝိုးနဲ့ဖုန်းပြောနေခြင်းကို အဆုံးသတ်လိုက်ပြီး စားပွဲထိုးလေးကို ပြန်ခေါ်လိုက်၏။

''ရှင်းတော့မလား ခင်ဗျ''

သူမ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်သည့်အနေနှင့် စားပွဲထိုးလေး





ကို တည့်တည့်ကြည့်ပြီး သွားလေးဖြဲပြလိုက်သည်။ စားပွဲထိုးလေးတောင် သူမ အပြုအမူကြောင့် ကြောင်တောင်တောင် ဖြစ်သွားပုံ။

''ဟိုလေ ရှင်းရမှာက ငါးထောင်ပဲ မဟုတ်လား''

''ဟုတ်ပါတယ်''

''ဒီဟန်းဆက်ကလေ ပြန်ရောင်းမယ်ဆိုရင်တောင် သုံးသိန်းကျော်လောက် တန်သေးတယ်၊ ဒီဟန်းဆက်လေး ခဏထားခဲ့လို့ရမလားဟင်၊ ပြီးရင် သေချာပေါက် ပိုက်ဆံငါးထောင်နဲ့ လာရွေးပါ့မယ်''

''ဗျာ''

မျက်လုံးများပြူးသွားပြီး ပါးစပ်ပင် အဟောင်းသားပွင့်ဟသွားလျက် မေပျို့ကို စားပွဲထိုးလေး ကြောင်ကြည့်နေသည်။

''ရတယ်မဟုတ်လားဟင်''

သူမကတော့ သွားဖြဲလေးဖြင့် ကြည့်နေမိတုန်း။ ရှက်တော့ရှက်မိသမယ့် ဒီနည်းကလွဲလို့ လောလောဆယ် စဉ်းစားလို့ရတာ မရှိပါ။

''ရော့ ဒီက ယူလိုက်''

ခပ်ပြတ်ပြတ်အသံတစ်သံနှင့်အတူ စားပွဲထိုးလေးကိုင်ထားသော ...ပေါ်သို့ ငါးထောင်တန်တစ်ရွက်ရောက်သွားသည်။ ခုမှပင် ပြုံးနိုင်သွားသော ...ားပွဲထိုးလေးက သူမနားမှ ထွက်ခွာသွား၏။ ကယ်တင်ရှင်ကို လှည့်ကြည့်...သော တစ်ဖက်စားပွဲဝိုင်းကနေ ဘယ်တုန်းကနေ ထလာကာ အနားရောက် ...နှန်းမသိသော သူ။ မေပျို အံ့ဩလွန်းစွာပင် မတ်တပ်ထရပ်လိုက်မိသည်။

''မေပျို အခက်အခဲဖြစ်နေတာကို ဘယ်လိုသိတာလဲဟင်''

''မင်းသူငယ်ချင်းနဲ့ ဖုန်းပြောနေတာကို ကြားတာပေါ့၊ ဖြော်...ယ် နိုးနားထောင်တာမဟုတ်ဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုပါဝင်သည့် အဖြေစကားလေးကို ပြန်ပေးသည်။ ဒီလောက်ထိ တိုးတိုးလေးပြောနေတာကိုတောင် သူ ဘယ်လိုကြားသွားတယ်မသိပါ။ ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ် အခက်အခဲကို ပြေလည်သွားစေသည့်အတွက်တော့ သူဟာ ကျေးဇူးရှင်ပါပဲ။

"အဲဒီပိုက်ဆံကို မေပျို ပြန်ပေးပါ့မယ်နော်၊ ဒီနေ့ အိမ်ကနေ အလောတကြီး ထွက်လာမိတာနဲ့ ပိုက်ဆံအိတ်မေ့လာခဲ့တာလေ"

"ပြန်မပေးပါနဲ့တော့"

"အို မဟုတ်တာ၊ ခုလိုမျိုး သူစိမ်းတစ်ယောက်ကို ဝင်ကူညီပေးတာနဲ့တင် တော်တော်ကျေးဇူးတင်ဖို့ကောင်းနေပါပြီ၊ ဒီတိုင်းတော့ မေပျို မနေနိုင်ဘူး၊ ပြန်ပေးပါ့မယ်၊ ဒီက ဖုန်းနံပါတ်ဖြစ်ဖြစ် ပေးထားခဲ့ပါနော်"

"သူစိမ်းမှမဟုတ်တာ၊ မြေအိုးမြီးရှည်ဆိုင်မှာတောင် တစ်ဝိုင်းထဲထိုင်ဖူးသေးတာပဲမဟုတ်လား၊ ပြီးတော့လည်း ငါးထောင်လေးလောက်နဲ့ ရပါတယ်ကွာ၊ မင်းစားခဲ့တာတွေကို ကိုယ်က ဝယ်ကျွေးတယ်လို့ သဘောထားလိုက်၊ ဟုတ်ပြီလား"

အပြုံးလေးဖြင့် ပြောနေသော သူ့ပုံစံက ဟိုတစ်နေ့ကကိစ္စကို သိပ်တော့အခဲကျေသေးပုံ မရပါ။ အမြင်မတော်လို့ ဝင်ဖြေရှင်းပေးလိုက်ပေမယ့် မေပျို့ကို အရှုပ်ထုပ်လေးလို့ သတ်မှတ်ပြီး ထပ်မပတ်သက်ချင်တဲ့ သဘောလား။ စိတ်ထဲမှာတောင် ဝမ်းနည်းချင်သလိုလိုလေး ဖြစ်သွားသည်။

"အဲဒီလို မလုပ်ပါနဲ့နော်၊ မေပျို မနေတတ်လို့ပါ"

"ကိုယ့်အတွက် ဒါက အရေးမကြီးပါဘူး"

"ဒီလိုလုပ်လေ၊ မေပျို့က အဲဒီငါးထောင်ကို ပြန်မပေးတော့ဘူး ဒါပေမဲ့ ခုလိုပဲ မုန့်လိုက်ကျွေးမယ်ဆိုရင် လက်ခံမလား"





"မင်းတော်တော်ခေါင်းမာတဲ့ ကောင်မလေးပါလား"

"မေပျို့ကို ဖုန်းနံပါတ်ပေးခဲ့ပါနော်"

မတတ်သာတော့သည့်အဆုံး ပုံစံမျိုးဖြင့် သက်ပြင်းလေးကို မသိသောချလိုက်ပြီး စားပွဲပေါ်မှာရှိနေသော ငွေဖြတ်ပိုင်းစာရွက်ဖြူလေးကို လှမ်းယူလိုက်သည်။ ဘောင်းဘီအိတ်ထဲမှ ဘောလ်ပင်ကိုထုတ်ပြီး ဖုန်းနံပါတ်ကို ချရေးလျက် သူမထံ ပြန်ကမ်းပေး၏။

"ဒီနေ့အတွက် သိပ်ကျေးဇူးတင်ပါတယ်ရှင်၊ မေပျို ဖုန်းဆက်လိုက်ပါ့မယ်"

မေပျို့ရှေ့ကနေ သူ ထွက်သွားတာကို မျက်စိတစ်ဆုံး လိုက်ငေးနေမိသည်။ လူငယ်ဆန်ဆန် ရိုးရိုးရှင်းရှင်း ဝတ်စားဆင်ယင်ထားသော်လည်း ပုံစံကတော့ လူကြီးလူကောင်းဆန်သည့်ပုံမျိုးပါ။ ဟိုတစ်ရက်တည်းက သတိထားမိပါရဲ့။ ပြောင်စပ်စပ်လုပ်နေသော သူငယ်ချင်းတွေထဲမှာ သူတစ်ယောက်တည်း ငြိမ်ငြိမ်သက်သက်လေး ထိုင်ပြီး စားစရာရှိတာ စားနေခဲ့တာကိုလေ။

လက်ထဲမှ စာရွက်ဖြူလေးကို ပြန်ကြည့်ပြီး သူမ ရင်ခုန်နေမိသည်။ ဖုန်းနံပါတ်လေးကို ပြန်ဆက်သွယ်ပြီး သူနဲ့ပြန်ဆုံတွေ့ဖို့ကို မေပျို စိတ်အားထက်သန်နေမိခဲ့သည်။

သိပ်မကြာခင်မှာ မေပျို့တို့ ပြန်ဆုံကြမှာပါနော်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခြံထဲကို တိတ်တိတ်လေး ဝင်လာပြီး ဖွင့်ထားသော အိမ်တံခါး ကြီးကနေ သူမ ခြေသံဖွဖွလေးဖြင့် လှမ်းဝင်လိုက်သည်။ အောက်ထပ်မှာ တော့ မာမီ့ကို မတွေ့ရပါ။ အပေါ်ထပ် ဘုရားခန်းထဲမှာများလား။ သူမ စပ်စုမနေတော့ဘဲ ကိုယ့်အခန်းထဲသို့သာ မြန်မြန်လေး ဝင်လိုက်သည်။

မနက်တုန်းက အိမ်ကနေ လစ်ထွက်သွားတာရော တောက် လျှောက် ဖုန်းမကိုင်တာရောကို မာမီ စစ်ဆေးမေးမြန်းတော့မှာမို့ ရင်မဆိုင် ချင်တာနဲ့ပင် အခန်းထဲကို သွက်သွက်လေး ဝင်လိုက်ခြင်း ဖြစ်၏။

"သမီး မာမီ တစ်ချိန်လုံး ဖုန်းတွေခေါ်နေတာကို ဘာဖြစ်လို့ မကိုင်တာလဲ"

မာမီ ကြားသွားမှာစိုးလို့တောင် အခန်းတံခါးလေးကို ဖြည်းဖြည်း ညင်းညင်းလေး ပိတ်လိုက်သေးပေမယ့် နောက်ဘက်ကနေ ထွက်ပေါ်လာ





သော အသံကြောင့် မေပျို့ကိုယ်လေးပင် ဆတ်ခနဲ တုန်သွားရလောက် အောင် ထိတ်လန့်သွားမိသည်။ အသာလေးလှည့်ကြည့်မိတော့ သူမ ခုတင် ထက်မှာ ငုတ်တုတ်ထိုင်နေသော မာမီ။

"မာမီ ဒီမှာ ဘာလုပ်နေတာလဲဟင်"

"သမီး အခု မာမီ့ကို ဘာမှပြန်မမေးပါနဲ့၊ မာမီမေးတာကိုသာ ဖြေပါ၊ မနက်ကလည်း မာမီ မသိအောင် အပြင်ကို ခိုးထွက်သွားတယ်၊ ဖုန်းတွေတောက်လျှောက်ဆက်တော့လည်း မကိုင်တဲ့အပြင် စက်တောင်ပိတ် သေးတယ်ဆိုတာ ဘာဖြစ်လို့လဲ၊ မာမီ ဘယ်လောက်စိတ်တွေပူနေလဲ သိလား"

မာမီ့အသံက ဒေါသသံလည်းမဟုတ်။ စိတ်တိုနေတာမျိုးလည်း မဟုတ်ဘဲ၊ သူမအတွက် တကယ့်ကို စိုးရိမ်နေခဲ့ပုံ။ မေပျို့တောင် မာမီ့ကို ကြည့်ပြီး ကိုယ့်လုပ်ရပ်တော်တော်လွန်သွားလားလို့ ပြန်တွေးလိုက်မိသည်။ ဒီ မဟုတ်ပါဘူး။ မာမီက အဲဒီအချိန်မှာ ဦးရဲကျော်ခေါင်နဲ့ ထမင်းလက်ဆုံ စားပြီး ပျော်နေမှာပါ။

"သမီးကိုတွေ့ရင် မာမီက ကျူရှင်မသွားဘဲ ဦးရဲကျော်ခေါင်ဆိုတဲ့ သူကြီးနဲ့ ထမင်းအတူစားခိုင်းနေမှာစိုးလို့ပါ၊ ဒါကြောင့် ဖုန်းလည်းမကိုင်ဘဲ စက်ပိတ်ထားလိုက်တာ"

သူမ အမှန်အတိုင်း ဖြေလိုက်တာပဲလေ။ ဒါပေမဲ့ မာမီကတော့ မျက်မှောင်ကြီးကျုံ့ပြီး ကြည့်နေဆဲ။

"သမီး ခုလိုလုပ်နေရင် မာမီ ဘယ်လိုဆက်လုပ်ရမလဲ"

မာမီ့လေသံထဲမှာ စိတ်ညစ်ညူးမှုတွေ အထင်းသား ပျော်ဝင်နေ သည်။ သူမကြောင့်နဲ့ ရှေ့ဆက်ရမယ့် မာမီ့ကိစ္စတွေ အနှောင့်အယှက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေရပြီလား။

"ဦးရဲကျော်ခေါင်နဲ့ လက်မထပ်ရင် မာမီ ဘာတွေဖြစ်လာနိုင်လဲဟင်"

မေပျို သိချင်လွန်းကြီးစွာ မေးမိသည်။ မာမှီမှာ ဒီလူကို လက်မထပ်လို့မဖြစ်တဲ့ အကြောင်းပြချက် တစ်ခုခုများရှိနေတာလား။

သူမ မေးခွန်းကို မာမီချက်ချင်းမဖြေပါ။ ခပ်လှမ်းလှမ်းမှာ ရပ်လျက်ရှိသော သူမနားသို့ ထလျှောက်လာသည်။ သူမ ပခုံးလေးကို ဖွဖွဖက်ကာ မာမီ စကားစ၏။

"မာမှီလုပ်ငန်းမှာ ဦးရဲကျော်ခေါင်ဆီက အကူအညီသာ မရခဲ့ရင် မာမီ ပိုင်ဆိုင်သမျှတွေကို ခုချိန်လောက်ဆို လက်လွှတ်လိုက်ရပြီးပြီ သမီး။ ပြီးတော့ သူ့ကို မာမီ လွယ်လွယ်ကူကူ လက်ခံခဲ့တာမဟုတ်ပါဘူး။ သမီးတစ်ယောက် မွေးထားတဲ့အမေတစ်ယောက်အနေနဲ့ သေသေချာချာ လေ့လာအကဲခတ်ပြီးမှ လက်ခံလိုက်တာပါ။ မာမှီသမီးလေးလည်း သဘောတူမယ်လို့ မျှော်လင့်ထားမိတယ်၊ လောလောဆယ် မာမှီအလုပ်တွေကို ထဲထဲဝင်ဝင် နားလည်ပြီး ကူညီနိုင်ဆုံးသူက သူတစ်ယောက်ပဲရှိတယ် သမီး"

ဦးရဲကျော်ခေါင်ကို မေပျို စတင်သိရှိခဲ့ရတာ ဒယ်ဒီ ဆုံးပါးသွားပြီးနောက်ပိုင်းမှာပါ။ လင်မယားနှစ်ယောက်အတူ ထူထောင်ခဲ့သည့် ကုမ္ပဏီမှာ ဒယ်ဒီက အမိက ဦးဆောင်ခဲ့သူ။ ဒယ်ဒီ ဆုံးသွားတော့ မာမီတစ်ယောက်တည်းနှင့် တကယ့်အရည်အချင်းရှိသူများကို ရှယ်ယာခေါ်ယူကာ လက်တွဲလုပ်ကိုင်ခဲ့သည်။ အဲဒီထဲကမှ လုပ်ငန်းပိုင်းကို အကျွမ်းကျင်ဆုံးလူတစ်ယောက်အဖြစ် ဦးရဲကျော်ခေါင်က သတ်မှတ်ခံခဲ့ရခြင်း ဖြစ်သည်။

နိုင်ငံခြားမှာ ဖွင့်ထားတဲ့ ဦးရဲကျော်ခေါင်ပိုင် ကုမ္ပဏီကိုတော့





သားဖြစ်သူက အုပ်ချုပ်နေတယ်တဲ့။ ဦးရဲကျော်ခေါင်ကိုယ်တိုင်ကတော့ မာမှီနားမှာ အနီးကပ် အကူအညီတွေပေးပြီး လုပ်ငန်းပိုင်းတစ်ခုလုံးကို ကူညီပေးခဲ့တာတဲ့လေ။

တကယ်တော့ မေပျို့စိတ်ထဲမှာ ဦးရဲကျော်ခေါင်ကို မုန်းတီးနေမိခြင်း မဟုတ်ဘဲ သူမကို အမြဲတမ်း ဂရုတစိုက်ရှိခဲ့တဲ့ မာမှီကို နောက်အိမ်ထောင်ပြုသွားမှာ ပူပန်နေမိခြင်း ဖြစ်သည်။ တကယ်ဆိုရင် မာမီက အခုမှ အသက်လေးဆယ့်သုံးနှစ်သာ ရှိသေးပြီး အရွယ်လည်းတင် ချောမောစမတ်ကျသည့် လုပ်ငန်းရှင်အမျိုးသမီးတစ်ယောက်ပါ။ မာမှီနားမှာ ဝိုင်းဝိုင်းလည်နေမည့် ယောကျ်ားတွေရှိမယ်ဆိုတာ မေပျို ခန့်မှန်းလို့ ရပါသည်။ ဒယ်ဒီဆုံးသွားခဲ့တာလည်း ဆယ်နှစ်လောက်ရှိပြီဆိုတော့ မာမီ ယောကျ်ားတစ်ယောက် ထပ်ယူမည့်ကိစ္စက အပြစ်ကြီးတစ်ခုတော့ မဟုတ်ခဲ့ပါ။

ဒါပေမဲ့ အဲဒီအပြစ်ကြီးတစ်ခု မဟုတ်တာကိုပဲ မေပျိုကတော့ လွယ်လွယ်ကူကူနဲ့ လက်ခံပေးလို့မရ ဖြစ်နေခဲ့သည်။ ဒါကတော့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရတဲ့ သားသမီးတိုင်း ခံစားရမည့် အနေအထားမျိုးပဲ မဟုတ်လား။ နိုင်ငံခြားက လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသည်ဆိုတဲ့ ဦးရဲကျော်ခေါင်ရဲ့သားဖြစ်သူကရော သူ့အဖေ နောက်အိမ်ထောင်ပြုမှာကို နည်းနည်းမှ တားမြစ်ခြင်း မရှိဘူးတဲ့လား။ လွယ်ကူစွာပင် ခွင့်ပြုပေးလိုက်သည်တဲ့လား။

"သမီး ဘာတွေတွေးနေတာလဲ"

"ဦးရဲကျော်ခေါင် အကြောင်းပါ မာမီ"

"သမီးစိတ်ကို သိပ်ပင်ပန်းမခံပါနဲ့လေ၊ စာမေးပွဲအတွက်ပဲ အာရုံစိုက်ထားပါ၊ သမီးဘာသာ အေးအေးဆေးဆေး အချိန်ယူပြီး စဉ်းစားပေါ့၊ မာမီကတော့ မာမီပြောခဲ့တဲ့ကိစ္စကို သမီးလေး နားလည်နိုင်ဖို့ မျှော်လင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

မာမီ ဒါပဲပြောကာ အခန်းထဲမှ ပြန်ထွက်သွား၏။ ဒီနေ့ မနက်စာ ထမင်းဝိုင်းလေး အဆင်ပြေရဲ့လားလို့ မေးလိုက်ဖို့ကိုတောင် သူမ မေ့လျော့သွားခဲ့သည်။ အင်းလေ။ အဆင်ပြေမှာပါ။ ဘာများအဆင်မပြေစရာ ရှိလို့လဲ။ မာမီက ဟင်းချက်တဲ့နေရာမှာ လက်ရာသိပ်ကောင်းတာပဲ။

အပြင်စီးပွားရေးကိုလည်း ဦးစီးလုပ်ကိုင်နိုင်ပြီး အိမ်မှုကိစ္စတွေလည်း ကျွမ်းကျင်သည့် မာမီ့ကိုဦးရဲကျော်ခေါင် လက်ထပ်ချင်ခဲ့တာ သိပ်အတူးအဆန်းကြီးတော့ မဟုတ်ပါ။

မာမီ ထွက်သွားသည်နှင့် သူမ အဝတ်အစားပင် မလဲနိုင်ဘဲ ခုတင်ထက် လှဲချပစ်လိုက်သည်။ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သည့် အဖြစ်အပျက်တွေက သူမဘဝထဲမှာ ဖြုန်းစားကြီး လာဖြစ်နေကြပါလား။ ဟူး စိတ်ရှုပ်လိုက်တာ။

ကျူရှင်ကနေ ပြန်လာရတာဆိုတော့ ဟိုတွေးဒီတွေးနဲ့ပင် ပင်ပန်းစွာ မေ့ပျို အိပ်ပျော်သွားခဲ့သည်။ မာမီ့ သူမကို လာနှိုးချိန်မှာ ညနေခြောက်နာရီပင် ထိုးတော့မည်။

''သမီး အဝတ်တောင်မလဲဘဲ အိပ်ပျော်နေတာလား။ ထ ရေမိုးချိုး အဝတ်အစားလဲလိုက်''

''အင်း မာမီ၊ ဘယ်နှနာရီထိုးပြီလဲဟင်''

မျက်လုံးများကို ပွတ်သပ်လျက် သူမ ငုတ်တုတ်ထထိုင်ပြီး မေးမိသည်။

''ခြောက်နာရီတောင် ထိုးပြီဟေ့''

အခန်းတံခါးဝကနေ ခပ်ကျယ်ကျယ် အော်လိုက်သောအသံ။ သူမ





ကြောင်တောင်တောင်နှင့် လှမ်းကြည့်မိတော့မှ ချိုသာ။

''နင်တို့ ဘယ်တုန်းကရောက်နေတာလဲ''

''အခုပဲ သမီးရဲ့၊ ချိုသာနဲ့မိုးစက်ရောက်လာလို့ သမီးကို မာမီက လာအကြောင်းကြားတာ၊ ငါ့သမီးက အဝတ်အစားတောင် မလဲနိုင်ဘဲ အိပ်ပျော်နေတာကိုး''

''အန်တီ ဒီနေ့ ဘာဟင်းချက်လဲ''

' မိုးစက်တို့ကတော့ အိမ်လာတိုင်း စားသောက်နေကျမို့ မာမီက ဘာဟင်းတွေချက်တယ်ဆိုတာ တခုတ်တရ ပြန်ပြောပြနေ၏။

''နင်တို့ ဝေါ်ကြီးဂျာမနေနဲ့၊ အဲဒါ မနက်က အိမ်ကိုဧည့်သည်လာလို့ သီးသန့်စပါယ်ရှယ် ချက်ထားတာ''

မိုးစက်တို့ကို ကိုယ်တိုင်ချက်ထားသည့်ဟင်းတွေအကြောင်း အားရပါးရ ပြောပြနေသော မာမီ့မျက်နှာ တစ်ချက်လေးပျက်ယွင်းသွား၏။ ဒါပေမဲ့ မာမီက ချက်ချင်းပင် ပြန်ပြုံးလိုက်ကာ

''အန်တီ့ကိုယ်တိုင် ချက်ထားတာဆိုတော့ သမီးတို့ ကြိုက်မှာပါ''

''ကြိုက်တာပေါ့ အန်တီရဲ့၊ အသားကို နူးအိနေအောင် နှပ်ထားတာမျိုးကတော့ ချိုသာတို့အကြိုက်ပဲ''

''အငတ်မ''

သူမက ချိုသာ့ကို မျက်စောင်းထိုးလျက် မဲ့ရွဲ့ပြီး ပြောလိုက်သည်။ ဒီမိန်းမတွေကတော့ ဒီလိုပြောလည်း မစားဘဲနေမည့်သူတွေမှ မဟုတ်တာ။ မေပျိုကိုယ်တိုင်လည်း သူတို့အိမ်တွေရောက်ရင် ဒီလိုပါပဲ။ ဗိုက်ဆာလာလို့ ကတော့ ဝင်စားလိုက်တာပင်။ ဟိုအရင်နှစ်တွေ တော်တော်ကြာကြာထဲက ပေါင်းသင်းဆင်မင်လာကြတာဆိုတော့ တစ်ယောက်အိမ်တစ်ယောက် လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်စွာပင် ဝင်ထွက်သွားလာခဲ့ကြသည်။

ခုလည်း မေပျို့ ရေချိုးနေတုန်း မိုးစက်နဲ့ချိုသာက မာမီ့ကို ထမင်းဝိုင်းပြင်ပေးနေသည်။

"ကဲ မမ ရေချိုးပြီးရင်လည်း ထမင်းစားဖို့ ကြွတော်မူပါ"

အခန်းထဲမှာ အကျီလဲနေသော မေပျို့ကို မိုးစက်က လာခေါ်သည်။ ထမင်းဝိုင်းရောက်တော့ များပြားလှသော ဟင်းပွဲများက စားပွဲတစ်ခုလုံး အပြည့်။

"ငါတို့တော့ စားရက်ကြုံလို့ မှတ်ဆိတ်ပျားတုပ်တာပဲ"

ချိုသာက ဟင်းပွဲတွေကိုကြည့်ပြီး သွားရည်ကျမတတ် ပြောသည်။ သူမကတော့ ဒီဟင်းတွေကို စားရမှာ စိတ်ထဲတစ်မျိုးပဲ။ တကယ်ဆို ဘာမှ မဆိုင်ပါ။ မာမီကိုယ်တိုင် ချက်ပြုတ်ထားခဲ့တာမှ မဟုတ်တာ။ ယောကျ်ားတစ်ယောက်အတွက် မာမီကိုယ်တိုင် လိုလိုလားလား ချက်ပြုတ်ပေးထားခဲ့တာလေ။

"သမီး စားလေ၊ ဒီမှာ သမီးကြိုက်တတ်တဲ့ ပုစွန်တန်ပူရာလည်း ပါတယ်"

မာမီက သူမ ပန်းကန်ထဲကို ပုစွန်တစ်ကောင် ထည့်ပေးလိုက်ပြီး မိုးစက်နဲ့ချိုသာရဲ့ ပန်းကန်တွေထဲကိုပါ လိုက်ထည့်ပေးသည်။

"ဒီနေ့တော့ သမီးတို့ မေပျို့ဆီလာလိုက်တာ တန်သွားပြီ"

အစားအသောက်က လူနဲ့တည့်တယ်ဆိုတဲ့အတိုင်း သူငယ်ချင်းနှစ်ယောက် စားလိုက်ကြတာ ခေါင်းပင်မဖော်။ မေပျို့မှာသာ ထမင်းတစ်ပန်းကန်ကို မနည်းကုန်အောင် စားနေရသည်။

"သမီး ဘာဖြစ်လို့လဲ၊ စားမကောင်းဘူးလား"





မာမီက ရိပ်မိပုံနှင့် လှမ်းမေးသည်။ သူမ ဘာမှပြန်မဖြေချင်ပါ။

"ဟဲ့ ဟုတ်သားပဲ မေပျို၊ နင်ကလည်း စားတာသောက်တာ အားမရလိုက်တာ"

ချိုသာပါ ဝင်ပြောလာတော့ သူမ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်မိသည်။ မေပျို့ကြောင့်နဲ့ ဒီထမင်းစားဝိုင်းလေးကိုတော့ မပျက်စီးစေလိုပါ။

"မဟုတ်ပါဘူး၊ ငါ နည်းနည်း အစာမကြေချင်သလို ဖြစ်နေလို့ပါ၊ ဩော် ဒါနဲ့ ပိုးရော ဘယ်လိုနေသေးလဲ၊ ငါမနက်က ဖုန်းဆက်လိုက်တော့ သူ အားနည်းနေလို့ ဆေးချိတ်ထားရတယ် ပြောတယ်"

"အေး ဟုတ်တယ်၊ ငါတောင် ခုနက ဖုန်းဆက်လိုက်သေးတယ်၊ နည်းနည်းတော့ သက်သာသွားပြီ ပြောတာပဲ"

"တော်သေးတာပေါ့၊ မဟုတ်ရင် စာမေးပွဲနီးမှ စိုးရိမ်စရာပဲ"

စားသောက်ပြီးစီးကြတော့ သူမတို့တွေ အခန်းထဲဝင်လာခဲ့လိုက်သည်။ မေပျို့က စာလုပ်ချင်စိတ် မရှိသည်မို့ ခုတင်ထက်မှာပဲ လဲလျောင်းနေလိုက်၏။

"ဟဲ့ အိပ်ရေးမဝသေးဘူးလား၊ ပြီးတော့ ခုလေးတင် စားသောက်လာတာကို ချက်ချင်းတန်းလှဲပစ်လိုက်တော့တာပဲ"

မိုးစက်က ခပ်ရွဲ့ရွဲ့လေး ပြော၏။ သူမကတော့ ပြန်ထချင်စိတ်မရှိပါ။ အိပ်ရာထဲမှာပဲ တစ်ချိန်လုံး လှဲနေချင်သည်။

"ထလေ မေပျို့ရဲ့၊ ငါတို့ကို ကျူရှင်မှာ သင်လိုက်တဲ့စာတွေ ပြန်ပြဦး"

"အခုမှ စာကူးဖို့ သတိရထယ် ဟုတ်လား မိချိုသာ၊ တစ်နေ့လုံး စက်ဝိတ်ပြီး ရည်းစားနဲ့လျှောက်သွားနေတုန်းကတော့ စာလုပ်ဖို့လည်း သတိ



www.burmeseclassic.com

www.burmeseclassic.com



မရဘူးနော်''

''ဒါကတော့ဟာ နင်တို့တွေ ဒီခံစားချက်ကို နားမလည်သေးလို့ပါ အဟီး''

ရှက်သလိုလို ရွံ့သလိုလိုနှင့် ခေါင်းလေးငုံ့ပြီး ချိုသာ ပြောတော့ မေပျိုရော မိုးစက်ပါ မျက်စောင်းပိုင်းထိုးလိုက်မိ၏။

''ကျောပိုးအိတ်ထဲမှာ စာအုပ်တွေရှိတယ်ဟာ၊ နင်တို့ဘာသာ ယူကူးထားလိုက်''

''တော်တော်လည်း အားကိုးရတယ်နော်''

ဟိုနှစ်ယောက် စာကူးနေတုန်း မေပျိုကတော့ မျက်လုံးများကို မှိတ်ထားလိုက်ပြီး မာမီ့ကိစ္စကိုသာ တွေးနေမိ၏။ တကယ်ဆိုရင် ဦးရဲကျော် ခေါင်ကလည်း လူကောင်းတစ်ယောက်ပဲမို့ မာမီနဲ့လက်ထပ်မှာကို မေပျို့ဘက်က ခွင့်ပြုပေးသင့်ပါသည်။ ဒါပေမဲ့ အဲဒီလို ခွင့်ပြုပေးဖို့အတွက်ကိုတော့ အချိန်တစ်ခု လိုနေသေးသည်လို့ မေပျို ခံစားနေမိ၏။ ယောကျ်ားသားများ နှင့် ကင်းကွာနေခဲ့ပြီး သားအမိနှစ်ယောက်တည်း နှစ်ပေါင်းများစွာ နေလာခဲ့ သည့် ဒီအိမ်ကြီးထဲမှာ မေပျို့အတွက် ဒုတိယအဖေ ဖြစ်လာမည့်လူတစ်ဦး ရောက်တော့မယ့်ကိစ္စက ပေါ့သေးသေးမှ မဟုတ်တာ။

သူမ စိတ်များကို ထိုကိစ္စအား လက်ခံလာနိုင်အောင် ကြိုးစားပြင် ဆင်ချိန်တော့ ပေးသင့်ပါသည်။

''ဟဲ့ မေပျို ဒါ ဘာလေးလဲ''

''ဟင် ဘာလဲ''

မိုးစက်အသံကြောင့် မေပျို မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ မိုးစက် လက်ထဲမှာ ကိုင်ထားသော ငွေရောင်းပြေစာ စာရွက်အဖြူရောင်လေးကို





မြင်မှ သူ့ကို ပြန်သွားသတိရ၏။ ဝေါက်ခနဲ ထထိုင်လိုက်ပြီး မိုးစက်လက် ထဲကိုင်ထားသော စာရွက်လေးကို ဆွဲယူလိုက်သည်။

''ဟဲ့ ဘယ်လိုဖြစ်တာတုန်း၊ လန့်တောင်လန့်တယ်''

စာရွက်လေးရဲ့အနောက်ဘက်ကို အသည်းအသန် လှန်ကြည့် လိုက်သည်။ ဖုန်းနံပါတ်လေးကို အလွတ်မှတ်ထားလိုက်၏။ တော်ကြာ ဒီ စာရွက်လေး ပျောက်သွားရင် အဲဒီလူနဲ့ မေပျို ထပ်မံဆုံတွေ့ခွင့် မရတော့မှာ စိုးလို့ပါ။

''နင် ဘာတွေကြည့်နေတာလဲ၊ ဟင် ဒါ ဖုန်းနံပါတ်ပဲ၊ ဘယ်သူ့ နံပါတ်လဲ ပြော''

လိမ်လို့ရမှာလည်းမဟုတ်တာမို့ မနက်က ကော်ဖီဆိုင်မှာ ကြုံခဲ့ ရသည့် ကိစ္စအား မိုးစက်တို့နှစ်ယောက်ကို ဖွင့်ပြောလိုက်သည်။

''နင်ပြောတာက ဟိုတစ်ခါ ငါတို့မြေအိုးမြီးရှည်ဆိုင်မှာ တွေ့ခဲ့တဲ့ နှင်းပွူးစာရှင်ဆိုတာလား''

''အတိအကျပဲ သူငယ်ချင်းတို့''

''နင် ဖုန်းဆက်မှာလား၊ သူ့ဆီကိုလေ''

''ဆက်မှာပေါ့၊ ဘာလို့မဆက်ရမှာလဲ၊ ငါ့မှာ ဒီဖုန်းနံပါတ်လေး တစ်ခုရဖို့ကို တော်တော်လေး ပြောယူရတာ''

''အောင်မယ်လေး တော်တော်လည်း ကူနွေသိက္ခာနဲ့ ပြည့်စုံပါ ပေတယ်''

မိုးစက်တို့ ဘယ်လိုပြောပြော ဒီနံပါတ်လေး ရခဲ့တဲ့အတွက် မေပျို ကတော့ ကျေနပ်နေမိသည်။ ဒါပေမဲ့ သူ့ဆီကို ချက်ချင်းကြီးတော့ ဖုန်းမဆက် ချင်သေးပါ။ နောက်သုံးလေးရက်လောက်နေမှပဲ ဆက်မည်။ ချက်ချင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ရင် ခုနက မိုးစက်ရွဲ့သလို သူ့ဘက်က ထင်သွားမှာစိုးလို့လေ။

"ဟဲ့ ဒီပုစ္ဆာလေး လာရှင်းပြစမ်းပါဦး။ နင်ကလည်း ခုတင်ထက်ကကို မခွာနိုင်ဖြစ်နေတော့တာပဲ"

ချိုသာက ခပ်စွာစွာလေး ပြောတော့ သူမ မနေနိုင်တော့ဘဲ စာကြည့်စားပွဲလေးဆီ ထလာရတော့သည်။ ဒီနေ့သင်လိုက်တဲ့ပုစ္ဆာတွေ ရှင်းပြပေးနေတုန်းမှာပဲ မာမီက အအေးဗန်းလေးကိုင်လျက် အခန်းထဲ ဝင်လာသည်။

"ဒီမှာ သမီးတို့တွေ စာလုပ်ရင်း ခေါင်းကြည်သွားအောင် အနိတီက သံပုရာရည်ချဉ်ချဉ်လေး ဖျော်လာတယ်၊ ခုနက စားထားတာတွေလည်း အအီပြေတာပေါ့၊ ဒီမှာက လက်ဖက်သုပ်"

"ဟာ ရှယ်ပဲဟေ့၊ သမီးလည်း လက်ဖက်သုပ်စားချင်နေတာနဲ့ အတော်ပဲ"

အစားအသောက်မရွေးသော သူမတို့သူငယ်ချင်းအဖွဲ့အတွက် ဘာလာလာ အုပ်လိုက်ဖို့ကတော့ အမြဲအသင့်ပါ။ ဒါပေမဲ့ ဒီနေ့ မေပျိုတစ်ယောက် ငိုင်တိငိုင်တိုင် ဖြစ်နေမိသည်။ ဘာကိုမှလည်း မစားချင်မသောက်ချင်။ အကြောင်းရင်းကို မာမီကတော့ ကောင်းကောင်းသိမှာဆိုပေမယ့် သူငယ်ချင်းနှစ်ယောက်ကတော့ ငြိမ်သက်နေသော သူမကို အထူးအဆန်းလို စိုက်ကြည့်ရင်း

"နင်ဘာဖြစ်နေတာလဲ မေပျို"

"ဟုတ်တယ်၊ နင် တစ်ခုခုဖြစ်နေတာတော့ သေချာပါတယ်"

အနားမှာ မာမီလည်း မရှိတော့တာမို့ မေပျို သက်ပြင်းလေးချလျက် အဖြစ်အပျက်ကို စတင်ပြောလိုက်သည်။

"တကယ်တော့ ငါ့ဘဝအတွက် သိပ်ကြီးမားတဲ့အဖြစ်ကြီးတစ်ခု





ကို ရင်ဆိုင်နေရတယ်"

"ဘုရားရေ ဘဝနဲ့တောင် ချီပြီးတော့လား"

"အေးလေ ဘာလဲဟ၊ ငါတောင် လန့်သွားတယ်"

နှစ်ယောက်သားလုံး ရင်ဘတ်လေးတွေဖိ မျက်လုံးလေးများပြူးပြီး စိတ်ဝင်တစား မေးနေသည်။ မေပျို ခံစားနေရတာကို ဒီသူငယ်ချင်းတွေကလွဲလို့ ဘယ်သူ့ကို သွားရင်ဖွင့်နိုင်ဦးမှာလဲ။ ငယ်ငယ်တည်းက ပေါင်းသင်းလာသည့် အတွင်းသိအစင်းသိများမို့ မေပျို ပြောတာတွေကို သူတို့ နားလည်ပေးနိုင်မှာပါ။

"မာမီက နောက်အိမ်ထောင်ပြုတော့မယ်တဲ့"

"ဘာ"

မိုးစက်ရော ချိုသာပါ ပြိုင်တူအော်လိုက်သံ။ သူတို့နှစ်ယောက်လည်း မေပျို့လိုပင် ကြားကြားချင်းမှာ မယုံနိုင်ဖြစ်သွားပုံ။

"နင် တကယ်ပြောနေတာလား မေပျို"

"ငါက အဲဒီလောက် ကိစ္စကြီးကို နောက်စရာလားဟဲ့"

သူမ ဒေါသနှင့်ပြန်ပြောမိတော့မှ နှစ်ဦးသားလုံး ယုံကြည်သွားပုံမျိုး ငြိမ်သက်သွားသည်။

"ဘယ်သူ့ကို လက်ထပ်မှာတဲ့လဲဟင်"

"ဦးရဲကျော်ခေါင်တဲ့၊ မာမို့လုပ်ငန်းပါတနာပေါ့"

"နင့်အဖေဆုံးသွားတာလည်း ဆယ်နှစ်လောက်ရှိနေပြီနော်၊ ဒါပေမဲ့ ဒါသိတယ်၊ ဒီလောက်ထိ နေလာပြီးတော့မှ ဖြုန်းစားကြီး လက်ထပ်မယ်ဆိုတာ အန်တီ့ဆီမှာ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

"ဟုတ်တယ်မိုးစက်၊ နင်ပြောတာ မှန်တယ်၊ အကြောင်းရင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ သေချာပေါက် ရှိတာပေါ့၊ ဦးရဲကျော်ခေါင်က ငါတို့ကုမ္ပဏီငွေကြေး အကျပ်အတည်းနဲ့တွေ့တုန်း ကူညီပေးခဲ့တဲ့သူပဲ၊ ပြီးတော့ ဒယ်ဒီမရှိတော့တဲ့ နောက်ပိုင်းထဲက မာမီနဲ့အတူ တွဲဖော်တွဲဖက်လုပ်ကိုင်လာတဲ့သူ''

''ဒီလိုဆိုရင် နင့်အမေအတွက် ယုံကြည်စိတ်ချရတဲ့လူမျိုးပဲပေါ့''

ချိုသာရဲ့မှတ်ချက်က မှန်ကန်ပါတယ်။ မေပျိုကိုယ်တိုင်လည်း အဲဒီအချက်ကို လက်ခံတယ်။ ဒါပေမဲ့ လက်ထပ်မယ်ဆိုတာကြီးကတော့ တစ်မျိုးကြီးပဲ မဟုတ်လား။

''နင်တို့က ဦးရဲကျော်ခေါင်နဲ့ မာမီ့ကို သဘောတူနေကြတာလား''

''သဘောတူတာ မတူတာက ငါတို့နဲ့မဆိုင်ပါဘူး။ ဒါပေမဲ့ သေချာစဉ်းစားကြည့်ရင် အန်တီက အခုမှ အသက်ကလည်း လေးဆယ်ပွန်းပွန်းလေးပဲ ရှိသေးတယ်၊ ရုပ်ရည်ကလည်းရှိ၊ ပစ္စည်းဉစ္စာကလည်း ရှိနဲ့ဆိုတော့ ဒီလို ယုံကြည်ရတဲ့လူမျိုးတစ်ယောက်ကို လက်ထပ်တာ အသင့်တော်ဆုံးပဲ၊ တစ်သက်လုံး နင်တို့သားအမိနှစ်ယောက်တည်း ရပ်တည်ကြမှာလား။ ခုနက နင်ပြောသလို ငွေကြေးပြဿနာမျိုး ထပ်ပေါ်လာရင် ဖြေရှင်းပေးနိုင်မယ့် အကောင်းဆုံးအဖော်မွန်တစ်ယောက်ကို နင့်အမေ ရွေးချယ်ခဲ့တယ်ဆိုရင် ကန့်ကွက်စရာ မရှိဘူးလေ မေပျိုရဲ့''

''ဒါပေမဲ့ ပထွေးဆိုတာ''

မိုးစက်ပြောတာတွေက ငြင်းစရာမရှိပေမယ့် သူမ စိတ်ထဲမှာတော့ ပထွေးဆိုတာ ခပ်ဆိုးဆိုးယောကျ်ားတွေပဲလို့ ထင်မြင်နေမိတုန်းပဲလေ။

''ပထွေးတိုင်း မကောင်းတာ မဟုတ်ပါဘူး။ အဖေတစ်ယောက်လို အားကိုးလို့ရမယ့် လူမျိုးတွေလည်း လောကကြီးမှာ ရှိမှာပါ၊ ငါတို့က နင်ပြောတဲ့ ဦးရဲကျော်ခေါင်ကိုလည်း မမြင်ဖူးပါဘူး။ ဒါပေမဲ့ နင်ပြောပုံအရတော့





ယုံကြည်လောက်တဲ့ လူပဲ မဟုတ်လား''

သူငယ်ချင်းပြောတာတွေက တကယ့်ကို ယေဘုယျကျကျမို့ မေပျို လက်ခံနိုင်ပါသည်။ ဒီလိုဆိုတာနဲ့ပဲ မာမီ နောက်အိမ်ထောင်ပြုမည့်ကိစ္စကို သူမ လက်ခံလိုက်ရတော့မှာတဲ့လား။

''နင် တကယ်စိုးရိမ်နေတာက အန်တီ နောက်အိမ်ထောင်ပြုမှာကို မဟုတ်ပါဘူး၊ နင်နဲ့နင့်အမေကြားက ချစ်ခင်ကြင်နာမှုတွေ လျော့သွားမှာကို စိုးရိမ်နေတာ မဟုတ်လား''

မေပျို ဘာမှပြန်မဖြေမိ။

''ဟုတ်တယ်မလား။ နင့်ကိုယ်နင် ဖုံးကွယ်မထားစမ်းပါနဲ့၊ သေချာတာတစ်ခုက မိဘနဲ့သားသမီးကြားမှာရှိတဲ့ ချစ်မေတ္တာကို ဘယ်သူလုပ်လို့မှ လျော့မသွားနိုင်ပါဘူး။ မလိုအပ်တာကို နင် စိတ်ပူနေတာပဲ''

ဟုတ်လား။ မေပျိုက မလိုအပ်တာကို စိတ်ပူနေမိတာလား။ ဒါဆိုရင် မာမီ့ရဲ့လက်ထပ်ပွဲကို သူမ ခွင့်ပြုပေးလိုက်ရမယ်ပေါ့။

''နင် ငါတို့ပြောတာကို လက်ခံရဲ့လား မေပျို''

''ငါ ငါ လက်ခံပါတယ်''

သူငယ်ချင်းတွေ ပြန်သွားတော့မှ မေပျို မာမီ့အခန်းထဲ ဝင်ခဲ့လိုက်သည်။ ခုတင်ထက်မှာ လဲလျောင်းရင်း စာအုပ်တစ်အုပ်ဖတ်နေသော မာမီက သူမ ဝင်လာတာမြင်တော့ ချက်ချင်းပင် စာအုပ်ကိုပိတ်ပြီး ထထိုင်လိုက်သည်။

''လာ သမီး၊ မာမီ့ကို ဘာပြောစရာရှိလို့လဲ''

သူမ မာမီ့ဘေးကပ်ကပ်လေးမှာ သွားထိုင်လိုက်ပြီး

''သမီး သိချင်တာလေး တစ်ခုရှိလို့ပါ''

''ဘာများလဲ သမီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဦးရဲ့ကျော်ခေါင်ကို မာမီ ချစ်လားဟင်"

သူမ မေးခွန်းကြောင့် မာမီ့မျက်နှာလေးတွေ ပင့်သက်သွားသည်။ ထင်မှတ်မထားသော မေးခွန်းကို မေပျို မေးလိုက်မိတာသေချာ၏။

"သမီးက အဲဒါကို ဘာဖြစ်လို့ သိချင်တာတုန်း"

"မာမီတို့ မင်္ဂလာပွဲကို ခွင့်ပြုသင့် မသင့် စဉ်းစားလိုက်တော့ အဲဒီမေးခွန်းက ပေါ်လာတာပါပဲ"

မေပျို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။ မာမီလည်း မေပျို့ကို ပွင့်ပွင့်လင်းလင်း ပြန်ဖြေပေးဖို့ မျှော်လင့်မိ၏။

"အမှန်အတိုင်း ပြောရရင် မာမီတို့အရွယ်မှာ အချစ်ဆိုတာ သိပ်ကလေးဆန်လွန်းသွားပါပြီ၊ အိမ်ထောင်တစ်ခုကိုတူထောင်ဖို့ ဆုံးဖြတ်တဲ့နေရာမှာ နားလည်ပေးနိုင်မှုနဲ့ ယုံကြည်မှုတွေက အဓိက ကျလာတယ်၊ အချစ်ဆိုတာကြီးကို ဖယ်လိုက်ရင်တော့ ဦးရဲ့ကျော်ခေါင်ကို မာမီယုံကြည်တယ်၊ သူကလည်း မာမီ့ကိုနားလည်ပေးနိုင်တယ်၊ အဲဒီအတွက် ရွေးချယ်ခဲ့တာပါပဲ"

မာမီ့အဖြေက မေပျို့အတွက် စိတ်ကျေနပ်စရာ ကောင်းခဲ့ပါသည်။

"နောက်တစ်ခု သမီးလေး သိထားဖို့က မာမီ့ရင်ထဲမှာ အချစ်ရဆုံးယောကျ်ားအဖြစ် အမြဲရှိနေမယ့်သူက သမီးလေးရဲ့ဒယ်ဒီပဲ၊ ခုချိန်မှာ နောက်တစ်ယောက်ကို ထပ်ချစ်ဖို့ဆိုတာလည်း အသက်အရွယ်အရရော စိတ်ခံစားမှုအရပါ မဖြစ်နိုင်တော့ဘူး"

တကယ်ပါ ဒီစကားအတွက်တော့ မာမီ့ကို မေပျို ကျေးဇူးတင်သလို ပိုလို့လည်း လေးစားချစ်ခင်သွားမိသည်။

"ဦးရဲ့ကျော်ခေါင်နဲ့ မာမီ လက်ထပ်မှာကို သမီး မကန့်ကွက်ပါဘူး သဘောတူပါတယ်"





မာမီက မယုံကြည်နိုင်သလို မျက်ဝန်းများဖြင့် သူမကို ငေးကြည့်နေသည်။ တဖြည်းဖြည်းချင်း ဝဲတက်လာသော မျက်ရည်စများက ပါးပြင်ထက်ကို ဖြတ်သန်းစီးဆင်းသွားသည်။

"မာမီ ဘာလို့ငိုတာလဲ၊ မငိုနဲ့လေ မာမီရဲ့"

မာမီက သူမကို ပွေ့ဖက်ထားလိုက်ပြီး မျက်ရည်များဖြင့် ပြုံးသည်။

"သမီးကို ကျေးဇူးတင်လွန်းလို့ပါ၊ ခုလိုမျိုး နားလည်ပေးခဲ့တဲ့အတွက် သမီးကို ကျေးဇူးသိပ်တင်ပါတယ်ကွယ်"

"မလိုပါဘူး မာမီရယ်"

မေပျိုကိုယ်တိုင်လည်း ထိန်းထားသည့်ကြားမှ မျက်ရည်တစ်စက လွင့်စင်ကျသွားခဲ့သည်။ အရာအားလုံး အဆင်ပြေသွားမှာပါ။ ဒါဟာ ဘဝကို ကံဆိုးမိုးမှောင်ကျသွားစေသည့်ကိစ္စမှ မဟုတ်ဘဲ။ သူမနဲ့မာမီ့ကြားက ချစ်ခြင်းတရားကိုလည်း လျော့ပါးမသွားစေဘူးလေ။

ဒါဆိုရင် မေပျိုက ဘာကို စိုးရိမ်ထိတ်လန့်ပြီး ငိုနေရမှာတဲ့လဲ။ ကိုယ်ကိုယ်တိုင်ရော မာမီ့ပါးပြင်ပေါ်က မျက်ရည်စက်များကိုပါ သူမ လက်များဖြင့် သုတ်သင်ပေးလိုက်သည်။

"မငိုနဲ့တော့နော်၊ မာမီ စိတ်ချမ်းချမ်းသာသာနေမှ သမီးလည်း စိတ်ချမ်းသာမှာပေါ့"

မာမီက အပြုံးများဖြင့် ခေါင်းညိတ်ပြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကော်ဖီဆိုင်လေးမှာ သူ့ဆီက ဖုန်းနံပါတ်ရလာခဲ့တာ ဒီနေ့နဲ့ဆို လေးရက်တောင် ရှိပြီ။ ဒီတစ်နေ့လည်း သူမ ဘယ်မှသွားစရာ မရှိသောကြောင့် အားလပ်လျက်ရှိ၏။ ဖုန်းလေးကို ကောက်ကိုင်လိုက်ပြီး အလွတ်ရနေသော နံပါတ်လေးကို နှိပ်ရန် ကြိုးစားမိသည်။

ဒါပေမဲ့ တွန့်ဆုတ်နေသော လက်များက ရှေ့ဆက်ဖို့ကို ခက်ခဲနေသည်။ အဲဒီအချိန်မှာပဲ ပိုးဆီက ဖုန်းဝင်လာခဲ့ခြင်း ဖြစ်သည်။

"ဟဲ့ မိန်းမ နင်က ငြိမ်နေပါလား။ ငါ့ဆီတောင် ဖုန်းလေးဘာလေး မဆက်ဘူး"

"မဟုတ်ပါဘူးဟာ၊ ငါလည်း ခုပဲ ဆက်မလို့ပါ"

"အပိုတွေ ပြောမနေနဲ့ ငါဆက်တော့မှ ခုပဲ ဆက်မလို့ပါလုပ်တာ မဟုတ်လား"

"ဟီး နင် ဘယ်လိုသိသွားတာလဲ"





သူငယ်ချင်းချင်း လိမ်လို့မရမယ့်အတူတူ သူမ သွားဖြဲလေးနှင့် ခံလိုက်သည်။

"ငါ နေမကောင်းလို့ နင်တို့နဲ့မတွေ့နိုင်ပေမယ့် သတင်းတွေကတော့ မိုးစက်တို့ဆီကနေ ကြားပါတယ်နော်"

"ဘာသတင်းတွေလဲဟ"

"အကုန်ပေါ့၊ နင့်အဖေသတင်းရော၊ ငါးထောင်တန်သတင်းရော ဆို"

"မဆိုးပါဘူး။ နင်သိပြီးသားဆိုတော့လည်း ထပ်ပြောစရာ မလိုတော့လို့ ငါ အာပြောင်းသက်သာတာပေါ့"

"အန်တီ့ကိစ္စကိုတော့ ငါ့သဘောက မိုးစက်တို့နဲ့ အတူတူပဲ၊ သူတို့အတွက် တကယ့်ယုံကြည်စိတ်ချရတယ်ဆိုရင် ရွေးချယ်သင့်တယ်လို့ ငါလည်း ထောက်ခံချင်တယ်"

"နင်ပြောတာတောင် နောက်ကျနေပြီ၊ ငါက မာမီ့ကို အိမ်ထောင်ပြုဖို့ ခွင့်ပြုပေးလိုက်ပြီဟ"

"ကောင်းတာပေါ့ဟာ၊ နောက်တစ်ခုက နင့်ရဲ့ငါးထောင်တန်သတင်းလေးလည်း နည်းနည်းလောက် ပြန်ပြောစမ်းပါဦး၊ ဘာတွေများ ထူးခြားပြီလဲလို့"

ပြောင်စပ်စပ်လေသံနှင့် ပိုးက မေးလာတော့ သူမ အရှက်ပြေရယ်မိသည်။ ပြောပြစရာ ထွေထွေထူးထူးမှ မရှိသေးတဲ့ကိစ္စကို သူငယ်ချင်းတွေက မေပျို့အား အထင်တကြီး လာမေးနေကြပြီ။

"ဘာမှ မထူးခြားပါဘူးဟာ"

"နင့်ကို ဖုန်းနံပါတ်ပေးခဲ့တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှ မဆက်ဖြစ်တာဟ"

"ဘာလုပ်နေတာလဲ၊ မဆက်ဘဲနဲ့"

"ဘယ်ကစပြောရမှန်း မသိလို့"

"နင်ပဲ မုန့်ပြန်ဝယ်ကျွေးမယ်ဆိုပြီး ဖုန်းနံပါတ်ယူခဲ့တာဆို၊ ခုလည်း အဲဒါကိုပဲ အကြောင်းပြပေါ့ဟ"

သူငယ်ချင်းတွေကလည်း ဒီလိုကိစ္စမျိုးဆို မြှောက်ပေးဖို့ ရှေ့ဆုံးကပါပဲ။

"အေးဟာ ငါလည်း သူနဲ့ပြန်တွေ့ချင်တယ်ဟ၊ ဆက်ကြည့်လိုက်မယ်ဟာ"

ပိုးနှင့်ဖုန်းချပြီးသွားတော့ ဟိုအလွတ်ရနေသော နံပါတ်လေးများကို ပြန်နှိပ်လိုက်သည်။ နောက်တော့ ဖုန်းခေါ်ဆိုသည့် အစိမ်းရောင်ခလုတ်လေး။ တတ္တတ္တုန့် ရှည်ရှည်လျားလျား မြည်နေသော ဖုန်းသံကြားမှာ သူမ အသည်းနှလုံးတွေ တဆတ်ဆတ်တုန်နေသည်။

တော်တော်ကြာသည်ထိ ဖုန်းမကိုင်တော့ သူမ စိတ်ဓာတ်ကျသွား၏။ ဖုန်းလေးကို ချတော့မည်အပြု

"ဟယ်လို"

တစ်ဖက်မှ ပြန်ထူးလိုက်သံကြောင့် သူမ အတိုင်းမသိ ပျော်ရွှင်သွားမိပြီး ဖုန်းလေးကို နားနားမှာ ပြန်ကပ်လိုက်၏။

"ဟယ်လို ဟိုလေ ဟို"

တကယ်တမ်း ပြောရမည်ဆိုတော့မှ သူမ ရှေ့မဆက်နိုင် ဖြစ်နေသည်။ အနည်းဆုံးတော့ သူ့နာမည်လေးကို မေးထားခဲ့သင့်တာ။ ခု ဘယ်လိုဆက်ပြောရမှန်းတောင် မသိတော့။





"ဘယ်သူလဲ မသိဘူးဗျ"

သူ့အသံက မာမာထန်ထန်မဟုတ်ဘဲ ချိုချိုသာသာပဲမို့ နည်းနည်းတော့ စိတ်သက်သာရာရပါသည်။

"မေပျိုပါ"

"ဘယ်က မေပျိုလဲ"

"ဟိုတစ်နေ့က ကော်ဖီဆိုင်မှာ ပိုက်ဆံငါးထောင်ချေးသွားတဲ့ တစ်ယောက်ပါ"

"ဪ"

ထိုတစ်လုံးသာပြောပြီး သူ့အသံ တိတ်ဆိတ်သွား၏။

"မေပျို့ကို မှတ်မိလားဟင်"

"မှတ်မိပါတယ်၊ အခု ဘာကိစ္စရှိလို့လဲ မသိဘူး"

မေပျို့ကို မှတ်မိသည့်အတွက်လည်း ဝမ်းသာရပြန်သည်။ ကိုယ့်ဆီက ပိုက်ဆံငါးထောင်ယူသွားတဲ့သူကို သူ မမှတ်မိဘဲ မနေမှန်းသိပေမယ့် အဲဒီလို မှတ်မိနေတာလေးကို မေပျိုက ကြဖန်ဂုဏ်ယူချင်နေသည်။

"အဲဒီနေ့က ပြောခဲ့တယ်လေ၊ မေပျို့ဆီက ပိုက်ဆံငါးထောင်ပြန်မယူရင် မုန့်တော့လိုက်စားရမယ်လို့၊ အဲဒါ ဒီနေ့ အချိန်ရမလားလို့ပါ"

အရဲစွန့်ပြီးတော့သာ ပြောလိုက်ရသည်။ သူသာ ငြင်းဆန်လိုက်ရင် မေပျိုတော့ အရှက်ကွဲပါပြီ။ ပြီးတော့ နောက်တစ်ခေါက် ဖုန်းထပ်ဆက်ဖို့လည်း လမ်းစပျောက်သွားမှာ မဟုတ်လား။

"ကောင်းပြီလေ၊ ညနေဘက်ကျရင်တော့ နည်းနည်းအားပါတယ်"

အို ပျော်လိုက်တာ။ သူက ဒီလိုလွယ်လွယ်ကူကူနဲ့ ခွင့်ပြုလိမ့်မယ်လို့ လုံးဝမထင်ထားမိဘာလေ။ ခုတော့ သူမ ဆန္ဒတွေ ပြည့်ဝသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် မေမျို ဘယ်အချိန်လောက် ဖုန်းပြန်ဆက်လိုက်ရမလဲဟင်"

"ကျွန်တော် အလုပ်ပြီးသွားတဲ့အချိန်ကျရင် ဆက်လိုက်ပါ့မယ်၊ ဒီဖုန်းနံပါတ်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟိုလေ ဒါနဲ့"

"အင်း ဘာပြောဦးမလို့လဲ"

"နာမည်ဘယ်လိုခေါ်လဲဟင်၊ နာမည်သိရမှ အဆင်ပြေမယ်ထင်လို့ပါ"

တစ်ဖက်ကနေ ဟက်ခနဲ ရယ်လိုက်သံကြားရသည်။

"ဟုတ်သားပဲနော်၊ နာမည်သိမှ အဆင်ပြေမှာပေါ့၊ အမြဲတမ်း ငါးထောင်ချေးခဲ့တဲ့တစ်ယောက်လေလို့ ပြောလို့မှ မကောင်းတာ"

သူက စနောက်လိုက်တာဆိုပေမယ့် အဲဒီ ငါးထောင်ချေးဖြစ်ခဲ့သည့် ကိစ္စက သူမအတွက်တော့ အရှက်ကွဲစေသည်၊ သူ ခဏခဏ ပြောလေလေ သူမ ရှက်မိလေသာ ဖြစ်၏။

"စစ်ငြိမ်းချမ်းလို့ ခေါ်တယ်"

နာမည်လေးက လှလိုက်တာ၊ သူမ စိတ်ထဲကနေ တိတ်တိတ်လေး မှတ်ချက်ချလိုက်သည်။

"ဟိတ် ပြောတာ ကြားလိုက်လား"

"ကြားလိုက်ပါတယ်"

"ဒီလိုဆို နောက်မှ ပြန်ခေါ်လိုက်မယ်၊ လောလောဆယ် အလုပ်နည်းနည်းများနေလို့"

"ဪ ဟုတ်၊ ဆောရီးနော်"

ဖုန်းချလိုက်သည်နှင့် သူမ အပျော်လွန်ကာ လက်ထဲကဖုန်းလေးကို





မွေ့ရာထက် ပစ်တင်လိုက်သည်။ ပါးစပ်ကနေ ဟေးခနဲ အော်မိတော့မလို ဖြစ်သွားတာကို မာမီ ကြားသွားမှာစိုးလို့သာ အမြန်ထိန်းလိုက်ရခြင်း ဖြစ်၏။

"သမီးရေ ထမင်းစားမယ်ဟေ့"

အခန်းရှေ့ကနေ မာမီ လာအော်တော့ သူမ ချက်ချင်းပင် အပြေးလေး ထွက်သွားလိုက်သည်။ အပျော်တွေက ထိန်းမရလောက်အောင်ကို ဖြစ်နေသည်။

"ဘာဟင်းချက်လဲဟင် မာမီ"

အိုးထဲက ဟင်းတွေကို ပန်းကန်ထဲ ခပ်ထည့်နေသော မာမီ့ခါး နောက်ကနေ သိုင်းဖက်လျက် ခပ်မြူးမြူးလေး မေးလိုက်၏။

"ဒီကောင်မလေး ပျော်နေတဲ့ပုံပဲ၊ ဘာတွေဖြစ်လာတာလဲ သမီး"

မာမီက ပြုံးပြုံးရယ်ရယ်နှင့်မေးတော့မှ သူမရဲ့ ပြလန်ထွက်နေသော ...ထ်ကို အမြန်ပြန်စေ့လိုက်ရသည်။

"ပျော်တာပေါ့ မာမီရဲ့၊ သမီးမှာ ဘာစိတ်ညစ်စရာရှိလို့လဲ"

"ဟုတ်ပါပြီ၊ သမီးလေးပျော်တယ်ဆိုတော့ မာမီ စိတ်ချမ်းသာတာ ...ကဲ ထိုင် ထမင်းစားကြရအောင်"

ထမင်းဝိုင်းမှာ စားသောက်နေကြရင်း မာမီက ဦးရဲကျော်ခေါင် ...ကြောင်း စကားစလာသည်။

"ဦးရဲကျော်ခေါင်တို့သားအဖနှစ်ယောက်လုံးကို ဒီတစ်ပတ်ဝိတ်ရက် ...ရင် မာမီ ထမင်းစားထပ်ဖိတ်ထားတယ်၊ သမီး၊ ဒီတစ်ခါတော့ သမီး ရှိ ...ဖြစ်မယ်နော်၊ အားလုံးနဲ့လည်း မိတ်ဆက်ဖြစ်သွားတာပေါ့"

"ညစာဆိုရင်တော့ အဆင်ပြေပါတယ် မာမီ၊ သမီးလည်း စနေနေ့ ... ညနေဘက် ကျူရှင်မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ၊ မာမီလည်း ညစာအနေနဲ့ပဲ ဖိတ်ထားတာပါ"

"ဒါနဲ့ ဦးရဲကျော်ခေါင်သားက ဘယ်အရွယ်ရှိပြီလဲဟင်"

"သမီးထက် လေးနှစ်လောက်ကြီးတယ်"

"ဟင် ဒါဆို ခုမှ နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတာပေါ့"

"ဟုတ်တယ်လေ သမီးရဲ့၊ ဘာဖြစ်လို့လဲ"

"နိုင်ငံခြားမှာရှိတဲ့ သူ့အဖေလုပ်ငန်းကို ဦးစီးလုပ်ပေးနေတယ်ဆိုတော့ သမီးက လူငယ်လေးတစ်ယောက်လို့ မထင်ထားမိဘူး"

ဦးရဲကျော်ခေါင်နဲ့ မာမီနဲ့က အသက်ချင်းလည်း သိပ်မကွာကြပါ။ ဦးရဲကျော်ခေါင်ရဲ့သားနဲ့ သူမကလည်း အသက်ချင်းသိပ်မကွာဘူးဆိုတော့ ပေါင်းလို့သင်းလို့ အဆင်ပြေသည့် လူတစ်ယောက်ဖြစ်ရင် ကောင်းမှာပါပဲ။

"ဒါနဲ့ မာမှီကို မေးရဦးမယ်"

မေးမယ် မေးမယ်နဲ့ စိတ်ထဲတန့်နန့်ဖြစ်နေသော မေးခွန်းကို ဒီနေ့တော့ မေးတော့မယ်လို့ ဆုံးဖြတ်လိုက်သည်။

"အကယ်၍ မာမီတို့ လက်ထပ်ပြီးသွားရင် ဘယ်မှာနေကြမှာလဲဟင်"

"ဒီမှာပဲ နေမှာပေါ့ သမီးရဲ့"

"ဒါဆို သူ့သားဆိုတာကရော"

"သူက နိုင်ငံခြားမှာ အနေများမှာလေ၊ ဒီကိုပြန်လာလည်လည်ခဏတဖြုတ်ပေါ့"

သူမ ခေါင်းလေးတညိတ်ညိတ်နှင့် ငြိမ်သက်သွားသည်။ အဲဒီ သားဖြစ်သူက သူ့အဖေဆီ လာလည်တုန်းမှာတော့ ဒီအိမ်မှာပဲ နေမှာပေါ့နော်။ သူမနဲ့ အဆင်ပြေပါ့မလား။



ခြောက် ငါးနှယ် ဘာမှဖြစ်မလာသေးတာကို တွေးပူနေသေးတယ်။ လောလောဆယ် စိတ်ကိုပျော်ပျော်ထား၊ ညနေကျရင် ဟိုလူနဲ့တွေ့ရတော့မှာလေ။ ကိုယ့်စိတ်ကိုကိုယ် ပြန်ဖြေလိုက်ပြီး သူ့မျက်နှာကိုပဲ မြင်ယောင်နေလိုက်၏။ ထိုအခါ သူမ နှုတ်ခမ်းများက အလိုလိုပြုံးမိလျက်သား ဖြစ်သွားသည်။

"ဟဲ့ ဒီကောင်မလေး ထမင်းစားနေရင်းနဲ့ ဘာတွေပြုံးနေတာတုန်း၊ ငါ့သမီးတော့ ဒီနေ့ တစ်ခုခုမှားနေပြီနဲ့ တူတယ်"

"ဘာမှမဟုတ်ပါဘူး မာမီရဲ့၊ ညကကြည့်တဲ့ ဟာသကားကို ပြန်သွားသတိရလို့ပါ"

မာမီနှင့် မျက်လုံးချင်းဆိုင်မကြည့်ဘဲ သူမ လိမ်လိုက်သည်။ ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားနေမှန်းသာ မာမီသိရင် သူမကို ဘာပြောမှာလဲ မသိပါ။ ခုချိန်ထိ မေပျိုကို ကလေးတစ်ယောက်လို လိုက်စောင့်ရှောက်ချစ်ခင်ပေးနေသော မာမီက ဒီကိစ္စကို ဆူပူမှာတော့ ကျိန်းသေပါသည်။

ဒါကြောင့်လည်း သူမ မလိမ်ချင်ဘဲ လိမ်ပြောနေရခြင်း ဖြစ်သည်။ မဖြစ်တော့ပါဘူး။ ဆက်နေမိလျှင် မာမှီရှေ့မှာ ကမောက်ကမတွေ ပြောမိတော့မည်။ ထမင်းပန်းကန်လေးကို လက်ကကိုင်လျက် ဘေစင်ဆီ တန်းလျှောက်လာလိုက်၏။

"ဗိုက်ဆာတယ်လည်း ပြောသေးတယ်၊ သမီး စားတာ နည်းလှချည်လား"

"လျှော့စားထားတာပါ မာမီ၊ ညနေကျရင် မိုးစက်တို့နဲ့ စားဖို့သောက်ဖို့ ချိန်းထားသေးလို့"

www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကို လှည့်မကြည့်ဘဲ သူမ ထပ်လိမ်လိုက်ရပြန်သည်။ ညနေကျ သူနဲ့အပြင်ထွက်ခွင့်ရဖို့ ခုတည်းက မာမီ့ကို ဒီလိုမျိုး ပြောထားရမှာပါပဲ။

နေပါဦး မေပျိုကတော့ သူနဲ့တွေ့ဖို့ကို ရင်တွေခုန်လျက် မာမီ့ကိုတောင် လိမ်ညာလိုက်မိပြီ။ သူမ မျှော်လင့်နေသလို သူ့ဘက်က ဖုန်းဆက်သွယ်မလာခဲ့ရင် ဘယ်လိုလုပ်မလဲ။ အို အဲဒီအခါ အရှက်တွေတော့ ကွဲရချည်ရဲ့။ သူသာ တကယ်ကြိုး ဖုန်းမဆက်လာခဲ့ရင် မေပျို့ဘက်က ထပ်ပြီးဆက်သွယ်လို့ရော ကောင်းပါတော့မလား။

ဘာမှမဟုတ်ဘဲနဲ့တောင် မေပျို ရင်တွေပူနေရပြီ။

ညနေစောင်းလာတာနှင့်အမျှ ဖုန်းလေးကို လက်ထဲက မချနိုင်ဘဲ မေပျို တမျှော်မျှော်ဖြစ်နေသည်။ မာမီ သတိထားမိမှာစိုးသောကြောင့် အခန်းထဲကနေလည်း အပြင်မထွက်ဖြစ်။

ခုပင် ညနေငါးနာရီခွဲနေပြီ။ သူ့ထံမှ ဖုန်းမလာသေးပါ။ သူ့အလုပ်တွေ မပြီးသေးလို့များလား။ ဒါမှမဟုတ် မနက်က မေပျိုဖုန်းဆက်တော့ မြန်မြန်ပြီးစေချင်သည့်သဘောနှင့် ပြီးပြီးရော ပေးလိုက်သည့် ကတိများလား။

အတွေးတွေက တစ်ခုပြီးတစ်ခု။ ရင်ထဲမှာတောင် မီးစနှင့်တို့ခံထားရသလို ပူလောင်စပြုလာသည်။

"အမယ်လေး"

ရုတ်တရက် မြည်လာသောဖုန်းသံကြောင့် သူမကိုယ်တိုင်ပင် လန့်ဖျပ်ယောင်သွားမိသည်။ My Angel လို့ မှတ်ထားသည့် သူ့ဖုန်းနံပါတ်လေးက ဖုန်းမျက်နှာပြင်မှာ အထင်းသားပေါ်နေသည်။ ဖုန်းကိုင်လိုက်ချိန်မှာ မေပျို ပျော်လည်းပျော်လျက် ရင်တွေလည်း ခုန်နေမိသည်။

"ဟယ်လို"





"မေပျိုလား မသိဘူး"

"ဟုတ်ပါတယ်၊ ကိုစစ်ငြိမ်းချမ်း"

"ကိုယ့်နာမည်ကို မှတ်မိသားပဲ"

နာမည်တင်မကဘူး။ လူတစ်ကိုယ်လုံးကို မှတ်မိနေပါတယ်လို့ ပြန်ပြောလိုက်ချင်ပေမယ့်

"ကိုစစ်ငြိမ်းချမ်း နာမည်က မှတ်ရလွယ်တယ်လေ"

"အလုပ်တွေက ခုမှပြီးတယ်လေ၊ မေပျို့ကို ဖုန်းဆက်မယ်လို့ ကတိပေးထားလို့ လှမ်းဆက်လိုက်တာ"

"ကျေးဇူးတင်ပါတယ်"

"ကတိဖျက်တတ်တဲ့ လူစားထဲမှာ ကိုယ်မပါတာတော့ သေချာပါတယ်"

စကားပြောပုံဆိုပုံကအစ ဆွဲဆောင်မှုရှိလွန်းနေသော ထိုလူကို မေပျို တကယ်ကိုပဲ နှစ်နှစ်ကာကာ သဘောကျမိနေပါပြီ။

"ဒီလိုဆို မေပျို ဘယ်ကိုလာခဲ့ရမလဲဟင်"

"အိမ်က ဟိုနေ့က ကော်ဖီဆိုင်လေးနဲ့ နီးလား"

"မဝေးမနီးလေးပါပဲ"

"အဆင်ပြေရင်တော့ အဲဒီဆိုင်လေးကိုပဲ လာခဲ့လိုက်ပေါ့၊ အေးအေးဆေးဆေးလေးရှိတော့ ထိုင်လို့ကောင်းတယ်လေ"

"ဟုတ် အဆင်ပြေပါတယ်၊ ဒါဆို အဲဒီကိုပဲ လာခဲ့လိုက်မယ်နော်"

ဖုန်းချလိုက်ပြီးသည်နှင့် အသည်းအသန် အဝတ်အစားလဲရသည်။ မျက်နှာကို ခရင်းမ်ပတ်ဖ်လေး နည်းနည်းဖို့လိုက်ပြီး နှုတ်ခမ်းနီ ပန်းနုရောင်လေး ဆိုးလိုက်သည်။ ပြီးတော့ မမှေ့မလျော့စွာပင် ဝိုက်ဆံအိတ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလျက် အပြေးတစ်ပိုင်း ထွက်လာခဲ့မိသည်။

"သမီး မိုးစက်တို့နဲ့ချိန်းထားတာ သွားတော့မယ်နော်"

"အေး သမီး၊ သိပ်လည်း နောက်မကျနဲ့နော်"

"ဟုတ်ကဲ့ပါ မာမီ"

အခုလို လိမ်ပြောလိုက်ရတာ စိတ်မကောင်းပါဘူး မာမီ။ အပြင်သွားတာဖြစ်ဖြစ် ကျောင်းသွားတာဖြစ်ဖြစ် မာမီကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ရင်ပို့ မဟုတ်ရင်တော့ ကိုယ့်ဘာသာ တက္ကစီငှားစီးသွားရတာကများသည်။ သူမကိုယ်တိုင် ကားမောင်းတတ်ပြီး ဆယ်တန်းအောင်တည်းက မာမီ ဝယ်ပေးထားသော ကားတစ်စီးလည်း ရှိပေမယ့် စိတ်မချဘူးဟုဆိုကာ ကားမောင်းခွင့်ကို ပိတ်ပင်ထားခဲ့၏။

မာမီက သူမကို နေရာတကာမှာ ကလေးတစ်ယောက်လို ဆက်ဆံတတ်သောကြောင့် သူမကိုယ်တိုင်ကလည်း မရင့်ကျက်နိုင်သေးတာမှန်း ကိုယ့်ကိုယ်ကိုယ် သိပါသည်။ ဆယ့်ကိုးနှစ်ကျော်အရွယ်ဆိုတာ အမေ့ရင်ခွင်ထဲ ချွဲနေရတော့မည့် အရွယ်မဟုတ်ပေမယ့် မေပျိုကတော့ ထိုအကျင့်ကိုလည်း မစွန့်လွှတ်နိုင်သေးတာ အမှန်ပါ။

လိုချင်တာရှိရင် မာမီ့ဆီ ပူဆာမည်။ တချို့ အိပ်မပျော်သောညများမှာ မာမီ့ခုတင်ပေါ် သွားအိပ်မည်။ မာမီနဲ့ပူးပူးကပ်ကပ် နေမည်။ ဒီအကျင့်တွေက ငယ်ငယ်တည်းက ခုချိန်ထိ စွဲထင်နေသော အရာများသာဖြစ်၏။

ခုတော့ မာမီက နောက်အိမ်ထောင်ပြုတော့မယ်တဲ့။ သိသိချင်းတုန်းကတော့ အံ့ဩနာကျင်ရပေမယ့် သေချာပြန်တွေးမိမှ ကိုယ့်အတွက်တကယ်ကောင်းမွန်းသော လူတစ်ယောက်ဆိုရင် မာမီ လက်ထပ်သင့်မှန်း မေပျို နားလည်ပေးနိုင်ခဲ့သည်။ ကျန်တာကတော့ လက်ထပ်ပြီးနောက်ပိုင်း





ဦးရဲကျော်ခေါင် အခြေအနေများကို ကြည့်ရမှာပါပဲ။

"ရောက်နေတာ ကြာပြီလား"

ဆိုင်လေးထဲမှာ ကော်ဖီတစ်ခွက်မှာပြီး ငုတ်တုတ်ထိုင်နေတာ ဆယ့်ငါးမိနစ်လောက်ရှိမှပဲ သူ ရောက်ရှိလာခဲ့၏။ အနီရောင်တီရှပ်လေးကို ချည်းဘောင်းဘီရှည်ဖြင့် အရင်ရက်တွေတုန်းကလိုပင် ရိုးရိုးရှင်းရှင်း ဝတ်ဆင်ထားသည်။

"ဟင့်အင်း၊ ခုပဲရောက်တာ"

"ဆောရီးကွာ၊ လမ်းမှာ သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ ရပ်စကားပြောနေရတာနဲ့ ကိုယ် နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ် မေပျိုလည်း ခုမှ ထိုင်ရုံရှိပါသေးတယ်"

တကယ်ဆိုရင် ဘယ်လောက်နောက်ကျကျ သူ ရောက်လာတယ်ဆိုတာနဲ့ပင် မေပျို ကျေနပ်ပျော်ရွှင်နေပြီ ဖြစ်သည်။ ဒါကို သူကတော့ ဘယ်သိပါ့မလဲ။

"ကိုစစ်ငြိမ်းချမ်း ကြိုက်တာမှာစားပါနော်၊ ဒီနေ့တော့ မေပျို ဒကာခံမယ်"

"မေပျို ပြောပုံအရဆို ကိုယ်က စားချင်သောက်ချင်လွန်းလို့ အပူတကူးတကဆက်ပြီး လာတဲ့ပုံ ဖြစ်နေပြီနော်"

သူ့အပြောကြောင့် မေပျို လန့်သွားသည်။ သူမ ဘယ်နားမှာများ စကားမှားသွားလို့ပါလိမ့်။

"အဲဒီလို သဘောမထားပါနဲ့နော်၊ မေပျိုက အဲဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး"

အသည်းအသန်လေး ဖြေရှင်းပြလိုက်သော မေပျို့ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်သည်။ မေပျိုက ဒီလောက်တောင်ပဲ ရယ်စရာဖြစ်နေပြီလား။ ရင်ထဲမှာ ဝမ်းနည်းသွားမိသည်။ တကယ်ဆို မေပျို့စိတ်တွေက သူနဲ့ ပတ်သက်လာရင် အသေးအဖွဲလေးကအစ လိုက်တွေးပြီး ပူပန်နေမိသည်။ ဘာမဟုတ်တဲ့ စကားလေးတစ်ခွန်း အပြုအမူလေးတစ်ခုမှာတင် သူ ငြိုငြင်သွားမှာ စိုးရိမ်နေမိသည်။

"ကိုယ်က နောက်တာပါ၊ ဘယ်လိုဖြစ်လို့ အသည်းအသန်တွေ လာရှင်းပြနေတာလဲ"

သူ့စိတ်ထဲ အမှုအထစ်ဖြစ်သွားမှာစိုးလို့ပေါ့လို့ ပြန်မဖြေနိုင်မယ့် အတူတူ သူမ နှုတ်ကလေးပိတ်ကာ ခေါင်းလေးငုံ့ထားလိုက်မိသည်။ သူက စားပွဲထိုးလေးကိုခေါ်ပြီး စားသောက်ဖွယ်ရာများ မှာယူ၏။

"မင်းလည်း မှာဦးလေ"

သူမထံသို့ မီနူးစာအုပ်ကို ကမ်းပေးပြီး သူ အပြုံးလေးဖြင့် ပြောသည်။ သူ့ကိုမြင်နေရတာနဲ့တင် ဗိုက်ကပြည့်ချင်နေတာမို့ အာလူးချောင်းကြော်တစ်ပွဲသာ အလွယ်တကူ မှာလိုက်သည်။

"မင်းက အာလူးချောင်းကြော်တော့ အတော်ကြိုက်ပုံပဲ"

"ဟင် ကိုစစ်ငြိမ်းချမ်းက ဘယ်လိုသိတာလဲ"

"ဟိုနေ့ကလည်း ဖျော်ရည်ရယ် အာလူးချောင်းကြော်ရယ် မင်းစားထားတာ မဟုတ်လား"

ခေါင်းလေးကို ညိတ်ပြလိုက်ရင်း သူမ ပျော်ရွှင်မိသည်။ အဲဒီနေ့က သူမ ဘာစားထားတယ်ဆိုတာကအစ သူ သိနေမှတ်မိနေတာပဲ။ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်သလဲ။

"မင်းကိုကြည့်ရတာ သိပ်ကလေးဆန်တယ်နော်"





"ကိုစစ်ငြိမ်းချမ်းကရော မေပျို့ထက် ဘယ်လောက်ကြီးတာလဲ ဟင်"

"ကိုယ်က လွန်ခဲ့တဲ့သုံးနှစ်တည်းက ဘွဲ့ရပြီးသွားပြီ"

"ဟင် တကယ်လား"

"မင်းကို ဘာလို့ လိမ်ရမှာတုန်း"

မေပျို့စိတ်ထဲမှာ သူ့ကို အသက်သိပ်မကွာလှဘူးလို့ ထင်နေတာ။ အလွန်ဆုံးကြီးမှ မေပျို့ထက် တစ်နှစ်လောက်ပဲဖြစ်လိမ့်မယ်လို့ ခန့်မှန်းထားခဲ့တာ။ သူက မေပျို ထင်ထားတာထက်ကို ပိုလို့နုပျိုနေသေးသည်။

"မင်းက ကျောင်းတက်နေတုန်းလား"

"ဟုတ်တယ်၊ မေပျိုက နောက်ဆုံးနှစ်တက်နေတာလေ၊ စာမေးပွဲတောင် သိပ်မလိုတော့ဘူး"

"ဟိုး ပထမတစ်ခါ မင်းသူငယ်ချင်းတွေနဲ့ မြေအိုးမြီးရှည်စားနေတာ က စာသင်ပြီး ပြန်လာတာနဲ့ တူတယ်"

ရုတ်တရက်မို့ ဘာမှ ပြန်မပြောနိုင်လောက်အောင် သူမ ဆွံ့အသွားမိသည်။ အဲဒီတုန်းက သူနဲ့အတူ ထိုင်နေသည့် သူငယ်ချင်းတွေပဲ မေပျို့တို့ကို သတိထားမိတယ် ထင်တာ။ သူကတော့ အေးအေးဆေးဆေးပင် ခေါက်ဆွဲစားမပျက်ရှိနေခဲ့တာလေ။ ခုကျတော့ သူက မေပျို့ကိုတောင် မှတ်မိနေလိုက်သေးသည်။ ဒါဆို နောက်တစ်နေ့မှာ ထပ်မတွေ့ခင်တည်းက သူက မေပျို့ကို မှတ်မိနေခဲ့ပြီးသားပေါ့နော်။

ဘယ်အချိန်က သူ သတိထားမိသွားတာပါလိမ့်။

"မေပျို့ကို မှတ်မိတယ် ဟုတ်လား"

"သူငယ်ချင်းတစ်ယောက်က အဲဒီရပ်ကွက်ထဲမှာ နေတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူ့ဆီသွားရင်း ဆိုင်ဝင်ထိုင်ဖြစ်ကြတာ၊ သူတို့က ပျော်ပျော်နေတတ်တဲ့ကောင်တွေဆိုတော့ အမြဲတမ်း အဲဒီလိုပဲ စလိုက်နောက်လိုက်ပဲ၊ ကိုယ်က သိပေမယ့် သူတို့အကျင့်သိလို့ ဘာမှဝင်မရှုပ်တော့တာ၊ စိတ်ယုတ်မာမျိုးတော့ မရှိဘာ သေချာပါတယ်၊ ဒီတိုင်း လူငယ်သဘာဝ စရုံနောက်ရုံပါ''

သူငယ်ချင်းတွေအတွက်ပါ ဖြေရှင်းပေးနေသော သူ့ပုံစံကတော့ တကယ့်ကို လူကြီးဆန်ပါသည်။ ဘယ်လိုနေနေ မေပျို့အမြင်မှာတော့ သူက အဆင်ပြေနေသည်။

''ပြန်မယ်လေ၊ သိပ်မှောင်သွားရင် မင်းတစ်ယောက်တည်း ပြန်ရမှာဆိုတော့ အဆင်မပြေမှာစိုးလို့''

စားစရာသောက်စရာတွေလည်း ကုန်သွားပြီ။ ပြောစရာစကားလည်း မရှိတော့ပြီမို့ ပြန်ကြတာက အသင့်တော်ဆုံးပါ။ ဒါပေမဲ့ သူနဲ့အတူရှိနေသော ထိုအချိန်လေးကို သူမ မကုန်ဆုံးစေချင်သေး။ ဒါမှမဟုတ်လည်း ထပ်မံတွေ့ဆုံနိုင်မည့် အကြောင်းပြချက်တစ်ခုခု လိုချင်နေသေးသည်။

သူက စားပွဲထိုးလေးကို လှမ်းခေါ်လိုက်၏။

''ဘီလ်ရှင်းမယ်''

စားပွဲထိုးလေး ဘီလ်စာရွက်လှမ်းပေးတော့ သူက ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်၏။ သူမ ပျာပျာသလဲ တားမိသည်။

''ကိုစစ်ငြိမ်းချမ်း မရှင်းနဲ့နော်၊ မေပျို့က အကြွေးရှိနေတဲ့သူပါ''

ပြောလည်းပြော ပိုက်ဆံအိတ်ကိုလည်း မြန်မြန်ထုတ်ပြီး ပိုက်ဆံတွေကို လက်ထဲက ကိုင်ထားမိ၏။ သူက မေပျို့ ဖြစ်နေပုံကိုကြည့်ပြီး ပြုံးစိစိ ဖြစ်နေသည်။

''မေပျို့ မရှင်းပါနဲ့၊ ကိုယ်ပဲရှင်းပါ့မယ်၊ ကိုယ်တစ်ယောက်တည်း





စားထားတာတွေက ပိုများတယ်လေ''

''အို မဟုတ်တာ၊ မေပျို့က ကိုစစ်ငြိမ်းချမ်းကို ကျွေးချင်လို့ကို ထမင်းခေါ်ထားတာပဲဟာ၊ မေပျို့ပဲ ရှင်းပါ့မယ်၊ ဘယ်လောက်ကျတာလဲ''

သူ့လက်ထဲမှာ ကိုင်ထားသော ဘီလ်စာရွက်ကို လှမ်းဆွဲယူဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါ။ သူက မြန်မြန်ဆန်ဆန်ပင် လက်ကို ရှောင်ဘိမ်းဖယ်ရှားလိုက်သည်။

''နောက်တစ်ခါကျတော့ မေပျို့ ကျွေးပေါ့၊ အဲဒီအခါကျ ကိုယ် လုမရှင်းပါဘူး စိတ်ချ''

ကျသင့်သလောက်ငွေကို သူက ပိုက်ဆံအိတ်ထဲမှ ထုတ်ပြီးရှင်းပေးလိုက်ပြီး ပြုံးပြုံးရယ်ရယ်နှင့် ပြောသည်။ ဘာပဲဖြစ်ဖြစ် သူမ ဝမ်းသာသွားရပြန်သည်။ မေပျို့နဲ့ နောက်တစ်ခါ ထပ်တွေ့ဖို့ သူ့မှာ စိတ်ကူးတော့ ရှိသေးသည်ပေါ့။

''မေပျို့တို့ နောက်တစ်ခါ ထပ်တွေ့ရဦးမှာလားဟင်''

''ဒါကတော့ ကံပေါ်မှာ မူတည်တယ်လို့ပဲ ဆိုကြပါစို့''

မတင်မကျကြီးပြောပြီး နှုတ်ဆက်ထွက်ခွာသွားသော သူ့ကိုကြည့်ရင်း မေပျို့ စိတ်ညစ်သွားရပြန်သည်။ ကံ တဲ့။ ကံဆိုတာကြီးကို ဘယ်လိုသိနိုင်မှာလဲ။ ဟွန့် မမြင်နိုင်တဲ့ဟာကြီးကို ပုံချပြီး ရှောင်ထွက်သွားတာ။ ခုပဲ မျှော်လင့်ချက်တွေပေးမလိုလိုလုပ်ပြီး ခုပဲ စိတ်ညစ်အောင် ထပ်လုပ်ပြန်သည်။ တတ်လည်းတတ်နိုင်တဲ့ လူကြီး။

■ ■ ■

''မေးမနေနဲ့၊ အလကားလူ၊ ငါ့ကို ဟိုလိုလို ဒီလိုလိုနဲ့ လှည့်ပတ်သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအားလပ်ချိန်မှာ ဟိုသုံးယောက်က မေပျိုနဲ့စစ်ငြိမ်းချမ်း အကြောင်းကို စိတ်ဝင်တစား မေးမြန်းကြသည်။ သူမက အဲဒီကိစ္စနဲ့ပတ်သက် လို့ စိတ်တိုနေသူပီပီ ဆောင့်ဆောင့်အောင့်အောင့်လေး တုန့်ပြန်လိုက်တော့ မိုးစက်တို့ မျက်လုံးကြီးတွေ ပြူးထွက်လာ၏။

"နင့်ကို ဘာတွေလုပ်သွားလို့လဲဟ"

"စားထားသောက်ထားတာတွေလည်း သူပဲ လှရှင်းသွားတယ်ဟ၊ ပြီးတော့ နောက်တစ်ခါထပ်တွေ့ရဦးမှာလားလို့ ငါ့ကို မေးတာကို ကံပါရင် ဆုံမယ်ပေါ့လေ၊ အဲဒီလိုကြီး ပြန်ပြောပြီး ထွက်သွားတယ်၊ ငါ့မှာ အသည်း တွေယား‌လိုက်တာ မပြောပါနဲ့တော့"

"ဟွန် အေးလေ၊ အဲဒီကောင်က ဘယ်လိုကြီးတုန်း"

ချိုသာက မေပျို့ဘက်ကနေ နာပြီး ပြောပေးလိုက်ခြင်းပေမယ့်

"အဲဒီကောင်လို့ မပြောပါနဲ့ဟ၊ ငါတို့ထက် လေးငါးနှစ်လောက် ကြီးတယ်"

"ဟယ် တကယ်လား"

"ဟုတ်ပါတယ်ဆို၊ ငါလည်း သူပြောတော့မှ အံ့သြသွားတာ နေတာယ်နော် အဟီး"

သူ့မျက်နှာလေးကို ပြန်မြင်ယောင်ပြီး ပြောမိတော့ သူမ နှုတ်ခမ်း များကလည်း အပြုံးများဖြင့် ဝေဝေဆာဆာ ဖြစ်လာသည်။

"ခုနကတော့ အဲဒီလူနဲ့ ပတ်သက်ရင် ဘာမှပဲ မပြောချင်တော့ သလိုလို၊ တစ်သက်လုံးပဲ စိတ်နာသွားပြီလိုလို မျက်နှာပေးက ချက်ချင်း ဘယ်ပျောက်သွားတာလဲ"

"ငါသူ့ကို တကယ် စွဲလမ်းနေမိပြီဟ"





သူငယ်ချင်းတွေရှေ့မှာ ရှက်နေစရာမလိုတာမို့ သူမ ပွင့်ပွင့်လင်း လင်းပင် ဝန်ခံမိသည်။ အားလုံးကလည်း မေပျို တကယ်ကြီး ခံစားနေမှန်း သိသွားသောကြောင့် အပြစ်တင်စကားမျိုး၊ ခနဲ့သည့် ရွဲ့သည့်စကားမျိုးတွေ မပြောတော့ဘဲ သက်ပြင်းလေးတွေကိုယ်စီချပြီး ငြိမ်သက်သွားကြ၏။

"အဲဒီလို နင်က စွဲလမ်းနေတယ်ဆိုတာ သူ သိအောင် လုပ်မလို့ လား"

"ငါ ဘယ်လိုလုပ်ရမလဲ၊ လောလောဆယ် သူ့ဖုန်းနံပါတ်သိထား တာတော့ ငါ့အတွက် အခွင့်အရေးရှိနေသေးတယ်လို့ ပြောလို့ရတယ်လေ"

"အင်း ဟုတ်တယ်၊ တကယ်တော့ ကံဆိုတာ အလုပ်ကိုခေါ်တာ၊ နင်လုပ်တာတွေအားလုံးဟာ နင်ဖြစ်ရမယ့်ကံတရားပဲ၊ ဒီတော့ သူနဲ့ပတ်သက် ပြီး တစ်ခုခု လုပ်ကြည့်ပေါ့ဟာ"

အဲဒီလို အားပေးကြသော သူငယ်ချင်းများကြောင့်လည်း သူ့ဆီ ဖုန်းထပ်ဆက်ဖို့ သူမ အားတွေရှိခဲ့ခြင်း ဖြစ်သည်။

"ဒါဆို ငါ သူ့ဆီ ဖုန်းထပ်ဆက်မယ်"

လက်ဖျောက်တစ်ချက်တီးပြီး မျက်နှာခပ်မော့မော့လေးဖြင့် သူမ ကိုယ်သူမ ယုံယုံကြည်ကြည် ပြောလိုက်သည်။ သူက ဘာမို့လို့လဲ၊ တွန်း တိုက်ပါများရင် နဲ့လာမှာပဲမဟုတ်လား။ ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင် ချင်တာ ဒီလောက်ထိ ခက်ခက်ခဲခဲ လုပ်စရာ မလိုလောက်ပါဘူးလေ။

■ ■ ■

သူမ အထင်နည်းနည်းတော့ လွဲမှားသွားသည်။

မိုးစက်တို့နှင့် တွေ့ပြီးသည့် ညတည်းက သူ့ဖုန်းကို ခဏခဏ ခေါ်ဖြစ်နေသော်လည်း သူကတော့ တစ်ချက်လေးတောင် ကိုင်ပေးမရပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်မြောက်နေ့မှာတော့ သူမ ယုံကြည်မှုတွေ ပြိုလဲချင်လာသည်။ သူ့အသံကို ဘယ်တော့မှ ထပ်မကြားရတော့ဘူးလို့ ထင်မှတ်မိလာ၏။

ဘာဆက်လုပ်ရမလဲ။ သူနဲ့ပတ်သက်လို့ မေပျို့မှာရှိတာက ဒီဖုန်းနံပါတ်လေး တစ်ခုတည်းလေ။ အဲဒီဖုန်းလေးကို သူက မကိုင်တော့ သူမ ဘယ်လိုလုပ်ရမှန်းမသိတော့။

မနက်တုန်းကတော့ ကျူရှင်သွားရင်းနှင့် ဟိုမိန်းမတွေကို သူ ဖုန်းမကိုင်သည့်အကြောင်း ပြောပြဖြစ်သည်။ မေပျို့ဖုန်းမို့လို့ မကိုင်တာလား ဘယ်ဖုန်းလာလာ မကိုင်တာလား သိရအောင် မိုးစက်ဖုန်းနဲ့တောင် ယူခေါ်လိုက်သေး၏။ မကိုင်ပါ။ ဒါဆို အခု မေပျို့တို့သိထားသည့် ဖုန်းနံပါတ်ကို သူ အသုံးမပြုတော့တာလား။

ယောကျ်ားတစ်ယောက်နှင့်ပတ်သက်ပြီး တောင်တောင်အီအီတွေ လျှောက်တွေးနေမိတာ ဘဝမှာ ဒါပထမဆုံးအကြိမ်ပင်ဖြစ်သည်။ သူ့သူငယ်ချင်းတွေ နေထိုင်သည်ဆိုသော ရပ်ကွက်ထဲက မြေအိုးမြီးရှည်ဆိုင်ကိုလည်း သူမ တစ်ယောက်တည်း သွားထိုင်ဖြစ်သေးသည်။ ဘာသတင်းအစအနမှ မရခဲ့ပါ။

"ဟဲ့ နင် ဘယ်မှာလဲ"

"ငါ အိမ်ပြန်နေတယ်"

မိုးစက်တို့ကိုတောင် မပြောပြဖြစ်ဘဲ မေပျို့တစ်ယောက်တည်း မြေအိုးမြီးရှည်ဆိုင်လေးမှာ တစ်နာရီကျော်ကျော်လောက် ထိုင်ဖြစ်ခဲ့သည်။ အခု မိုးစက်ဖုန်းခေါ်ချိန်မှာ ထိုဆိုင်ထဲကနေ ထထွက်လာမိခြင်း ဖြစ်၏။

"နင်က ဘယ်ရောက်နေလို့ အိမ်ပြန်နေတာတုန်း"

"ဒီလိုပါပဲဟာ၊ စာကျက်ရတာ စိတ်ရှုပ်လာလို့ ဟိုနားဒီနား လမ်း





ထွက်လျှောက်တာပါ"

"ခြော် ဟုတ်လား၊ ဒါနဲ့ နင့်အခြေအနေရော ဘာထူးလဲ"

သူငယ်ချင်းတွေက စိတ်ဝင်တစားမေးလေလေ မေပျို့က စိတ်ဓာတ်ကျလေလေ ဖြစ်သည်။ သူတို့ကို ဘာပြန်ပြောရမှန်းမသိတော့။ ကိုယ့်ဘက်က စတင်ပြီး ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့မိ။

"ဘာမှမထူးပါဘူးဟာ၊ ငါ့မစ်ကောတွေကိုကြည့်ပြီး သူက လှောင်ချင်လှောင်နေမှာနော်၊ ဒီမိန်းကလေး တော်တော် အရှက်မရှိဘူးဆိုပြီး"

သူမ မဲ့ပြုံးလေးပြုံးလိုက်ပြီး ပြောတော့ မိုးစက်ဘက်မှ သက်ပြင်းချသံလေး ကြားရသည်။

"နင် ဘာမှအားငယ်စရာမလိုဘူး၊ သူ့ဆီ ဖုန်းခေါ်တိုင်း သူ့ကို စိတ်ဝင်စားနေတယ်လို့တွေးရင် သူ မှားသွားမှာပေါ့"

"ဒါပေမဲ့ အမှန်တရားက ငါ တကယ် သူ့ကိုစိတ်ဝင်စားနေတာလေ"

"အဲဒါ နင်ကိုယ်တိုင်ရယ် ငါတို့ရယ်ပဲသိတာလေ၊ နင့်ကိုတယ်သူက ရိုက်စစ်နေလို့တုန်း"

"အေးပါ ငါသိပါတယ်"

"ဒါနဲ့ မနက်ဖြန်ညနေ ငါတို့လေးယောက် ဆုံကြမလား၊ ဟိုမြေအိုးမြီးရှည်ဆိုင် မရောက်ဖြစ်တာတောင် တော်တော်ကြာပြီလေ"

မိုးစက် စကားကြောင့် သူမ ထိတ်လန့်သွားသည်။ မေပျို့က သူငယ်ချင်းတွေကိုတောင် အသိမပေးဘဲ တစ်ယောက်တည်း ရောက်ဖြစ်ခဲ့ကြောင်း ပြောလိုက်ရင် စိတ်ဆိုးကြဦးမည်။ ပြီးတော့ မနက်ဖြန် ဒီရဲကျော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်တို့ သားအဖနှင့် ညစာစားဖို့ မာမီ ဒိတ်လုပ်ထားတယ်လေ။

"မနက်ဖြန်ညနေတော့ အဆင်မပြေဘူးဟ၊ ဦးရဲကျော်ခေါင်တို့ သားအဖနဲ့ ညစာစားဖို့ ချိန်းထားတယ်"

"ဟုတ်လား၊ နင်ကောင်းကောင်းမွန်မွန် ဆက်ဆံပေးလိုက်ပါဟာ၊ အန်တီကိုယ်တိုင် ရွေးချယ်ထားတယ်ဆိုတည်းက ယုံကြည်အားကိုးရတာ သေချာလို့ ဖြစ်မှာပါ"

"အင်းပါ ငါ ကြိုးစားမှာပါ"

ပြောသာ ပြောလိုက်ရသည်။ စိတ်ထဲမှာတော့ မတင်မကျနှင့်ပါ။ ကိုယ့်အိမ်မှာ တူတူနေပြီး ကိုယ့်ပတွေးဖြစ်လာမည့် လူတစ်ယောက်နှင့် ပထမဆုံးအကြိမ် ထမင်းတစ်ဝိုင်းတည်း တူတူထိုင်စားဖို့က နည်းနည်းတော့ တစ်မျိုးဖြစ်နေတာ အမှန်ပါပဲ။ စိမ်းသက်လွန်းနေသည်။ ပြီးတော့ တစ်ခါမှ မမြင်မတွေ့ဖူးသည့် ဦးရဲကျော်ခေါင်ရဲ့သားဖြစ်သူလည်း ပါလာမှာဆိုတော့ မေပျို့ဘက်ကလည်း မာမီ မျက်နှာမပျက်ရအောင် အတတ်နိုင်ဆုံး ဆက်ဆံပေးရမှာပါပဲ။

အိမ်ပြန်ရောက်တာနှင့် မာမီ့ကို နှုတ်ဆက်ပြီး အခန်းထဲတန်းဝင်လာခဲ့လိုက်သည်။ လောလောဆယ်မှာ စစ်ငြိမ်းချမ်းဆိုတဲ့လူကို မြင်ချင်တွေ့ချင်စိတ်များကသာ မေပျို့ထံမှာ လွှမ်းမိုးနေ၏။ မအိပ်ခင် ဖုန်းတစ်ခေါက် ထပ်ဆက်ရမည်။ ဒါကိုမှ မကိုင်ရင်တော့။

■ ■ ■

မာမီ ညစာချက်ပြုတ်တာကို ကူညီပေးဖို့အတွက် ကျူရှင်အပြီး သူငယ်ချင်းတွေနှင့် အချိန်မဖြုန်းတော့ဘဲ အိမ်ကိုတန်းပြန်လာခဲ့လိုက်သည်။ သူမ အိမ်ပြန်ရောက်တော့ မီးဖိုချောင်ထဲမှာ မာမီက ချက်ပြုတ်ပြင်ဆင်လက်စ





"မာမီရေ သမီး ပြန်ရောက်ပြီနော်"

"အေး သမီး၊ ဘာစားမလဲ၊ မာမီ ပြင်ထားလိုက်မယ်"

"ဗိုက်မဆာသေးဘူး မာမီ၊ ဦးရဲကျော်ခေါင်တို့ လာမှပဲ ညစာ အတူစားလိုက်တော့မယ်"

ပြုံးပြုံးရွှင်ရွှင် ပြောနေသော မေပျို့အမူအရာကြောင့် မာမီ့ကို ကြည့်ရတာလည်း စိတ်ချမ်းသာနေပုံရသည်။ မာမီ စိတ်ချမ်းသာရင် ပြီးတာပါပဲလေ။

"အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့မယ်နော်၊ မာမီ့ကို ကူရအောင်လေ"

"ကျူရှင်ကပြန်လာတာ ခဏတဖြုတ် နားပါဦးလားကွယ်"

"မာမီ တစ်ယောက်တည်းဆိုတော့ ပင်ပန်းနေမှာစိုးလို့ပါ"

ခုလိုမျိုးလေး တစ်ယောက်ကိုတစ်ယောက် ဂရုတစိုက်နှင့် ကြင်ကြင်နာနာ ဆက်ဆံတတ်ခြင်းလေးများဟာ မာမီနောက်အိမ်ထောင်ပြုလိုက်ခြင်းကြောင့်တော့ ပျက်စီးမသွားလောက်ပါဘူးနော်။ ဦးရဲကျော်ခေါင်ကို လက်ထပ်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး ဒီရက်ပိုင်းအတွင်းမှာ စိတ်ထဲကနေ အမြဲလိုလို အားပေးပြောဆိုနေရ၏။

အဝတ်အစားတွေလဲပြီး သူမ ပြန်ထွက်လာကာ မာမီ့ကို ဝိုင်းကူလုပ်ကိုင်ပေးလိုက်သည်။ မေပျို့ကတော့ ဘာမှချက်တတ်ပြုတ်တတ်တာ မရှိပေမယ့် မာမီ့နောက်ကနေ အကူပေါ့နော်။ ကျောင်းတက်လိုက် ကျူရှင်တက်လိုက် စာကျက်လိုက်နှင့် အချိန်ကုန်နေရသောကြောင့် ထမင်းဟင်းချက်သည့်ပညာကို မာမီ့ဆီကသင်ကြားဖို့ မေပျို့မှာ အချိန်မရသေး။

"ကဲ သမီးလည်း ရေလေးဘာလေးချိုးပြီး အဝတ်အစားကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေး လဲထားတော့၊ ခဏနေလောက်ကျရင် ရောက်လာတော့မှာ”

ဟင်းအမယ်တွေ အများကြီးကို ချက်ပြုတ်ခဲ့ရသော်လည်း မာမီကတော့ မောပန်းပင်ပန်းပုံမပေါ်ဘဲ နဖူးက ချွေးလေးသုတ်လျက် ပြောသည်။

အခန်းထဲပြန်လာပြီး ရေမိုးချိုးသန့်စင်လိုက်ကာ လှလှပပလေး ဝတ်စားထားလိုက်၏။ ပထမဆုံးအနေနဲ့ မိသားစုနှစ်စုတွေ့ဆုံသည့်ပွဲမို့ သူများတွေအမြင်မှာ ကိုယ့်ကို ချစ်စဖွယ်မိန်းကလေးတစ်ယောက်အဖြစ် မြင်စေချင်မိသည်။ ဦးရဲကျော်ခေါင်ဆိုတဲ့ လူကြီးရဲ့သားဆိုတာကိုလည်း မေပျို့ဘက်က သေချာပြန်အကဲခတ်ရပါလိမ့်မည်။ ဘာပဲပြောပြော ထိုလူက မေပျို့အစ်ကို ဖြစ်လာမှာ မဟုတ်လား။

လုပ်ငန်းလုပ်နေသည့် လူတစ်ယောက်ဆိုတော့ ခန့်ခန့်ညားညား လူကြီးဆန်ဆန် ပုံစံမျိုးပဲ ဖြစ်မှာပေါ့။

“သမီးရေ မေပျို့ ဒီမှာ ဧည့်သည်တွေရောက်နေပြီကွဲ့”

အခန်းဝကနေ လှမ်းအော်လိုက်သော မာမီ့အသံကြောင့် မှန်တင်ခုံရှေ့ ထိုင်နေခြင်းကို လက်စသတ်လိုက်သည်။ ဝတ်ဆင်ထားသော ဂါဝန်ရှည်ပျော့ပျော့လေးကို ချပ်ချပ်ရပ်ရပ်လေးဖြစ်မဖြစ် ကိုယ်ကို တစ်ပတ်လည်ကြည့်လိုက်သေးသည်။ စိတ်တိုင်းကျပြီးမှ အခန်းထဲကနေ ထွက်ခဲ့၏။ မျက်နှာမှာလည်း အပြုံးတစ်ခုကို ဆင်မြန်းထားရသေးသည်။

သဘောတူပါတယ်ဆိုပြီး လိုက်လျောပြီးမှတော့ မေပျို့ဘက်က ကောင်းကောင်းမွန်မွန် ဆက်ဆံပေးဖို့သာ လိုတယ်မဟုတ်လား။

ဟွန်း ဧည့်ခန်းထဲမှာ ထိုင်နေသော ဦးရဲကျော်ခေါင်ဆိုတဲ့ လူကြီး တစ်ယောက်တည်းပါလား။ သူ့သားဖြစ်သူပါ ဒီည အတူပါလာမယ်လို့ မေပျို့ သိထားတာလေ။





“လာ သမီး ထိုင်”

မာမီ့ဘေးမှာ ဝင်ထိုင်လိုက်တော့ မာမီက သူမနှင့်ဦးရဲကျော်ခေါင်ကို အပြန်အလှန် မိတ်ဆက်ပေးသည်။

“သမီးအကြောင်းကိုတော့ သမီးအမေက ခဏခဏပြောပြနေလို့ ကောင်းကောင်းကြီးသိပါတယ်”

“သမီးလည်း ဦးရဲကျော်ခေါင်အကြောင်းကို သိသင့်သလောက် သိပါတယ်၊ မာမီ့ကို အကူအညီပေးခဲ့တာတွေပေါ့၊ အဲဒီအတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်”

သူမပြောလိုက်တာကို သဘောကျနှစ်မြို့က်သွားပုံနှင့် လူကြီးနှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးနေကြသည်။

“ဒါနဲ့ သားလေးပါလာမယ်ဆို”

မေပျို့ သိချင်နေတာကို မာမီက ဝင်မေးပေးလိုက်သည်။

“ဪ ဟုတ်ပါရဲ့၊ သားက ပါလာပါတယ် ထားရဲ့၊ သူ့ကားနဲ့ နောက်ကနေ လိုက်လာနေတယ်”

ထိုအချိန်မှာပဲ ခြံထဲသို့ မောင်းဝင်လာသော ကားသံကြားလိုက်ရသည်။

“ဟော သားလာပြီနဲ့တူတယ်”

မာမီက ထိုင်ရာကနေ ချက်ချင်းထသွားပြီး တံခါးဝကနေ သွားဆောင့်နေ၏။ နောက်တော့ ရယ်ရယ်မောမော စကားပြောလျက် သူမတို့နားသို့ အတူတွဲလျှောက်လာသည့် မာမီနှင့်ဦးရဲကျော်ခေါင်ရဲ့သားဆိုတဲ့သူ။

မြင်မြင်လိုက်ချင်းမှာ သူမ အံ့သြလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိုင်နေရာကနေတောင် ဆတ်ခနဲ ထရပ်လိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကို လှမ်းဝင်လာသော သူ့ပုံစံက ရဲရဲဝံ့ဝံ့ပါပဲ။ မေပျို့ကိုမြင်ပေမယ့် သူ့မျက်နှာတစ်ချက်မှ ပျက်မသွား။ အံ့သြခြင်းလည်းမရှိ၊ ပုံမှန်လူတစ်ယောက်၏ ပုံမှန်အပြုံးမျိုးနှင့်။

"သမီးက အစ်ကိုဖြစ်မယ့်သူကို မျှော်နေတာနဲ့တူတယ်"

မတ်တပ်ကြီးဖြစ်နေသော သူ့မကိုကြည့်ပြီး မာမီက ထင်ရာပြောသည်။ ခုမှတော့ မေပျို့က ဘာတတ်နိုင်မှာလဲ။ ဒီလည်ပြီလည်ကြီးနှင့် ခေါင်းညိတ်ပြလိုက်ရသည်။

"ဒါက အန်ကယ့်သား စစ်ငြိမ်းချမ်း တဲ့"

မေပျို့ သိပါတယ်လို့ မပြောမိအောင် ကိုယ့်ကိုယ်ကိုယ် မနည်းထိန်းလိုက်ရသည်။

"ဒီက သမီးလေးနာမည်က မေပျို့ငယ်တဲ့၊ နောက်ဆို သားရဲ့ ညီမလေး ဖြစ်လာမယ့်သူပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် မေပျို့"

လက်တစ်ဖက်ကမ်းပေးလျက် အပြုံးချိုချိုများဖြင့် ပြောလိုက်သော သူ့ကို မျက်နှာလွှဲပစ်လိုက်ချင်ပေမယ့် မာမီ မျက်နှာပျက်ရမည်စိုးသောကြောင့် လက်လေးတစ်ဖက် ပြန်ကမ်းပေးရင်း လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ အခု ဆုပ်ကိုင်ထားမိသော နွေးထွေးတဲ့လက်တစ်စုံဟာ သူမနားမှာ အစ်ကိုတစ်ယောက်ရဲ့လက်တစ်စုံအဖြစ် ရှိနေမှာတဲ့လား။ မေပျို့ မျှော်လင့်ရင်ခုန်နေရတာတွေအားလုံး ပျက်စီးသွားပြီပေါ့။

သူ ဒါတွေကို ကြိုသိလို့ မေပျို့ ဖုန်းဆက်နေတာတွေကို မကိုင်တော့တာများလား။ ခေါင်းထဲမှာ တော်တော်လေး ရှုပ်ထွေးနေမိသည်။

မာမီက မေပျို့ကိုခေါ်ပြီး ထမင်းဝိုင်းကို နှစ်ယောက်အတူ ပြင်လိုက်





ကြ၏။ ပြီးမှ မာမီကိုယ်တိုင် သူတို့သားအဖနှစ်ယောက်ကို ဧည့်ခန်းထဲ ဖြန့်ထွက်ခေါ်သည်။

"ကဲ ဗိုက်ဆာနေကြပြီ မဟုတ်လား၊ စားလိုက်ကြရအောင်လေ"

မာမီက ဦးဆောင်လျက် ထမင်းစားဝိုင်းဆီ လျှောက်လာခဲ့ကြသည်။ သူနဲ့မေပျို့က မျက်နှာချင်းဆိုင်။

"စားနော် သားလေးလည်း၊ ထည့်စား၊ ဒါက ထားတို့သားအမိနှစ်ယောက်ရဲ့လက်ရာလေ"

ရယ်ရယ်မောမောနှင့် ပြောနေသော မာမ့်ကြောင့် မေပျို့ ရှက်သွားသည်။ တကယ်ဆို သူမလက်ရာပါတာမှ မဟုတ်ဘဲ။

"သမီးလက်ရာမဟုတ်ပါဘူး အန်ကယ်ရယ်၊ မာမီတစ်ယောက်တည်း အပင်ပန်းခံပြီး ချက်ထားတာပါ၊ ဘေးကနေ ဝိုင်းကူတာလောက်ပဲ သမီး တတ်တာပါ"

"တကယ်ဆို ထား ဒီလောက်ထိ အပင်ပန်းခံစရာမှ မလိုတာ၊ အိမ်အကူမိန်းမတစ်ယောက်လောက် ထားပါလား"

"ထားပါတယ် ကိုရဲရဲ၊ မနက်ပိုင်းဆို လာချက်ပြုတ်ပေးပြီး သူ့ကိုစွဲနဲ့တာနဲ့ သူတို့အတွက် ပေးထားတဲ့ခြံထဲက အိမ်လေးတွေကို ပြန်သွားတာလေ၊ ဒီနေ့က ကိုရဲတို့အတွက် သီးသန့်ထားကိုယ်တိုင် ချက်ပေးတာ"

"အိမ်အလုပ်ဆိုတော့ အပြင်အလုပ်တွေပါ နေ့တိုင်းလုပ်နေမယ်ဆိုသား ပင်ပန်းမှာကို ကိုရဲက စိတ်ပူလို့ပါ"

မာမ့်ကိုကြည့်ပြီး ပြောနေသော ဦးရဲကျော်ခေါင် မျက်ဝန်းများက နွေးထွေးလို့ကလဲ့နေသောကြောင့် မာမီနဲ့ပတ်သက်ပြီး ရွေးချယ်မှုမှန်ကန်ပါ့မလားလေလို့ မေပျို့စိတ်ထဲကနေ ထပ်တစ်ခါ ယုံကြည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီကတော့ အစစအရာရာ အဆင်ပြေသွားပေမယ့် သူမကတော့ ခုမှ ဒုက္ခလှလှရောက်တော့မှာ ဖြစ်သည်။ အမြဲတမ်းလိုလို တီရှပ်လေးများနှင့် ဂျင်းဘောင်းဘီလေးများကိုသာ လူငယ်ဆန်ဆန် ပေါ့ပေါ့ပါးပါး ဝတ်ဆင်တတ်သော စစ်ငြိမ်းချမ်းဆိုတဲ့လူဟာ နိုင်ငံခြားမှာရှိတဲ့ ကုမ္ပဏီကြီးကို ဦးစီးလုပ်နေပါတယ်ဆိုတဲ့ ဦးရဲကျော်ခေါင်သားမှန်း မေပျို ဘယ်လိုမှ မခန့်မှန်းနိုင်ခဲ့တာများယွင်းသွားပါသလား။

"သမီး စားလေ၊ ဘာတွေငေးနေတာလဲ"

စစ်ငြိမ်းချမ်းကို ငူငူကြီးကြည့်ပြီး အတွေးထဲမျောနေသော မေပျို့ကို မာမီက သတိထားမိသွားပုံနှင့် သတိလှမ်းပေးသည်။

မာမီ့စကားကြောင့် ဟိုသားအဖရဲ့အကြည့်များက သူမထံရောက်ရှိလာသည်။ သူနိုးလူမိသွားသလိုမို့ စစ်ငြိမ်းချမ်းရှေ့မှာ မေပျို ရှက်ရွံ့စွာ ခေါင်းလေးငုံ့ထားလိုက်မိသည်။

စားသောက်ပြီးစီးကြတော့ မာမီက ဧည့်ခန်းထဲမှာပဲ အချိုပွဲပြင်ဆင်ပေး၏။ မင်္ဂလာကိစ္စအကြောင်း ပြောနေရာကနေ လူကြီးနှစ်ယောက်ရဲ့ စကားများက လုပ်ငန်းကိစ္စတွေဘက် ဦးတည်သွားသည်။ နိုင်ငံခြားက လုပ်ငန်းအကြောင်း မာမီမေးမြန်းသမျှကို စစ်ငြိမ်းချမ်းက ပြန်ပြောပြနေရင်း မေပျိုကတော့ စကားဝိုင်းအပြင်ဘက်ကို ရောက်မှန်းမသိ ရောက်နေခဲ့၏။

ပျင်းပျင်းနှင့်ပင် စားပွဲပေါ်တင်ထားသော ဖုန်းလေးကို လှမ်းယူလိုက်ပြီး ဂိမ်းဆော့နေမိသည်။ မိနစ်အနည်းငယ်ကြာတော့ ဦးရဲကျော်ခေါင်ထံမှ နှုတ်ဆက်စကားသံကို ကြားလိုက်ရသည်။ ဂိမ်းလေးကို ခပ်မြန်မြန်ပိတ်ပြီး အပြုံးလေးနှင့် နှုတ်ဆက်ရပြန်၏။

"ပြန်တော့မယ်နော် သမီးလေး"





"ဟုတ်ကဲ့ရှင့်"

ဦးရဲကျော်ခေါင်ကို နှုတ်ဆက်နေတာပေမယ့် မေပျို့မျက်လုံးများကတော့ စစ်ငြိမ်းချမ်းဆီမှာသာ ရောက်နေသည်။ သူမကို ပြုံးပြနေသော စစ်ငြိမ်းချမ်းကို မုန်းချင်လာသည်။ သူကတော့ ဘာမှထွေထွေထူးထူး မဖြစ်သလိုပါပဲလား။

"ဒါနဲ့ သားက ဟိုကို ဘယ်နေ့လောက်ပြန်မှာလဲ"

မာမီ့မေးခွန်းအတွက် သူ့အဖြေကို မေပျိုလည်း စိတ်ဝင်တစားနားစွင့်နေမိသည်။

"လိုပါသေးတယ် အန်တီ၊ မင်္ဂလာဦးဆွမ်းကျွေးပြီး နောက်နှစ်ပတ်လောက် အချိန်ရပါသေးတယ်၊ ဟိုမှာလွှဲခဲ့တဲ့ မန်နေဂျာက တော်တော်စိတ်ချရပါတယ်"

ဟွန့် ခုကျတော့ လူငယ်လေးတစ်ယောက်လို မဟုတ်တော့ဘဲ တကယ့်လူကြီးလူကောင်းတစ်ယောက်လို ပြောဆိုဆက်ဆံနေတာပါလား။ တတ်လည်း တတ်နိုင်လွန်းတဲ့လူ။

သူတို့သားအဖရဲ့ကားလေးနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားတာကိုကြည့်ပြီး မေပျို နှာခေါင်းလေးရှုံ့လိုက်မိသည်။ ထိုအပြုအမူကို မာမီ မြင်တွေ့သွားပုံပါပဲ။ သူမကို မျက်မှောင်ကြီးကျုံ့ကြည့်ပြီး

"သမီးကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲနော်"

"ဘာဖြစ်လို့လဲ မာမီရဲ့၊ ဘာမှမဖြစ်ပါဘူး"

စူးစမ်းသလိုကြည့်နေသော မာမီ့မျက်ဝန်းများကို ရှောင်လွှဲလျက် သူမ ခပ်လျှမ်းလျှမ်းလေး ဖြေလိုက်သည်။ မာမီ့နားက ထွက်သွားဖို့ ကြိုးစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်သွားမလို့လဲ"

"အခန်းထဲပြန်တော့မယ်လေ မာမီရဲ့"

"ထမင်းလည်း ကောင်းကောင်းမစားဘူးနော်၊ ဘာလဲ မာမီချက်ထားတာ မကောင်းလို့လား"

ဂရုတစိုက် မေးနေသော မာမ့်မေးခွန်းတွေကို ရှောင်ရှားလို့မရတော့ မှန်း မေပျို သဘောပေါက်လိုက်သည်။

"မာမီ ချက်ထားတာတွေ စားလို့ကောင်းပါတယ်၊ သမီးက ကျောင်းကအပြန် ပြောင်းဖူးတွေစားလာလို့ ရင်နည်းနည်းပြည့်သွားတာ"

"ဟင် ဒါဆို ဆေးလေးဘာလေးသောက်မှ ဖြစ်မှာပေါ့"

ပါးစပ်ထဲတွေ့ကရာ ပြန်ဖြေလိုက်မိတာကို မာမီကတော့ တော်တော်လေး စိတ်ပူသွားသည့်ပုံ။ ဆေးဘူးများထားသည့်နားကို အပြေးကလေး ထွက်သွားသည့် မာမ့်ကိုကြည့်ပြီး မေပျို မသက်မသာဖြစ်သွားမိသည်။ မာမီယူလာသည့် အစာကြေဆေးဆိုတာကြီးကို သောက်လိုက်ရင်း မချိုပြုံး လေးပြုံးလိုက်မိ၏။

"အခန်းထဲ သွားလို့ရပြီ မဟုတ်လားဟင် မာမီ"

"မအီမလည်ကြီး ဆက်ဖြစ်နေသေးရင် မာမ့်ကိုပြောနော် သမီး"

"ဟုတ်ကဲ့"

မာမ့်ရှေ့ကနေ ခပ်သွက်သွက်လေး ထွက်လာလျက် အခန်းတံခါးကို လော့ချထားလိုက်သည်။ အခန်းထဲရောက်တာနှင့် သူမ ပထမဆုံးလုပ်တာကတော့ စစ်ငြိမ်းချမ်းဆိုတဲ့လူဆီ ဖုန်းခေါ်တာပါပဲ။ အရင်နေ့တွေတုန်းက ဘယ်လောက်ပဲမကိုင်ခဲ့ မကိုင်ခဲ့ ခုလိုအခြေအနေမျိုးမှာတော့ ဒီလိုမကိုင်ရင် လုံးဝမှားမှာပါ။





သူသာ ဖုန်းမကိုင်ခဲ့ရင် မေပျိုက ပြဿနာပေါင်းစုံလုပ်မိတော့မှာလေ။ ဒီလောက်တော့ သူ နားလည်လောက်ပါသည်။ ဖုန်းခေါ်သံတောင် သိပ်မမြည်လိုက်ရပါဘဲ သူ့ဘက်က ဖုန်းကိုင်လိုက်၏။

"ပြောလေ မေပျို"

အေးအေးဆေးဆေး ထွက်လာသော သူ့အသံကြောင့် သူမ နှုတ်ခမ်းလေးမဲ့ပြုံးမိသည်။ သူက ဘာမှမဖြစ်တဲ့ပုံပါလား။ )

"အရင်ရက်တွေတုန်းက ဖုန်းမကိုင်တာ ဒီကိစ္စကြောင့်လား"

"ဟုတ်တယ်လို့လည်း ဝန်ခံမှာမဟုတ်သလို မဟုတ်ဘူးလို့လည်း ကိုယ်မငြင်းပါဘူး"

ကြည့်ပါလား၊ ဖြေပုံကိုက အသည်းယားချင်စရာ။

"တစ်ခုပဲမေးမယ်၊ ရှင့်အဖေနဲ့လက်ထပ်ဖို့ စီစဉ်ထားတဲ့ ဒေါ်ထားအားခင်ဟာ မေပျို့မာမီဆိုတာ ရှင်အစတည်းက သိတယ်မဟုတ်လား"

"သိပါတယ်"

မှန်းလိုက်တာ၊ မုန်းလိုက်တာ၊ ဒါဆို သူက မေပျို့ကို တမင်သက်သက် ချဉ်းကပ်ခဲ့တာပေါ့။

"မင်းက အန်တီထားနဲ့ ကိုယ့်အဖေကို သဘောမတူဘူးဆိုတဲ့ အကြောင်းကြားတော့ ကိုယ် နည်းနည်းအံ့ဩမိတယ်"

"ဘာအံ့ဩစရာရှိလို့လဲ"

"ကိုယ့်အဖေက ကိုယ့်တစ်သက်လုံးမှာ အလေးစားရဆုံးလူပဲ၊ အဲဒီလိုလူတစ်ယောက်ကို မင်းက ငြင်းဆန်နေတယ်ဆိုတော့ ကိုယ့်အတွက် အံ့ဩမိတာ မဆန်းပါဘူး"

ပြောတဲ့စကားတွေအားလုံးက မေပျို့နားထဲမှာ ဘာဖြစ်လို့များ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုချင်စရာကောင်းနေတာပါလိမ့်။

"အဲဒီတော့"

"တကယ်တော့ မင်းကို ကိုယ်လိုက်ကြည့်နေမိတာ ကြာပါပြီ မင်းတို့ကျူရှင်ကို စုံစမ်းပြီး နောက်ကလိုက်ကြည့်ခဲ့မိတယ်၊ မြေအိုးမြီးရှည် ဆိုင်လေးရှိတဲ့ ရပ်ကွက်ထဲမှာ ကိုယ့်သူငယ်ချင်းနေတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ မင်းနောက်ကို လိုက်ကြည့်ရင်းနဲ့မှ ကိုယ်တို့လည်း အဲဒီဆိုင်လေးမှာ ထိုင်ဖြစ်သွားတာ"

ကြည့်စမ်း။ သူမ ဘယ်လောက်တုံးလိုက်ပါသလဲ။ ကိုယ့်နောက်ကနေ တစ်လျှောက်လုံး လိုက်ကြည့်နေတဲ့ယောက်ျားတွေကိုတောင် သတိမထားမိခဲ့လောက်အောင်ပဲ။

"ဘာဖြစ်လို့ မေပျို့နောက်ကနေ လိုက်ကြည့်နေရတာလဲ"

"အန်တီထားမှာ ခေါင်းနည်းနည်းမာတဲ့ သမီးလေးတစ်ယောက် ရှိတယ်ဆိုလို့ ကိုယ့်ညီမလေးဖြစ်လာမယ့်လူကို ဂရုတစိုက် လိုက်ကြည့်တဲ့ သဘောလေးပါပဲ"

"ဒါဆို ဟိုကော်ဖီဆိုင်လေးမှာတုန်းကရော"

"အဲဒါလည်း ကိုယ် မင်းနောက်ကနေ လိုက်လာတာပါ၊ တိုက်တိုက်ဆိုင်ဆိုင် မင်းအခက်အခဲဖြစ်နေတာနဲ့ကြုံတော့ ကူညီခွင့်ရသွားတယ် မင်းနဲ့ရင်းနှီးခွင့်လည်း ရခဲ့တယ်လေ"

သူက အားလုံးကို အကွက်ချခဲ့တာပဲ။ မေပျို့အကြောင်းကို စုံစမ်းဖို့အတွက်ပေါ့။

"အံ့သြစရာကောင်းလိုက်တာ"

"မင်း ဒီထက်ပိုအံ့သြဦးမှာက မင်းသူငယ်ချင်းတွေကို ကိုယ်စည်း

ပြီး မင်းကိုဝိုင်းနားချခိုင်းခဲ့တာပဲ"

"ဘာ"

မိုးစက်တို့ ချိုသာတို့ ပိုးတို့ကိုပါ သူက စည်းရုံးခဲ့သေးတာပေါ့။ ဘယ်လိုလူလဲ။ မေပျိုကတော့ ကိုယ့်နောက်ကျောကို ဓားနဲ့အထိုးခံနေရမှန်း မသိတဲ့ သူတို့ကို ရင်ဖွင့်လိုက်ရတာ။ စစ်ငြိမ်းချမ်းကို စွဲလမ်းနေမိသည်ဆိုတာ အထိ ဖွင့်ပြောခဲ့မိသည်။ ဒီသူငယ်ချင်းအရင်းကြီးတွေက ဒီလိုမျိုး ကိုယ့်လူ သူ့ဘက်သား လုပ်လိမ့်မယ်လို့ ဘယ်လိုထင်ခဲ့ပါ့မလဲ။

"တော်ပြီ ဘာမှမပြောချင်တော့ဘူး၊ ဘာမှလည်း မသိချင်တော့ဘူး"

မေပျို အော်ပစ်လိုက်သည်။

"မင်း မသိချင်ပေမယ့် ကိုယ် ပြောပါရစေ၊ မင်းက ကိုယ်အစက ထင်ထားသလိုမျိုး ခေါင်းမာပြီး မာနကြီးနေတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ အမေ့ရဲ့အချစ်ကို ဆုံးရှုံးသွားမှာကြောက်ပြီး ကိုယ့်အဖေနဲ့ သဘောမတူနိုင်ဖြစ်နေတာမှန်း သိလိုက်ရတယ်"

"သိတော့ ဘာဖြစ်လဲ"

"မင်းကို ညီမလေးတစ်ယောက်အနေနဲ့ ကိုယ့်ဘက်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံနိုင်သွားတာပေါ့၊ အစက မင်းနဲ့မတွေ့ခင်ကတော့ ဘယ်လိုမိန်းကလေးလဲဆိုပြီး နည်းနည်းစိတ်အနှောင့်အယှက် ဖြစ်နေခဲ့တာပါ"

သူ့ဘက်က ဒီလောက်ထိတောင် လေ့လာခဲ့တယ်ပေါ့လေ။ ဒါကို မေပျိုကတော့ ဘာဆိုဘာမှမသိခဲ့ရ။ အထူးသဖြင့် သူမရဲ့သူငယ်ချင်းတွေကပါ စစ်ငြိမ်းချမ်းကိုတောင် အကူအညီပေးခဲ့သေးတယ်တဲ့။ အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



မှန်းချင်းစရာတွေချည်းပဲ။

မပြောမဆိုနှင့် သူမ ဖုန်းချပစ်လိုက်သည်။ ဘာမှဆက်ပြောစရ စကားမရှိတော့သလို စိတ်တွေလည်း ရှုပ်ထွေးနောက်ကျိနေသည်။

နောက်ဆုံးတော့ သူမ အိပ်ရာထက်သို့ လှဲချကာ မျက်လုံးမျ မှိတ် အိပ်စက်ပစ်လိုက်၏။ ဘာတွေပဲ ဆက်ဖြစ်လာလာ ရင်ဆိုင်ရတော့မှ ပဲလေ။

■ ■ ■

## အခန်း (၄)

သူငယ်ချင်းတွေအားလုံးကို စကားမပြောဘဲနှင့် အတန်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ်လေး သူမ ထိုင်နေမိသည်။

"ညက ဦးရဲကျော်ခေါင်တို့သားအဖကို ညစာဖိတ်ကျွေးတာမဟုတ် လား။ နင်နဲ့ အဆင်မပြေဖြစ်ခဲ့လို့လား"

ပိုးက သူမဘေးဝင်ထိုင်ပြီး မျက်နှာတည်တည်လေးနှင့် မေးသည်။ ကျန်သာတို့ မိုးစက်တို့လည်း သူမအဖြေကို စောင့်မျှော်နေသူများလို လည် ဆန့်ဆန့်နှင့်။

"နင်တို့က အဆင်ပြေဖို့ပဲ မျှော်လင့်နေမှာပေါ့နော်"

နှုတ်ခမ်းများကို မဲ့ရွဲ့လျက် မေပျို ပြောမိတော့ သူတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ပခုံးတွန့်လိုက်ကြသည်။ ဘာ ဖြစ်တာလဲဆိုသည့် သဘော။

"နင် ဘာဖြစ်နေတာလဲ မေပျို၊ ငါတို့ကို စိတ်ဆိုးနေတာလား"

မျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



''နင်တို့က ငါစိတ်ဆိုးအောင် လုပ်ထားတာရှိလို့လား၊ ရှိတယ်ဆိုရင်တော့ ငါအခု နင်တို့ကို စိတ်ဆိုးနေတာလည်း ဖြစ်နိုင်ပါတယ်''

သူတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြန်သည်။ ဒီတစ်ခါတော့ သူမ ပြောတာတွေကို သူတို့သဘောပေါက်သွားကြပုံပါပဲ။

''နင် သိပြီးပြီလား''

မိုးစက်အသံက ခပ်တိုးတိုး။

''ဟုတ်တယ် စစ်ငြိမ်းချမ်းဆီကနေ ငါအားလုံး ကြားပြီးပြီ''

''ဪ ဒါကြောင့် နင်က ငါတို့ကို စိတ်ဆိုးပြီး စကားမပြောတာပေါ့လေ''

''သိရင်လည်း ပြီးရော''

''အဲဒီကိစ္စကို ငါတို့ရှင်းပြလို့ ရပါတယ်''

ချိုသာက အားတက်သရော ဝင်ပြောသည်။ သူမ စိတ်ဆိုးနေမှန်းသိသွားတော့ သူငယ်ချင်းတွေအားလုံး ဝိုင်းချော့ကြဖို့ ပြင်နေပုံပါပဲ။

''ဘယ်လိုပုံစံမျိုးနဲ့ ရှင်းပြမှာလဲ''

''ငါတို့ကို ကိုစစ်ငြိမ်းချမ်းတို့နဲ့ မြေအိုးမြိုးရှည်ဆိုင်မှာ တွေ့ပြီးတော့ သူက ငါတို့နောက်ကို လိုက်ခဲ့တယ်၊ ပြီးတော့ အဖြစ်အပျက်တွေကို ပြောပြတယ်''

''ဒါဆို ငါမပြောခင်တည်းက နင်တို့က ငါ့အမေ နောက်အိမ်ထောင်ပြုမယ့်အကြောင်းကို သိနေပြီးသားပေါ့၊ အဲဒါနဲ့တောင် ငါကပြောမှ သိတဲ့ပုံမျိုးတွေဟန်ဆောင်ခဲ့ကြသေးတယ်''

''ငါတို့ကို အဲဒီလိုတော့ စိတ်မဆိုးပါနဲ့ဟာ၊ ကိုစစ်ငြိမ်းချမ်း ပြော





ပြတဲ့ အကြောင်းတွေက နင်ရော နင့်အမေရောအတွက် ကောင်းမယ်ထင်တယ်လေ၊ ပြီးတော့ ဒီကိစ္စကို နင့်အမေကိုယ်တိုင်က သဘောတူထားပြီးသားလို့ ငါတို့ သူ့ဆီက သိခဲ့ရတာ၊ အန်တီကိုယ်တိုင် ရွေးထားတာဆိုတည်းက ငါတို့ ဘာမှကန့်ကွက်ဖို့ မရှိဘူးလေ၊ ဒါကြောင့်လည်း နင့်ကိုဝိုင်းပြီး နားချပေးဖို့ ငါတို့ လက်ခံခဲ့တာ''

''တော်တော်လည်း ကောင်းကြတယ်နော်''

သူတို့ကို မေပျို စိတ်ဆိုးနေကြသော သူငယ်ချင်းအားလုံး စိတ်ကောင်းဖြစ်နေပုံနှင့် မျက်နှာလေးတွေ ညှိုးနွမ်းနေသည်။ ဒီလိုဆိုပြန်တော့လည်း သူမ စိတ်မကောင်းဖြစ်ရပြန်သည်။ သူတို့က ကောင်းမယ်ထင်လို့လက်ခံခဲ့တာပဲလေ။ တကယ်တမ်း အပြစ်တင်စရာရှိရင် စစ်ငြိမ်းချမ်းတစ်ယောက်တည်းကိုသာ တင်ရပါလိမ့်မည်။

အကွက်ကျကျ စီစဉ်ခဲ့သူက စစ်ငြိမ်းချမ်းတစ်ယောက်တည်းပဲ။

''ငါတို့ကို နင် တကယ်ပဲ စိတ်ဆိုးနေတာလား၊ စကားမပြောတော့ဘူးလား၊ ငါတို့ မှားတယ်ဆိုရင်လည်း စေတနာအမှားပါဟာ''

မျက်နှာငယ်လေးနှင့် ပိုး ပြောတော့ သူမလည်း ကြာကြာစိတ်ဆိုးနိုင်တော့ဘဲ စိတ်ကိုလျှော့ချပစ်လိုက်ရတော့သည်။ ဒီငယ်သူငယ်ချင်းတွေကို မေပျိုကိုယ်တိုင်ကလည်း ဘယ်လောက်ကြာကြာ စိတ်ဆိုးစိတ်ကောက်နိုင်မှာမို့လို့လဲ။ လေးယောက်လုံးရဲ့အကျင့်က တစ်ယောက်ယောက်စိတ်ဆိုးပြီဆိုတာနဲ့ ဝိုင်းချော့ဖို့ ပြင်ဆင်ထားကြပြီးသားလေ။ အခုလည်း မေပျို စိတ်ဆိုးမပြေမချင်း ကျန်သုံးယောက် မရရအောင် လိုက်ချော့ကြတော့မှာလေ။

''ငါတို့ ညနေကျရင် Icecream Bar မှာ ရေခဲမုန့် သွားစားကြ



www.burmeseclassic.com

www.burmeseclassic.com



မလား။ ဒါမှမဟုတ် ကြက်ကြော်ဆိုရင်ရော''

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်စတစ်ပစ်ပစ်နှင့် ဖြစ်နေကြသည်။ မေပျို့ကို စကားမပြောပြောလာအောင် သူတို့ ကြိုးစားနေကြတာပါ။

''နေပြည်တော်မှာတင်ထားတဲ့ ဟာသကားကလည်း တော်တော်ကောင်းတယ်နော်၊ ကျောင်းဆင်းရင် ကျူရှင်လစ်ပြီး သွားကြည့်ရင်ရော''

''အဲဒါထက် ငါကတော့ ကာရာအိုကေသွားဆိုရင် ကောင်းမလား လို့''

''နင်ရော ဘယ်လိုသဘောရလဲ မေပျို။ ငါတို့ပြောတာတွေ မကြိုက်ဘဲ နင်တခြားတစ်ခုခုလုပ်ချင်တယ်ဆိုလည်းပြောနော်၊ ငါတို့က နင်ဖြစ်ချင်တဲ့အတိုင်းပဲ လိုက်လုပ်ပေးမှာ''

တစ်ယောက်တစ်ပေါက်နှင့် လျှောက်ပြောနေကြတော့ နောက်ဆုံး သူမ စကားမပြောလို့ မရတော့ပါ။ သုံးယောက်လုံးကို သိမ်းကျုံးပြီး မျက်စောင်းထိုးပစ်လိုက်၏။

''တော်တော်ရှုနေကြတယ် ဟုတ်လား၊ စာမေးပွဲက ဒီလောက် ကပ်နေတာကို''

မေပျို့ဆီက အသံထွက်လာတော့မှ သူတို့သုံးယောက်လုံး၊ သွားလေးတွေဖြဲလျက်

''နင် စိတ်ဆိုးပြေပြီလား''

''ငါက စိတ်ဆိုးနေတာ မဟုတ်ဘူး''

''ဒါဆို ဘာဖြစ်နေတာတုန်း''

''စိတ်မကောင်းဖြစ်တာ၊ ငါ့အချစ်ဆုံးသူငယ်ချင်းတွေကတောင်





ငါ့ကိုသစ္စာမရှိဘူးဆိုပြီး''

''ဟယ် အဲဒီလိုကြီးတော့ မပြောပါနဲ့ဟာ၊ ငါတို့က နင့်အတွက် ကောင်းမယ်ထင်လို့ ဝိုင်းပြောပေးရတာပါ၊ နင့်အပေါ်ကို ဘာဖြစ်လို့ သစ္စာဖောက်ရမှာလဲ''

''ကဲပါ နင့်စိတ်ပြေသွားအောင် ငါတို့ ဘာလုပ်ပေးရမလဲ ပြော''

ချိုသာက မေပျို့အလိုကို လိုက်လျောတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပုံနှင့် ပြောသည်။ သူမကလည်း အဲဒီအတွက်ကို စောင့်နေတာပါပဲ။

''နင်တို့ စစ်ငြိမ်းချမ်းကို ကူညီလိုက်တဲ့ထဲမှာ သူနဲ့ပတ်သက်ပြီး ငါ ပြောမိတာတွေတော့ ပြန်ပြောမထားပါဘူးနော်''

''အာ အဲဒါကတော့ ပြောစရာလားဟဲ့၊ အဲဒါကြီးပြောမိမှ နင့် အပေါ်ကို ငါတို့ တကယ်ကြီး သစ္စာဖောက်မိသလို ဖြစ်မိတော့မှာ''

''အင်း ဟုတ်ပါပြီ၊ ဒီလိုဆိုရင် နင်တို့ ငါ့ကိုကူညီရမှာက''

စိတ်ကူးထဲ ပေါ်လာသည့်အကြံတစ်ခုကို မေပျို ထုတ်ပြောပြကာ သူငယ်ချင်းတွေနှင့် ခေါင်းချင်းဆိုင်လိုက်၏။ မေပျို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ထားတဲ့သူကို ဒီလောက်တော့ မေပျို ပြန်ပြီး လက်စားချေသင့်ပါတယ်နော်။

■ ■ ■

ဒီနေ့မနက်ပိုင်း မေပျို့တို့အိမ်မှာ ဇာလာဦးဆွမ်းကျွေး ပြုလုပ်သည်။ ဆွေမျိုးအနည်းငယ်နှင့် ရင်းနှီးသော လုပ်ငန်းရှင်မိတ်ဆွေတချို့တို့သာပါသော ပွဲသေးသေးလေးဖြစ်၏။ ဖေဖေရော အန်တီထားရော နှစ်ယောက်စလုံးက အရွယ်ရောက်ပြီး သားတွေ သမီးတွေရှိကြသူများမို့ ကြီးကြီးကျယ်ကျယ် ပြုလုပ်ဖို့ကိုလည်း စိတ်မပါတဲ့တူတူ အိမ်မှာပဲ အကျဉ်းချုံးလုပ်လိုက်ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မေပျို့သူငယ်ချင်း ကောင်မလေးသုံးယောက်လည်း မနက်စောစောတည်းက ရောက်ရှိလာပြီး ပွဲကို ဝိုင်းကူညီပေးနေကြ၏။ မနက်ဆယ့်နှစ်နာရီလောက်မှာ ဧည့်သည့်များရှင်းသွားတော့မှ ဖေဖေနှင့်အန်တီထား အပါအဝင် သူတို့တွေအားလုံး အနားရကြတော့သည်။

ဖေဖေက လက်ရှိနေထိုင်နေသည့် အိမ်နှင့်ခြံကို နိုင်ငံခြားသားလင်မယားနှစ်ယောက်အား ငှားရမ်းလိုက်ပြီး အန်တီထားတို့အိမ်မှာပင် နေထိုင်တော့မှာမို့ သူကိုယ်တိုင်လည်း နိုင်ငံခြားမပြန်ဖြစ်သေးသည့် အတောအတွင်းတော့ ဒီအိမ်မှာပဲ နေရမည်ဖြစ်၏။ ဒါကလည်း ဖေဖေ့ဆန္ဒပါ။ ဟိုကိုမပြန်ဖြစ်သေးရင် ဟိုတယ်မှာပဲ ဆက်နေဖို့လုပ်ထားပေမယ့် ဖေဖေက ဒီအိမ်မှာပဲ နေရမယ်လို့ အမိန့်ထုတ်ခဲ့သည်။ ခုချိန်မှာ အန်တီထားတို့သားအမိနှင့် သူတို့သားအဖက မိသားတစ်စုတည်း ဖြစ်သွားပြီမို့ ရင်းရင်းနှီးနှီး ရှိစေချင်သည့် ဖေဖေ့သဘောကို သူ သဘောပေါက်လက်ခံသောကြောင့်လည်း ဒီအိမ်မှာပဲ လာနေဖို့ ခေါင်းညိတ်ခဲ့ခြင်း ဖြစ်သည်။

တစ်မနက်လုံး ဧည့်သည်တွေ လိုက်ဧည့်ခံနေရတာမို့ လူကပင်ပန်းနေပြီ။ သူ့အတွက်ဆိုပြီး ပြင်ဆင်ပေးထားသော အပေါ်ထပ်က အခန်းလေးထဲကို တက်လာခဲ့လိုက်၏။ အောက်ထပ်မှာတော့ မေပျို့သူငယ်ချင်းတွေ မပြန်ကြသေးဘဲ ဖေဖေတို့ကို စနောက်ရယ်မောနေကြသည်။

သူကတော့ မဟာန်နိုင်တော့သည်မို့ အခန်းထဲဝင်လာခဲ့ခြင်း ဖြစ်၏။ လည်ကတုံးအဖြူရောင်လေးရဲ့အပေါ်ဆုံးကြယ်သီးတစ်လုံးကို ဖြုတ်လိုက်ပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ သူ့အတွက် သီးသန့်ပြင်ဆင်ပေးထားမှန်း သိသာသော ခေါင်းအုံးလေးက အသစ်စက်စက်ရနံ့လေး ထွက်နေသည်။





မျက်လုံးများကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်တော့ ခန်းဆီးအဖြူလေးများ တပ်ကာထားသည့် ဝရန်တာသေးသေးလေးကို မြင်တွေ့လိုက်ရသည်။ ခြံဘေးဘက်က ပန်းခင်းသေးသေးလေးကို လှမ်းမြင်နေရသော ဝရန်တာလေး။ ဘေးဘက်မှာလည်း သူ့အခန်းဝရန်တာလေးလို ဆင်တူ ဝရန်တာသေးသေးလေးတစ်ခု။ ဒါက မေပျို့အခန်းအသစ်လေး ဖြစ်ပါလိမ့်မည်။ အရင်ကတော့ သားအမိနှစ်ယောက်လုံး အောက်ထပ်မှာသာ နေကြပေမယ့် အခုတော့ ဖေဖေနှင့်နှစ်ယောက်တွဲအခန်းဖွဲ့လိုက်ပြီးတည်းက မေပျို့အတွက် အခန်းကို အပေါ်ထပ်မှာ ပြောင်းလဲပြင်ဆင်ပေးလိုက်ခြင်း ဖြစ်သည်။

သူ အပေါ်ထပ်တက်လာတုန်းက ဒီကောင်မလေးကို မမြင်ခဲ့မိပါ။ သူမ သူငယ်ချင်းများကိုသာ တွေ့ခဲ့ခြင်း ဖြစ်သည်။ အခန်းထဲမှာများ ရှိနေတာလား။ သူငယ်ချင်းတွေတောင် မပြန်သေးတာကို သူမ တစ်ယောက်တည်း အခန်းဝင်နေတာတော့ မဖြစ်နိုင်ပါဘူးလေ။

ထိုအချိန်မှာပဲ သူ့အခန်းတံခါးကို အပြင်ဘက်မှ အဆက်မပြတ်ခေါက်နေသည့်အသံကို လှမ်းကြားလိုက်ရ၏။ ဝရန်တာလေးမှာရပ်ပြီး အတွေးများနေရင်းကနေ သူ အခန်းဝဆီ ပြန်လျှောက်လာခဲ့လိုက်သည်။ တံခါးဆွဲဖွင့်လိုက်တော့ အပြင်မှာ ရပ်နေတာ မိုးစက်နှင့်ချိုသာဆိုသော ကောင်မလေးနှစ်ယောက်။

"ဘာဖြစ်လို့လဲ"

"ဟိုလေ မေပျို့ကို တွေ့မိလိုက်လား ကိုစစ်ငြိမ်းချမ်း"

"မေပျို့ကို ဟုတ်လား၊ မတွေ့မိပါဘူး၊ မင်းတို့နဲ့တူတူ အောက်မှာ ရှိနေတာ မဟုတ်ဘူးလား၊ ဒါမှမဟုတ် သူ့အခန်းထဲမှာရော"

"အခန်းထဲမှာလည်း မရှိဘူး၊ ခုနက သူငယ်ချင်းကောင်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ ခြံပြင်မှာ ရပ်စကားပြောနေတာတော့ လှမ်းတွေ့လိုက်သေးတယ်၊ အဲဒီထဲက ပြန်ဝင်မလာတာလား မသိဘူး''

သူ စိတ်ပူသွားမိသည်။ ဒီကောင်မလေး ဘယ်တွေများ လျှောက်သွားနေပြန်ပြီလဲ။

''အန်တီထားတို့ရော သိလား။ မေပျို့ မရှိတာကို''

''အန်တီထားက မေးနေလို့ မေပျို့ ပင်ပန်းပြီ၊ အခန်းထဲဝင်သွားပြီလို့ ညီမတို့ ပြောထားတယ်၊ တော်ကြာနေ ဘာမှမဟုတ်ဘဲနဲ့ အလဟဿ စိတ်ပူနေမှာစိုးလို့''

အင်း ဒါလည်း ဟုတ်ပါတယ်လေ။ လူကြီးတွေနှစ်ယောက်လုံး ပင်ပန်းနေကြမှာ အေးအေးဆေးဆေး အနားယူကြပါစေ။

''မင်းတို့ ဖုန်းရောမဆက်ကြည့်ဘူးလား''

''ဆက်ကြည့်ပြီးပြီ၊ စက်ပိတ်ထားတယ်တဲ့''

''ဟာကွာ''

သူ နည်းနည်းတော့ ပျာယာခတ်သွား၏။ ချက်ချင်းပင် အောက်ထပ်သို့ အပြေးဆင်းသွားလိုက်သည်။ အောက်ထပ်တစ်ထပ်လုံးရော ခြံထဲမှာပါ မေပျို့ အရိပ်အယောင်ကို မတွေ့ရ။ ဒီကောင်မလေး ဘယ်ထွက်သွားတာလဲ။

''ညီမတို့က တခြားသိတဲ့ သူငယ်ချင်းတွေဆီကို ဖုန်းဆက်ကြည့်ကြပါဦး''

သူ့နောက်ကနေ ထပ်ချပ်ပါလာသော မေပျို့သူငယ်ချင်းမလေးများကို သူ လှည့်ပြောလိုက်သည်။ ကောင်မလေးတွေ ဖုန်းကိုယ်စီနှင့် အလုပ်ရှုပ်သွားကြ၏။



ခြံပြင်ထွက်ကြည့်တော့လည်း ကိုယ့်ခြံတံခါးကိုယ်ပိတ်ပြီးနေကြသော ဒီရပ်ကွက်လမ်းပေါ်မှာ ခွေးတစ်ကောင်လောက်တောင် ဖြတ်သန်းသွားခြင်း မတွေ့ရ။ ခက်တော့နေပါပြီ။

''ဘယ်လိုလဲ၊ ဖုန်းဆက်လို့ ရလား''

''သူ့မှာက မိုးစက်တို့ကလွဲရင် တခြားသူငယ်ချင်း သိပ်မရှိဘူး။ ရှိတဲ့လူတွေဆီ အခုဆက်ကြည့်တော့လည်း မေပျို့နဲ့မတွေ့ဘူးတဲ့''

''ဒါဆို သူ စကားပြောနေတယ်ဆိုတဲ့ ကောင်လေးဖုန်းကို ဆက်ကြည့်ပြီးပြီလား''

''အဲဒီတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို ညီမတို့မသိဘူး''

''ကောင်းရောကွာ''

ဆံပင်များကို တစ်ချက်သပ်တင်လိုက်ပြီး သူ စိတ်ပျက်ပျက်နှင့် ကြံရာမရ ဖြစ်သွားသည်။ ခြံပြင်လမ်းမထက်မှာ ကောင်မလေးသုံးယောက်နှင့် သူတစ်ယောက်တည်း ငူငူကြီး ရပ်နေမိ၏။

''မင်းတို့တွေ့လိုက်တာ ဘယ်လောက်ကြာပြီလဲ''

''အခုနဲ့ဆို တစ်နာရီကျော်လောက်တောင် ရှိနေပြီ''

''ဒါဆို တော်တော်ကြာနေပြီပဲ၊ မဖြစ်တော့ဘူး။ ဟိုနားဒီနား လိုက်ရှာမှဖြစ်တော့မယ်''

ခြံထဲကိုပြန်ဝင်လာပြီး ကားပေါ်တက်စက်နှိုးလိုက်သည်။ သူမ သွားတတ်သော နေရာတွေကို လိုက်ရှာရတော့မှာပဲ၊ တစ်နာရီကျော်တောင် ကြာပြီဆိုတော့ တော်တော်ဝေးဝေးကိုတောင် ရောက်နေလောက်ပါပြီ။

စကားရပ်ပြောနေသည်ဆိုသော ကောင်လေးနဲ့ပဲ တစ်နေရာရာ လိုက်သွားတာလား။ ဒါမှမဟုတ် ဘာကိစ္စများပေါ်လာလို့လဲ။ ကားမောင်း

www.burmeseclassic.com

www.burmeseclassic.com



နေရင်းနှင့် သူ့ဦးနှောက်ကို အနားမပေးဘဲ တောက်လျှောက်စဉ်းစားနေမိသည်။ ခုချိန်မှာ မေပျို့က သူ့ညီမလေးပဲမို့ စိတ်ထဲမှာ အမှန်တကယ် စိုးရိမ်ပူပန်နေမိခြင်း ဖြစ်သည်။

ရပ်ကွက်ကိုပတ်ပြီး မောင်းနေတာလည်း ဒါပါနဲ့ဆို လေးခေါက်ရှိပြီ။ မြေအိုးမြီးရှည်ဆိုင်လေးသို့လည်း ရောက်ပြီးပြီ။ သူနဲ့ဆုံခဲ့ဖူးသည့် ကော်ဖီဆိုင်လေးသို့လည်း ရောက်ပြီးပြီ။ မေပျို့အရိပ်အယောင်ကိုတော့ဘယ်မှ မတွေ့မမြင်ရ။ ကျူရှင်နားတစ်လျှောက်နှင့် မြို့ထဲပတ်ပတ်လည်။ အဲကွန်းဖွင့်ထားရက်သားနှင့် သူ့နဖူးမှာ ချွေးစေးများ ပျံနေပြီ။

ဖုန်းကိုလည်း အဆက်မပြတ် ခေါ်ကြည့်နေပေမယ့် စက်ပိတ်ထားပါတယ်ဆိုသော အဖြေစကားကသာ သူ့ကိုထပ်ခါတလဲလဲ စောင့်ကြိုနေခဲ့သည်။ လက်မှနာရီကိုကြည့်မိတော့ ညနေလေးနာရီထိုးပြီ။ ထိုစဉ်မှာပင် ဖုန်းလေးထမြည်လာ၏။ သူ အလောတကြီး ယူကြည့်လိုက်တော့ ဖေဖေဆီမှ။

"ဟုတ်ကဲ့ ဖေဖေ"

"အေး သား။ ဘယ်ရောက်နေတာလဲ၊ ဒီမှာ ညနေစာစားဖို့ သား အခန်းထဲကို သွားခေါ်တော့မှ မရှိမှန်းသိတယ်"

သူ ထွက်လာတုန်းက မေပျို့ကို စိုးရိမ်ပူပန်စိတ်များဖြင့် အလောတကြီးမို့ ဘယ်သူ့ကိုမှ မပြောခဲ့နိုင်တာ။ ပြီးတော့ မေပျိုပျောက်နေမှန်းသာ အန်တီတို့ထားသိသွားရင် တစ်ခုခုဖြစ်သွားနိုင်ပါသည်။ ဒီကောင်မလေးက ယုံလိုက်ရင် လူတွေကို စိတ်ပူအောင်တွေချည်းပဲ။

ဒါပေမဲ့ မတတ်နိုင်တော့ပါ။ ဒီအချိန်ရောက်မှတော့ မေပျို့ ပျောက်နေတာကို လူကြီးတွေဆီ အသိပေးမှ ဖြစ်ပါတော့မည်။ သူ သက်ပြင်း





တစ်ချက်ရှူရှိုက်လိုက်၏။

"တကယ်တော့ သား ထွက်လာတာ မေပျို့ကို လိုက်ရှာဖို့ပါ၊ အခွမ်းကျွေးပြီးခါနီးလောက်တည်းက မေပျို ပျောက်နေတာ ခုထိ ဆက်သွယ်လို့မရသေးဘူး"

"ဟင် သား ဘာတွေပြောနေတာလဲ"

ဖေဖေ့အသံက အံ့ဩတကြီး။

"မေပျိုက အိမ်နောက်ဖေးမှာ သူ့မာမီနဲ့ စားသောက်စရာတွေ ပြင်ဆင်နေတယ်လေ သားရဲ့၊ သမီးလေးက ဘယ်မှာပျောက်လို့လဲ"

"ဗျာ"

မောင်းနေသော ကားကို ဘရိတ်ဆောင့်အုပ်လိုက်မိသည်ထိ သူ အံ့ဩသွားသည်။ တကယ့်ကို မျက်လုံးကြီးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရခြင်းပါ။ သူငယ်ချင်းကောင်လေးတစ်ယောက်နှင့် စကားပြောနေတာကိုမြင်လိုက်ပြီးနောက်ပိုင်း ဖုန်းပါပိတ်ပြီး ပျောက်သွားသော မေပျိုက အခုတော့ အိမ်မှာ မိခင်ဖြစ်သူနှင့်အတူ စားသောက်စရာတွေ ပြင်ဆင်နေတယ် ဆိုပါလား။

ဖေဖေ နောက်နေတာလည်း ဘယ်လိုမှမဖြစ်နိုင်။ ဒါ နောက်ပြောင်ပြောရမည့် ကိစ္စလည်းမဟုတ်။

"သမီးလေးက မပျောက်ပါဘူးကွယ်၊ သားဘာတွေအထင်မှားနေတာလဲ၊ ကဲ ကဲ တခြားဘာကိစ္စမှမရှိဘူးဆိုရင် အိမ်ကို မြန်မြန်ပြန်လာခဲ့တော့ သား။ ဖေဖေတို့ စောင့်နေမယ်"

ကားလေးကို အိမ်ဘက်သို့ ပြန်ဦးတည်လိုက်ပြီး သူ့ရင်ထဲမှာတော့ ဒေါသနှံ့ ဖြစ်နေမိ၏။ ဒီကိစ္စမှာ တစ်ခုခုတော့ အကြီးအကျယ် လွဲချော်နေတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာပါပြီ။ ဟိုကောင်မလေးတွေပဲ အမြင်မှားတာလား။ ဒါမှမဟုတ် သူ လိုက်ရှာနေသည့်အချိန်အတောအတွင်းမှာ မေပျို့က အိမ်ပြန်ရောက်လာတာလား။

ဇဝေဇဝါစိတ်များဖြင့် မောင်းလာရင်း ခြံရှေ့မှာပင် ပြန်ရောက်လာခဲ့ပြီ။ ခြံထဲက စားပွဲလေးမှာ စားသောက်စရာတွေ ပြင်ဆင်နေသော မေပျို့ကို လှမ်းမြင်လိုက်ရတာမို့ သူ ကားကိုဆင်ဝင်အောက်မှာ ထိုးရပ်လိုက်ကာ သူမနားသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်၏။

သူ လျှောက်လာနေတာကို လှမ်းကြည့်နေသည့် မေပျို့မျက်နှာလေးက ပြုံးစိစိ။ ဒါ ဘာသဘောလဲ။ သူ ဒီလောက်ထိ စိတ်ပူပန်ပြီး လိုက်ရှာနေခဲ့တာကို သူမက ပြုံးစိစိဖြင့် ကြည့်နေနိုင်သည်တဲ့လား။

''မင်း ဘယ်အချိန်က အိမ်ပြန်ရောက်တာလဲ''

သူ လေသံမာမာဖြင့် မေးမိသည်။ ဒါလည်း သူမက အပြုံးမပျက်။ သူတို့နှစ်ယောက်ကြားမှာ တစ်ခုခုတော့ မှားယွင်းနေပါပြီ။

''ဘယ်အချိန်က အိမ်ပြန်ရောက်တာလဲဆိုတာ ဘာကိုဆိုလိုတာလဲဟင် ကိုကို၊ မေပျို့က တစ်နေ့လုံး အိမ်မှာပဲ ရှိနေတာကို''

''ဘာ''

သူ အံ့အားတသင့် အော်မိသွားသည်။ တစ်နေ့လုံး အိမ်မှာပဲ ရှိနေတာတဲ့လား။ ပြီးတော့ သူ့ကိုလည်း ယဉ်ယဉ်ကျေးကျေးနှင့် ကိုကိုတွေ ဘာတွေ ခေါ်နေသည်။

''လန့်လိုက်တာ ကိုကိုရယ်၊ ဘာဖြစ်လို့ ဒီလောက်ထိ အော်တာတုန်း''

ရင်ဘတ်လေးဖိပြီး မျက်လုံးလေးပြူးလျက် ပြောနေသော သူမကို





သူ ကိုင်ဆောင့်ပစ်ချင်စိတ်ပေါက်လာသည်။ သူ သိလိုက်ပါပြီ။ ဒီနေ့ကိစ္စက သူမတို့သူငယ်ချင်းတွေပေါင်းပြီး သူ့ကို အရူးလုပ်လိုက်ခြင်းဆိုတာ။

''မင်းကွာ ဒါ စနောက်ရမယ့်ကိစ္စမဟုတ်ဘူးကွ၊ နားလည်လား''

သူ ဒေါသတကြီးအော်ပစ်လိုက်ပြီး အိမ်ထဲဝင်ခဲ့လိုက်သည်။ အခန်းထဲရောက်တော့လည်း အဝတ်အစား မလဲနိုင်သေးဘဲ မနက်ကအတိုင်း သည်ကတုံးနှင့်ပိုးပုဆိုးနှင့် သူ ထိုင်နေမိသည်။ ဖြစ်နိုင်ရင် အောက်ပင်ပြန်ဆင်းချင်စိတ် မရှိတော့။ အရင်ရက်တွေတုန်းက သူမနောက်ကနေ လိုက်ကြည့်ခဲ့မိသည့်အတွက် ဒီကောင်မလေး သူ့ကို မကျေမနပ်ဖြစ်နေမှန်းတော့ ရိပ်မိပါရဲ့။

ဒါပေမဲ့ ခုလိုမျိုး အကွက်ဆင်ပြီး ကလဲ့စားပြန်ချေလိမ့်မယ်လို့တော့ ဘယ်ထင်ထားပါ့မလဲ။ ကိုယ့်မျက်စိထဲမှာက သူမကို ညီမလေးတစ်ယောက် သို့ ကလေးတစ်ယောက်လိုသာ သတ်မှတ်ထားခဲ့တာလေ။ ခုတော့ သူမက သူ့ကိုတောင် ဒဏ်ပေးလိုက်သေးသည်။

''သားရေ လာလေကွယ်၊ အောက်မှာ မုန့်တွေအသင့်ဖြစ်နေပြီကွဲ့''

မဝိတ်ထားမိသော အခန်းတံခါးဝမှာ အန်တီထားပေါ်လာပြီး ခေါ်တော့ သူ မငြင်းနိုင်တော့ဘဲ အဝတ်အစားမြန်မြန်လဲလျက် အောက်ပြန်ဆင်းခဲ့ရတော့သည်။ စားပွဲဝိုင်းလေးမှာ အားလုံးလူစုံတက်စုံ။ နေရာလွတ်က မေပျို့ဘေးမှာမို့ သူ မတတ်သာစွာပင် ထိုနေရာ၌ ဝင်ထိုင်ရပြန်၏။

''သား ကြိုက်တယ်ဆိုလို့ ထောပတ်သီးဖျော်ပေးထားတယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ''

''သမီးလေးကလည်း ထောပတ်သီးဖျော်ရည် သိပ်ကြိုက်တာလေ၊ ဒါကြောင့် အန်တီက အဲဒါကို အိမ်မှာအမြဲဖျော်ပေးနေရတာ သားရေ''



www.burmeseclassic.com

www.burmeseclassic.com



သူမကို တစ်ချက်လှမ်းကြည့်မိတော့ ဘာအမှားမှ မလုပ်ထားပုံ မျက်နှာပေးနှင့် ဖျော်ရည်ခွက်ထဲမှ ထောပတ်သီးဖတ်လေးများကို ဖွန်းအရှည်လေးနှင့် ကော်စားနေသည်။ တကယ့်ကို ကလေးလေးပါ။ မျက်နှာလေးက နုနုစင်စင်လေးနှင့် ဒီညီမလေးက သူ့ကို ပထမဆုံး lesson ပေးသွားတာကိုတော့ သူ ခံလိုက်ရပါပြီ။

တစ်မနက်လုံး ပင်ပန်းထားလို့ အနားယူချင်ပေမယ့် သူမကို စိတ်ပူပန်မိသည့်စိတ်များက ပိုမိုများပြားနေသောကြောင့် လူပင်ပန်းတာကိုမေ့ပြီး ဖောနှင့်လိုက်ရှာခဲ့မိခြင်း ဖြစ်သည်။ သူမကတော့ သူ့အဖြစ်ကို နောက်ကွယ်မှာ လှောင်ပြောင်နေမှာပေ့ါ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ သေချာပြန်စဉ်းစားမိတော့လည်း မေပျို့ကို သူ စိတ်မဆိုးရက်။

ကလေးဆန်သည့် ချစ်စဖွယ်အပြုအမူလေးတစ်ခုအဖြစ်သာ သူ လက်ခံပေးလိုက်နိုင်သည်။ ဟိုးငယ်ငယ်လေးတည်းက မေမေ ဆုံးပါးသွားခဲ့ပြီး ဖေဖေ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရသော သူသည် ညီအစ်ကိုမောင်နှမ တောင့်တနေမိသော ကလေးတစ်ဦးအဖြစ် ကြီးပြင်းခဲ့ရခြင်း ဖြစ်သည်။

ခုတော့ ဒီအသက်အရွယ်ကြီးရောက်မှ ချစ်စရာကောင်းသည့် ညီမလေးတစ်ယောက် ကောက်ရလိုက်သလိုမို့ သူ ကျေနပ်ပျော်ရွှင်နေမိတာကိုတော့ မငြင်းချင်ပါ။

"ညီမလေးက အခု နောက်ဆုံးနှစ်တက်နေတာနော်"

အပြုံးလေးဖြင့် ချိုချိုသာသာ သူ မေးလိုက်လျှင် မေပျို့ မျက်မှောင်လေးကျုံ့ပြီး လှမ်းကြည့်၏။ ခုနကတော့ အော်ဟစ်နေမိပြီး ခုကျတော့ ချိုသာနေသောသူ့ကို နားမလည်ဖြစ်နေပုံမျိုးပါ။

"သမီး ဘာကြောင့်ကြည့်နေတာလဲ၊ အစ်ကိုမေးနေတာ ဖြေလိုက်





လေ"

"ဟုတ်"

ခေါင်းလေးညိတ်ပြီး တစ်လုံးတည်းဖြေ၏။ ခုနကတော့ ကိုကိုတွေ ဘာတွေခေါ်ပြီး ရွှန်းဝေနေသော ကောင်မလေးက လူကြီးတွေရှေ့မှာကျတော့ ငြိမ်သက်စကားနည်းနေ၏။

"နောက်ကို သားလေး စစ်က သမီးရဲ့အစ်ကိုပဲ၊ ကိုယ့်အစ်ကိုရင်းတစ်ယောက်လို သဘောထားပြီး ရိုရိုသေသေ ပြောဆိုဆက်ဆံရမယ်နော်"

"ဟုတ်"

သူမပုံစံလေးကိုကြည့်ပြီး သူ ရယ်ပစ်လိုက်ချင်စိတ်ကို မနည်းထိန်းထားရသည်။

"ဒီကိစ္စနဲ့ ပတ်သက်ရင်တော့ ကိုယ့်သားက ပြောစရာကို မလိုဘူးထားရော၊ သူက ငယ်ငယ်တည်းက မောင်တွေ နှမတွေ သိပ်လိုချင်ခဲ့တဲ့ကောင်"

"ဟုတ်ပါတယ် အန်တီ၊ မေပျို့ကို တကယ့်ညီမလေးတစ်ယောက်လို ကျွန်တော် စောင့်ရှောက်မှာပါ"

တစ်ဖက်လှည့်ပြီး နှာခေါင်းလေးရှုံ့လိုက်တာ သူ မြင်ဖြစ်အောင်မြင်လိုက်သေး၏။ ဒီကောင်မလေးကို သူ လိုက်ထိန်းကျောင်းရမယ်ဆိုရင်တော့ ရန်ကုန်မှာရှိနေမည့် သူ့နေ့ရက်တွေ ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေမှာ မဟုတ်တော့တာ သေချာနေပါပြီ။

■ ■ ■

"ဒီနေ့ ကျောင်းစောစောသွားရမယ် မာမီ၊ ပရယ်ဒ်ကယ်က



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆုံးချိန်မို့လို့ နောက်ကျလို့ မဖြစ်ဘူး"

မနက်စာဝိုင်းမှာ လေးယောက်သား ဝိုင်းဖွဲ့စားသောက်နေတုန်း သူမက ထပြောသည်။ မုန့်များကိုလည်း ပါးစပ်နဲ့အပြည့် ပလုတ်ပလောင်း စားနေသေး၏။

"ညီမလေးက ကျောင်းကို ဘာနဲ့သွားတာလဲ"

မေပျို ပြန်မဖြေ။ မသိချင်ယောင်ဆောင်နေသည်။ အန်တီထားက သာ သူ့ကိုအားနာသွားသည့်ပုံနှင့် ကြားက ဝင်ဖြေပေးရ၏။

"အန်တီအလုပ်သွားတဲ့အချိန်နဲ့ သမီးကျောင်းသွားတဲ့အချိန်က တိုက်နေတော့ ကားငှားပြီးပဲ သွားတာများတယ်လေ၊ သူ့ကို ကားတစ်စီး တော့ ဝယ်ပေးထားပါတယ်၊ ဒါပေမဲ့ မောင်းကျင့်မရှိတော့ စိတ်မချတာနဲ့ အန်တီက ပေးမမောင်းတာ"

"ဒီလိုဆို ဒီနေ့ကစပြီး ကျောင်းကြိုကျောင်းပို့ရော ကျူရှင်အပို့ အကြိုတွေပါ ကျွန်တော် တာဝန်ယူပါရစေ"

သောက်လက်စ ကော်ဖီတွေ သီးတော့မလို ဖြစ်သွားသော မေပျို ကို မမြင်ချင်ယောင်ဆောင်ပြီး သူ ဆက်ပြောရန်ပြင်၏။

"ဒီမှာက ကျွန်တော် အားနေမှာပဲလေ"

"ဒါပေမဲ့ သားက ဟိုကလုပ်ငန်းတွေကို လှမ်းညွှန်ကြားနေရသေး တာမဟုတ်လား"

"အချိန်တိုင်းမှ မဟုတ်တာ အန်တီထားရဲ့၊ အလုပ်များမယ့်အချိန် ထက် အားနေမယ့်အချိန်က ပိုများနေမှာလေ၊ ဒီတော့ ညီမလေးကို ကျောင်း ကြိုပို့ပေးရတာ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး အန်တီ"

"ဟုတ်သားပဲ ထားရယ်၊ သားလည်း အားနေတာပဲ၊ ကလေးတွေ





ရင်းရင်းနှီးနှီး နေကြပါစေ"

ဖေဖေ ဝင်ပြောလိုက်လို့ အန်တီထား ခေါင်းညိတ်လိုက်တော့ မေပျို နှာခေါင်းလေးရှုံ့သွားသည်။ စားပွဲဝိုင်းကနေလည်း ထွက်သွား၏။

"မာမီနဲ့အန်ကယ် သမီး ကျောင်းသွားတော့မယ်နော်"

လူကြီးများကို နှုတ်ဆက်ပြီး သူ့ကိုတော့ ရှိတယ်လို့တောင် ထင်ပုံ မရ။ သူ့မှာသာ ကားသော့ကို လှမ်းယူပြီး အပြေးတစ်ပိုင်း ထလိုက်လာခဲ့ ရသည်။

"ဟိတ် နေဦးလေ မေပျို၊ ဒါက ဘယ်ကိုသွားနေတာလဲ"

ခြံပြင်ထွက်ရန် ခြေလှမ်းပြင်နေသော မေပျို့လက်လေးတစ်ဖက် ကို သူ ဖမ်းဆွဲထားလိုက်သည်။ ဆတ်ဆတ်ထိမခံဖြစ်နေသော သူမက လက်ကိုအတင်းပြန်ရုန်းသည်။ ဒါမျိုးကတော့ ဘယ်ရမလဲ။ ယောကျ်ားတစ် ယောက်အားနဲ့ နွဲ့နွဲ့နှောင်းနှောင်း မိန်းကလေးတစ်ယောက်ရဲ့အားက သိသိ သာသာ ကွာခြားပါသည်။

"ဘာဖြစ်လို့ ရုန်းနေတာလဲ မေပျို၊ မင်းကို ကိုယ်က ကျောင်း လိုက်ပို့ပေးရမှာလေ"

"အို မပို့ပေးပါနဲ့၊ ကိုယ့်ဘာသာ ကားငှားပြီး သွားမယ်"

"ခေါင်းမမာစမ်းပါနဲ့ ညီမလေးရာ"

"ဘာညီမလေးလဲ"

သူမ မဲ့ရွဲ့ပြီး ပြောသည်။ ကလေးတစ်ယောက်လို နွဲ့ဆိုးဆိုးနေ သော မေပျို့ကို သူကလည်း စိတ်မဆိုးဖို့ ဆုံးဖြတ်ထားပြီးပြီမို့ အပြုံးမပျက် ပင် ကြည့်နေမိ၏။

"ဟုတ်တယ်လေ၊ အခု မင်းက ကိုယ့်ညီမလေးပဲ၊ မနေ့ကတုန်း



www.burmeseclassic.com

www.burmeseclassic.com



က မင်းတောင် ကိုကိုလို့ ခေါ်ခဲ့သေးတာပဲ''

''အဲဒါ ရွဲ့တာ သိလား၊ ရွဲ့တာ''

သူ ဟန်မဆောင်နိုင်စွာ ရယ်မောမိလျှင် သူမ ပိုဒေါသဖြစ်သွားပုံနှင့် မျက်စောင်းကြီးထိုးပြီး ချာခနဲ လှည့်ထွက်သွားသည်။ သူ့မှာ အတင်း ပြန်လိုက်ဆွဲရပြန်၏။

''ကားပေါ်တက်ပါတော့ကွာ၊ မင်းပဲ ပရယ်တီကယ်ချိန်က အစော ကြီးမို့ စောစောသွားရမယ်လို့ ပြောနေပြီးတော့၊ ခုလိုလုပ်နေတာ ပိုနောက်ကျ မနေဘူးလား''

သူ့စကားက သူမကို သတိပေးလိုက်သလို ဖြစ်သွားပုံပါပဲ၊ ဒေါသ ကြောင့် မှုန်ကုတ်နေသောမျက်နှာလေး ချက်ချင်းပင် အရောင်ပြောင်းသွား သည်။ အလောတကြီး စိတ်ပူပန်နေသော မျက်နှာထားလေးအဖြစ်၊ နောက် တော့ လမ်းထက်ကို ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက် လုပ်၏။ အငှားယာဉ်တစ်စီးစီး မောင်းလာတာကို သူမ မျှော်လင့်နေပုံပါပဲ။

''ဒီလို ရပ်ကွက်ထဲမှာ အငှားကားတွေ သိပ်မဖြတ်တာ မင်းအသိ ဆုံးဖြစ်မှာပါကွာ၊ လမ်းထိပ်ကြီးထိ ထွက်ငှားနေရင်လည်း အချိန်တွေ ပိုကုန် ပါတယ် တက်''

သူမ ဟိုကြည့်ဒီကြည့် လုပ်နေတုန်း သူက ကားကိုစက်နှိုးပြီး မောင်းထွက်ခဲ့ပြီ ဖြစ်သည်။ သူမရှေ့တည့်တည့်မှာ ကားထိုးရပ်ပြီး ခေါ်နေတာ တောင် သူမက မှုချင်ချင်နှင့် ပေကပ်ကပ်လုပ်နေသေးသည်။

''မင်းမတက်ဘူးလား၊ ဒါဆို မင်းတကယ်နောက်ကျတော့မှာနော် မင်းလက်တွေ့ချိန်စဖို့ သိပ်မလိုတော့ဘူး''

ထိုစကားကြားမှ ကားတံခါးလေးကို ဆွဲဖွင့်ပြီး ဝင်ထိုင်ဖော်ရတော့





၏၊ ခေါင်းကြောလေးမာတာတော့ ကျိန်းသေနေပါပြီ။

''ကျောင်းက ဘယ်အချိန်ဆင်းတာလဲ''

သူမ မဖြေ။ မျက်နှာလေးကို ရှုပုပ်ပြီး ဘေးမှာထိုင်နေ၏။

''ညီမလေး မဖြေလည်း ရတယ်နော်၊ ကိုကိုက ညီမလေး ထွက် မလာမချင်း ကျောင်းထဲမှာ ကားရပ်ပြီး စောင့်နေမှာ၊ ကိုကို့အချိန်တွေ သိပ်ပိုနေတာ သိတယ်မဟုတ်လား''

ကျောင်းဝင်းထဲက သစ်ပင်တစ်ပင်အောက်မှာ ကားလေးကို ထိုး ရပ်လိုက်ပြီး သူ စက်သတ်ထားလိုက်သည်။ မေပျို မဖြေရင် သူ တကယ်ပဲ စိတ်ရှည်ရှည်နဲ့စောင့်ဖို့ ဆုံးဖြတ်ပြီးသားပါ။

''တကယ်ပဲ မေပျို့အစ်ကို လုပ်ချင်တာလား''

''ဒါပေါ့ ကိုယ်က မင်းကို ညီမလေးတစ်ယောက်လို ချစ်နေမိပြီ၊ မင်းဆိုးလည်း သည်းခံနိုင်ဖို့ ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်၊ ငယ်ငယ် တည်းက မောင်နှမတွေ လိုချင်ခဲ့တာလေ၊ ခုလိုမျိုး မင်းနဲ့ဆုံခွင့်ရတာ ကိုယ် ကတော့ ဝမ်းသာတယ်''

သူ့ရင်ထဲကစကားကို သူ စစ်စစ်မှန်မှန် ဝန်ခံမိခြင်း ဖြစ်သည်။ မေပျို ယုံတာမယုံတာကတော့ သူနဲ့မဆိုင်ပါ။ သူ့ဘက်ကတော့ တကယ့် ကို အပြတ်သားဆုံး ပြောလိုက်ခြင်းဖြစ်၏။

''မနေ့က မေပျို တမင်လုပ်လိုက်တာ သိတယ်မဟုတ်လား''

''ကိုယ်တစ်လျှောက်လုံး မသိခဲ့ပါဘူး၊ အိမ်ပြန်ရောက်လို့ မင်းရဲ့ ဝပ်ဖြဖြမျက်နှာလေးမြင်မှ သိတာ၊ ဖေဖေတို့ကိစ္စကို မင်းထပ်ပြီးကန့်ကွက် ချင်လို့ အိမ်က ထွက်သွားတယ်ထင်နေတာ၊ မင်းနဲ့ထိုင်ဖြစ်ခဲ့တဲ့ ကော်ဖီဆိုင် တွေ မြေအိုးမီးရှည်ဆိုင်တွေအားလုံးကို လျှောက်ရှာခဲ့တာ''



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မေပျို့က တစ်ချိန်လုံး အခန်းထဲမှာ အိပ်နေတာလေ"

အောင်နိုင်သူတစ်ယောက်လို အပြုံးမျိုးဖြင့် သူမ ပြောသည်။ သို့ကလေးက ခြသေ့်ကြီးကိုအနိုင်ရသွားလို့ သိပ်ဂုဏ်ယူနေသည့် မျက်နှာပေးမျိုးပေါ့။

"ဟုတ်ပါပြီကွာ၊ မင်းနိုင်တယ် ကိုယ်ရှုံးတယ် ကျေနပ်လား"

သူက ပြုံးပြုံးရယ်ရယ်နှင့် အရှုံးပေးပြန်တော့လည်း မျက်နှာလေးက ခပ်တည်တည်လေး ပြန်ဖြစ်သွားပြန်သည်။ ဘာမှထပ်မပြောတော့ဘဲ ကားတံခါးကိုဖွင့်ဆင်း၏။

"ပရယ်တီကယ်တစ်ချိန်ပဲ တက်မှာ၊ စောင့်ချင်လည်းစောင့် မစောင့် နိုင်လည်း စိတ်မဆိုးဘူးနော်"

သူ့ကိုလှည့်မကြည့်ဘဲ ခပ်ကျယ်ကျယ်လေး အော်ပြောသွားသည်။ သူက မလာမချင်း စောင့်ပါမယ်လို့ ပြောပြီးတာကိုတောင် သူမက အထွန့်လေးတက်သွားသေး၏။ တတ်လည်းတတ်နိုင်တဲ့ ကောင်မလေး။

"မောင်နှမနှစ်ယောက် အိုကေနေကြတယ်ပေါ့လေ"

ကျောင်းဆောင်ထဲကနေ လှမ်းကြည့်နေသော ဟိုသုံးယောက်က သူမရောက်လာသည်နှင့် အတိုင်အဖောက်ညီညီ ဝိုင်းစကြ၏။ မနေ့က အဖြစ်အပျက်အတွက် သူက ဘာမှမဖြစ်သည့်အပြင် သူမကိုတောင် ညီမလေးတစ်ယောက်လိုစောင့်ရှောက်မယ်လို့ မာမီတို့ကို ကတိပေးခဲ့သည့် အကြောင်း ညကသူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး ပြောပြပြီးသွားပြီမို့ သူတို့က အခြေအနေကို သဘောပေါက်စွာ စနေကြခြင်းဖြစ်သည်။

"ငါက လိုက်မပို့ပါနဲ့ဆိုတာကို အတင်းလိုက်ပို့တာပါဟာ"

"အပြန်ကိုလည်း စောင့်ခေါ်မယ်ဆိုတဲ့ သဘောပေါ့နော် ယောင်း"



BURMESE CLASSIC



ပိုးက စပ်ဖြဲဖြဲနှင့် ပြောလျှင် သူမ ထောင်းခနဲ စိတ်တိုသွားသည်။ ကြည့်စမ်း ပိုးတို့များ ကဲချက်၊ မေပျို့ကိုတောင် ခုတည်းက ယောင်းမခေါ်နေပြီ။

"ဘာဖြစ်လို့ မျက်စောင်းကြီးထိုးတာလဲ ယောင်းမရယ်"

"နင့်ကို ဘယ်သူက ယောင်းမတော်မယ်လို့ ပြောနေလို့တုန်း"

ခပ်ဆတ်ဆတ်ကလေး ပြန်ပြောလျက် သူမ ရှေ့ဆုံးကနေ အခန်းထဲ ဝင်ခဲ့လိုက်သည်။ ဟိုမိန်းမသုံးယောက်ရဲ့ဝါးခနဲ ရယ်မောလိုက်သံကို နောက်ဘက်မှာ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရပါရဲ့။ စနောက်နေတာမှန်း သိပေမယ့် မေပျို့ကို ယောင်းမလို့ ခေါ်တာတော့ နည်းနည်းမှမကြိုက်ပါ။

အဲဒီခံစားချက်ကြီးက ဘာဖြစ်လို့မှန်းလည်းမသိ၊ ကြားကြားချင်းမှာ ပိုးကို ပိုးစိုးပက်စက် ပြောပစ်လိုက်ချင်စိတ်များတောင် ပေါ်ပေါက်လာမိသည်ထိ သူမ ဆတ်ဆတ်ခါသွားခြင်း ဖြစ်သည်။

"မျက်နှာကြီးကလည်း ရှုပုပ်နေတာပဲ၊ ဘာလဲ နင့်ကို ယောင်းမလို့ခေါ်လိုက်မိလို့လား"

သူမ ဘာမှပြန်မဖြေဘဲ မျက်စောင်းကြီးတစ်ချပ် ထပ်ထိုးလိုက်မိခါး ဌာနမှူးဆရာမ ဝင်လာတာမို့ ဘာမှဆက်မပြောနိုင်ကြတော့ဘဲ အားလုံး ကိုယ်စီကိုယ်စီ ပါးစပ်ကလေးတွေ ပိတ်သွားကြသည်။ အတန်းချိန်ပြီးရင်တော့ မေပျို့ကို နားငြီးအောင် သူငယ်ချင်းတွေ ထပ်စနောက်ဦးမှာ မြင်ယောင်နေမိရင်း လေပူလေးတစ်ချက် မှုတ်ထုတ်လိုက်မိ၏။

ကိုစစ်ငြိမ်းချမ်းရေ ရှင်ကတော့ ကားထဲမှာ အေးအေးဆေးဆေး လေး ထိုင်စောင့်ရင်း ငြိမ်းချမ်းနေမှာပဲနော်။ မေပျို့မှာတော့ သူငယ်ချင်းတွေရဲ့ အစအနောက်တွေကြားမှာ ပက်လက်မျောနေရသည်။ အင်းလေ၊ ဒါကလည်း



www.burmeseclassic.com

www.burmeseclassic.com



မေပျို့ ပြောထားမိသည့် စကားတစ်ခုကြောင့် ပိုင်းစနေကြတာပါ။ စစ်မြီးချမ်းကို ခွဲလမ်းနေမိပြီလို့ မေပျို ရင်ဖွင့်ခဲ့ဖူးတယ်လေ။

အဲဒီလို ရင်ဖွင့်ပြီး သိပ်မကြာခင်မှာပဲ ဒီလူကို အစ်ကိုတစ်ယောက်အနေနဲ့ တစ်အိမ်ထဲမှာ မြင်တွေ့ရလိမ့်မယ်လို့ ဘယ်လိုထင်ခဲ့မိပါ့မလဲ၊ ခုတော့ မေပျို့ဘက်က ရင်ခုန်စွဲလမ်းခဲ့ရသည့်ယောက်ျားတစ်ယောက်ဟာ အစ်ကိုတစ်ယောက်အနေနဲ့ မေပျိုနဲ့အနီးဆုံးမှာ ရှိနေခဲ့ပြီ။

အဲဒီအတွက် သူမ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလားဟင်။

■ ■ ■

ကားလေးထိုးရပ်လိုက်သည်နှင့် သွက်သွက်လက်လက်ကြီး ဆင်းကာ အိမ်ထဲပြေးဝင်သွားသော မေပျို့ကိုကြည့်ပြီး သူ နည်းနည်းတော့ စိတ်ညစ်သွားမိ၏။ ခင်မင်နှစ်လိုဖွယ်ကောင်းခဲ့သည့် ထိုကောင်မလေးက ဘာဖြစ်လို့များ သူ့ကို စိမ်းစိမ်းကားကား ဖြစ်နေရတာလဲ။

ဒီလိုပုံစံမျိုးသာ နေ့တိုင်းဆက်ဆံနေရင် သူ့ယုံကြည်ချက်တွေ နည်းနည်းတော့ ပျက်ပြားလာမှာ ကျိန်းသေပါသည်။ သူက တကယ့်ကို မောင်နှမရင်းချာတွေလို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ရှိချင်ခဲ့တာ။ ညီမလေးတစ်ယောက်ကို အပြည့်အဝ ကြည့်ရှုပေးနိုင်သည့် စောင့်ရှောက်ပေးနိုင်သည့် အစ်ကိုတစ်ယောက် ဖြစ်ချင်ခဲ့တာ။

အဲဒီအခွင့်အရေးကို ဒီကောင်မလေးက မပေးတော့ဘူးလား မသိပါ။

သူ ပြန်ရမည့်နေ့ရက်များကလည်း တဖြည်းဖြည်းနဲ့ နီးကပ်လာနေပြီ။ ဟိုကို မပြန်ခင်လေးအတွင်းတော့ မေပျိုနှင့်ငြိမ်းချမ်းရေး ရသွားချင်ပါသည်။





အဝတ်အစားများလဲလှယ်လိုက်ပြီး ညနေခင်းရဲ့လေကို ရှူရှိုက်ချင်သောကြောင့် အဲကွန်းဖွင့်ထားသော အခန်းလေးထဲကနေ ဝရန်တာလေးဆီသို့ သူ လှမ်းထွက်ခဲ့လိုက်သည်။ ပန်းခင်းသေးသေးလေးက အန်တီထားကိုယ်တိုင် စိုက်ပျိုးထားတာတဲ့။ သားအမိနှစ်ယောက်လုံး နှင်းဆီပန်းနှစ်သက်သောကြောင့် ထိုပန်းခင်းလေးကို တစ်ယောက်တစ်လှည့် ပုံမှန်ရေလောင်းပေါင်းသင်ဖြစ်တယ်တဲ့။ သူကတော့ ဝရန်တာထွက်လိုက်တိုင်း ပန်းရနံ့လေးများက အပေါ်ထပ်ဆီ ဝေ့ဝဲလွင့်ပျံ့လာပြီး ထိုရနံ့လေးများကို ရှူရှိုက်ရသည့်ခံစားချက်အား နှစ်သက်ပါသည်။

ပန်းခင်းလေးကို ငေးကြည့်နေမိစဉ်မှာ မျက်ဝန်းထောင့်စွန်းနားမှ လှုပ်ရှားမှုလေးတစ်ခုကို လှမ်းတွေ့လိုက်သောကြောင့် လှမ်းကြည့်မိလျှင် အစ်ဖက်ဝရန်တာမှာ မတ်တတ်ရပ်နေသော မေပျို။ သူ့ကို မြင်ပုံမရပါ။ သူမဘာသာ အတွေးများဖြင့် နစ်မျောနေသည့်ပုံ။

ရေမိုးချိုး အဝတ်အစားလဲပြီးကာစ ဖြစ်ပါလိမ့်မည်။ သနပ်ခါးရေကျဲကျဲပါးလေးက ပါးပြင်ထက်မှာ နေရာယူထားပြီး ထိုသနပ်ခါးနံ့လေးနှင့် ပန်းခင်းလေးဆီမှ ပန်းရနံ့တို့ ပေါင်းစပ်ထုံသင်းနေသောအခါ သူ့ပတ်ဝန်းကျင်သည် အနံ့ပိုးဖြတ်မရလောက်အောင် လှပပြည့်စုံသွားခဲ့၏။

"ဟေး ညီမလေး"

ရှေ့တူရူကို ငေးကြည့်နေသော မေပျို။ သူ့အသံကြောင့် လန့်ဖျပ်သွားသလိုလေး လှည့်ကြည့်သည်။

"ဘာတုန်း"

"ကျောင်းက ပြန်လာတာ ဘာမှမစားဘူးလား"

အန်တီထား မေးနေကျအတိုင်း သူ မေးလိုက်ခြင်း ဖြစ်၏။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အန်တီထားရော ဖေဖေပါ ကမ္ဘာကြီးက ပြန်မရောက်သေးသောကြောင့် သူတို့နှစ်ယောက်တည်း။ အိမ်အကူမိန်းမကြီးက မနက်တည်းက သူချက်ပြုတ်စရာရှိတာတွေ ချက်ပြုတ်ပြင်ဆင်ပေးပြီး သူ့အိမ်သူ ပြန်သွားခဲ့ပြီလေ။

"မာမီ့ပုံစံ လိုက်လုပ်နေတာလား"

"အန်တီမရှိတော့ ကိုယ်က အန်တီ့ကိုယ်စား မင်းကို စောင့်ရှောက်ရမှာပဲလေ"

"မလိုပါဘူး"

"ဟိတ် နေဦး"

တစ်ဖက်သို့လှည့်သွားပြီး အခန်းထဲပြန်ဝင်ရန် လုပ်နေသော မေပျိုကို သူ အချိန်မီ တားမြစ်လိုက်သည်။

"ဘာပြောမလို့လဲ"

"ဘာဖြစ်လို့ ကိုကို့ကို ခုလိုမျိုးပုံစံ ဆက်ဆံနေတာလဲ"

သူမ ခေါ်ခဲ့ဖူးသည့်အတိုင်း ကိုယ့်ကိုယ်ကိုယ် သုံးနှုန်းပြောဆိုလိုက်သည်။

"လူကို အူကြောင်ကြောင်ဖြစ်အောင် နောက်ယောင်ခံလိုက်ပြီး ဆက်ဆံခဲ့တာ ဘယ်သူလဲ၊ အရင်ပြန်စဉ်းစားပါဦး၊ မေပျို့ကိုပဲ အရင်လာမေးမနေနဲ့"

"အဲဒီကိစ္စ ကိုကို ရှင်းပြပြီးပြီပဲကွာ"

"ဘယ်လောက်ရှင်းပြရှင်းပြ မေပျိုမှ မကျေနပ်သေးတာပဲ၊ မေပျို ကျေနပ်မှ ကောင်းကောင်းမွန်မွန် ဆက်ဆံမှာပေါ့လို့"

ချာခနဲလှည့်ထွက်ပြီး အခန်းထဲ ပြန်ဝင်သွားသည်။ သူ သက်ပြင်းချရန်ပြန်၏။ ကလေးတစ်ယောက်လို စိတ်ကောက်နေသည့် သူမကို သူက





စိတ်ကောက်မပြေမချင်း ချော့ရတော့မည်နဲ့ တူသည်။ ဒီလိုနဲ့ပဲ သူ ပြန်ရမယ့်ရက်ရောက်လာတာတောင် သူမက စိတ်ကောက်မပြေသေးရင် ဒီညီမလေးကို သူ အကြာကြီးခွဲခွာသွားရတော့မှာလေ။ ဒီလိုသာဆို သူတို့နှစ်ယောက်ကြားမှာ ရင်းနှီးနွေးထွေးမှုတွေ တိုးမလာသည့်အပြင် ပိုလို့တောင် လျော့ပါးသွားဦးမှာပါ။

■ ■ ■

"ဒီနေ့ ကျောင်းကအပြန် ဘာလုပ်စရာရှိလဲ"

ကားမောင်းနေရင်းနှင့် သူ လှမ်းမေးမိသည်။ ထုံးစံအတိုင်း တော်တော်နဲ့မဖြေ။

"ဟိတ် မေးနေတယ်လေ"

"ဘာမှလုပ်စရာမရှိဘူး။ အိမ်တန်းပြန်မှာ"

"ကျူရှင်ရော"

"ဒီနေ့ မရှိဘူး"

"ဒါဆို ကိုကိုတို့ တစ်နေရာရာမှာ မုန့်သွားစားရအောင်"

"မစားချင်ပါဘူး။ ဒီလိုမျိုး လိုက်ပို့နေလို့ သူငယ်ချင်းတွေနဲ့တောင် ကောင်းကောင်းလျှောက်မသွားနိုင်ဖြစ်နေတာ"

"ဟို ညီမလေးသုံးယောက်ကိုပါ ခေါ်လိုက်လေ၊ ဒီနေ့အားလုံးကို ကိုကိုက ဒကာခံပါ့မယ်"

ရှေ့တည့်တည့်ကိုကြည့်နေရင်းကနေ ဖြတ်ခနဲ လှည့်လာပြီး သူ့ကို မေပျို မျက်စောင်းနီကြီးနှင့် ကြည့်၏။ သူမ သူငယ်ချင်းတွေအားလုံးကို ကျွေးမယ်လို့ပြောတာ သူ ဘယ်နေရာမှာများ မှားယွင်းသွားလို့ပါလိမ့်။ စိတ်ဆိုးမာန်ဆိုး ကြည့်လို့ဝတော့မှ ဆတ်ခနဲ ပြန်လှည့်သွားသည်။ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပွစိပွစိ ရေရွတ်နေလိုက်သေး၏။

"ရှိသမျှအားလုံးကို ညီမလေးတော်ချင်နေတဲ့လူကများ မေပျို တစ်ယောက်တည်းကို ဂရုစိုက်သလို လာဟန်ဆောင်နေသေးတယ်"

"ဟောဗျာ"

သူ တော်တော်ကြောင်တောင်တောင် ဖြစ်သွားရသည်။ လတ်စသတ်တော့ ကျန်တဲ့မိန်းကလေးတွေကိုပါ သူက ညီမလေးတွေလို့ သုံးနှုန်းလိုက်လို့ မျက်ထောင့်နီကြီးနှင့် အကြည့်ခံရခြင်းပဲ။ ရယ်လည်းရယ်ချင်သွားမိ၏။

"ကိုကို့ညီမလေးက မေပျိုတစ်ယောက်တည်းပါ၊ ကျန်တဲ့မိန်းကလေးတွေက မေပျို့သူငယ်ချင်းတွေမို့လို့ ရင်းရင်းနှီးနှီး ပြောလိုက်တာပါကွာ"

သူ ချော့ဖို့ ကြိုးစားရပြန်သည်။

"စိတ်မကောက်နဲ့တော့နော်"

"အိုး ဘယ်သူက စိတ်ကောက်နေလို့လဲ၊ ကလေးမဟုတ် သူငယ်မဟုတ်"

"မကောက်ဘူးဆိုလည်း ဒီနေ့လယ် ကိုကိုနဲ့အတူ တစ်ခုခုသွားစားမှာကို သဘောတူတယ်လို့ သတ်မှတ်လိုက်မယ်နော်"

မေပျို ဘာမှပြန်မပြော။ သူမတို့ကျောင်းအဆောင်ရှေ့မှာ ကားလေးထိုးရပ်လိုက်ပြီးမှ ကားပေါ်ကဆင်းကာ ခြေလေးဆောင့်လျက် ထွက်ခွာသွားသည်။ ချစ်ဖို့ကောင်းတဲ့ညီမလေးတစ်ယောက် ကောက်ရထားသလိုမို့ သူကတော့ မေပျို ဘာလုပ်လုပ် အပြစ်မမြင်မိပါ။

ငယ်ငယ်တည်းက ဖေဖေ အလုပ်သွားပြီဆို သူတစ်ယောက်တည်း ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဘဝကို ဖြတ်သန်းခဲ့ရ၏။ မေမေ့ကိုတမ်းတ





သောစိတ် အနားမှာ မေမေ့ကိုရှိစေချင်သောစိတ်များဖြင့် သူတစ်ယောက်တည်း ကြိတ်ဝမ်းနည်းခဲ့ရသည်။ အေးအေးဆေးဆေးပဲ နေတတ်ပြီး စကားနည်းသော သူ့အတွက် ကျောင်းတက်လာသည့်တစ်လျှောက်လုံး သူငယ်ချင်းအပေါင်းအသင်းဆိုတာလည်း မရှိသလောက် နည်းပါးခဲ့သည်။

မြန်မာပြည်မှာ အထက်တန်းအောင်သည်ထိပဲ ကျောင်းတက်ကာ နောက်ပိုင်း ဘွဲ့ရသည်ထိက နိုင်ငံခြားမှာပဲ ပညာဆည်းပူးခဲ့ရတာဆိုတော့ သူ့မှာ မြန်မာသူငယ်ချင်း ရှားပါးသည်။ မေပျို့နောက်ကို လိုက်ကြည့်မိတုန်းက မြေဒိုးမြိုးရှည်စားဖြစ်သည့် သူငယ်ချင်းတွေကတောင် အထက်တန်းလောက်တုန်းက ကျူရှင်တစ်ခုတည်း တက်ခဲ့တာမို့ ခင်မင်နေကြခြင်း ဖြစ်သည်။ ခုဆို အဲဒီကောင်တွေနဲ့လည်း မတွေ့ဖြစ်ခဲ့တာ ကြာပေါ့။

သူက တစ်ယောက်တည်းနေရတာကို နှစ်သက်ပေမယ့် မေပျို့ကို မြင်လိုက်တဲ့အချိန်မှာ ညီမလေးတစ်ယောက်လို ချစ်ခင်စောင့်ရှောက်ပေးချင်စိတ်တွေ တကယ့်ကို ပေါက်ဖွားလာရခြင်းဖြစ်သည်။ သူ့လိုပဲ တစ်ယောက်တည်း ကြီးပြင်းလာရသော မေပျိုကတော့ သူငယ်ချင်းလေးတွေ အများကြီးနှင့်မို့ အထီးကျန်ဘဝကို ဖြတ်သန်းခဲ့ရပုံ မရှိပါ။ သူ့ကိုလည်း နားလည်မပေးဘဲ စိတ်ဆိုးနေသေးသည်။

ဟိုတွေးဒီတွေးနှင့် သူ ပျင်းပျင်းရှိလာတော့ ကားထဲကနေ ထွက်လျက် စားသောက်ဆိုင်တန်းလေးများရှိရာဆီ လျှောက်လာခဲ့လိုက်၏။ လူရှင်းသော ဆိုင်တစ်ဆိုင်မှာထိုင်ပြီး ကော်ဖီတစ်ခွက်မှာယူလိုက်သည်။ ကော်ဖီလေးသောက်လိုက် ဆေးလိပ်လေးဖွာလိုက်နှင့် သူ အေးအေးဆေးဆေး အချိန်ဖြုန်းနေလိုက်၏။

ကျောင်းသူကျောင်းသားတွေ အတန်းတက်နေရသော အချိန်မို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကန်တင်းမှာ လူရှင်းနေတာဖြစ်မည်။ သူ ထိုင်နေတဲ့ဆိုင်လေးထဲမှာတော့ တခြားဝိုင်းတစ်ဝိုင်းမှာ ထိုင်နေသော ဆံပင်အရှည်ကြီးနှင့် ကောင်မလေးကလွဲရင် ဘယ်သူမှမရှိ။

ခဏနေတော့ ထိုကောင်မလေးလည်း သူ့ရှေ့ကဖြတ်လျှောက်ကာ ဆိုင်ပြင်ထွက်သွား၏။ ခုတော့ ဆိုင်လေးထဲမှာ သူတစ်ယောက်တည်း။ ဟင် ထိုကောင်မလေး ကိုင်ထားသော စာအုပ်ရှည်လေးထဲကနေ ကဒ်လေး တစ်ခု ထွက်ကျသွားတာ သူ လှမ်းမြင်လိုက်၏။ သူ့မျက်စိရှေ့တည့်တည့်မှာ ကျကျန်ခဲ့သော ကဒ်လေးကို သူ ကောက်ယူလိုက်မိ၏။ ကျောင်းသားကဒ်လေးဖြစ်သည်။'

နာမည်က ပန်းဝတီ ဆိုပါလား။ မြန်မာစာ တတိယနှစ်တဲ့။ ကျောင်း သားကဒ်ထဲက ဓာတ်ပုံလေးထဲမှာတော့ တညီတည်းငြိမ်ငြိမ် ဆံပင်ရှည်ရှည် နှင့် ကောင်မလေးက ခင်မင်နှစ်လိုဖွယ်ကောင်းနေပါသည်။ သူ လှမ်းခေါ်ပြီး ပေးဖို့ ကြည့်လိုက်တော့ သူမ အရိပ်အယောင်ပင် မမြင်ရတော့။

ဘယ်လမ်းကို ချိုးကွေ့ပြီး ဘယ်အဆောင်ထဲကို ဝင်သွားပြီလဲ မသိ။ တကယ်ဆို ပြုတ်ကျသွားတည်းက လှမ်းခေါ်လိုက်သင့်တာကို ကိုယ်တိုင်ကောက်ယူပြီး စိမ်ပြေနပြေ ကြည့်နေလိုက်မိသော အပြစ်ပါပဲ။ နောက်ဆုံးတော့ ဒီတိုင်းလည်း မထားခဲ့နိုင်တာမို့ ဘောင်းဘီအိတ်ထဲ ထည့်ယူလာခဲ့ရတော့၏။ နောက်နေ့တွေ မေပျို့ကို လိုက်ပို့ရင်းနဲ့ ဒီဆိုင်လေးမှာ လာထိုင်စောင့်နေရင် တွေ့ကောင်းတွေ့နိုင်သေးတာပဲလေ။

"မေပျို့တို့ ရောက်နေပြီလား"

ကားနားမှာ မျက်နှာစူပုပ်လျက် ရပ်နေသော မေပျို့။ သူငယ်ချင်း





သုံးယောက်လည်း သူမဘေးမှာ ကပ်လျက်ပါ၏။

"ရောက်နေတာ ကြာလှပြီ"

"ဆောရီးပါကွာ၊ ကိုကို ပျင်းတာနဲ့ ကန်တင်းဘက်သွားထိုင်နေတာ"

"အဲဒါကြောင့် လိုက်မပို့ပါနဲ့လို့ ပြောသားပဲ"

"ကဲပါကွာ ကိုကို တောင်းပန်တယ်၊ စိတ်မကောက်နဲ့တော့ ဟုတ်ပြီလား"

"ကြည့် ဘယ်သူက စိတ်ကောက်လို့လဲလို့"

သူမအတွက် ကားတံခါးလေးကို သူကိုယ်တိုင်ဆွဲဖွင့်ပေးလိုက်တော့ ဆောင့်ဆောင့်အောင့်အောင့်နှင့် တက်ထိုင်လိုက်သည်။

"နင်တို့က ဘာလုပ်နေတာလဲ တက်လေ"

သူ့ငယ်ချင်းတွေကိုလည်း လှမ်းအော်လိုက်သေး၏။ သူ့ကို စိတ်ကောက်ချင်နေတာတွေ သူငယ်ချင်းတွေထံ ကူးရောက်ဖို့တာစူနေပြီ။ ဒါကိုသိပုံရသော သူငယ်ချင်းများကလည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပခုံးလေးတွေတွန့်လျက် ကားပေါ်ခပ်မြန်မြန်တက်လာသည်။

အားလုံး လူစုံတော့မှ သူ ကားစက်နှိုးလိုက်သည်။

"ညီမလေးတို့ ဘာစားချင်ကြလဲ"

သူ့စကားအဆုံးမှာ မေပျို့ဆီက အကြည့်တစ်ချက် ဒိုင်းခနဲရောက်လာသည်။ ရှူးရှူးရှရှ။ နောက်ခန်းထဲမှာ မိုးစက်တို့ပါလာလို့ သူမ ဘာမှတော့ မပြောပါ။

"ကိုကို့ညီမလေးက ဘာစားချင်တာလဲ၊ နောက်က မိုးစက်တို့ ညီမလေးတို့ ပိုးတို့ရော ဘာစားကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ချက်ချင်းပင် စကားကို ပြန်ပြင်ပြောလိုက်ရသည်။ သူမကတော့ မျက်မှောင်ကြီးကျုံ့ပြီး ကြည့်နေပြန်၏။ သူ တမင်ရွဲ့နေတယ်လို့ ထင်ချင်လည်း ထင်သွားမှာပေါ့။

"ကိုစစ်ငြိမ်းချမ်း သွားချင်တဲ့ဆီသာ သွားပါ၊ ညီမတို့တစ်အုပ်စုလုံးက အစားအသောက်ဆို ဘာလာလာ ဒေါင်းပြီးသား"

ပိုးက သွက်သွက်လက်လက်လေး ပြန်ဖြေသည်။ ထိုမိန်းကလေးကိုနောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်နေသော မေပျို့မျက်ဝန်းတွေက မလိုတမာမှုတွေ ပျော်ဝင်နေသလိုပဲ။ သူတို့သူငယ်ချင်းတွေကြားမှာ ဘာတွေများ စကားများထားကြလဲ မသိဘူးလို့ သူ တွေးမိသည်။ မေပျို့က အားနေတိုင်း ရန်လိုနေတတ်သည့် မိန်းကလေးတော့ မဟုတ်ပါ။

ဂျပန်အစားအသောက်ရောင်းသော ဆိုင်လေးတစ်ခုရှေ့မှာ ကားရပ်လိုက်သည်။

"ဆူရှီမစားရတာ ကြာနေတာနဲ့ အတော်ပဲ"

"နင့်ကို ဆူရှီနဲ့ ဖို့သတ်ပစ်မယ်"

ဆူရှီမစားရတာ ကြာပြီလို့ပြောလိုက်မိသော ပိုး မျက်နှာပိုးလေးသတ်လျက် မေပျို့ကို လျှာလေးတစ်လစ်ထုတ်ပြသည်။ စားပွဲရှည်ကြီးတစ်ခုလုံးအပြည့် စားသောက်စရာများ ရောက်လာတော့ စားလိုက်ကြတာ တကယ့် ကလေးများအတိုင်း။ မေပျို့ကသာ သူ့ကိုခိုးကြည့်လိုက် တစ်ခါနှိုက်စားလိုက်နှင့် နည်းနည်းလက်နှေးနေတာ။

"ညီမလေး မကြိုက်ဘူးလား"

"မေပျို့လား မကြိုက်မှာ၊ ချေညှိဟင်းချိုဆို အသေကြိုက်လေ"

မိုးစက်က ဝင်ဖြေသည်။ သူမ မိုးစက်ကို မျက်စောင်းထိုးပြန်၏။





"ငါ နင့်ကို ရေနေငှားထားမိလို့လား"

"ဟဲ့ နင်ကလည်း အထာမကိုင်နေစမ်းပါနဲ့၊ ကိုစစ်ငြိမ်းချမ်းက နင့်အစ်ကိုပဲလေ၊ နင်တို့တစ်ယောက်အကြောင်း တစ်ယောက်သိထားရမှာ မဟုတ်ဘူးလား"

ပြောလိုက်ကာမှ မိုးစက်က ပါးစပ်ပိတ်မသွားသည့်အပြင် ပိုလို့တောင် အရောက်ပို့လိုက်သလိုမို့ မေပျို့မျက်နှာလေး သုန်မှုန်သွား၏။ သူတောင် မိုးစက်ကို ကျေးဇူးတင်သွားမိသည်။

"ဟုတ်တာပေါ့ မိုးစက်ရယ်၊ ကျွန်တော်က ညီမလေးနဲ့ ရင်းရင်းနှီးနှီးနေချင်တာ"

"သူကလည်း ကိုစစ်ငြိမ်းချမ်းနဲ့ ရင်းနှီးချင်ပါတယ်၊ ဒါပေမဲ့ အစပိုင်းတုန်းက သူ့ကိုအရူးလုပ်ထားတယ်ဆိုပြီး စိတ်ကောက်ချင်နေတာ"

"ကိုကို တောင်းပန်ပါတယ် ညီမလေးရာ၊ အဲဒါကို အပြစ်ကြီးတစ်ခုလို လုပ်မနေပါနဲ့တော့နော်"

"တော်ပြီ တော်ပြီ နောက်ဆုံးတော့ အားလုံးပေါင်းပြီး မေပျို့ကိုဝိုင်းပြောဖို့အတွက် သူငယ်ချင်းတွေကိုပါ ခေါ်လာခိုင်းတာမဟုတ်လား"

စားပွဲဝိုင်းကနေထလျက် ဘောက်ဆတ်ဆတ် ခြေလှမ်းများဖြင့် ဆိုင်ပြင်ထွက်သွားသော မေပျို့နောက်ကနေ သူ အပြေးလေး လိုက်ခဲ့ရသည်။ ကားနားရောက်ခါနီးမှာ သူမ လက်လေးတစ်ဖက်ကို သူ နောက်ကနေ လှမ်းဆွဲယူလိုက်၏။

"ဘာလုပ်တာတုန်း"

"ညီမလေး ဘယ်အချိန်ထိ ကိုကို့ကို အဲဒီလို ဆက်ဆံနေမှာလဲ"

"မေပျို့ စိတ်ကျေနပ်တဲ့အထိလို့ ပြောပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပြန်သွားတဲ့အထိ ညီမလေးက စိတ်မပြေသေးရင်ရော"

ဒီတစ်ခါတော့ သူမ ငြိမ်ကျသွားသည်။ သူဟာ ရန်ကုန်မှာ အမြဲ တမ်းရှိနေမည့်လူတစ်ယောက်မဟုတ်ဘူးဆိုတာ ဒီကောင်မလေး သတိမေ့ နေသည့်ပုံပါပဲ။

"ဘယ်တော့ ပြန်မှာလဲ"

သူ့မျက်နှာကို စေ့စေ့ပင်မကြည့်ဘဲ တိုးတိုးလေး သူမ မေးသည်။

"နောက်ငါးရက်ပဲ လိုတော့တယ်"

ဆုပ်ကိုင်ထားသော လက်ကလေးကို သူ ဖြေလွှတ်ပေးလိုက်သည်။ ဘယ်မှလည်း ထွက်မသွားတော့ဘဲ သူမ နေရာမှာတင် ငြိမ်ငြိမ်လေး ရပ်နေ၏။

"ကိုကိုတို့တွေက မိသားစုဖြစ်နေပြီပဲ၊ ပျော်ပျော်နေရအောင်နော် ညီမလေး"

■ ■ ■

အခန်း (၅)

တကယ်တမ်းတော့ မေပျို့စိတ်ထဲမှာ သူနဲ့ ခုလိုနီးနီးကပ်ကပ် နေ့နေရခြင်းကို ကျေနပ်ပျော်ရွှင်မိပါသည်။ ဒါပေမဲ့ အဲဒီလို ခံစားချက်တွေဖြစ် လေလေ သူ့ကို အစ်ကိုတစ်ယောက်လို မရှိုးသားနိုင်တော့လေပင်။ နဂို ကတည်းကမှ သူ့ကိုမြင်မြင်ချင်း စွဲလမ်းခဲ့မိသော မေပျို့မှာ တစ်အိမ်တည်းနေဖို့ အကြောင်းဖန်လာသည့်အတွက် ခံစားချက်လေးတွေ ပိုလို့အသက်ဝင်နေခဲ့ သည်။

မသိစိတ်ထဲကနေ သူ့ကိုမျှော်လင့်ချင်နေသေးတာ။ ဒါပေမဲ့ ကံ ကြမ္မာက သူမတို့နှစ်ယောက်ကို ကြီးမားတဲ့ တံတိုင်းကြီးတစ်ခုဖြင့် ပိုင်းခြား ထားခဲ့ထားလိုက်ပြီ။ ဘယ်လိုမှ ရှေ့ဆက်မရလောက်အောင် သူမ ခံစားချက် တွေ ပိတ်လှောင်ခံထားလိုက်ရသည်။

စစ်ငြိမ်းချမ်းကိုယ်တိုင်ကလည်း မေပျို့ကို ညီမလေးတစ်ယောက်လို ပဲ သဘောထားကြောင်း လက်ခံလိုက်ရပြီးသည့်နောက်မှာ အဲဒီလူ့ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တိုင်း ခုန်လှုပ်လာသည့် ရင်ဘတ်ကြီးအား သူမ ထိန်းသိမ်းနိုင်ဖို့ ကြိုးစားရတော့၏။ ဒါပေမဲ့လည်း မသိစိတ်များထဲကနေတော့ သူ့ဂရုစိုက်မှုလေးတွေကို ကြိတ်ပြီး သာယာနေခဲ့မိပါသည်။

ပိုးက မေပျို့ကို စနောက်သည့်သဘောဖြင့် ယောင်းမလို့ခေါ်ရင်တောင် စိတ်ထဲက ဒေါသတွေဖြစ်လာသည်ထိ သူမ ခံစားချက်တွေ နှနယ်သက်ဝင်နေခဲ့ပါသည်။ စစ်ငြိမ်းချမ်းက သူငယ်ချင်းတွေကို မေပျို့နှင့်တန်းတူ ဆက်ဆံတာလည်း သူမ မကြိုက်။ သဘောထားသေးတယ်ပဲပြောပြော ကြိုက်သလိုသာ ထင်ကြပါစေ၊ မေပျို့တစ်ယောက်တည်းသာလျှင် သူ့ဂရုစိုက်အလေးပေးမှုကို လိုချင်သည်။

သူ့အချစ်ကို မရဘူးဆိုရင်တောင် အေးမြသည့် သူ့မေတ္တာများနှင့် ဂရုစိုက်မှုတွေကိုတော့ မေပျို့ ပိုင်ဆိုင်ချင်နေပါသေး၏။ စိတ်ကောက်တိုင်း စိတ်ဆိုးတိုင်း ချော့တတ်သည့် သူ့စိတ်ကလေးကိုလည်း မေပျို့ ဖမ်းဆုပ်ချင်ထားသေးသည်။ ဒါကြောင့်လည်း သူ့ကို ကောင်းကောင်းမွန်မွန် မဆက်ဆံဘဲ အမြဲကလန်ကဆန် လုပ်မိခဲ့ခြင်း ဖြစ်၏။

ခုတော့ သူက မကြာခင်ရက်ပိုင်းလေးအတွင်းမှာ မေပျို့ကိုထားပြီး ထွက်သွားတော့မည်။ တစ်အိမ်တည်းမှာ အခန်းချင်းကပ်လျက် ရှိနေသည့် လူတစ်ယောက်ကို ဟိုးအဝေးကြီး တစ်မြေတစ်ရေထိ ခွဲခွာလွှတ်လိုက်ရမှာကိုတော့ သူမ နှလုံးသားလေးက ဝမ်းနည်းလာမိသည်။ သူ့နားမှာ ရှိနေချင်သေးသည်။ သူ့ဂရုစိုက်မှုလေးတွေ လိုချင်သေးသည်။

"ဒေါက် ဒေါက်"

တစ်ယောက်တည်း အခန်းအောင်းနေတုန်း အပြင်ဘက်မှ တံခါးခေါက်သံတိုးတိုးလေး ထွက်လာသည်။ မာမီများလားဆိုပြီး ထဖွင့်လိုက်သေ





မယ့် အံ့သြစရာကောင်းလောက်အောင်ပင် သူ ဖြစ်နေခဲ့၏။ သူမ အခန်းလေး မီးမပိတ်သေးဘဲ ခုလို ညသန်းခေါင်ထိရှိနေပြီဆိုရင် သူမ စာကျက်နေမှန်းသိသောကြောင့် မာမီက မုန့်တစ်ခုခုနှင့်ရောက်လာတတ်မြဲ ဖြစ်သည်။ ဒီညတော့ အတွေးများဖြင့် လုံးလည်ချာလည်လိုက်ပြီး စာလည်းမကျက်ဖြစ်ခဲ့ပါ။

"စာကျက်နေတာလား"

လက်ထဲမှာ ကော်ဖီခွက်နဲ့ လက်ဖက်သုပ်ပန်းကန်တင်ထားသော ဗန်းတစ်ခုကို ကိုင်ထားပြီး စစ်ငြိမ်းချမ်းက အပြုံးလေးဖြင့် မေးသည်။

"ဒါတွေက"

"ညီမလေး စာကျက်နေတယ်ဆိုပြီး အန်တီထားက မုန့်တွေလုပ်နေတာမြင်လို့ ကိုကိုက ကိုယ်စားယူလာပေးတာ"

အခန်းထဲဝင်လျက် ရှင်းလင်းနေသော စားပွဲပေါ်မှာ လင်ဗန်းလေးကိုချလိုက်ပြီး သူ မျက်မှောင်ကြီးကျုံ့သွားသည်။

"စာကျက်နေတာ မဟုတ်ဘူးလား ညီမလေး"

ဘာစာအုပ်တစ်အုပ်မှ အပြင်မှာရှိမနေဘဲ လွယ်အိတ်လေးကလည်း ကျောင်းကပြန်လာတုန်းကအတိုင်း ထောင်လျက်သား အရာပင်မပွင်းသေးဘာကို သူ သတိထားမိလိုက်ပုံပါ။

"စာကျက်နေတာ မဟုတ်ပါဘူး၊ မအိပ်ချင်သေးတာနဲ့ အင်တာနက် ထိုင်သုံးနေတာ"

စားပွဲပေါ်မှာအသင့်ရှိနေသော ဖုန်းလေးကို မေးငေါ့ပြပြီး သူမ အိမ်လည်လိုက်သည်။ ကိုကိုက ယုံကြည်သွားပုံပါပဲ။

"ဖုန်းကိုလည်း အကြာကြီး ကြည့်မနေနဲ့ဦး၊ အိပ်ရေးပျက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်စိလည်း ထိခိုက်မယ်''

"မကြည့်တော့ပါဘူး ကိုကို"

သူ့မျက်လုံးလေးတွေ အရောင်လက်သွားတာ မေပျို သတိထားလိုက်မိပါသည်။ ကောင်းကောင်းမွန်မွန်လေး ပြန်ဖြေပြီး ကိုကိုလို့လည်း စိတ်လိုလက်ရ ခေါ်လိုက်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံပါ။

"ငါ့ညီမက လိမ္မာလိုက်တာ၊ ကဲ စာမကျက်ဘူးဆိုရင်လည်း ကော်ဖီတွေ လက်ဖက်တွေ ကိုင်မနေနဲ့တော့၊ တော်ကြာ မျက်လုံးကြီး ကြောင်နေဦးမယ်''

သူက စားစရာတွေတင်ထားသော ဗန်းကိုပြန်ကောက်ယူလိုက်ပြီး အခန်းထဲမှ ထွက်သွားဖို့ ပြင်သည်။ သူမ လျင်လျင်မြန်မြန်ပင် သူ့လက်မောင်းတစ်ဖက်ကို လှမ်းဆွဲကိုင်ထားလိုက်မိ၏။

"ပြန်ယူမသွားနဲ့တော့လေ၊ ညီမလေးတို့နှစ်ယောက် စကားပြောရင်း စားကြတာပေါ့၊ ကိုကို မအိပ်ချင်သေးဘူးဆိုရင် ပြောတာပါ''

"ကိုကို မအိပ်ချင်သေးပါဘူး၊ ခုလိုမျိုး ညီမလေးနဲ့ ရင်းရင်းနှီးနှီး စကားပြောနိုင်တာကိုပဲ ဝမ်းသာနေမိတာ''

ဝရန်တာမှာ ခုံလေးတွေထုတ်ပြီး နှစ်ယောက်သား လက်ဖက်လေး စားလိုက် ကော်ဖီတစ်ခွက်ကို နှစ်ယောက်အတူသောက်လိုက်ဖြင့် ငြိမ်သက်နေမိသည်။ စကားပြောကြရအောင်လို့ ကိုကို့ကို ဖိတ်ခေါ်ခဲ့မိသော သူမကိုယ်တိုင်ပင် ဘာကိုဘယ်ကစလို့ပြောရမှန်း မသိ။

"ဟိုကို ပြန်တောင်မပြန်ချင်သေးဘူး''

နှစ်ဦးသားကြားက ငြိမ်သက်နေခြင်းကို ဖြိုခွဲလိုက်သူက ကိုကို။ ကော်ဖီတစ်ခွက်ကို နှစ်ယောက်အတူ သောက်နေရင်းကနေ နှာခေါင်းလေး





ရှုံ့ပြီး ပြောသည်။ မေပျိုလည်း ကိုကို့ကို မပြန်စေချင်သေးဘူးလို့ ပြောလိုက်ချင်ပေမယ့် ပြောလို့မထွက်ပါ။

"ဘာလို့မပြန်ချင်တာလဲ၊ ဟိုမှာက ကိုကို့အလုပ်တွေ အများကြီး ရှိနေတာ မဟုတ်လား''

"အင်းလေ အဲဒါကြောင့်လည်း ပြန်ရမှာပေါ့၊ မဟုတ်ရင် ဒီမှာ ရက်တွေအကြာကြီး ထပ်နေလို့ရသေးတယ်''

"အင်းနော်''

"ဟိတ် လက်ဖက်တွေ အများကြီးစားမနေနဲ့ဦး၊ တစ်ညလုံး အိပ်မပျော်ဘဲနေဦးမယ်''

လက်ဖက်သုပ်ပန်းကန်ကို လက်ကမချတမ်းကိုင်ပြီး စားနေသောကြောင့် ကိုကိုက မျက်လုံးကြီးပြူးပြီး ပြောသည်။ အဲဒီလို ဂရုစိုက်မှုလေးတွေကို မေပျို့ရင်ထဲကနေ ကြိတ်ပြီး ကြည်နူးနေမိတာ။ ကိုကိုမရှိတော့ရင် မေပျို တကယ့်ကို ပျင်းကျန်ခဲ့မှာ သေချာပါသည်။

"လက်ဖက်က မေပျို့အကြိုက်လေ၊ ဒါနဲ့ ကိုကို့ကို မေးရဦးမယ်''

"ဘာမေးမလို့လဲ''

"မေပျို့ကို တွေ့တွေ့ချင်းတုန်းက ဘယ်လိုခံစားရလဲဟင်''

လက်ထဲမှာ ကိုင်ထားသော ကော်ဖီခွက်ကို ချလိုက်ပြီး မေပျို့မျက်နှာကို ကိုကို လှမ်းကြည့်သည်။

"ပွင့်လင်းလွတ်လပ်တဲ့ ကောင်မလေးတစ်ယောက်လို့ မြင်တယ်၊ ပြီးတော့ ညီမလေးတစ်ယောက်လို ချစ်ခင်ပေးချင်တဲ့ဆန္ဒတွေလည်း ပေါ်လာတယ်''

ကိုကို့အဖြေကြောင့် နည်းနည်းတော့ စိတ်ညစ်သွားရပေမယ့် ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သင့်တဲ့အရာတစ်ခုပါပဲ။ မရှိုပြုံးလေးပြုံးဖြစ်ရုံကလွဲလို့ သူမ ဘာတတ်နိုင်မှာလဲ။

"ကိုကိုကိုကျတော့ မေပျိုက မုန်းနေခဲ့တာမဟုတ်လား"

"အို မဟုတ်ပါဘူး"

ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လိုက်ခင်မှာပဲ သူမ နှုတ်ခမ်းများက ငြင်းဆန်မိပြီးသား ဖြစ်နေသည်။

"ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ် ညီမလေးရဲ့"

ဘာမှပြန်မပြောဖြစ်တော့ဘဲ မေပျို ပါးစပ်ပိတ်ထားလိုက်သည်။ မဟုတ်ရင် ကိုကို ရိပ်မိသွားမှာစိုးလို့ပါ။ သူ့ကို တိတ်တိတ်လေး ရင်ခုန်နေခဲ့မိတယ်ဆိုတာလေ။

"ဟိုလေ မေပျို ပြောချင်တာက ကိုကို့ကို မမုန်းပါဘူး၊ ဒါပေမဲ့ မိသားစုဝင်တစ်ယောက်အနေနဲ့ ရုတ်တရက်ကြီး လက်ခံရမှာကျတော့ တစ်မျိုးဖြစ်နေတယ်လေ၊ ဒါကြောင့်ပါ၊ ပြီးတော့လေ ကိုကို့ကို အန်ကယ့်သားမှန်း မသိခင်တုန်းက မေပျိုတို့နဲ့ ရွယ်တူလို့တောင် ထင်ခဲ့မိတာ အဟင်း"

"ကိုကိုက ပေါ့ပေါ့ပါးပါးပဲ ဝတ်တတ်စားတတ်တော့ ထင်ချင်လည်းထင်မှာပေါ့နော်"

"အဲဒါထက် ကိုကိုက နုပြီးချောတယ်"

"ဟာ ဒီကောင်မလေးတော့ ဘာလိုချင်လို့ လူကိုမြှောက်နေတာတုန်း"

"မေပျို ဘာမှမလိုချင်ပါဘူး ကိုကိုရဲ့"

အနားမှာ အမြဲတမ်း ကိုကိုရှိနေတာကိုပဲ လိုချင်တာလို့ မေပျို ပြန်ဖြေရင် ကိုကို စိတ်ဆိုးမှာလား မသိပါ။





"ကဲ ကော်ဖီတွေ လက်ဖက်တွေလည်းကုန်ပြီ၊ အိပ်တော့နော် ညီမလေး"

ကိုကိုက မတ်တတ်ထရပ်လိုက်သည်။ ကိုယ့်အခန်းကိုပြန်ဖို့ အချိန်ကျနေပြီဆိုပေမယ့် မေပျိုက ဆွဲထားချင်သေးသည်။ သို့သော် ဘယ်လိုမှလည်း ဖြစ်နိုင်မှာမဟုတ်ဘူးလေ။ ဘာဖြစ်လို့များ မေပျို့အစ်ကိုတစ်ယောက်အနေနဲ့ အနားကိုရောက်လာတာလဲဟင်၊ ကိုကို့နဲ့အတူ ရှိနေချိန်တိုင်း ရင်ဘတ်ထဲက တဒိတ်ဒိတ်ခုန်နေတဲ့ နှလုံးသားကို မေပျို ဘယ်လောက်ထိဆက်ပြီး ထိန်းချုပ်နေရဦးမှာလဲ။

နှုတ်ဆက်ထွက်ခွာသွားသော ကိုကို့ကို မေပျို ငေးကြည့်ကျန်ရစ်ခဲ့ရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ဘူးလေ။

■ ■ ■

"မာမီ"

"ပြောလေ သမီး"

ရှုံးသွားဖို့ပြင်နေသော မာမီ့အနားကို တိုးကပ်သွားလိုက်ပြီး ခပ်ရှိန်ရှိန်လေး ခေါ်လိုက်သည်။

"သမီး ပြောစရာရှိတယ်"

"ပြောစရာရှိတာများ ပြောလေ သမီးရဲ့၊ ဘာလိုချင်လို့လဲ"

ဘေးဘီကိုကြည့်လိုက်တော့ ဦးရဲကျော်ခေါင်ရော ကိုကိုပါ မရှိတာမို့ သူမ ပြောချင်တာကို လွတ်လပ်စွာပင် ပြောရန် ကြိုးစားလိုက်သည်။

"ကိုကိုရှိတဲ့နိုင်ငံမှာ သမီးလည်း ကျောင်းတက်ချင်တယ် မာမီ"

မာမီ့အတွက် တကယ့်ကို အထူးအဆန်း စကားမျိုး ဖြစ်သွားမှာပါ။ မျက်လုံးကြီးပြူး ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိကာ သူမကို မာမီကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစိတ်ကူးက ဘယ်တုန်းက ရောက်လာတာလဲ သမီး"

"မနေ့ညက တစ်ညလုံး သမီး စဉ်းစားထားတာပါ"

"မာမီ သိချင်တာက ဒီစိတ်ကူး ဘယ်လိုကြောင့် ပေါ်လာတယ်ဆိုတာပဲ"

မာမီက သူမမျက်နှာကို စူးစမ်းလေ့လာသော မျက်ဝန်းရှုရှုများဖြင့် စိုက်ကြည့်နေသည်။

"ကိုကို ပြန်တော့မယ်ဆိုတော့ သမီးလည်း စိတ်ကူးပေါ်သွားတာပါ"

"ဒီတစ်ရက်နှစ်ရက်မှာ ငါ့သမီးလေး တော်တော်အချိုးပြေလာတယ်ဆိုပြီး မာမီက ဝမ်းသာနေတာ၊ ခုတော့ မာမီထင်ထားတာထက်ကို သမီးနဲ့မောင်စစ်ငြိမ်းချမ်းနဲ့က ရင်းနှီးနေကြပြီပဲ"

"ဟိုလေ မာမီ ကျောင်းသွားတက်ချင်တာက ကိုကို တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး၊ နိုင်ငံခြားကို ကိုကိုပြန်တော့မယ်လို့ ညက ပြောတော့ ကျောင်းတက်ချင်တဲ့စိတ်ကူးကလည်း ခေါင်းထဲမှာပေါ်လာတာ၊ ကိုကို့ကြောင့် မဟုတ်ပါဘူး"

မာမီ အထင်လွဲသွားမှာကိုလည်း အလွန်စိုးရိမ်မိသောကြောင့် မေပျို့မှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အိုးမလုံအုံပွင့် လိမ်ပြေနိုင်သေးသည်။ တကယ်တော့ ကျောင်းသွားတက်ဖို့အတွေးက ကိုကိုနဲ့မခွဲနိုင်လို့ တစ်ညလုံး အိပ်မရဘဲ ဟိုတွေးဒီတွေးဖြစ်နေတုန်း ပေါ်လာသည့် စိတ်ကူးပါ။ မေပျို့အတွက်လည်း အကျိုးရှိမယ်၊ ကိုကိုနဲ့လည်း နီးနီးလေးမှာ နေရမယ်ဆိုရင် ဒီ့အတွေးထက်ကောင်းတာတောင် ရှိတော့မည်မထင်။

ဒါပေမဲ့ မာမီ ခွင့်ပြုဖို့တော့ လိုတာပေါ့နော်။





"မာမီ ဘယ်လိုသဘောရလဲဟင်"

"သမီးနဲ့မောင်စစ်နဲ့ ခုလိုမျိုး မောင်ရင်းနှမတွေလို ရင်းနှီးတွယ်တာသွားတာ မာမီ ဝမ်းသာတယ်၊ ငါ့သမီးလေးလည်း တစ်သက်လုံး တစ်ယောက်တည်းနေလာရတာဆိုတော့ အစ်ကိုတစ်ယောက်ရတာ ကျေနပ်နေမှာပါပဲ"

မာမီက တပြုံးပြုံးနှင့်ပြောသည်။

အရင်လိုဆိုရင်တော့ သားအမိနှစ်ယောက်တည်းမို့ နိုင်ငံခြားထိသွားပြီး ကျောင်းတက်ဖို့အတွေးဆိုတာ မေပျို့မှာ မရှိခဲ့။ မာမီတစ်ယောက်တည်း ကျန်နေခဲ့ရမှာမျိုးကို မေပျို့ မလုပ်နိုင်ခဲ့ဘူးလေ။ ခုတော့ မာမီ့အနားမှာ ဦးရဲကျော်ခေါင် ရှိနေပြီ။ ပြီးတော့ မင်္ဂလာဦးဆွမ်းကျွေးပြီးတည်းက မေပျို့ သေချာစောင့်ကြည့်မိသလောက်ကတော့ မာမီ့အပေါ်မှာ ဦးရဲကျော်ခေါင်က တကယ်မေတ္တာစစ်မှန်စွာ ချစ်မြတ်နိုးပုံပါပဲ။

"သမီးတို့ စာမေးပွဲက သိပ်မလိုတော့ဘူးဆိုတော့ ဒီမှာတော့ တစ်နှစ်ပြီးအောင် ဖြေလိုက်ဦးပေါ့၊ နောက်မှ ဘယ်လိုဆက်လုပ်မယ်ဆိုတာ မာမီ ကြည့်စီစဉ်ပေးပါ့မယ်၊ တကယ်တမ်း သွားတက်မယ်ဆို လုပ်ရကိုင်ရတာတွေက အများကြီးပဲလေ၊ ခုချက်ချင်း အထုပ်ပြင်ပြီး သွားတက်လို့ရတာမျိုး မဟုတ်တာ"

"သမီး သိပါတယ် မာမီရဲ့၊ လောလောဆယ် မာမီ့ဆီက ခွင့်ပြုချက်ကို သမီး လိုချင်တာပါ"

"ကိုကိုတက်ခဲ့တဲ့ကျောင်းမှာပဲ သမီးက ဆက်တက်ချင်တာ မာမီ၊ ဆိုရင် မာမီလည်း ရှုပ်ရှုပ်ထွေးထွေးတွေ စုံစမ်းနေဖို့ မလိုတော့ဘူးလေ"

"သိပ်တက်ကြွနေပါလား သမီး၊ မာမီကတော့ သမီးကို ခုလိုမြင်ရတာ သိပ်ဝမ်းသာတယ်၊ သမီးက ရန်လိုနေတဲ့ ပုံစံလေးထက် အခုလို ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေတာလေးကို မာမီ အမြဲမြင်ချင်တယ်''

တကယ်ဆို မာမီ့အနားမှာ ရှိနေရတာ မေပျို့အတွက် အရာရာ ပြီးပြည့်စုံပြီး လိုတရသည့် ဘဝမျိုးပါ။ သူမ ဖြစ်ချင်တာတွေဆို မာမီ အတတ်နိုင်ဆုံး လိုက်လျောဖြည့်ဆည်းပေးခဲ့တာက များသည်။ ခုလည်း မေပျို့ဆန္ဒကို မာမီ ဖြည့်ဆည်းပေးမှာသေချာမှန်း ယုံကြည်နေမိသည်။ ဒါ တွေသာ တကယ်ဖြစ်လာရင် ကိုကိုနဲ့မေပျို နီးနီးကပ်ကပ်လေး ရှိနေခွင့် ရတော့မှာပေါ့။

ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။

■ ■ ■

''အန်တီထားက ကိုကို့ကိုမေးနေတယ်၊ မေပျိုက ကိုကို တက်ခဲ့ တဲ့ကျောင်းမှာ လိုက်တက်ချင်လို့ဆို''

ခြံထဲက ပန်းပင်လေးတွေကို ရေပိုက်တစ်ခုဖြင့် လိုက်လောင်းနေ သော မေပျို့ကို သူ အံ့ဩစွာ မေးမိသည်။

''ဘာဖြစ်လို့လဲ မေပျို တက်လို့မရဘူးလား''

''ဘာလို့မရရမှာလဲ မေပျိုရဲ့၊ ဒါနဲ့ နေပါဦး ဘယ်လိုဖြစ်ပြီး အဲ စိတ်ကူးက ပေါ်သွားတာလဲ၊ ကိုကို့ကျ ဘာမှမပြောဘူး''

''ကိုကို အံ့ဩသွားအောင်လို့လေ''

သူ တကယ်ပင် အံ့ဩရပါသည်။ အန်တီထားနဲ့ဖေဖေတို့ လက်ထ မယ်လို့ ပြောခဲ့တုန်းက မေပျိုဟာ သူ့ကိုပါ မုန်းတီးနေခဲ့တာမဟုတ်လား ခုကျတော့ သူနဲ့အတူ နိုင်ငံခြားထိလိုက်ပြီး ကျောင်းတက်မယ်ဆိုတော့ ဒါ အံ့ဩဖွယ်ကိစ္စတစ်ရပ်ပါပဲ။

''ကိုကိုက နောက်နှစ်ရက်နေရင် ပြန်မှာဆိုတော့ ညီမလေး





ကျောင်းတက်မှာသေချာရင် ဟိုဘက်ကအပိုင်းတွေ အဆင်သင့်လိုက်လုပ် ပေးထားမယ်လေ''

''သေချာတယ် ကိုကို''

''ဒါဆို ကောင်းပြီ၊ ကိုကိုအားလုံး ပြင်ဆင်ထားလိုက်မယ်နော်''

အခန်းထဲ ပြန်ရောက်လာခဲ့သော်လည်း မေပျိုက သူ့အတွေးထဲ မှာ စိုးမိုးထားခဲ့သည်။ ခုတင်ထက်မှာ လဲလျောင်းလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်မိ၏။ တကယ်ဆို အန်တီထားနဲ့ဖေဖေတို့ လက်ထပ်မှာကို သူလည်း သဘောမတူချင်ခဲ့ပေမယ့် ဖေဖေ့ရွေးချယ်မှုကို ကလန်ကဆန်လုပ် ဖို့ထိတော့ သူ မတွေးရဲပါ။ အန်တီထားရဲ့လုပ်ငန်းပိုင်းမှာ ဖေဖေက ငွေရေး ကြေးရေးအရ ဝင်ရောက်ကူညီပေးထားတယ်ဆိုတော့ သူ တွေးခဲ့မိတာက ဖေဖေ ပိုင်ဆိုင်ထားတဲ့ ငွေကြေးများကြောင့် ဒေါ်ထားထားခင်က ပိုင်ဆိုင် ချင်စိတ်ဖြင့် လက်ထပ်ဖို့ အားပေးအားမြှောက်လုပ်ခဲ့တယ်လို့လေ။

တကယ်တမ်း လေ့လာကြည့်တော့မှ ဒေါ်ထားထားခင်ဟာ သူ ထင်ခဲ့သလို ငွေကြေးတစ်မက်မှုကြောင့် လက်ထပ်ခဲ့တာ မဟုတ်ကြောင်း နားလည်လိုက်ရသည်။ မေပျို့ကိုလည်း ညီမလေးတစ်ယောက်လို သူ ချစ်ခင် ကြင်နာချင်စိတ်တွေ ပေါ်လာခဲ့ရတာ အမှန်ပင်။ ခုလည်း သူမ သူရှိနေတဲ့ နေရာကိုလိုက်လာပြီး ကျောင်းတက်မယ်ဆိုတော့ စိတ်ထဲမှာ ဝမ်းသာပျော်ရွှင် နေမိ၏။

မေပျို အတန်းတက်နေတုန်း ဟိုတစ်နေ့က ထိုင်ဖြစ်ခဲ့သည့် ကန် ဘင်းလေးမှာ သူ တစ်ယောက်တည်း ပြန်လာထိုင်နေမိသည်။ ကော်ဖီတစ် ခွက် ဆေးလိပ်တစ်လိပ်နှင့် ထုံးစံအတိုင်း သူ ငြိမ်သက်နေမိတုန်းမှာ မျက်စိ ရှေ့ဝင်လာသော ပုံရိပ်တစ်ခု။ မျက်နှာကို မမြင်နိုင်သေးခင်မှာပဲ ဆံပင်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ရှည်များကို သူ မှတ်မိလိုက်သည်။

သူ့လက်များက ချက်ချင်းပင် ပိုက်ဆံအိတ်လေးကိုဖွင့်ပြီး ကျောင်းသားကဒ်လေးကို ထုတ်ယူလိုက်၏။

"ဟိတ် ဒီမှာ"

ကောင်မလေး လှည့်မကြည့်ပါ။

"ဟိတ် ဟိုဆံပင်ရှည်ရှည်နဲ့ ကောင်မလေး မင်းကိုခေါ်နေတာ"

သူ ဒီလို ခေါ်လိုက်တော့မှ ရူးစမ်းသည့် မျက်ဝန်းလေးတွေနှင့် ထိုကောင်မလေး လှည့်ကြည့်သည်။

"ဟိုနေ့က မင်းကျောင်းသားကဒ်ကျကျန်ခဲ့လို့ ကိုယ် ကောက်သိမ်းထားတာ"

လှမ်းပေးလိုက်သော ကျောင်းသားကဒ်လေးကို ယူလိုက်ပြီး ကောင်မလေး မျက်နှာပြုံးသွားသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကဒ်ပြားပျောက်သွားလျှောက်ရတော့မလားလို့ ထင်နေတာ"

"ရပါတယ်"

"ဝတီ တစ်ခုခုနဲ့ ညည့်ခံပါရစေ"

"နေပါစေဗျာ၊ ဒါလေးလုပ်ပေးတာ ဘာမှလည်း ထွေထွေထူးထူး မဟုတ်ပါဘူး"

"ငွေကြေးအရ ဘာမှမဟုတ်ပေမယ့် ကဒ်ပြားပျောက်ပြန်လျှောက်ရင် အချိန်ကုန်တယ်လေ၊ ခုလို ပြန်တွေ့တော့ တကယ်ကျေးဇူးတင်စရာပဲ"

ပြုံးပြုံးရွှင်ရွှင်နှင့် အတင်းခေါ်နေသောကြောင့် သူ မငြင်းနိုင်တော့ဘဲ ထိုကောင်မလေးနှင့်အတူ တစ်ဝိုင်းထဲလိုက်ထိုင်လိုက်ရသည်။





"ဘယ်မေဂျာကလဲဟင်၊ ကျောင်းမှာ တစ်ခါမှ မတွေ့ဖူးဘူး"

"ကိုယ်က ကျောင်းသားမဟုတ်ပါဘူး၊ ညီမလေးကို ကျောင်းလိုက်ပို့ပေးရင်း တစ်ခါတည်း ပြန်ကြိုသွားဖို့ စောင့်နေတာပါ"

"ဪ ဒီလိုအစ်ကိုမျိုးလည်း ရှိသေးတာပဲ"

ချီးကျူးတာလား လှောင်လိုက်တာလား ခွဲမရသော လေသံနှင့် ပန်းဝတီပြောသည်။

"ဝတီ့နာမည်က ပန်းဝတီတဲ့၊ မြန်မာစာ နောက်ဆုံးနှစ်တက်နေတယ်"

"ဟုတ်ကဲ့ ကျောင်းသားကဒ်ထဲမှာ ကိုယ် တွေ့ပြီးပါပြီ"

"ဒီက အစ်ကို့နာမည်လည်း ပြောဦးလေ"

"စစ်ငြိမ်းချမ်းပါ"

ဝတ်ပုံစားပုံက ရိုးရိုးယဉ်ယဉ်လေးပေမယ့် စကားပြောသွက်လက်သော ပန်းဝတီနှင့် သူ အချိန်ခဏလေးအတွင်းမှာပင် ရင်းနှီးသွားကြသည်။

"ဝတီ့အိမ်လိပ်စာ ပေးထားမယ်လေ၊ နောက်ကြုံရင် လာလည်ဆို"

"ကိုယ်က မြန်မာပြည်မှာ နေရမယ့်ရက် သိပ်မကျန်တော့ လာလည်ဖြစ်မယ် မထင်ပါဘူး မပန်းဝတီ"

"ဟင် ဘာဖြစ်လို့လဲ"

"ကိုယ့်အလုပ်က နိုင်ငံခြားမှာ ရှိနေတာလေ၊ ဒီမှာ မိသားစုကိစ္စအားတစ်ခုရှိလို့ ခဏပြန်လာလည်တာ"

"ဪ ဟုတ်လား၊ ဒီလိုဆို ခုမှ ခင်မင်ခွင့်ရပြီး ခုပဲ နှုတ်ဆက်ရတော့မလို ဖြစ်နေတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးရုံသာ ပြုံးနေလိုက်မိသည်။ ပန်းဝတီကို သူ ဒီလောက်ထိ စကားပြောပွင့်လင်းမှုရှိလိမ့်မယ်လို့ သူ မထင်ထားတာ အမှန်။

“ကိုကို ဒီမှာ ဘာလုပ်နေတာလဲ”

ဆောင့်ဆောင့်အောင့်အောင့် ထွက်ပေါ်လာသော အသံကျယ်ကျယ်ကြောင့် သူရော ပန်းဝတီပါ ခေါင်းလေးတွေ မတ်ခနဲ ဖြစ်သွားလျက် အသံလာရာဆီ လှမ်းကြည့်လိုက်မိသည်။

“ညီမလေး အတန်းပြီးသွားပြီလား”

“အတန်းပြီးတော့မှာကိုတောင် သတိမရဘဲ ကိုကိုက ဘာလုပ်နေတာလဲ”

“ဒီက ပန်းဝတီရဲ့ကျောင်းသားကဒ်လေး ကိုကို ကောက်ရထားလို့ ပြန်ပေးနေတာပါ ညီမလေးရဲ့”

“ကျောင်းသားကဒ် ပြန်ပေးတာကလည်း ရယ်လို့မောလို့ စားလို့ သောက်လို့ သိပ်အဆင်ပြေနေတဲ့ပုံပဲနော်”

သူ့ကို မေပျို အထင်လွဲနေတာတော့ ကျိန်းသေပါပြီ။ နှုတ်ခမ်းလေး စူလျက် စိတ်ဆိုးမာန်ဆိုး ပြောနေပုံက တစ်ကိုယ်လုံးမီးဝင်းဝင်းတောက်နေ သလိုပါပဲ။

“ဝတီနဲ့ ကိုစစ်ငြိမ်းချမ်းနဲ့က သူငယ်ချင်းတွေ ဖြစ်သွားလို့ ရယ်ရယ်မောမော စကားပြောနေတာပါ၊ ဒီက အထင်မလွဲပါနဲ့နော်”

“နင် ဘာမှဝင်ပြောစရာမလိုဘူး ပန်းဝတီ”

“ဝတီ ဝင်မပြောရင် အစ်ကိုဖြစ်သူကို ဆက်အထင်လွဲနေမှာစိုးလို့ ပြောရတာပါ၊ ဝတီ့ကြောင့်နဲ့ ဘယ်သူ့ကိုမှ ပြဿနာမဖြစ်စေချင်ဘူးလေ”

“တော်ပြီ နင်နဲ့စကားဆက်မပြောဘူး၊ ကိုကို ဘာလုပ်မှာလဲ





ပြော”

“အိမ်ပြန်မှာပေါ့ ညီမလေးရဲ့”

ထိုင်ရာကနေ ချက်ချင်းမတ်တတ်ထရပ်လျက် စစ်ငြိမ်းချမ်း ခပ်သွက်သွက်လေး ပြောလိုက်သည်။ ဘာမဟုတ်တာလေးနဲ့ ညီမလေး စိတ်ဆိုးမှာကို သူ ကြောက်ပါသည်။

“ပြန်တော့မယ်နော် ဝတီ၊ နောက်လည်း ကံမကုန်ရင် ပြန်တွေ့ကြတာပေါ့”

“တောက်”

တက်ခေါက်သံကျယ်ကျယ်လောင်လောင် ပြုလုပ်လျက် အနားကနေ မေပျို ထွက်သွားသည်။ ခြေလှမ်းတစ်ချက်တိုင်းမှာ စိတ်ရှိလက်ရှိ ဆောင့်နင်းသွားလိုက်တာ မြေကြီးတွေတောင် ကျွံကျသွားတော့မည့်အတိုင်း။

“ညီမလေး ကိုကို့ကို စောင့်ဦးလေ”

“မစောင့်ဘူး မစောင့်ဘူး၊ အဲဒီ ပန်းဝတီနဲ့ပဲ နေခဲ့လိုက်တော့”

မေပျိုက ကားပေါ်ကိုတက်ထိုင်ကာ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သည်။ သူ ချက်ချင်းပင် ကားမောင်းသူနေရာမှာ ဝင်ထိုင်လျက် မေပျို့ကိုချော့ဖို့ ပြင်ရတော့၏။

“ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဆိုးနေတာလဲ ညီမလေး”

“ဘာဖြစ်လို့ ပန်းဝတီနဲ့ ကန်တင်းမှာ ထိုင်နေတာလဲ”

“ပြောပြပြီးပြီလေ၊ သူ့ကျောင်းသားကဒ်ကို ကိုကို ကောက်ရထားလို့ ပြန်ပေးနေတာပါလို့”

“အဲဒီ ပန်းဝတီက ဘယ်လိုမိန်းမလဲဆိုတာရော ကိုကို သိလို့လား”

“ပန်းဝတီက ဘာဖြစ်လို့လဲ၊ စကားပြောကြည့်တော့ ခင်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''ဟွန့် ယောကျ်ားတွေအားလုံး အတူတူတွေချည်းပဲ''

မေပျိုက နှုတ်ခမ်းလေးကို မဲ့ရွဲ့ပြီးပြောသည်။ သူ နည်းနည်းတော့ အံ့ဩသွားမိ၏။ သူ ပန်းဝတီဆိုတဲ့ မိန်းကလေးနဲ့ စားပွဲတစ်ဝိုင်းထဲ ထိုင်ပြီး စကားပြောမိတာ တော်တော်ကြီးမားတဲ့အပြစ်တွေများ ဖြစ်နေတာလား။

''သူက ဘာဖြစ်လို့လဲ''

''သူ့ကာ ကျောင်းမှာ အသည်းစားဘုရင်မဆိုပြီး သိပ်နာမည်ကြီးတာ''

''ဟုတ်လို့လား ညီမလေးရဲ့၊ သူ့ပုံလေးကိုကြည့်ရတာတော့ ရိုးရိုးသားသားလေးပါ''

သူ့စကားကြောင့် မီးဝင်းဝင်းတောက်ပြီး ခုပဲ ခုန်အုပ်တော့မည့် ကျားမလေးတစ်ကောင်လို မေပျို သူ့ကို စိုက်ကြည့်နေ၏။

''အဲဒါပဲ ယောကျ်ားတိုင်းက သူ့ရဲ့ဝတ်ပုံစားပုံလေးကိုကြည့်ပြီး ရိုးရိုးသားသားလေးပါလို့ ထင်နေကြတာ၊ လူတစ်ယောက်ကို အဝတ်အစား ကြည့်ပြီး တိုင်းထွာတယ်ဆိုတာ ပန်းဝတီအတွက်တော့ တကယ့်အမှားပဲ သူက ဘောစိတွေကို ချူစားတဲ့မိန်းကလေးဆိုပြီး ကျောင်းမှာ နာမည်ကြီး နေတာလေ''

''မထင်ရဘူးနော်''

''ဘာ''

မထင်ရဘူးနော်ဆိုတဲ့စကားက မေပျို စိတ်ဆိုးနေတာလေး ချစ်စို့ ကောင်းလို့ သူ တမင်သက်သက် စလိုက်တာပါ။ တကယ်ပင် အကြီးအကျယ် ဒေါက်ကွဲသွားပုံရသော မေပျိုက လည်ချောင်းကွဲမတတ် အော်ပစ်လိုက်တော့





သူ လန့်ပင်လန့်သွားမိ၏။

''လန့်လိုက်တာ မေပျိုရယ်၊ ကိုကိုနားကွဲတော့မှာပဲ''

''ကွဲပေါ့၊ ဒီကအကောင်းနဲ့ပြောပြနေတာကို နားမှမထောင်တာ''

''ဟောဗျာ ကိုကိုက ဘယ်မှာနားမထောင်လို့လဲ၊ နားထောင်နေ တာပဲလေ''

''မထင်ရဘူးတဲ့ ရိုးရိုးသားသားလေးပါတဲ့ အဲဒီလိုတွေကနေပဲ ယောကျ်ားတွေအားလုံး ပန်းဝတီအကြောင်းသိသိရဲ့နဲ့ ကြွေသွားတာတွေချည်း ပဲ''

တကယ်ကို စိတ်ပါလက်ပါ မဲ့လျက်ရွဲ့လျက် ပြောနေသော မေပျို့ ကိုကြည့်ပြီး သူ ရယ်ချင်စိတ်ပေါက်လာသည်။

''ကိုကို ဘာပြုံးတာလဲ''

''သဘောကျလို့''

''ဘာလဲ ပန်းပတီကိုလား''

နှုတ်ခမ်းလေးမဲ့လျက် မေပျို မေးတော့ သူ ဟန်မဆောင်တော့ဘဲ ရယ်မောပစ်လိုက်မိသည်။

''ကိုကိုက မေပျို့ကိုသဘောကျတာပါ''

''လူကို အရူးလို လှောင်ရယ်တာမဟုတ်လား''

''မဟုတ်ပါဘူးကွာ၊ ခုကျတော့လည်း ကိုကို့ညီမလေးက ကိုကို့ကို စိတ်တွေပူနေတာ မြင်ရတော့ စိတ်ချမ်းသာပြီး သဘောကျလို့ ရယ်မိတာပါ''

''ဒါဆို မေပျိုပြောတာ နားထောင်မှာလား''

''အင်း နားထောင်မယ်၊ ဘာလဲ ပြော''

''အဲဒီ ပန်းဝတီနဲ့ နောက်ထပ်မပတ်သက်နဲ့တော့''



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးထောင်ပြီး ကလေးတစ်ယောက်လို ကတိတောင်းနေသော ညီမလေးဟာ သိပ်ကိုဖြူစင်ရိုးသားလွန်းပါသည်။ သူ့အပေါ် စိုးရိမ်မှုများဖြင့် ပြည့်နှက်နေသည့် မေပျို့ပုံစံလေးကို နှစ်ခြိုက်လွန်းသောကြောင့် သူ လွှယ်လွှယ်ကူကူပင် ခေါင်းညိတ်ပြလိုက်မိ၏။

■ ■ ■

"မေပျို ငါ့ကို paper 1 စာအုပ်လေး ငှားလိုက်ပါလား"

ကျူရှင်တူတူတက်သော သက်နိုင်က မေပျို့ထံမှ စာအုပ်လာငှားသည်။

"နင်က ကျူရှင်လည်း တက်နေရဲ့သားနဲ့ ငါ့ဆီက စာအုပ်ထပ်လာငှားနေသေးတယ် ဟုတ်လား"

"ရှေ့မှာ ပေါက်ထားတဲ့စာတွေ ပြန်ဖြည့်ရတော့မယ်လေ၊ စာမေးနီးနေပြီဆိုတော့ မလုပ်လို့ မရတော့ဘူး"

"ခုမှ အသည်းအသန်နဲ့ အမြင်ကိုကပ်တယ်"

မေပျို့က မဲ့ကာရွဲ့ကာ ပြောလိုက်ပေမယ့်လည်း လက်များကတော့ ကျောပိုးအိတ်လေးထဲမှ စာအုပ်ကိုထုတ်ပေးပြီးသား ဖြစ်၏။

"အကြာကြီးတော့ မရဘူးနော်၊ ငါလည်း စာကျက်ရဦးမှာ"

"အေးပါဟ"

အနားကနေ သက်နိုင် ထွက်သွားတော့မှ ကျူရှင်ခန်းထဲသို့ မိုးတို့တစ်တွေ ဝင်ရောက်လာ၏။

"နင်တို့ကလည်း နောက်ကျလိုက်တာ"

"ဒွေးဟာ နင်တစ်ယောက်တည်း ဖြစ်နေတာပေါ့။ ဆော

"ငါတို့ ဒီတစ်ခါပိတ်ရက်ကျရင် စာစုကျက်မယ်လေ၊ လွတ်လ



လပ်လပ်ဖြစ်တဲ့ မေပျို့အိမ်မှာပဲပေါ့"

မိုးက စပ်ဖြဲဖြဲနှင့် စကားစလာသည်။ ဒီမိန်းမစကားက ဘယ်ကို ဦးတည်တယ်ဆိုတာ မေပျို မသိဘဲနေပါ့မလား။

"ငါ့အိမ်က လွတ်လပ်တာထက် နင်တို့ဘူးချင်တာ မဟုတ်လား"

"ဟယ် မိုက်ရိုင်းလိုက်တာ၊ ကြည့်စမ်း ငါတို့ကိုများ ဘူးချင်တာ မဟုတ်လားတဲ့"

"ဘာလဲ နင်တို့က မဟုတ်လို့လား"

"ဟုတ်တယ်လေ"

လေးယောက်သားလုံး ဝိုင်းရယ်လိုက်မိကြ၏။ ဒီသူငယ်ချင်းတွေကတော့ တကယ့်ကို ပြောလည်းနာကြမယ့်လူတွေမှ မဟုတ်တာ။ သူမ မကြိုက်မှန်းသိလို့ ကိုကို့ကို တမင်သက်သက် ကြွေပြနေတာလေ။ ဟွန့် မသိရင်ခက်မယ်။

"ဒါနဲ့ နေပါဦး၊ ခုနက နင် သက်နိုင်နဲ့စကားပြောနေတာ တွေ့လိုက်ပါတယ်"

"ငါ့ဆီက စာအုပ်လာငှားတာပါဟ"

"ဒီကောင်လည်း သနားပါတယ်"

"ဘာဖြစ်လို့လဲဟ"

ချိုသာက မျက်နှာငယ်လေးနှင့်ပြောတော့ ကျန်သုံးယောက်လုံး စိတ်ဝင်စားသွားကြ၏။

"ဘာဖြစ်ရမှာလဲ အာကာတို့အတန်းထဲက ပန်းဝတီက ဒီကောင့်ကို ကောင်းကောင်းချူစားပြီးတော့ အစိမ်းလိုက်ကြီး ဖြတ်ချသွားတာတဲ့"

ချိုသာ့စကားအဆုံးမှာ ပန်းဝတီရဲ့ယောကျ်ားတိုင်း ကြွေချင်စဖွယ်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးက မေပျို့မျက်လုံးများထဲ အရိပ်လာထင်သည်။ ကိုကိုတောင် ပန်းဝတီရဲ့မာယာတွေထဲမှာ မျှောပါတော့မလို့။ မေပျို့ တားမြစ်လိုက်လို့သာပေါ့။ ပန်းဝတီလို မိန်းမမျိုးက ရစရာမရှိတော့ဘူးလို့ ထင်ရင် တော့တာပြခဲ့မှာပဲလေ။ သူမ တကယ်လိုချင်တာက ငွေကြေးဥစ္စာပဲ မှုဟုတ်လား။

"ဟဲ့ မေပျို့၊ ငါပြောနေတာတွေ နားထောင်ပြီး ငြိမ်ကျသွားပါလား။ ဘာတွေဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ၊ ပန်းဝတီလို မိန်းကလေးမျိုးက ကြေးကြောင်းတယ်လို့ တွေးမိနေတာပါ"

"ဟုတ်တယ်၊ တကယ်ကြောက်ဖို့ ကောင်းတယ်၊ ယောကျ်ားတွေကို သူက ဆော့ကစားတဲ့ အရုပ်လေးတွေများ မှတ်နေလားမသိဘူး"

"တော်ပြီ တော်ပြီ အဲဒီ မိန်းမအကြောင်း ပြောမနေနဲ့တော့၊ လေကုန်တယ်၊ အချိန်ကုန်တယ်၊ တစ်စက်မှ အကျိုးမရှိဘူး"

ပန်းဝတီကို တကယ်ကြီး ခါးခါးသီးသီး ဖြစ်နေသော မေပျို့ကို သူငယ်ချင်းတွေက နားမလည်နိုင်စွာ ငေးကြည့်နေကြတာ သတိထားမိပေမယ့် မေပျိုကတော့ မသိချင်ယောင်သာ ဆောင်နေလိုက်ပါသည်။ ကိုကိုနဲ့ တစ်စားပွဲထဲတူတူထိုင်ပြီး ညို့ယူနေသည့်မျက်ဝန်းများဖြင့် ပြုံးရယ်နေသော နှုတ်ခမ်းများ။ အဲဒီမိန်းမကို မေပျို့ သိပ်မုန်းပါသည်။

■ ■ ■

"သားရေ ဟိုရောက်ရင် ညီမလေး ကျောင်းတက်ဖို့ကိစ္စလေးတွေ အားလုံးလိုက်စုံစမ်းပြီး လုပ်စရာရှိတာလေးတွေလည်း လုပ်ပေးထားလိုက်ဦးနော်"

မနက်စာ ကော်ဖီဝိုင်းမှာ မိသားစုလေးယောက်စုံမိကြတော့ ဖေဖေ





က ရှေ့ကိုပြောလာသည်။ သူကလည်း ခုတည်းက စုံစမ်းစရာရှိတာလေးတွေ အားလုံးလုပ်ပြီးနေပြီမို့ ဟိုပြန်ရောက်ရင် သေချာတိတိကျကျ လိုက်လုပ်ရမည့် စာရွက်စာတမ်းကိစ္စလေးတွေကလွဲရင် မေပျို့ ကျောင်းတက်နိုင်ဖို့ကိစ္စက် သိပ်စိတ်ပူစရာ မရှိပါ။

"ဖွန်လိုင်းကနေ ဖောင်လှမ်းတင်လိုက်ရင်လည်း ရတယ်လေ၊ အဲဒါကတော့ ကျွန်တော်ပဲ ဒီမှာ တစ်ခါတည်း ညီမလေးနဲ့တိုင်ပင်ပြီး လုပ်ပေးသွားလိုက်ပါ့မယ်"

"ဒါဆို ညကျရင် ကိုကိုနဲ့တူတူ လုပ်မယ်လေနော်၊ ကိုကို အားတယ်မဟုတ်လား"

"ညဘက်ကတော့ အားပါတယ် ညီမလေးရဲ့၊ အခု မနက်သာ ကိုကို သွားစရာလေးတစ်ခုရှိလို့"

"ဟွန် ကိုကိုက ဘယ်သွားမလို့လဲ"

မေပျိုက နှုတ်ခမ်းလေးစူလျက် မေးသည်။

"ဟိုက နိုင်ငံခြားသားမိတ်ဆွေတွေအတွက် မြန်မာလက်ဆောင်လေးတွေ ဝယ်သွားချင်လို့လေ၊ ဗိုလ်ချုပ်ဈေးဘက် သွားမလားလို့ စဉ်းစားနေတာ"

"အခု ရုံတင်ထားတဲ့ ယိုးဒယားဟာသကား တအားရယ်ရတယ်ဆိုလို့ မေပျိုက ကိုကို့ကို ရုပ်ရှင်လိုက်ပြနိုင်းမလို့ဟာကို"

"သမီး သားက မအားပါဘူးဆိုတာကို ဂျီမကျရဘူးနော်"

အန်တီထားကပါ မေပျို့ကို ရုပ်တည်ကြီးနှင့် ဝင်ပြောလိုက်တော့မှ မေပျို့ ဘာမှဆက်မပြောနိုင်တော့ဘဲ ခေါင်းလေးငုံ့သွား၏။ ဒီလိုဆိုတော့လည်း သူ မနေတတ်မထိုင်တတ်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးက ရုပ်ရှင်ကြည့်ချင်တာလား၊ ဒီလိုလုပ်လေ ကိုကို ဝယ်စရာရှိတာ ဝယ်ပြီး ပြန်လာခဲ့မယ်၊ ညီမလေးက ရုံနားကနေ သွားစောင့်နေလိုက်"

"ဒါဆို ဒီနေ့လယ်ပွဲ ကြည့်ရမှာပေါ့နော်"

သူ ခေါင်းညိတ်ပြလိုက်တော့ ကလေးတစ်ယောက်လို ပျော်ရွှင်မြူးတူးသွားသည့် မျက်နှာလေးက ဟန်မဆောင်နိုင်အောင်ပင် အပြုံးလေးများဖြင့် ဝေဆာသွား၏။

"မင်းညီမက တကယ့်ကလေးလိုပဲနော်၊ သားကပဲ သေချာဂရုစိုက်ပေးပါကွယ်"

"စိတ်ချပါ အန်တီထားရယ်၊ မေမျိုးက ကျွန်တော့်အတွက် တကယ့်ညီမလေးတစ်ယောက်လိုပါပဲ"

သူ့စကားအဆုံးမှာ ပြုံးရွှင်နေသော မေမျိုးမျက်နှာလေး ပျက်ယွင်းသွားတာ သူ သတိထားလိုက်မိပါရဲ့။ သူ ဘာတွေများ စကားမှားသွားလို့လဲ။ ကလေးတစ်ယောက်လို ဟန်မဆောင်နိုင် ပွင့်လင်းတတ်ပေမယ့် တစ်ခါတလေကျပြန်တော့လည်း ဒီကောင်မလေးရဲ့မျက်နှာရိပ်မျက်နှာကဲများကို သူ မခန့်မှန်းနိုင်အောင် ဖြစ်မိပါသည်။

နောက်ထပ် မပတ်သက်တော့ပါဘူးလို့ သူ ကတိပေးခေါင်းညိတ်ခဲ့ပေမယ့် ပန်းဝတီဘက်က ထပ်ပတ်သက်ဖို့ ကြိုးစားလာတာကိုတော့ သူ ရှောင်လွှဲလို့မရခဲ့ပါ။

သူ မြန်မာပြည်မှာ နောက်နှစ်ရက်ပဲ နေရတော့မည်မို့ လုပ်ငန်းထဲက မိတ်ဆွေများအတွက် မြန်မာပြည်အပြန် လက်ဆောင်လေးတွေ ဝယ်ယူရန် ဗိုလ်ချုပ်ဈေးထဲသို့ ထွက်လာခဲ့သည်။ ဒီနေ့ မေမျိုးတို့ကျောင်းပိတ်ရက်





မို့ မနက်ပိုင်းတစ်ခုလုံး သူ တစ်ကိုယ်တည်း အားလပ်နေ၏။

ကျောက်စီပန်းချီကားလေးတွေ၊ ရိုးရာချည်ထည်လေးတွေ၊ လွယ်အိတ်လေးတွေ သူ ဘာဝယ်ယူရင် ကောင်းမလဲလို့ ဟိုကြည့်ဒီကြည့် လုပ်နေတုန်းမှာပင် ရင်းရင်းနှီးနှီး နှုတ်ဆက်ခေါ်လိုက်သော သူ့နာမည်ကို ကြားလိုက်ခြင်းဖြစ်၏။

"ကိုစစ်ငြိမ်းချမ်း"

နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ အပြုံးများဝေဆာနေသည့် ပန်းဝတီ။ တိုက်တိုက်ဆိုင်ဆိုင်မို့ သူ အံ့အားတသင့်ဖြစ်လျက် ပြန်လည်ပြုံးပြလိုက်ရသည်။ ပန်းဝတီကလည်း သူ့လိုပဲ တစ်ကိုယ်တည်း။

"ဘာတွေဝယ်နေတာလဲ ကိုစစ်ငြိမ်းချမ်း"

"ကိုယ် ဟိုကိုပြန်တော့မှာမို့ လက်ဆောင်လေးတွေ လာကြည့်နေတာပါ"

"ဪ ဘာဝယ်ရမှန်းမသိ ဖြစ်နေတယ်နဲ့တူတယ်"

လက်ဗလာဖြစ်နေသော သူ့ကိုကြည့်ပြီး ပန်းဝတီက ကောက်ချက်ချသည်။

"ဟုတ်တယ် မိန်းကလေးမိတ်ဆွေတွေလည်းပါတော့ သူတို့အတွက် ခွေးရခက်နေတယ်"

"မိန်းကလေးမိတ်ဆွေ ဟုတ်လား"

မျက်နှာလေးပျက်ချင်သလိုလို နှုတ်ခမ်းလေးစူချင်သလိုလို အမူအရာလေးနှင့် ပန်းဝတီက ခပ်တိုးတိုးလေး မေးသည်။

"ကိုစစ်ငြိမ်းချမ်းလိုလူမျိုးနဲ့ ခင်မင်ပတ်သက်ခွင့်ရတဲ့ မိန်းကလေးတွေကတော့ သိပ်ကံကောင်းတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘာကိုဆိုလိုတာလဲဗျ"

သူ ကြောင်တောင်တောင်နှင့် ပြန်မေးမိသည်။ သူက ဘာဖြစ်နေလို့ သူနဲ့ပတ်သက်ခွင့်ရတဲ့ မိန်းကလေးတွေက ကံကောင်းသွားရတာလဲ။ ပန်းဝတီ ဘာကိုပြောချင်တာပါလိမ့်။

"ကိုစစ်ငြိမ်းချမ်း အချိန်ရမယ်ဆို ဝတီတို့ တစ်ခုခုသောက်ကြမလား။ နေပူတော့ ရင်ပူလာသလိုပဲ"

"လက်ဆောင်လေးတွေ ရွေးတာကလည်း ဘာမှမလုပ်ရသေးဘူးဆိုတော့"

သူ ငြင်းဖို့ဟန်ပြင်လိုက်သည်။

"လာပါ လက်ဆောင်ရွေးတာက ဘာမှစိတ်ပူမနေနဲ့ တစ်ဆိုင်ဆိုင်ထိုင်ပြီးရင် ဝတီကိုယ်တိုင် လိုက်ရွေးပေးမယ်၊ လက်ဆောင်ရွေးတဲ့နေရာမှာတော့ ဝတီ့ကို အားကိုးလို့ရပါတယ်"

အတင်းကြီး လက်ဆွဲခေါ်တော့မတတ်ဖြစ်နေတာမို့ နောက်ဆုံးမတတ်မသာနှင့်ပင် သူ လိုက်လျောလိုက်ရတော့သည်။ သူမ ရွေးချယ်သောဆိုင်တစ်ဆိုင်ထဲ ဝင်ထိုင်ပြီး အအေးနှစ်ခွက်နှင့် အသားညှပ်ပေါင်မုန့်တစ်ပွဲကို သူမကပင် ဦးဆောင်မှာယူလိုက်၏။

"မေပျိုငယ်တို့အဖွဲ့ကို ကျောင်းမှာ သတိထားမိတာတော့ ကြာပါပြီ၊ ဒါပေမဲ့ အရင်တုန်းကတော့ ကိုစစ်ငြိမ်းချမ်းကျောင်းလိုက်ပို့တာမျိုးကို တစ်ခါမှ မတွေ့ခဲ့ဘူးနော်"

"ကိုယ်က နိုင်ငံခြားရောက်နေပါတယ်လို့ ပြောထားတယ်မဟုတ်လား"

သူ စိတ်မရှည်စွာ ခပ်ဆတ်ဆတ်လေး ဖြေလိုက်မိသည်။ ဒီတိုင်း





ဆိုရင်တော့ ကောင်းကောင်းမွန်မွန် ဖြေမိမှာပေမယ့် မေပျိုပြောထားသည့် ပန်းဝတီအကြောင်းတွေက ခေါင်းထဲရောက်လာသောကြောင့် လေသံကလည်း အလိုလိုပြောင်းလဲသွားရခြင်း ဖြစ်၏။

"ကိုစစ်ငြိမ်းချမ်းတို့က မောင်နှမနှစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ကောင်းလိုက်တာနော်၊ ဝတီကတော့ မောင်နှမတစ်ယောက်မှ မရှိဘူး။ သိပ်အထီးကျန်တာပဲ၊ ကိုစစ်ငြိမ်းချမ်းလို ညီမကို သိပ်ဂရုစိုက်တတ်တဲ့ အစ်ကိုတစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ"

သူ ဘာမှပြန်ပြောစရာမလိုသည့်စကားများမို့ ပြုံးရုံသာပြုံးနေလိုက်သည်။ လက်ကနာရီကိုကြည့်လိုက်တော့ သူ ဈေးသွားမယ်ဆိုပြီး ထွက်လာခဲ့တာ နှစ်နာရီလောက်ပင် ရှိတော့မည်။ နေ့လယ်ကျ မေပျိုနှင့်အတူ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားခဲ့တာ။ အခုလို ပန်းဝတီ လေရှည်နေပုံမျိုးနှင့် အားလုံးလွဲချော်ကုန်တော့မလားမသိ။ စိတ်ပျက်ပျက်နှင့် သက်ပြင်းလေးတစ်ချက် ချလိုက်မိသည်။

"ကိုယ် အနောက်ခဏသွားလိုက်ဦးမယ်"

သန့်စင်ခန်းထဲကို ခပ်သွက်သွက်လေး ဝင်လာပြီး ပန်းဝတီဆိုတဲ့ ကောင်မလေးကို ဘယ်လိုဖြတ်ချထားခဲ့ရင် ကောင်းမလဲလို့ သူ ခေါင်းစားနေမိ၏။ ရိုင်းရိုင်းပျပျ ဆက်ဆံတတ်ခြင်းမရှိသည့် ပင်ကိုစိတ်က ပန်းဝတီအလိုကို အားနာစွာ လိုက်လျောနေခဲ့မိသည်။ မိန်းကလေးတစ်ယောက်ကို အနားကနေ မြန်မြန်ထွက်သွားအောင် သူ ဘယ်လိုစကားမျိုး ပြောရမယ်မှန်းမသိ။

ညီမလေးထံ ဖုန်းခေါ်ဖို့ကြည့်တော့လည်း ကံဆိုးစွာပင် ဖုန်းက



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ ကျန်နေရစ်ခဲ့သည်။ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိတော့ဘဲ သူ စိတ်ရှုပ်ရှုပ်နှင့် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလိုက်မိ၏။

■ ■ ■

အိမ်ကနေ ကိုကို ထွက်သွားတာ တော်တော်ကြာနေပါပြီ။ ဖုန်းကလည်း ဆက်လိုက်တိုင်း ဆက်သွယ်မှုဧရိယာပြင်ပ ဖြစ်နေ၏။ မေပျို့ကို ရှပ်ရှင်လိုက်ပြမယ်ဆိုပြီး ချိန်းထားတာ မေ့သွားတာလား။ မနက်ကမှ ပြောလိုက်သည့်ကိစ္စကို ကိုကိုတစ်ယောက် မေ့သွားတယ်ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

လက်ထဲမှာ ဖုန်းလေးကို တကိုင်ကိုင်နှင့် ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်လုပ်ကာ သူမ ဂနာမငြိမ်ဖြစ်နေ၏။

"သမီး ဖုန်းတကိုင်ကိုင်နဲ့ ဘာဖြစ်နေတာတုန်း"

အနားသို့ရောက်လာသော မာမီက မေပျို့ကို လှမ်းမေးသည်။ အဝတ်အစားများလည်း လဲလှယ်ပြီးသွားပြီမို့ ကိုကိုနဲ့အဆက်အသွယ်ရရင် မေပျို အိမ်ကထွက်ခွာဖို့ အဆင်သင့်ဖြစ်နေပါပြီ။

"ကိုကို့ဖုန်းကို ဆက်လို့မရဘူး မာမီ"

"သမီး ကိုကိုက ရုံနားမှာစောင့်နေလို့ ပြောတယ်မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဖုန်းအရင်ဆက်ကြည့်တာလေ၊ ဆက်သွယ်မှုဧရိယာပြင်ပကြီးပဲ ဖြစ်နေတော့ သမီး စိတ်ပူလို့ပါ"

"သမီးက ဘာကိုစိတ်ပူတာတုန်း"

ဟုတ်ပါရဲ့။ မာမီ မေးလည်း မေးချင်စရာပါ။ မေပျိုက ကိုကို့ကို ဘာစိတ်ပူနေတာလဲ။ ဟင့်အင်း သူမကိုယ်တိုင်လည်း မသိ။ ဖုန်းဆက်လို့ မရလို့ ဘာများလုပ်နေတာလဲလို့ တွေးပူနေမိသည်။ အဖြေက အလွန်ရိုးရှင်း





ပါသည်။

မာမီက သက်ပြင်းလေးတစ်ချက်ချပြီး မေပျို့ပခုံးလေးကို အသာဖွဖွတွေးဖက်လိုက်၏။

"ငါ့သမီးက မောင်စစ်ငြိမ်းချမ်းကို သံယောဇဉ်တွေ သိပ်တွယ်နေတာကိုး"

မာမီ့စကားက ဘာကိုဆိုလိုတာလဲ သူမ မသိပါ။ ဒါပေမဲ့ မာမီ့ မျက်ဝန်းတွေကတော့ နူးညံ့နွေးထွေးစွာ အားပေးနှစ်သိမ့်လိုဟန်ရှိသည်။ ကိုကိုနဲ့ပတ်သက်တဲ့ ခံစားချက်အစစ်အမှန်တွေကို မာမီ ရိပ်မိနေတာများလား။ အဲဒီလိုမျိုးတော့ မေပျို လုံးဝအဖြစ်မခံနိုင်ပါ။

တစ်အိမ်တည်းနေတဲ့ အစ်ကိုတစ်ယောက်အပေါ် မရိုးမသားစိတ်ဖြင့် ချစ်ခင်နေမိပါတယ်ဆိုတာ သိပ်ရှက်ဖို့ကောင်းတယ်မဟုတ်လား။ မာမီ ရိပ်မိသွားလို့ မဖြစ်ပါ။ ထို့ကြောင့်ပင် ပျက်ယွင်းနေသော ကိုယ့်မျက်နှာကို အမြန်ဆုံးပြန်ပြင်လိုက်၏။

"သမီးက ကိုကို့ကို စိတ်ပူတာထက် ရုပ်ရှင်ချိန်မမီမှာကို စိတ်ပူတာပါ မာမီရဲ့"

မာမီ ဘာမှပြန်မပြော။ သူမ မျက်ဝန်းများကို မမှိတ်မသုန် ငေးစိုက်ကြည့်နေသည်။ ထိုအကြည့်များကို မခံနိုင်စွာပင် မေပျို ရှောင်လွှဲလိုက်ရင်း

"သမီး ကားငှားပြီးပဲ သွားလိုက်တော့မယ် မာမီ၊ ကိုကိုကလည်း ရုံနားကစောင့်နေလို့ မှာလိုက်တာဆိုတော့"

ပြောပြောဆိုဆို မာမီ့နားကနေ ခပ်သွက်သွက်လေး ထွက်လာခဲ့လိုက်သည်။ ကြာကြာဆက်နေရင် မာမီ့အကြည့်တွေထဲမှာ ကိုကို့အပေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် သူမအချစ်တွေ အလိမ်ပေါ်ကုန်တော့မှာမှန်း ကိုယ့်ကိုယ်ကိုယ် သိနေသောကြောင့်ဖြစ်၏။

အငှားကားလေးပေါ်ရောက်တော့လည်း အဆက်မပြတ်ပင် ကိုကို့ဖုန်းကို ခေါ်နေမိ၏။ တောက်လျှောက်လိုလို ဆက်သွယ်မှုဧရိယာပြင်ပဖြစ်နေရာကနေ တစ်ချိန်မှာတော့ ကံကောင်းထောက်မစွာ ဖုန်းဝင်သွားသည်။ ရင်တွေတဒိတ်ဒိတ်ခုန်လျက် တစ်ဖက်က ပြန်ဖြေမည့် ကိုကို့အသံကို မျှော်လင့်နေမိသည်။ ကိုကိုက တော်တော်နှင့်ဖုန်းမကိုင်။

"ဟယ်လို"

"ဟင်"

ဒါ ကိုကို့အသံမှမဟုတ်တာ၊ ဒါက မိန်းကလေးတစ်ယောက်အသံကြီး။ ဖုန်းနံပါတ်များမှားသလားလို့ ကိုယ့်ဘာသာပင် ကြောင်တောင်တောင်ဖြစ်သွားရသေးသည်။ ဖုန်းနံပါတ်လည်း မမှားပါ။ ဒါပေမဲ့ တစ်ဖက်က ပြန်ဖြေလိုက်သူဟာ မိန်းမတစ်ယောက်ဖြစ်နေတာတော့ သေချာပါသည်။

"ဘယ်သူပြောနေတာလဲ၊ ဒါ ကိုကို့ဖုန်းလေ"

"ဪ မေပျိုငယ်နဲ့တူတယ်"

ဟင် တစ်ဖက်မှ မိန်းကလေးက မေပျို့ကိုလည်း သိနေသေးသည်။ ဒါပေမဲ့ မေပျိုကတော့ အဲဒီအသံကို နည်းနည်းမှ မရင်းနှီးပါ။

"အခုပြောနေတာ ဘယ်သူလဲလို့ မေးနေတယ်လေ၊ ကိုကို့ဖုန်းကို ဘာလို့ယူကိုင်ထားတာလဲ"

မေပျို ဒေါသဖြစ်ဖြစ်နှင့်အော်ပစ်လိုက်လျှင် ရှေ့မှာကားမောင်းနေသော ဒရိုင်ဘာဦးလေးကြီးပင် လန့်ဖျပ်သွားပုံနှင့် လှည့်ကြည့်သည်။ မတတ်နိုင်။ ကိုကို့ဖုန်းကို မိန်းမတစ်ယောက် ယူကိုင်နေရလောက်အောင် ကိုကိုက





ဘာတွေလုပ်နေလို့လဲ။ အတွေးများက ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိလာသည်။

"တို့က ပန်းဝတီပါ"

"ဟင်"

"လန့်လိုက်တာ မေပျိုငယ်ရယ်၊ ဝတီ့နာမည်ကြားတာနဲ့ ဘယ်လိုဖြစ်လို့ ဒီလောက်ထအော်ရတာလဲ"

"နင်က ကိုကို့ဖုန်းကို ဘာလို့ယူကိုင်တာလဲ၊ ကိုကိုရော ကိုကို့ကို အခုခေါ်ပေး"

"နင့်အစ်ကိုနဲ့ငါက မိုလ်ချုပ်ဈေးနားက ကော်ဖီဆိုင်လေးမှာ ထိုင်နေတာလေ၊ နင့်ကြည့်ရတာ အလန့်တကြားနဲ့ ဘယ်လိုဖြစ်နေတာလဲ"

သူ့စိုးကပင် လူဟစ်နေပါသေးလား။ မေပျို့ရင်ထဲက ဒေါသတွေ အလိပ်လိုက်အလိပ်လိုက် တက်လာကာ နှလုံးသားကိုပြေးဆောင့်နေကြသလို ခံစားလာရသည်။

"ငါ နင်နဲ့စကားမပြောချင်ဘူး။ ကိုကို့ကို အခုဖုန်းပေးလိုက်"

"ဟော နင်သိပ်ပြောချင်တဲ့ နင့်ကိုကို လာပါပြီ"

ကိုကိုနဲ့ပန်းဝတီက ဘာလုပ်နေကြတာလဲ။ ပြောတော့ဖြင့် မြန်မာပြည်ကအပြန် လက်ဆောင်တွေဝယ်မယ်ဆိုပြီး ခုတော့ ပန်းဝတီနဲ့လာချိန်းတွေ့နေတယ်ပေါ့လေ။ ကိုကို ကတိမတည်ဘူး။ သူမကိုကျတော့ ပန်းဝတီနဲ့ ဆက်မပတ်သက်တော့ပါဘူးလို့ ခေါင်းညိတ်ကတိပေးခဲ့ပြီးတော့မှ အခု

"ဟယ်လို"

"ကိုကို ဘာလုပ်နေတာလဲ"

"ဆောရီး ညီမလေးရယ်၊ ကိုကို Toilet ခဏဝင်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ပန်းဝတီနဲ့တူတူ ဆိုင်ထိုင်နေတာဆို"

ကိုကို အသံတိတ်သွားသည်။ အခုတော့ ဖြေစရာစကားတော

ကိုကို့မှာ မရှိတော့ဘူးလား။ မေပျို့ဒေါသတွေက ခုတော့ ဝမ်းနည်းမှုရေ

အဖြစ် တဖြည်းဖြည်း အရောင်ပြောင်းလာသည်။

"ဒါကလေ ညီမလေးရဲ့ ကိုကို ပြောပြမယ်"

"ဟင့်အင်း ကိုကို မပြောနဲ့တော့၊ ဘာမှလည်း နားမထောင်ချ

တော့ဘူး"

ငိုသံစွက်သွားသော ကိုယ့်အသံကိုယ် မထိန်းနိုင်လိုက်သောကြော

ကိုကိုလည်း သေချာကြားသွားမှာပါ။

"ညီမလေး ငိုနေတာလား၊ ဘာဖြစ်လို့ ငိုတာလဲ၊ အခုရော ညီ

မလေးက ဘယ်မှာလဲ၊ အိမ်မှာပဲလား"

"ကိုကို ကတိမတည်ဘူး ဟင့်"

ကိုကို့အသံကို ဆက်ကြားနေရင် ပိုပိုငိုမိတော့မှာမို့ သူမ ဖုန်း

ချက်ချင်းပင် ချပစ်လိုက်သည်။

မေပျို ဘယ်လိုလုပ်ရမလဲ ကိုကိုရယ်။ ကိုကို့ကို ချစ်မိခဲ့တာ

မာမီနဲ့အန်ကယ်နဲ့ဇာတ်လမ်းကို မသိခင်တည်းကပါ။ ခုတော့ မေပျို့ဘဝ

ပထမဆုံးချစ်မိတဲ့ယောကျ်ားက မေပျို့အစ်ကိုအဖြစ် အနားကိုရောက်ရှိလာ

ခဲ့တယ်။ ရှေ့ဆက်တိုးဖို့ ခက်ခဲတဲ့အနေအထားကြီးမှာ မေပျို့နှလုံးသားလေး

ဒီလိုနဲ့ပဲ ကိုကိုမသိအောင် ကွဲအက်ကြေမွသွားရတော့မှာလားဟင်။

■ ■ ■



အခန်း (၆)

"မင်း ခုလိုမျိုး ငါ့ဖုန်းကို ယူကိုင်တာတော့ သိပ်အဆင်မပြေဘူး

ပန်းဝတီ"

မတတ်နိုင်တော့ပါ။ သူ စိတ်မထိန်းနိုင်စွာပင် ပြောလိုက်မိသည်။

တော့ မေပျို သူ့ကို စိတ်ဆိုးသွားမှာ ကျိန်းသေပါသည်။

"ဆောရီးပါ ကိုစစ်ငြိမ်းချမ်း ဝတီက သဘောရိုးနဲ့ပါ"

ခုကျတော့လည်း မျက်နှာငယ်လေးနှင့် ရှိုရှိုကျိုးကျိုးလေး ပြောနေ

သောကြောင့် သူ့မှာ ဒေါသတကြီးပြောပစ်လိုက်ချင်စိတ်တွေကို ထိန်းသိမ်းလိုက်ရ

သည်။

"ဝတီ တကယ်တောင်းပန်ပါတယ်"

"ထားလိုက်ပါတော့၊ ငါသွားတော့မယ်"

စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ပြီး သူ ပိုက်ဆံရှင်းပေးလိုက်သည်။

ငြိုညစ်နေသော မျက်နှာလေးနှင့် ငုတ်တုတ်ကလေး ကျန်ခဲ့သော ပန်းဝတီ

ကို သူ နည်းနည်းမှ လှည့်မကြည့်တော့ပါ။ ခြေလှမ်းကျဲကြီးများဖြင့် ဆိုင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကနေ ထွက်ခွာခဲ့လိုက်ပြီး သူ့လက်များက ဖုန်းလေးကို နှိပ်နေမိသည်။

အဆက်မပြတ်ခေါ်နေပါသော်လည်း မေပျို လုံးဝမကိုင်ပါ။ သူ စိတ်ပူစွာဖြင့် ကားပေါ်တက်မောင်းထွက်ခဲ့လိုက်သည်။ ဘယ်ကိုသွားလို့ သွားရမှန်းမသိတာမို့ အိမ်ဖုန်းကို အရင်ခေါ်ကြည့်လိုက်၏။

"အန်တီထားရေ မေပျို အိမ်မှာရှိလားဟင်"

"ဟယ် သားနဲ့ချိန်းထားတဲ့ဆီ ထွက်သွားတာ နာရီဝက်လောက် တောင် ရှိနေပြီ၊ မောင်နှမနှစ်ယောက် မတွေ့ကြသေးဘူးလား"

"ဟုတ် ကျွန်တော်က ဈေးထဲမှာ နည်းနည်းကြာသွားလို့ပါ"

"ဒါဆို ရုပ်ရှင်ရုံနားမှာ သမီး စောင့်နေမယ်နဲ့တူတယ်၊ သား အဲဒီကိုပဲ တန်းသွားလိုက်လေ"

"ဟုတ်ကဲ့ အန်တီ"

"သမီးလေးက မင်းဖုန်းကို ခေါ်မရလို့ဆိုပြီး တစ်ချိန်လုံးယောက် ယက်ခတ်နေတာ သားရေ၊ အခုထိ သမီးနဲ့အဆက်အသွယ် မရသေးဘူး လား"

သူ နည်းနည်းတော့ ဖြေရကျပ်သွား၏။ ဖုန်းအဆက်အသွယ်တော့ ရပါတယ် ဒါပေမဲ့ သူ့ကို မေပျို စိတ်ဆိုးသွားပါတယ်ဆိုပြီး အမှန်အတိုင်း ပြောပြဖို့ကျတော့ တစ်မျိုးကြီးဖြစ်နေတာ အမှန်ပါ။ ဒါကြောင့်ပင် သူ လိမ် လည်လိုက်မိသည်။

"ဟုတ်ကဲ့ ဈေးထဲမှာဆိုတော့ ဖုန်းလိုင်းက သိပ်မမိဘူး အန်တီ ကျွန်တော် ရုပ်ရှင်ရုံတွေနား သွားကြည့်လိုက်မယ်နော်"

သူ မြန်မြန်ဆန်ဆန်ပင် ဖုန်းချလိုက်သည်။ မဟုတ်ရင် အန်တီထား ကို ဆက်လိမ်နေရမှာမို့ စိတ်ထဲက မလုံခြုံပါ။ ပြီးတော့ သူ့ရင်ထဲက





မေပျို့အတွက် စိုးရိမ်ပူပန်မှုတွေ။ အိမ်ဖုန်းကိုချပြီးတာနှင့် တောက်လျှောက်ပင် မေပျို့ဖုန်းကို ပြန်ခေါ်လိုက်သည်။ မကိုင်ဘူးလို့ ဆုံးဖြတ်ချက်ကို ပြတ်ပြတ် သားသား ချထားပြီးပုံပါပဲ။

သူ ဘာဆက်လုပ်ရမလဲ။ ဟိုးရှေ့မှာတော့ ရုပ်ရှင်ရုံများကို လှမ်း မြင်နေရပြီ။ သူမ ကြည့်ချင်နေသည့် ယိုးဒယားဟာသကားတင်ထားသည့် ရုံလေးရှေ့မှာ သူ ကားကိုထိုးရပ်လိုက်၏။

ရုံတွင်းရုံပြင်မကျန် တစ်နေရာမှမလပ်ရအောင် လိုက်လံရှာဖွေပါ သော်လည်း မေပျို့အရိပ်အယောင်မျှပင် မတွေ့ရပါ။ ဒီမိန်းကလေး ရုပ်ရှင်ရုံတွေ နားကို ရောက်မလာခဲ့ဘူးလား။ ဒါမှမဟုတ် သူ့ကိုစိတ်ဆိုးပြီး တစ်နေရာရာ ကို ထွက်သွားတာလား။ သူ့ရင်တွေ ထိန်းမရလောက်အောင် တုန်ယင်လှုပ် ရှားနေသည်။

မေပျို ဘယ်ကိုထွက်သွားတာလဲ။ သူ ဘယ်မှာလိုက်ရှာရမှာလဲ။ ကြာရမရစွာပင် သူ ကားပတ်မောင်းနေမိတာ ဒါပါနဲ့ဆို ရုပ်ရှင်ရုံတွေကို သုံးပတ်လောက်ပတ်ပြီးနေပြီ။

မေပျို့သူငယ်ချင်းတွေ ဖုန်းနံပါတ်လည်း သူ့မှာမရှိတာမို့ ဘယ်ကို လိုက်လို့လိုက်ရမှန်း သူ တကယ်မသိ။ အဆက်မပြတ်မြည်နေသော ဖုန်း လေးကို မေပျို့မကိုင်ဘဲ ပစ်ထားနိုင်လောက်သည်ထိ သူ့ကိုစိတ်ဆိုးသွားခဲ့ တာလား။ သူမ ကိုင်ကိုင်မကိုင်ကိုင် သူကတော့ ဆက်တိုက်ခေါ်နေမိသည်။

ဖေဖေနဲ့အန်တီထားတို့ မင်္ဂလာဦးခွမ်းကျွေးနေ့ကလည်း သူ့ကို ပညာရပေးချင်တဲ့ရည်ရွယ်ချက်ဖြင့် မေပျို့ပျောက်သွားခဲ့ဖူးတာကို သွားသတိရ ၏။ အခုရော အိမ်ပြန်ရောက်နေတာကို သူ့အား အသိမပေးဘဲ စိတ်ပူအောင် တမင်လုပ်နေတာများလား။ ကားကို အိမ်ပြန်သည့်လမ်းကြောင်းပေါ် ပြန်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလိုက်၏။

စတီယာရင်ကို ဆုပ်ကိုင်ထားသော သူ့လက်များမှာ ချွေးစေး တွေဖြင့် ရွှဲနစ်နေသည်။ နဖူးထက်က ချွေးတွေ နားထင်ဆီထိ စီးဆင်းကျ လာ၏။ သူ စိတ်လှုပ်ရှားလွန်းသောကြောင့် ကားကိုဆက်မမောင်းနိုင်တော့ဘဲ လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်သည်။ ကားစက်ကို သတ်လိုက်ပြီး ကိုယ့်စိတ်ကိုယ် တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

သူ ဘာဖြစ်နေတာလဲ။ မေပျို စိတ်ဆိုးလို့ ဖုန်းမကိုင်ဘူးဆိုတာ လေးလောက်နှင့် သူ ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ ခုလိုမျိုး ရင်တစ်ခုလုံး ပြောင်းဆန်တော့မတတ် တုန်ယင်လှုပ်ရှားနေတာလဲ။ မေပျိုက ကလေးတစ် ယောက်မှ မဟုတ်တော့တာ၊ စိတ်ဆိုးစိတ်ကောက်ပြီး ဖုန်းမကိုင်တာလောက် နှင့်တော့ အန္တရာယ်တစ်ခုခု ဖြစ်နေတာ မဟုတ်နိုင်ဘူးလေ။

သေချာပြန်စဉ်းစားကြည့်မိတော့ သူ့အဖြစ်က သိပ်ကိုသည်းသည်း လှုပ်နေမိသလိုလို။ ဘာကြောင့်များလဲ၊ သူ့စိတ်ထဲမှာ မေပျိုနဲ့ပတ်သက်ရင် ခံစားချက်တွေက အမြဲတမ်း ပြင်းပြင်းထန်ထန်တွေချည်းပဲ။ မေပျို ဖြစ်ချင် တာတွေကို အတတ်နိုင်ဆုံး လိုက်လျောချင်သည့်ဆန္ဒတွေ။ မေပျို စိတ်ဆိုး သွားတာကို ခံရခက်စွာ ယောက်ယက်ခတ်နေခဲ့မိသည့် အဖြစ်တွေ။

ဒီခံစားချက်တွေကြားမှာ သူ့ကိုယ်သူ ပြန်လည်ရှာဖွေတွေ့ရှိဖို့ သူ ဆက်မကြိုးစားချင်တော့ပြန်။ ရှာဖွေနေရင်းနှင့် သူကိုယ်တိုင် မမျှော်လင့် ထားသော ခံစားချက်တစ်ခုခုကို တွေ့ရှိသွားမှာ သူ စိုးထိတ်လာသည်။ သူ ဖြစ်နေသည့်ခံစားချက်များကို သူ ပြန်ကြောက်ရွံ့လာမိ၏။

သူ့စိတ်များကို အတတ်နိုင်ဆုံး ငြိမ်သက်သွားအောင် ထိန်းထား လိုက်သည်။ ကားလေးကို စက်ပြန်နှိုးလိုက်၏။





သူ အိမ်ထဲပြန်ဝင်လာသည့်အချိန်မှာ အန်တီထားနဲ့ဖေဖေက ဧည့် ...န်းထဲမှာထိုင်ပြီး စကားပြောနေကြသည်။ သူ ဝင်လာတာမြင်တော့ ဖေဖေက

"သမီးလေးရော သား"

"သူ့သူငယ်ချင်းတွေနဲ့ ကျန်ခဲ့တယ် ဖေဖေ"

"ရုပ်ရှင်လည်း မကြည့်ဖြစ်ဘူးလား သား"

အန်တီထားကို သူ ခေါင်းခါပြလိုက်သည်။

"မသိဘူး အန်တီထား၊ သူတို့သူငယ်ချင်းတွေ ဆုံနေတာနဲ့ ကျွန် ...တော် ပြန်လာခဲ့လိုက်တာ"

ဘယ်လိုမေးခွန်းမျိုးကိုမှ သူ ဆက်မဖြေချင်တော့တာမို့ အိမ်ပေါ် ...ပ်သို့သာ တန်းတက်ခဲ့မိသည်။ ကိုယ့်အခန်းထဲကိုယ်ဝင်ဖို့လုပ်ပြီးတော့မှ ...ခါးပိတ်ထားသော ဘေးကအခန်းလေးကို ဆွဲဖွင့်လိုက်မိ၏။ ပန်းရောင် ...သုံးအဆောင်လေးများဖြင့် မိန်းကလေးအခန်းပီသလွန်းနေသည့် မေပျို့ ...ခန်းလေးက ငြိမ်သက်တိတ်ဆိတ်နေသည်။ အခန်းတံခါးလေးကို အသာ ...ဆွဲပိတ်လိုက်ပြီး သူမ ခုတင်ထက်မှာ သူ ငုတ်တုတ်ထိုင်နေမိသည်။

ပန်းရနံ့တစ်မျိုး သင်းပျံ့နေသလို လန်းဆန်းနေစေသည့် သူမအခန်း ...လေးက သူမကိုယ်သင်းနံ့လေးလိုပင် ရှူရှိုက်ချင်စရာကောင်းနေခဲ့သည်။ ...ပြီး သူက မေပျို့ကိုယ်သင်းနံ့ကိုတောင် မသိစိတ်ထဲမှာ မှတ်မိနေခဲ့တာ ...။ ကိုယ့်ကိုကိုယ် အရှက်ပြေ ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ပြီး ...တင်ထက်မှာ လဲလျောင်းလိုက်၏။

အကောင်းဆုံးကတော့ မသိစိတ်ထဲက ဖြစ်ပျက်နေသည့် ခံစားချက် ...ကို မသိစိတ်ထဲမှာပဲ ထားခဲ့ရမှာဖြစ်သည်။ အပြင်တကယ့်လောကထဲ ...ခေါ်သွင်းလာဖို့ မသင့်တော်သော အနေအထားတစ်ခုမှာ သူ ဒီတိုင်းလေးပဲ

www.burmeseclassic.com



ငြိမ်သက်အိပ်စက်နေလိုက်တာ ပိုကောင်းမှာပါ။

မေပျို စိတ်ဆိုးစိတ်ကောက်ပြေသွားရင် ဘယ်မှသွားစရာ မရှိမယ့်တူတူ အိမ်ပြန်ရောက်လာမှာပဲ မဟုတ်လား။ သူ စိတ်ပူနေလို့လည်း ဘာမှ ထူးခြားလာမှာ မဟုတ်ဘူးလေ။

သူ့စိတ်များကို လုံးဝလျှော့ချပစ်လိုက်ပြီး မေပျို့ကို ခေါင်းထဲကနေ ထုတ်ပစ်လိုက်၏။

■ ■ ■

"မေပျို ပြန်မရောက်သေးဘူးလား အန်တီ"

ညနေစောင်းလောက်ရောက်မှ သူ့အခန်းထဲကနေ ပြန်ထွက်ခဲ့ပြီး အောက်ဆင်းလာတော့ ထမင်းဝိုင်းပြင်နေသော အန်တီထားကို သူ မေးလိုက်သည်။ အိမ်ထဲမှာ သူမ အရိပ်အယောင်သေးသေးလေးတောင်မမြင်ရပါ။

"အေး သားရေ၊ ပြန်မလာသေးဘူး။ မင်းညီမက အဲဒီလိုသာ လျှောက်သွားနေရရင် သိပ်ပျော်တာလေ"

"အန်တီ ဖုန်းဆက်ကြည့်သေးလားဟင်"

"မဆက်ဖြစ်ဘူး သား။ ဘာဖြစ်လို့လဲ"

"ဟိုလေ ဘာမှမဖြစ်ပါဘူး"

အန်တီထားရှေ့ကနေ ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာပြီး ခြံထဲ ဆင်းလာခဲ့လိုက်၏။ ခြံထောင့်က ဒါန်းလေးဆီရောက်မှ သူ ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ဆက်လိုက်သည်။ အခုတစ်ခါလည်း ဖုန်းမကိုင်ပြန်။ ဒါ တော့ မေပျို လွန်သွားပါပြီ။ နေဝင်ပြီး အလင်းရောင်တောင် ကွယ်စပြုနေခဲ့ပြီ။ ခုချိန်ထိ ဘာအဆက်အသွယ်မှမရဘဲ ပျောက်နေခဲ့တာ။

စိတ်မပူတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် အားတင်းထားပေမယ့်





လည်း တကယ်တမ်းက သူ့ရင်ထဲမှာ ပြောင်းဆန်လာပြန်၏။ ဖုန်းကိုထပ်နှိပ်မိပြန်သည်။ နှစ်ခါသုံးခါ လေးခါမြောက်မှာတော့ သူ့ဖုန်းလေးကို တစ်ဖက်မှ ကိုင်လိုက်သည်။ သူ လှိုက်ခနဲ ဝမ်းသာသွားမိ၏။

"ဟယ်လို မေပျို ဘာဖြစ်လို့ ကိုကိုဖုန်းခေါ်နေတာကိုမကိုင်တာလဲ"

ဖုန်းကိုင်လိုက်တာနှင့်တစ်ပြိုင်နက် သူ့စကားလုံးတွေက တရစပ် ထွက်ကျသွားသည်။

"ဟယ်လို"

"မင်း ဘယ်သူလဲ"

တစ်ဖက်မှ ပြန်ဖြေလိုက်သံက မေပျိုမဟုတ်ဘဲ ယောကျ်ားလေးတစ်ယောက်ဖြစ်လို့နေသည်။ စိတ်ပူနေသည့် စိတ်များက ချက်ချင်းလိုလိုပင် မာထန်စွာ ပြန်မေးလိုက်မိသည်။

"ကျွန်တော် မေပျို့သူငယ်ချင်းပါ"

"မင်းတို့ ဘယ်ရောက်နေတာလဲ"

ထိုကောင်လေး ပြောပြသော အိမ်လိပ်စာကို သေချာမှတ်ထားလိုက်ပြီး သူ ချက်ချင်းပင် ကားမောင်းထွက်ခဲ့လိုက်သည်။ တခြား ဘာမှလည်း မေးချင်စိတ်မရှိ။ လောလောဆယ် မေပျို့ကို တွေ့ရဖို့က အရေးကြီးနေသည်။ ယောကျ်ားလေးတစ်ယောက်အိမ်ကို မေပျို ဘယ်လိုရောက်သွားတာလဲ။

ပြီးတော့ ဖုန်းမကိုင်နိုင်လောက်အောင် မေပျို ဘာဖြစ်နေလို့လဲ။

ထိုကောင်လေးပေးသော အိမ်လိပ်စာက သိပ်မဝေးလှတာမို့ မိနစ်အနည်းငယ်အတွင်းမှာပင် သူ ရောက်ရှိသွားခဲ့သည်။ တစ်ထပ်ကိုက်အိမ်



www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေး။ ကားကိုခြံရှေ့မှာ ရပ်ထားခဲ့လိုက်ပြီး ဖွင့်ထားသော ခြံတံခါးမှတစ်ဆင့် အိမ်ထဲသို့ သူ အလွယ်တကူပင် ဝင်ရောက်နိုင်ခဲ့သည်။

အိမ်ထဲဝင်လိုက်တာနှင့် ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်နေသော ကောင်လေးတစ်ယောက်ကို သူ မြင်လိုက်ရသည်။ ဒီအသားဖြူဖြူချောချော ကောင်လေးက မေပျိုနဲ့ ဘယ်လိုပတ်သက်တာပါလိမ့်။

"ဖုန်းကိုင်တာ မင်းလား"

"ဟုတ်ပါတယ် ကျွန်တော်က မေပျို့သူငယ်ချင်း သက်နိုင်ပါ"

"မေပျိုရော"

"အခန်းထဲမှာပါ"

"ဘာ"

သူ ဒေါသနှင့်အံကိုတင်းတင်းကြိတ်ကာ လက်သီးများပါ ဆုပ်ထားလိုက်မိသည်။ သူ့အမူအရာကြောင့် ရှေ့တည့်တည့်မှာရှိနေသော ကောင်လေး လန့်ဖျပ်သွားပုံနှင့်

"အစ်ကို အထင်မလွဲပါနဲ့နော်၊ ကျွန်တော်နဲ့သူက ဘာမှမဟုတ်ပါဘူး"

"ဘာမှမဟုတ်ဘဲ မင်းတို့က ဒီအိမ်ထဲကို ဘယ်လိုရောက်နေတာလဲ၊ မင်းအိမ်မှာ လူကြီးတွေ မရှိဘူးလား"

"ကျွန်တော့်မိဘတွေက နိုင်ငံခြားမှာပါ၊ ကျွန်တော်က ဒီမှာတစ်ယောက်တည်းနေတာ"

သူ ပိုလို့စိတ်တိုသွားမိသည်။ ယောကျ်ားလေးတစ်ယောက်တည်းနေသော အိမ်ကို မေပျိုက ရောက်ရှိနေတယ်တဲ့လား။ သူမမှာ အကြောက်အလန့် တစ်စက်မှမရှိတော့ဘူးလား။



"အခုချက်ချင်း မေပျို့ကို သွားခေါ်လာခဲ့"

"မေပျို အိပ်ပျော်နေတယ် အစ်ကို၊ သူ အိပ်ပျော်နေလို့ ကျွန်တော် ဖုန်းကိုင်လိုက်တာပါ"

"မင်းဆီကို သူရောက်လာတာလား"

"သူ့ဆီက ငှားထားတဲ့စာအုပ်ကို ပြန်ပေးဖို့ ကျွန်တော်ဖုန်းဆက်လိုက်တော့ သူ ငိုနေတာ၊ တကယ့်ကို ရှိုက်ကြီးတငင်ပဲ၊ ဒါနဲ့ သူရှိနေတဲ့နေရာကို ကျွန်တော် ရောက်သွားခဲ့တယ်၊ ငိုရင်းငိုရင်း သူ ခေါင်းတအားမူးတယ်ဆိုလို့ ကျွန်တော့်အိမ်ကိုပဲ ခေါ်လာခဲ့လိုက်တာ၊ သူ့အိမ်ကိုလည်း ဖုန်းမဆက်ရဘူးတဲ့၊ အစ်ကို့ဆီကလာနေတဲ့ဖုန်းတွေကိုလည်း မကိုင်ရဘူးတဲ့၊ အခု ကိုင်လိုက်တာတောင် သူ အိပ်ပျော်နေတုန်းမို့လို့ပါ"

"ဟာကွာ ဒီကောင်မလေး"

ထိုကောင်လေး ခေါ်ဆောင်သွားသည့် အခန်းလေးထဲရောက်တော့ အိပ်ရာထက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မေပျို့ကို တွေ့လိုက်ရသည်။ ငိုထားသောကြောင့် ပြောင်သလင်းခါနေသော မျက်နှာလေးက အပြစ်ကင်းစင်လွန်းစွာ ငြိမ်သက်နေသည်။

"အစ်ကို သူ့ကိုပြန်ခေါ်သွားတော့မယ်၊ ဘာပဲဖြစ်ဖြစ် ညီလေးကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် အစ်ကို၊ ဒီမှာ သူ့စာအုပ်"

ကောင်လေး လှမ်းပေးသော စာအုပ်လေးကို ချိုင်းကြားညှပ်ထားလိုက်ပြီး သူမကို ပွေ့ယူလိုက်သည်။ ငိုကြွေးရင်းဖြင့် ဘယ်လောက်တောင် ပင်ပန်းသွားလဲမသိ။ သူ ပွေ့ချီလိုက်တာကိုတောင် မသိနိုင်ဘဲ အရုပ်တစ်ရုပ်လို သူ့လက်များထဲမှာ မေပျို ပါလာသည်။

ဖျူးတပေ

www.burmeseclassic.com

www.burmeseclassic.com



သက်နိုင်ဆိုတဲ့ ကောင်လေးပုံစံက အေးအေးချမ်းချမ်းလေးမို့ တော်ပါသေးရဲ့။ မဟုတ်ကဟုတ်ကကောင်မျိုးသာဆိုရင် ဒီလို ဘာမှမသိ ငြိမ်ငြိမ်လေးအိပ်ပျော်နေသည့် မေပျို့အတွက် စိတ်ပူချင်စရာပါပဲ။ ကားတံခါးကို ကိုယ်တိုင်လိုက်ဖွင့်ပေးပြီး မေပျို့ကို စိတ်ပူနေပုံရသော သက်နိုင်ကတော့ အဲဒီလို ထင်ချင်စရာမရှိသည့်ပုံစံလေးပါ။

''အစ်ကိုတို့က မောင်နှမအရင်းမဟုတ်တာ ကျွန်တော်တို့သူငယ်ချင်းတော်တော်များများ သိပါတယ်''

မေပျို့ကို ထိုင်ခုံမှာ နေရာချထားပေးပြီး ကားမောင်းသူနေရာဘက်ကို သူ ပြန်လျှောက်လာတုန်းမှာ ပြောလိုက်သည့် သက်နိုင်စကားက ထူးဆန်းနေသည်။ မောင်နှမအရင်းမဟုတ်ကြောင်း ပြောချင်ရုံသက်သက်မဟုတ်မှန်း သူ ရိပ်မိသည်။ ဒါဆို ဘာကိုဆိုလိုချင်တာပါလိမ့်။

''အစ်ကို့ကြောင့်နဲ့ သူ ငိုနေတာ၊ သူ တစ်ခုခုကို ပြင်းပြင်းထန်ထန် ခံစားနေရပုံပဲ''

မေပျို့က သူ့ကြောင့်နဲ့ ဘာတွေကိုများ ပြင်းပြင်းထန်ထန် ခံစားနေရတာပါလိမ့်။ ပန်းဝတီကိစ္စကြောင့်လား။ အဲဒါက မေပျို့ ဒီလောက်ထိ ငိုကြွေးရလောက်အောင် ကြီးမားသည့်ကိစ္စလား။

''အစ်ကို ပန်းဝတီနဲ့ မပတ်သက်ပါနဲ့နော်''

''မင်းက ဘာလို့ ဒီစကားလာပြောတာလဲ''

''အစ်ကိုက ပန်းဝတီနဲ့ပတ်သက်နေတယ်လို့ သူ ငိုရင်းပြောလို့ ကျွန်တော် နည်းနည်းသိခဲ့တာပါ၊ အဲဒီမိန်းကလေးက သိပ်ကြောက်ဖို့ကောင်းတယ်၊ ကျွန်တော် ကိုယ်တွေ့မို့လို့ ကောင်းကောင်းသိပါတယ်''

သူ ခပ်တိုးတိုးလေး ရယ်လိုက်မိသည်။ သက်နိုင်ဆိုတဲ့ ကောင်





လေးက ပန်းဝတီရဲ့မာယာများကြားမှာ မျောခဲ့ဖူးတဲ့ကောင်လေးတစ်ယောက်ပေါ့။ သူကတော့ အဲဒီလို ကောင်လေးတစ်ယောက် ဖြစ်လာမှာမဟုတ်တာ သေချာပါသည်။

''မင်းတို့သူငယ်ချင်းက အစ်ကို့ကို ပန်းဝတီရဲ့ဖြားယောင်းမှုတွေထဲမှာ ပါသွားမှာစိုးရိမ်နေတာပါ၊ ညီမတစ်ယောက်က အစ်ကိုတစ်ယောက်ကို နှမ်းရိုးလေး စိုးရိမ်နေတာပါ''

သူ့စကားကြောင့် သက်နိုင် ပြုံးသည်။ အဲဒီအပြုံးတွေက သူ့စကားကို လှောင်ပြောင်လိုက်သလိုပါပဲ။ သူ နည်းနည်းတောင် အောင့်သက်သက်ဖြစ်သွားမိ၏။

''ကျွန်တော်က သူငယ်ချင်းတစ်ယောက်နေရာကနေ ခံစားကြည့်ပြီလို့ ပြောတာပါ၊ ကျွန်တော် ထင်တာလည်း မှန်ချင်မှ မှန်မှာပါလေ''

''မင်းက ဘာထင်နေလို့လဲ''

''ကျွန်တော် မပြောတော့ပါဘူး။ ကျွန်တော်ပြောလည်း အစ်ကိုက သိချင်ယောင်ဆောင်ဦးမှာပဲ မဟုတ်လား''

သူ တကယ့်ကိုပင် အောင့်သက်သက်နှင့် ထွက်ခွာလာခဲ့ရသည်။ မေပျို့ ဘာတွေများသွားပြောလို့လဲ။ သူနဲ့ပတ်သက်တဲ့ ဘယ်လိုစကားမျိုးတွေကို သက်နိုင် ကြားသွားသောကြောင့် ခုလို အထင်လွဲနေခဲ့တာလဲ။ မေပျို့ကပဲ သူ့အပေါ်မှာ မောင်နှမထက်ပိုတဲ့ ခံစားချက်တစ်ခုခုရှိနေသလိုမျိုးကြီး ပြောနေတာ မဟုတ်လား။ အဲဒါကြီးက သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုမှ မဖြစ်နိုင်သည့် ခံစားချက်ကြီးလေ။

ခုကျတော့လည်း ဘေးမှာ ငြိမ်ငြိမ်လေး အိပ်ပျော်နေသော ကောင်လေးဟာ အိပ်မပျော်သေးခင် တစ်လျှောက်လုံးတော့ သူ့ကိုစိတ်ဆိုးစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကောက်ကာ ပင်ပန်းနေခဲ့ရှာမှာပါ။ ဘာမှမဟုတ်တာလေးနှင့် အကြီးအကျယ် ခံစားနေသော မေပျို့ကို နားလည်ပေးချင်ပေမယ့် သူ နားလည်မပေးနိုင်ခဲ့

"ဟင် မေပျို ဘယ်ရောက်နေတာလဲ"

မေပျို့ထံမှ အထိတ်တလန့် ထွက်လာသော အသံလေးကြော သူ ကားမောင်းနေရင်းနှင့် လှည့်ကြည့်လိုက်သည်။ သူ့ကို စိုက်ကြည့်နေသေ မေပျို့မျက်လုံးတွေက မီးတွေဝင်းဝင်းတောက်နေ၏။

"သက်နိုင်ဆိုတဲ့ကောင်လေးအိမ်ကနေ မင်းကိုပြန်ခေါ်လာ လေ"

"အဲဒီ သက်နိုင်ကတော့ နာချင်နေပြီနဲ့တူတယ်"

တကယ်တမ်းက သက်နိုင်ကို ပြောချင်တာ ဟုတ်ပုံမရ။

"အဲဒီကောင်လေးမှာ ဘာအပြစ်မှ မရှိပါဘူး။ သူ့ကို ကျေ တောင် တင်ရဦးမှာ"

"ဘာအတွက်နဲ့လဲ"

"ယောကျ်ားလေးတစ်ယောက်တည်းရှိနေတဲ့အိမ်ထဲမှာ မင် ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားခဲ့တဲ့ အတွက်ပေါ့"

"မေပျို့သူငယ်ချင်းတွေထဲမှာ အောက်တန်းကျတဲ့ကောင် ကောင်မှမပါဘူး"

"ဟုတ်ပါပြီ ဒါကြောင့်လည်း အဲဒီကောင်လေးကို ကျေးဇူ တယ်လို့ ကိုကို ပြောနေတာပေါ့"

"ဘာကိုကိုလဲ"

"ဟောဗျာ ဘာကိုကိုကမှာလဲ၊ ဒီက ကိုကိုပေါ့"

မေပျို စိတ်ဆိုးနေမှန်းသိသောကြောင့် သူက ရယ်ရယ်မော





နှင့်ပြောလိုက်သည်။ ဒါပေမဲ့ မေပျိုကတော့ နည်းနည်းမှ ပြုံးမလာခဲ့ပါ။ မျက်နှာလေးက ပိုလို့တောင် ရှုပုပ်သွားသေး၏။

"တော်ပါတော့ မေပျို့စကားကို ရယ်စရာလို့ သတ်မှတ်ထားတဲ့ ကိုကိုလား"

"မဟုတ်ပါဘူး မေပျိုရယ်"

"ခုမှ ဘာမှလာမပြောမနေနဲ့၊ ပန်းဝတီဆိုတဲ့ မိန်းမကို ထပ်မပတ် သက်တော့ပါဘူးဆိုပြီး ကတိပေးထားတာ ဘယ်လောက်များ ကြာသေးလို့ လဲ"

"ကိုကိုမပတ်သက်ပါဘူး။ သူနဲ့ဈေးထဲမှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့တာပါ"

"အဲဒါနဲ့ပဲ ဆိုင်တူတူထိုင်ဖြစ်သွားတယ်ပေါ့လေ"

"သူ အတင်းခေါ်နေတာကို ကိုကို ငြင်းလို့မကောင်းဘူးလေ"

နှုတ်ခမ်းလေးတစ်ချက်မဲ့ပြီး မေပျို ပြုံးသည်။ ဘာဖြစ်လို့များ ပန်းဝတီနဲ့ ပတ်သက်မှာကို မင်းဒီလောက်ထိ စိုးရိမ်နေတာလဲလို့ သူ မေးပစ် လိုက်ချင်ပေမယ့် ကိုယ့်စိတ်ကိုယ် ပြန်ထိန်းထားလိုက်ရသည်။

"ဒါဆိုရင်လည်း အဲဒီ ငြင်းလို့မကောင်းတဲ့ ပန်းဝတီနဲ့ သွားနေပါ လား။ ဘာဖြစ်လို့ မေပျို့ဆီ လာနေသေးလဲ"

"မေပျိုက ကိုကို့ညီမလေးလေ၊ ညီမလေးက တခြားသူတွေထက် အရေးကြီးတယ်၊ ကိုကို ခံယူထားတာ အဲဒီအတိုင်းပဲ"

"အပိုတွေမပြောပါနဲ့၊ မေပျိုက ကိုကို့ညီမအရင်းလည်း မဟုတ် ဘူး။ အဲဒီတော့ မေပျို့ကို တကယ်စိတ်ပူတာမျိုးလည်း ရှိမှာမဟုတ်ပါဘူး။ ကတိပေးပြီးတော့တောင် ဖျက်သေးတာပဲ၊ ကိုကိုက လူလိမ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုစိတ်ဆိုးဆိုးနှင့် ပါးစပ်ထဲတွေ့ကရာတွေပြောရင်း မျက်ရည်များပါ ကျဆင်းလာသော မေပျို့ကိုကြည့်ပြီး သူ့စိတ်တွေလည်း ရှုပ်ထွေးလာသည်။ ကားလေးကို လမ်းဘေးမှာ ထိုးရပ်လိုက်၏။

"ကိုကို ဘာလိမ်မိလို့လဲ၊ ဘာဖြစ်လို့ ကိုကို့ကို လူလိမ်ဆိုပြီး စွပ်စွဲနေတာလဲ"

"ပန်းဝတီနဲ့ မပတ်သက်တော့ဘူးလို့ ကိုကို လိမ်တယ်လေ၊ ပြီးတော့ ကိုကို့ဖုန်းကိုတောင် သူက ယူကိုင်လိုက်သေးတယ်၊ ဒါ ဘယ်လောက်တောင် ရင်းနှီးနေတယ်ဆိုတာ ပြလိုက်တာပဲ မဟုတ်လား"

"ဒါဆိုရင် မင်းဖုန်းကို မင်းသူငယ်ချင်းတွေ ယူကိုင်တာကျတော့ရော စိတ်တွေပူပြီး မင်းဆီ ဖုန်းတွေတစ်ချိန်လုံး ခေါ်နေတဲ့ အချိန်မှာ ကောင်လေးတစ်ယောက်အသံနဲ့ ပြန်ထူးခံလိုက်ရတာ ကိုကို ဘယ်လောက် စိတ်ပူသွားလဲ မင်းသိလား"

"ကိုကို စိတ်ပူစရာ မလိုပါဘူး။ သက်နိုင်က လူကောင်းတစ်ယောက်ပဲ"

"အဲဒါကို အခုချိန်မှာ ကိုကို လက်ခံတယ်လေ၊ ဒါပေမဲ့ မင်းဖုန်းထဲမှာ သူ့အသံကိုကြားကြားချင်းတုန်းကတော့ ကိုကို တကယ်ပဲ ရင်တွေပူခဲ့ရတာ"

"အပိုတွေ တော်ပြီ၊ ကိုကိုနဲ့ ဘာမှမပြောချင်တော့ဘူး"

ဒီလောက်ထိ သူ့ကိုဂျစ်တိုက်နေသော ကောင်မလေးအား သူ ညစ်ချင်စိတ်လေး ပေါက်လာမိ၏။ ရှင်းပြလို့လည်း မရ၊ ဘာမှလည်း အပြောမခံဘဲ ကလန်ကဆန်လုပ်နေသော မေပျို့မျက်နှာလေးအား သူ စေ့စေ့ကြည့်လိုက်ပြီး





"ကိုကို တစ်ခုလောက်မေးမယ်နော်၊ မေပျို့က ပန်းဝတီဆိုတဲ့ မိန်းကလေး အကျင့်မကောင်းလို့ ကိုကို့ကို သဘောမတူတာလား။ ဘယ်မိန်းကလေးနဲ့မှ သဘောမကျတာလား"

သူ့မေးခွန်းအဆုံးမှာ မေပျို့မျက်နှာလေး ထိန်းမရတော့အောင် ပျက်ယွင်းသွားသည်။ မျက်လုံးလေးများပြူးလျက် တစ်ခုခုကိုပြောဖို့ နှုတ်ခမ်းလေးတွေက တာစူနေ၏။ သို့သော် ဘာစကားလုံးမှ ထွက်မလာ။ ထိုအချိန်အခိုက်အတန့်လေးကို သူ အရသာရှိစွာ ငေးကြည့်နေမိ၏။

"ဖြေလေ ညီမလေး"

"မသိဘူး။ ဘာမှလာမမေးနဲ့"

ခပ်လျှမ်းလျှမ်းတစ်ချက်ဖြေလျက် မေပျို့ ခေါင်းလေးငုံ့သွားသည်။ ဒီလောက်ဆိုရင် သူလိုချင်သည့် အနေအထားကို ရရှိပြီးပြီမို့ ကျေနပ်စွာ ပြုံးရင်း ကားလေးကို စက်ပြန်နှိုးလိုက်၏။

သူ့မသိစိတ်ထဲမှာ ရှိနေတဲ့အရာကို သူကိုယ်တိုင် ဖော်ထုတ်ဖို့ ကြိုးစားသလို မေပျို့စိတ်ထဲမှာ ရှိနေတာတွေကိုလည်း သူ ဖော်ထုတ်ဖို့ ကြိုးစားမှာမဟုတ်ပါ။ အရာရာသည် အစီအစဉ်တကျ ရှိနေခဲ့ပြီးသားလေး အတိုင်းပဲ ကောင်း၏။ ဘာကိုမှ ထပ်မံရှာဖွေဖို့ သူ ရှေ့မတိုးချင်။ ခံစားချက်တွေ အားလုံးကို အခုရှိနေသည့် နေရာလေးမှာပဲ ငြိမ်ငြိမ်လေးရပ်နေစေချင်သည်။

■ ■ ■

"ခုပဲ ဖုန်းဆက်တော့မလို့၊ သားရော သမီးရော ပြန်မလာကြသေးသို့လေ"

မေပျို့တို့နှစ်ယောက် အိမ်ထဲဝင်လိုက်တာနှင့် လက်ထဲမှာဖုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသဲ အနေအထားနှင့် မာမီက ဆီးပြောသည်။

"သမီး သူငယ်ချင်းတွေနဲ့ သွားတာဆို၊ မာမီ့ကိုလည်း ဖုန်းတ
ချက်တောင် မဆက်ဘူး"

မေပျို သူ့ကိုလှမ်းကြည့်လိုက်မိသည်။ သူက ခေါင်းတစ်ချ
မသိမသာ ညိတ်ပြ၏။ မေပျို့ကိုယ်စား သူ လိမ်လည်ပေးထားတာပေါ့လေ

"ဟုတ်တယ် မာမီ၊ မိုးစက်တို့ကလည်း အဲဒီကားကြည့်ချင်
တယ်ဆိုတာနဲ့ သူတို့နဲ့ပဲ သွားကြည့်လိုက်တာ"

"ဟုတ်တယ် အန်တီရေ ညီမလေးက သူ့ကို လာပြန်ခေါ်ပါဆို
ကျွန်တော် သွားခေါ်လာရတာ"

"အေး အေး ကောင်းတယ်၊ ညဘက်ဆိုတော့ တစ်ယော
တည်း တက္ကစီတွေဘာတွေနဲ့ ပြန်လာတာ အန်တီလည်း စိတ်မချဘူးလေ

"ဒါနဲ့ မေပျို့အတွက် အန်တီ ကားဝယ်ပေးထားတယ် မဟု
လား"

"သူတစ်ယောက်တည်း မောင်းကျင့်မရှိတော့ အန်တီက စိတ်
လို့ပါကွယ်"

"ဒါဆို ကျွန်တော့်မှာ အချိန်နည်းနည်းကျန်သေးတယ်လေ၊ ကျွ
တော်ကိုယ်တိုင် တာဝန်ယူပြီး သင်ပေးပါ့မယ်"

"ဒီလိုဆိုတော့ ကောင်းတာပေါ့ကွယ်"

မာမီနဲ့သူ လေပေးဖြောင့်နေတာကို ဆက်မကြည့်ချင်တော့
မေပျို အခန်းထဲ တန်းတက်လာခဲ့လိုက်၏။ ရေမိုးချိုးအဝတ်အစားလ
ခုတင်ထက်မှာပျော့ခွေစွာ သူမ လဲလျောင်းလိုက်သည်။ ဘာလို့များ
ရဲ့အိပ်ရာလေးထက်မှာ သူ့ထွတ်နေကျရေမွှေးနံ့ကို ရှူရှိုက်မိနေတာလဲ။ သ





ခွဲလမ်းရူးသွပ်မှုတွေက မေပျို့တစ်ကိုယ်လုံးမှာ ပျံ့နှံ့ဝင်ရောက်နေခဲ့ပြီ။

သူ့နဲ့နီးနီးကပ်ကပ်မှာ နေရလေလေ မေပျို့ရင်ခုန်သံတွေက ကျယ်
လောင်လာလေလေ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မနီးစပ်နိုင်
မှန်းလည်း ပိုသေချာလာလေလေပင် ဖြစ်သည်။ သူက မေပျို့ကို တကယ့်
ညီမလေးတစ်ယောက်လိုပဲ အမြဲတွေးနေခဲ့တာ မဟုတ်လား။ မေပျိုကသာ
မိန်းကလေးတန်မဲ့ ကြိတ်ပြီးချစ်နေရတာ။

ဘာမျှော်လင့်ချက်မှမရှိသော အချစ်တစ်ခုကို ရူးရူးမိုက်မိုက် ဆုပ်
ကိုင်ထားချင်နေတာ မေပျိုကိုယ်တိုင်လည်း နားမလည်နိုင်တော့။ အမြဲတမ်း
မြင်မက်ခဲ့ရသည့် အိပ်မက်များထဲက ချစ်သူကို အပြင်မှာ တွေ့မြင်နေရသော်
သည်း ဖမ်းဆုပ်အားကိုးဖို့ မဖြစ်နိုင်သည့်ဘဝ။

အဆိုးဆုံးကတော့ တခြားမိန်းကလေးတွေနှင့် သူ အတူတကွ
ရှိနေတာကို မေပျို ဘယ်လိုမှ ခံစားမပေးနိုင်ခြင်းပင် ဖြစ်၏။ သူကတော့
မေပျို့ရင်ထဲက နာကျင်မှုတွေကို ဘယ်နားလည်ပါ့မလဲ။ ပန်းဝတီမို့လို့လား
တခြားကောင်မလေးဆိုရင်ရော သဘောတူမှာလားဆိုတဲ့ မေးခွန်းမျိုး ကိုကို့မို့
မေးရက်သည်။

တွေးနေရင်းနှင့် ရင်ဘတ်က နာကျင်စွာ မျက်ရည်တို့ စီးကျလာ
ခဲ့သည်။ ကိုကို့ကို မုန်းလိုက်ချင်ပါသည်။ မေ့လိုက်ချင်ပါသည်။ အခုလိုမျိုး
မေပျိုတစ်ယောက်တည်း ကြိတ်ခံစားနေရတာတွေကို မြန်မြန်ပျောက်ကွယ်
သွားစေချင်ပါပြီ။

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

"ကိုကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



မာမီထင်လို့ ထဖွင့်ပေးမလို့ လုပ်နေသော ခြေလှမ်းများ နေရာမှာတင် ရပ်တန့်သွားသည်။ ကိုကိုက ဘာလာလုပ်ဦးမလို့လဲ။

"ညီမလေး တံခါးဖွင့်ပါဦး။ ကိုကိုတို့ ကျောင်းဖောင်တင်ဖို့ လုပ်ရဦးမယ်လေ"

"မလုပ်ဘူး ဘာမှလာမပြောနဲ့"

"အဲဒီလိုကြီး စိတ်ပဲကောက်မနေနဲ့လေ၊ ကိုကိုတက်ခဲ့တဲ့ ကျောင်းမှာ တက်ချင်တယ်ဆို"

"မတက်ဘူး အဲဒီကျောင်းမှာလည်း မတက်ဘူး။ ကိုကိုနဲ့လည်း စကားမပြောချင်ဘူး။ ဘာမှလာမပြောပါနဲ့ဆို"

သူမ အော်ပစ်လိုက်ပေမယ့် ကိုကိုကတော့ အဆက်မပြတ်စွာပင် တံခါးခေါက်နေခဲ့သည်။

"သား ဘာဖြစ်နေတာလဲ၊ အသံတွေကြားလို့ အန်တီတက်လာတာ"

မာမို့အသံကိုပါ အခန်းအပြင်မှာ ကြားလိုက်ရသည်။

"ညီမလေးက ကျွန်တော့်ကို စိတ်ဆိုးနေတာပါ"

"မင်းညီမကတော့ တကယ့်ကလေးလိုပါပဲ၊ ကဲ ကဲ အန်တီခေါ်ပေးမယ်"

တံခါးခေါက်သံ ညင်ညင်သာသာလေး ထွက်ပေါ်လာ၏။ ဒါမာမီခေါက်နေတာပေါ့။

"သမီးလေး ဘာတွေစိတ်ဆိုးနေတာလဲ၊ ဒီမှာ ကိုကိုက ကျောင်းဖောင်တင်ဖို့ကိစ္စ လုပ်ပေးမလို့လေ၊ တံခါးဖွင့်ဦး"

"မဖွင့်ချင်ဘူး မာမီ၊ သမီး ကိုကိုနဲ့လည်း စကားမပြောချင်ဘူး"



"မောင်နှမတွေ အဲဒီလို စိတ်မဆိုးရဘူးနော်၊ မာမီ မကြိုက်ဘူး"

ခပ်မာမာလေး ပြောလိုက်သော မာမို့အသံကြောင့် မေပျို့မှာ မထချင်ထချင်နှင့်ပင် တံခါးထဖွင့်ပေးလိုက်ရသည်။

"မာမီက သမီးဘက်ကိုကျ ဘယ်တော့မှ မလိုက်ဘူး"

"မဟုတ်ပါဘူး သမီးရယ်၊ သမီးလေး ကျောင်းတက်ဖို့ကိစ္စက အရေးကြီးတာမဟုတ်လား၊ စိတ်ဆိုးတာတွေ စိတ်ကောက်တာတွေက နောက်မှလုပ် ဟုတ်ပြီလား"

သူမ ပခုံးလေးကို ဖက်ပြီး မာမီက ကလေးတစ်ယောက်ချော့သလို ချော့ပြောသည်။ မာမီကိုယ်တိုင်က ဒီလိုပြောနေမှတော့ သူ့ကိုအခန်းထဲ အဝင်မခံဖို့က ခက်ခဲသွားပြီပေါ့။

"လာလေ သား၊ သမီးလေးကို သေချာလုပ်ပေးလိုက်ပါနော်၊ သူက တစ်ဦးတည်းသောသမီးဆိုတော့ အသက်ကသာ ကြီးလာတာ စိတ်က လိုက်ကြီးမလာဘူးလေ"

"ဟွန် မာမီကလည်း ဘာမှမဆိုင်ဘူး"

"ဘာလို့မဆိုင်ရမှာလဲ၊ ခုချိန်ထိ သမီးဖြစ်ချင်တာ လုပ်ချင်တာတွေ မလုပ်ရဘူးဆိုရင် ခုလိုပဲ စိတ်ကောက်တတ်တာလေ"

မာမီက ရယ်ရယ်မောမောနှင့်ပြောတော့ သူကလည်း ခပ်ပြုံးပြုံးကြီး နားထောင်နေ၏။ မေပျို့မှာသာ မာမီမမြင်အောင် သူ့ကိုမျက်စောင်းကြီးထိုးပစ်လိုက်မိတာ။

"ထားရေ ဒီမှာ မင်းစာရင်းလေးတစ်ခု ကိုယ် သိပ်မရှင်းဘူး ဖြစ်နေတယ်"

"လာပြီ ကိုရဲရေ လာပြီ၊ သမီးလေး ကိုကို့ကို ပြန်မပြောရဘူး

www.burmeseclassic.com

www.burmeseclassic.com



နော် ကြားလား''

လုပ်ငန်းခွင်စာရင်းဇယားတွေ စစ်ဆေးနေပုံရသော ဦးရဲကျော်ခေါင်းက အောက်ကနေ လှမ်းအော်ခေါ်လိုက်သဖြင့် မာဗီ အပြေးကလေး ဆင်းသွားသည်။ ဒါတောင် သူ့ကိုပြန်မပြောဖို့ မှာဖြစ်အောင် မှာသွားသေး၏။

''အန်တီထားက သဘောထားပြည့်ဝသလောက် မင်းက တော်တော်စိတ်ကောက်တတ်တာပဲ''

''ဘာဖြစ်တယ် သူများတကာကိုများ သဘောထားသေးသိမ်တယ်လို့ ပြောတာလား''

''ကိုကို အဲဒီလို ပြောမိလို့လား။ မပြောမိပါဘူးနော်၊ မင်းက သိမ်စိတ်ကောက်တတ်တယ်လို့ပဲ ပြောတာပါ''

''ဘာဖြစ်လဲ ကိုယ့်စိတ်နဲ့ကိုယ်ကောက်တာ''

''ညီမလေးက စိတ်ကောက်တော့ ကိုကိုက လိုက်ချော့နေရတာပေါ့''

''ဘယ်သူက ချော့ခိုင်းနေလို့လဲ''

ပြုံးပြုံးလေးနှင့် ပြောနေသော သူ့ကို အမြင်ကပ်စွာပင် သူမ ကျောခိုင်းရပ်လိုက်သည်။

''ဘယ်သူကမှတော့ မချော့ခိုင်းဘူးပေါ့၊ ဒါပေမဲ့ ညီမလေး စိတ်ကောက်သွားတာနဲ့ကို ကိုကိုက ချော့ချင်နေတာလေ''

''နေပါ၊ မချော့နဲ့၊ ဘယ်သူကမှလည်း အချော့ခံချင်နေတာ မဟုတ်ဘူး''

''ဟုတ်ပါပြီ ဒါဆိုရင်လည်း မချော့တော့ဘူးနော်၊ ကျောင်းကိစ္စပဲ ဆက်လုပ်ကြတာပေါ့''





သူက တကယ်ကိုပင် မေပျို့ကို ဘာမှဆက်မပြောတော့ဘဲ ကွန်ပျူတာတစ်လုံးနှင့် ချက်ချင်းအလုပ်များသွား၏။ မိနစ်အနည်းငယ်လောက်ကြာတော့မှ မေပျို့ဘက်သို့ လှည့်ကြည့်လာပြီး

''ကျန်တာတွေကတော့ မေပျိုကိုယ်တိုင် ဖြည့်ရမှာလေ၊ လာကြည့်လိုက်ဦး''

ကိုကို လှမ်းခေါ်ပေမယ့် သူမ မသွားပါ။ ဝရန်တာမှာပဲ ပေကပ်ပြီး ရပ်နေမိသည်။

''ဟိတ် ခေါ်နေရင် လာလေ''

''မလာဘူး''

ခပ်ဆောင့်ဆောင့်ဖြေလိုက်သံအဆုံးမှာ ကိုကို သူမနားသို့ ထလျှောက်လာသည်။

''ကိုကို့ကို တကယ်စိတ်ဆိုးနေတော့မှာလား''

နူးညံ့ချိုသာသည့် သူ့အသံလေးက မေပျို့ကို စိတ်ပြေသွားအောင် ညှို့ယူနေသလိုပါပဲ။ ဒါပေမဲ့ မဖြစ်သေးပါ။ မေပျို စိတ်ကိုတင်းထားရပါလိမ့်မည်။

''ညီမလေး အဲဒီလိုကြီး စိတ်ဆိုးနေရင် ကိုကို မနေတတ်ဘူး''

''ဟွန့် အပိုတွေပြောပြန်ပြီ''

''ဘာဖြစ်လို့ ကိုကို ပြောတာတွေကို အပိုတွေလို့ ထင်နေတာလဲ မေပျို''

သူ့လေသံ နည်းနည်းလေး မာသွားတာမို့ သူ့မျက်နှာကို အလန့်တကြားနှင့်မေပျို မော့ကြည့်လိုက်မိသည်။ သူမကို ငေးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကတော့ မာကျောခြင်းများ မရှိဘဲ ကြင်နာနွေးထွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မင်းကို ဘာတွေများ အပိုပြောခဲ့မိလို့လဲ"

"ပန်းဝတီနဲ့ မပတ်သက်တော့ဘူးလို့ ကိုကို အပိုတွေ ညာပြောတယ်လေ"

"ဒီနေ့ ပန်းဝတီနဲ့ဆုံဖြစ်ခဲ့တာ တကယ့်ကို တိုက်ဆိုင်မှုသက်သက်ပဲလို့ ပြောပြီးပြီလေ၊ ပြီးတော့ ဆိုင်ထိုင်ဖြစ်သွားတာကလည်း သူ အတင်းခေါ်လို့ ကိုကိုက မကောင်းတာနဲ့ လိုက်ထိုင်ပေးလိုက်တာ"

"ဘာလို့ မေပျို့ကို လာရှင်းပြနေတာလဲ"

"ဟောဗျာ မေပျို့က ကိုကို့ကို အဲဒီကိစ္စ စိတ်ကောက်နေတာ မဟုတ်ဘူးလား"

"မရှင်းပြနဲ့၊ မသိချင်ဘူး"

"ဒါဆို ကိုကို ဘာလုပ်ရမလဲ"

"မေပျို့အခန်းထဲကနေ ထွက်သွားတော့"

မေပျို့ကိုငေးကြည့်နေသော သူ့မျက်ဝန်းများကို မခံနိုင်စွာပင် သူမ မျက်နှာလွှဲပစ်လိုက်သည်။ နောက်ထပ် ရက်ပိုင်းလေးအတွင်းမှာ မေပျို့ကို ခွဲခွာသွားတော့မည့် လူတစ်ယောက်ကို မေပျို့ ဘာစကားမှမပြောချင်တော့ပါ။ သံယောဇဉ်တွေကို ပိုတိုးစေမည့် ဘယ်လိုအပြုအမူမျိုးကိုမှလည်း မေပျို့ မလုပ်ချင်တော့ပါ။

ဒီတိုင်းလေးပဲ နှုတ်ဆက်လိုက်ချင်ပါသည်။

"လိုအပ်တာလေးတွေ ကိုကို အားလုံးလုပ်ပေးထားတယ်၊ ကျန်တာကတော့ ညီမလေးကိုယ်တိုင် ဆက်ဖြည့်ရမှာတွေ"

မျက်နှာကိုတစ်ဖက်သို့ လွှဲထားလိုက်မိသည်။ ဘယ်လိုမိုက်မဲသည့် စိတ်ကူးမျိုးဖြင့် ကိုကိုရှိနေတဲ့နေရာကို လိုက်သွားပြီး ကျောင်းဆက်တက်ဖို့ ကြိုးစည်ခဲ့မိတာလဲ။



"မသိဘူး ဖြည့်ချင်ဖြည့်မယ်၊ မဖြည့်ချင် မဖြည့်ဘူး။ ကိုကို ဘာမှလာမပြောနဲ့"

ကိုကို့ထံမှ သက်ပြင်းချသံသဲ့သဲ့လေး ကြားရသည်။

"ဒါဆို ကိုကို သွားတော့မယ်"

ထွက်ခွာသွားသော ခြေသံဖွဖွကိုလည်း ကြားနေရ၏။ ဒါပေမဲ့ သူမ နည်းနည်းမှ လှည့်မကြည့်ပါ။ တစ်သက်လုံး ဒီတိုင်းပဲ နာကျင်နေရမည့် ခံစားချက်တစ်ခုကို ဆက်လက်မွေးမြူထားဖို့ သင့်လို့လား။ ဆင်ခြင်နိုင်ဖို့ ကြိုးစားရမှာပါပဲ။ ကိုကိုက မေပျို့ကို တကယ့်ညီမလေးတစ်ယောက်လို ဆက်ဆံပေးခဲ့ပေမယ့် မေပျို့ကတော့ မရိုးသားစွာပင် ကိုကို့ကို ရင်ခုန်စွဲလမ်းနေခဲ့မိတာလေ။

ဒီတိုင်းလေးပဲ လမ်းခွဲကြတာပေါ့ ကိုကိုရယ်၊ ကိုကို့မျက်နှာကို ထပ်မြင်နေရရင် မေပျို့ရင်ထဲက ကိုကို့ကို ချစ်တဲ့စိတ်တွေကိုလည်း ဘယ်လိုမှ ထိန်းနိုင်မှာမဟုတ်ဘူး။ မေပျို့ တစ်ယောက်တည်း နာကျင်ပြီး မကျန်ခဲ့ချင်ဘူးလေ။

■ ■ ■

မနက်ဖြန်မနက် လေယာဉ်နှင့် သူ ပြန်တော့မည်။ ဒီနေ့တစ်နေ့လုံးလည်း မေပျို့ကို သူ တွေ့ခွင့်မရခဲ့။ ကျူရှင်ရှိသည်ဆိုပြီး အကြောင်းပြလျက် တစ်နေ့လုံး အိမ်မကပ်ဘဲ ရှိနေခဲ့သည်။

"ညီမလေး ပြန်ရောက်ပြီလား အန်တီ"

"အေး ခုလေးတင်ပဲ အပေါ်တက်သွားတယ်လေ"

ထမင်းစားဝိုင်းမှာ တစ်ယောက်လိုနေတော့ သူ မနေနိုင်မထိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရွာ မေးမိသည်။

"စာကျက်စရာတွေများလို့တဲ့၊ ထမင်းကိုတော့ အခန်းထဲ လာပို့ပေးဖို့ မှာသွားတယ်"

သူ ဘယ်သူမှမမြင်အောင် မချိုမြုံးလေး ပြုံးလိုက်မိသည်။ တကယ်တော့ စာကျက်ဖို့ကနည်းနည်း၊ သူ့ကိုမမြင်အောင် ရှောင်တိမ်းနေတာကများများပါ။ သူ သိပါသည်။

မျက်စိရှေ့မှာရှိနေသော ထမင်းပန်းကန်ကို မမိုတ်မသုန် စိုက်ကြည့်ရင်း သူကိုယ်တိုင်လည်း စားချင်သောက်ချင်စိတ် မရှိသလို ဖြစ်နေသည်။

"သားလည်း ဒီနေ့ အစားနည်းလှချည်လား"

ဖေဖေက သူ့ကိုကြည့်ပြီးမှတ်ချက်ချသည်။

"ဖေဖေတို့နဲ့ ခွဲရတော့မှာဆိုတော့ နည်းနည်းတော့ စိတ်မကောင်းဖြစ်မိတာပေါ့"

သူ မလိမ်တတ်ဘဲနှင့် လိမ်လည်လိုက်ပြန်သည်။ ဖေဖေက မျက်မှောင်ကြီးကျုံ့ပြီး စိုက်ကြည့်၏။ အမြဲတမ်းလိုလို မြန်မာပြည်နဲ့ ဩစတြေးလျနဲ့ အသွားအပြန်လုပ်နေသော သားက ခုကျမှ ထူးထူးဆန်းဆန်းတွေ ပြောနေတော့ ဦးရဲကျော်ခေါင် ထူးဆန်းနေတာ မမှားပါ။

"ဟိုကို ညီမလေးရောက်လာရင်လည်း သားက သေချာစောင့်ရှောက်ပေးပါနော်"

"အဲဒါကတော့ စိတ်ချပါ အန်တီ၊ ကျွန်တော်တစ်ယောက်လုံးရှိနေမှတော့ မေပျို့အတွက် ပူစရာမလိုပါဘူး။ သူ့ကိုသာ ရောက်အောင်ပို့လိုက်ပါ၊ ညက ကျွန်တော်ဖောင်တွေလုပ်ပေးခဲ့ပေမယ့် သူက စိတ်မဝင်စားတော့သလိုပဲ"



"မဟုတ်လောက်ပါဘူးကွယ်၊ ဒီဘက်က စာမေးပွဲကလည်း တအားကပ်နေပြီဆိုတော့ သူ့မှာ စိတ်ဖိစီးမှုတွေ များနေတာပါ"

သူ ဆက်စားချင်စိတ် မရှိတော့သဖြင့် ဖေဖေနဲ့အန်တီထားကို နှုတ်ဆက်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။ တံခါးပိတ်ထားပေမယ့် အခန်းမီးလေး လင်းနေသောကြောင့် မေပျို အိပ်ပျော်နေတာ မဟုတ်မှန်း သူ သိပါသည်။ သူ အခန်းထဲ ပြန်ဝင်လာလျက် ဝရန်တာမှ ဂစ်တာလေးတစ်လက်နှင့် ထိုင်နေမိသည်။

ခုချိန်မှာ အရာရာကို သူ ခံစားနားလည်နေပါလျက် ဘာကိုမှ မသိသလို ဟန်ဆောင်နေရသည်။ မေပျိုလည်း သူ့လိုပဲ ဒီထက်နည်းနည်းလေး ဟန်ဆောင်ကောင်းချေမိသည်။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ ရှာဖွေမတွေ့နိုင်လောက်အောင်ပင် ဟန်ဆောင်ကောင်းနေခဲ့ကြရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ဘယ်သူ့ရင်ထဲမှာ ဘာတွေဖြစ်နေမှန်း တစ်ယောက်နဲ့တစ်ယောက် မသိမှတော့ အရာရာဟာ အေးအေးချမ်းချမ်းလေး ပြီးဆုံးသွားဖို့သာ ရှိတော့တာလေ။ ခုတော့ ညီမလေးရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူ သိရှိနားလည်နေခဲ့မိသည်။ သူ့ရင်ထဲက ခံစားချက်များကလည်း သူကိုယ်တိုင် မရှာဖွေပါဘဲနှင့် မသိချင်ယောင်ဆောင်ထားပါလျက်နှင့် နှလုံးသားကို လာလာဝင်တိုက်နေ၏။

နောက်တစ်နေ့မနက်ဆိုတာနဲ့ သူ မြန်မာပြည်ကို ခွဲခွာသွားရတော့မည်။ ညီမလေးသာ ဟိုမှာ ကျောင်းလာမတက်ခဲ့ဘူးဆိုရင် သူတို့နှစ်ယောက် ပြန်လည်ဆုံတွေ့ဖို့က အချိန်အတိုင်းအတာ တစ်ခုလောက်ထိ ကြာသွားနိုင်ပါသည်။ မေပျို့ကို သူ သိပ်သတိရလာသည့်အခါမျိုးတွေမှာ ဘယ်လိုအမှတ်

www.burmeseclassic.com

www.burmeseclassic.com



တရုတ္တေနှင့် ပြေသိမ့်ရမှာလဲ။ မပြန်ခင် နောက်ဆုံးအချိန်ထိ အတွေ့မခံဘဲ ကလန်ကဆန်လုပ်နေခဲ့သော အမှတ်တရများလား။

အဲဒီလို အတွေ့မခံဘဲ နေလိုက်ရင် ရင်ထဲက ခံစားချက်တွေ လျော့ပါးသက်သာသွားရောလား။ မေပျို့လုပ်ရပ်တွေက သူ့မသိစိတ်များထဲက မေ့လျော့ထားချင်သည့် ခံစားချက်များကို ပွင့်အန်ထွက်လာစေတာတော့ သေချာပါသည်။ ကိုယ့်ရဲ့တကယ့်ညီမလေးတစ်ယောက်လို စောင့်ရှောက်ချင်ခဲ့သော စိတ်များကနေ ဘယ်တုန်းက ခုလိုမျိုး အရောင်တွေ ပြောင်းသွားခဲ့တာလဲ သူကိုယ်တိုင်ပင် မသိတော့ပါ။

မထိတွေ့တာ ကြာပြီဖြစ်သော ဂစ်တာလေးကို ကြိုးညှိလိုက်သည်။ ဒီဂစ်တာလေးက သူဟိုးငယ်ငယ်တုန်းက ဂစ်တာတီးသင်ကာစတည်းက ကိုင်ခဲ့သော ဂစ်တာလေး ဖြစ်သည်။ ဟိုဘက်အိမ်ကနေ သူ ဒီအိမ် ပြောင်းတော့လည်း မမေ့မလျော့ သယ်လာခဲ့ခြင်း ဖြစ်၏။ ဒီညတော့ ဒီ ဂစ်တာလေးကို အဖော်ပြုပြီး သူ့စိတ်ခံစားမှုတွေကို ရင်ဖွင့်ဖို့ ကြိုးစားလိုက်သည်။

■ ■ ■

မာမီကိုယ်တိုင် လာပို့သော ထမင်းနှင့်ဟင်းကို စိတ်မပါစွာ စားသောက်ရင်းနှင့် မေပျို့စိတ်တွေ လေးလံထိုင်းမှိုင်းနေ၏။ မနက်ဖြန်ဆိုရင် ကိုကို့ကို ခွဲရတော့မည်။ မေပျို့နဲ့အဝေးကြီးကို သူ ထွက်သွားတော့မည်။ မေပျို့ကတော့ ကိုကို့ပုံရိပ်တွေ ပြည့်နေသည့် ဒီအိမ်လေးထဲမှာ ကျန်နေရစ်ခဲ့ရမည်။

ကိုကိုမတရားဘူးနော်။ သူကျတော့ မေပျို့နဲ့ပတ်သက်တဲ့ အမှတ်တရတွေ ဘာမှမရှိသည့်နေရာတစ်ခုကို လွတ်မြောက်စွာ ထွက်ခွာသွားပြီး





မေပျို့ကတော့ သူ့အမှတ်တရများဖြင့် ပြည့်နှက်နေသည့်နေရာလေးမှာ ကျန်နေခဲ့ရမယ်တဲ့။

တကယ်ဆိုရင် မေပျို့ စာလည်းမကျက်ချင်ပါ။ စာအုပ်များကို စားပွဲပေါ်မှာ ဒီတိုင်းဖွင့်တင်ထားလျက် စိတ်တို့က တစ်ဖက်အခန်းမှ ကိုကို့ဆီသာ ရောက်နေခဲ့သည်။ ကိုကိုပစ္စည်းတွေ သိမ်းဆည်းပြီးပြီလား။ မနက်ဖြန် မနက်စောစောထသွားမှာဆိုတော့ စောစောစီးစီး အိပ်ရာဝင်ပြီး အနားယူနေပြီလား။ မေပျို့ကိုခွဲခွာသွားရမယ့်အတွက် ကိုကို ဘာမှမခံစားရဘူးလား။ ခေါင်းထဲမှာ အတွေးပေါင်းသောင်းခြောက်ထောင်နှင့် ပြည့်နှက်ရှုပ်ထွေးနေသည်။

"နင့်ကိုကိုက နင်ထင်နေသလို ပန်းဝတီကို စိတ်ဝင်စားနေတာ မဟုတ်ဘူး၊ သေချာတယ်"

"နင်က ဘာကိုကြည့်ပြီး ပြောတာလဲ"

"နင့်ကိုကြည့်တဲ့ သူ့မျက်ဝန်းတွေကို ကြည့်ပြီး ပြောတာပေါ့"

ဒီနေ့ ကျူရှင်မှာ သက်နိုင်ပြောခဲ့သော စကားတွေ။ ကိုကို့မျက်ဝန်းတွေလို့ ပြောလိုက်တိုင်း သူမ ပြေးမြင်မိတာကတော့ နူးညံ့နွေးထွေးသော အငွေ့အသက်တွေပါပဲ။ အဲဒီ မျက်ဝန်းတွေဟာ အမြဲတမ်း လင်းလက်တောက်ပနေတာ မေပျို့ ချစ်ရတဲ့ ကိုကို့ပိုင်ဆိုင်မှုတွေထဲက တစ်ခုပေါ့။

x x ဘာမှမထူးခြားဘူး အဖြစ်အပျက်ဖာတ်လမ်းတွေ၊ ပြာပုံမီးတိုးရင်း ကျွမ်းလောင်နေသားကျခဲ့ x x

x x ရေကြည်လေးတစ်စက်လောက်သာ ငါ ပင်ပန်းနွမ်းနယ်တဲ့အခါ ရင်ခုန်သံ မက်မောတောင့်တမိတဲ့အရာ x x

x x ငါပြန်ပြီး မရောက်တော့မယ့် ကမ္ဘာ x x



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အခန်းဘက်ဆီက ကြားနေရသော ဂစ်တာတီးသံနှင့် သီချင်းဆိုသံလေး။ တိုးတိုးလေးပေမယ့် မေပျို့အခန်းဘက်ကနေတော့ ကောင်းကောင်းကြားနိုင်ပါသည်။ မစားချင်စားချင်စားနေရသော ထမင်းပန်းကန်ကိုထားခဲ့လျက် သူမ ဝရန်တာဆီ အပြေးလေး ထွက်ခဲ့သည်။

သူမ အခန်းဘက်ကို ကျောပေးထိုင်ပြီး ဂစ်တာတီးနေသော ကိုကို့ကို လှမ်းမြင်လိုက်ရသည်။ မျက်နှာကိုမမြင်ရပေမယ့် ကိုကို့အသံကို နားထောင်ပြီး သူမအလိုလို ဝမ်းနည်းလာမိသည်။ ကိုကို့ကို နည်းနည်းမှ မခွဲနိုင်တာ ရင်ထဲမှာ ပိုပိုသေချာလာ၏။ ခွဲရမယ့်အချိန်တွေ နီးကပ်လာလေလေ သူမ ရင်ထဲမှာ နာကျင်ရလေလေ။ ကိုကို့မျက်နှာကို မြင်တွေ့ခွင့်ရချင်လာလေလေ။

သူမ ခြေလှမ်းများကို မထိန်းချုပ်ထားနိုင်ခင်မှာပင် လူက ကိုကို့အခန်းတံခါးရှေ့ ရောက်နှင့်နေခဲ့ပြီ။

"ကိုကို"

တံခါးလေးကို ဖြည်းညင်းစွာခေါက်လိုက်ပြီး ခပ်တိုးတိုးလေး ခေါ်လိုက်၏။ ခေါ်သံလေးရော တံခါးခေါက်သံလေးပါ တိုးညင်းလွန်းသောကြောင့် ကိုကို မကြားလောက်ဘူးလို့ ထင်ပေမယ့် ပျက်ချင်းလိုလိုပင် အခန်းတံခါးလေး ပွင့်သွားခဲ့သည်။ အံ့ဩတကြီး ငေးစိုက်ကြည့်နေသော ကိုကို့ကို သူမ ဟန်မဆောင်နိုင်စွာပင် ဖက်ငိုလိုက်မိ၏။

"ကိုကို မသွားလို့ မရဘူးလားဟင်"

ရင်ခွင်ထဲကို အိခနဲ ပြိုကျလာသော မေပျို့ကိုယ်လုံးလေးအား သူ အချိန်မီထိန်းပွေ့လိုက်ပြီး ကျောလေးကို ဖွဖွပွတ်သပ်ပေးနေမိသည်။ သူ ဘယ်လိုလုပ်ရမလဲ။ ကိုယ်ကိုယ်တိုင်တောင် မေပျို့ကို မခွဲခွာချင်တဲ့





ကိုယ့်စိတ်နဲ့ကိုယ် ပြဿနာဖြစ်နေတဲ့အချိန်မှာ

"ကိုကို ဒီကိုရောက်နေတာ ကြာပြီလေ ညီမလေးရဲ့၊ ပြန်မသွားလို့ မဖြစ်တော့ဘူး"

ရင်ခွင်ထဲမှာ နစ်ဝင်နေသော မေပျို့ကို ဆွဲထုတ်ယူလိုက်ပြီး မျက်နှာလေးကို တည့်တည့်ကြည့်ကာ ပြောလိုက်၏။ တအင့်အင့်ရှိုက်ငိုနေသောကြောင့် မျက်လုံးလေးတွေက နီရဲမို့အစ်နေသည်။ အခုမှ စတင်ငိုကြွေးနေတာ ဟုတ်ပုံမရ။ ဘယ်တုန်းကတည်းက အခန်းထဲမှာ ကြိတ်ပြီး ငိုနေခဲ့သလဲ မသိပါ။

"မငိုနဲ့တော့လေ ညီမလေး ကျောင်းလာတက်မယ်ဆိုရင် ကိုကိုတို့ ပြန်တွေ့ကြမှာပဲဟာကို"

ပါးပြင်ထက်က မျက်ရည်စများကို လက်ချောင်းများဖြင့် သုတ်ပေးရင်း သူ ကြင်ကြင်နာနာလေး ပြောလိုက်သည်။

"အဲဒါက နောက်ထပ်သုံးလလောက်တောင် လိုသေးတယ်လေ"

သူ သုတ်ပေးလိုက်သောကြောင့် မျက်ရည်စများ ခမ်းခြောက်သွားပြီဖြစ်သော်လည်း အသံလေးတွေကတော့ ဆို့နင့်အက်ကွဲနေကြသေးသည်။

ဟန်လည်းမဆောင်တတ်ဘဲနဲ့ ဘာဖြစ်လို့များ ကိုယ့်ဒုက္ခကိုယ်ရှာရတာလဲ ညီမလေးရယ်။

"သုံးလဆိုတာ ဘယ်လောက်မှ မကြာပါဘူး မေပျို့ရဲ့"

"ဩော် ကိုကိုကတော့ ဘယ်ကြာပါ့မလဲ၊ မေပျို့အတွက်ကတော့ ကြာတယ်"

ရှိုက်သံလေးများကြားထဲကနေ ရန်လိုသံလေးစွက်လျက် ပြောတာတော့ သူ ပြုံးမိသွားသည်။ နည်းနည်းမှလည်း နေနိုင်တာမဟုတ်ဘဲနဲ့များ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကြီးပိတ်ပြီး ဟန်လုပ်နေသေးသည်။

"ကိုကို့အတွက်လည်း တစ်လမှာ ရက်ပေါင်းသုံးဆယ်၊ မေမျိုအတွက်လည်း တစ်လမှာ ရက်ပေါင်းသုံးဆယ်ပဲလေ၊ တူတူပဲကို ဘာဖြစ်လို့ မေမျိုက ပိုကြာနေရတာတုန်း"

သူ တမင်သက်သက် ညစ်ချင်သောကြောင့် ခပ်ရွှတ်ရွှတ်လေး မေးလိုက်တော့ အင့်ခနဲ တစ်ချက်ရှိုက်လိုက်ပြီး မျက်ရည်စတွေ ဖိုးဖိုးပေါက်ပေါက် ကျဆင်းလာပြန်၏။ ခုလိုကျပြန်တော့လည်း သူ မနေတတ်မထိုင်တတ်စွာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

"ဟာ ကိုကိုက စတာလေ၊ ဘာဖြစ်လို့ ထပ်ငိုတာတုန်း။ ကလေးကျနေတာပဲ၊ မငိုနဲ့တော့လေ"

သူ ဘယ်လိုပြောပြော မေမျို အငိုမတိတ်တာမို့ နောက်ဆုံးတော့ ကြာရာမရှစွာပင် မေမျို ပခုံးလေးနှစ်ဖက်ကို ဆွဲကိုင်လျက် ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်မိသည်။

"မငိုနဲ့ကွာ နော်၊ ညီမလေးက ဒီလိုငိုနေတော့ ကိုကို ဘယ်လိုထွက်သွားနိုင်မှာလဲ"

"မသွားနဲ့ပေါ့"

ရင်ခွင်ထဲကနေ ရှုန်းထွက်လျက် သူ့ကို မော့ကြည့်ပြောလိုက်သော အသံလေးက တကယ့် ဖွတ်တရွှတ်။ မျက်ရည်စလေးများ မခြောက်သေးသော မျက်ဝန်းစိုလဲ့လဲ့လေးတွေ။ သူ့ရင်ဘတ်တွေ တဒိန်းဒိန်းနှင့်ခုန်လှုပ်နေတာ ဘယ်လိုမှ ထိန်းလို့မရနိုင်ခဲ့။ နဖူးပြင်လေးကို အသာလေး ငုံ့နမ်းလိုက်မိတာလည်း နှလုံးသားရဲ့စေစားချက်အတိုင်း။

"ကိုကို"





နှုတ်ခမ်းလေးတွေ ပွင့်အာလာပြီး အထိတ်တလန့် ရေရွတ်လိုက်သံက သူ့စိတ်တွေကို ချုပ်ထိန်းနိုင်စေဖို့ မထိရောက်စေခဲ့ပါ။ နူးညံ့အိစက်ပြီး မျက်ရည်များဖြင့် ရွှဲနစ်နေသော ပါးပြင်လေးကိုပါ အားရပါးရ နမ်းရှိုက်ပစ်လိုက်မိသည်။

"ကိုကို"

သူမက မရုန်းသည့်အပြင် သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သောကြောင့် သူ့နှလုံးခုန်သံတွေ ဂိတ်ဆုံးထိမြင့်တက်လာခဲ့ပြီး တစ်ကိုယ်လုံးရှိ ကြက်သီးလေးတွေ ဖြန်းဖြန်းထသည်ထိ သူ ကတုန်ကယင်ကြီး ဖြစ်သွားမိသည်။ သူ ယောကျ်ားတစ်ယောက်ပါ။ ရည်းစားမထားဖူးခဲ့သည့် လူပျိုပေါက်လေးလည်း မဟုတ်။

ဒါပေမဲ့ ခုတော့ မေမျို့ရဲ့အိစက်နွေးထွေးသည့် ကိုယ်လုံးသေးသေးလေးက သူ့ကို အကြီးအကျယ် ဆွဲဆောင်နေကြသည်။ သူ သူ

"ကိုကို မေမျို့ကို ချစ်လားဟင်"

မျက်ရည်စများဖြင့် မေးလာသော တိုမေးခွန်းကို သူ ဘယ်လိုအင်အားမျိုးဖြင့် ပြန်ဖြေရမှာလဲ။

"ကိုကို မှားမိတော့မယ် မေမျို"

သူ့စိတ်တွေ လွတ်ထွက်မသွားခင်မှာ မေမျို့ကို ရိုးသားစွာ ဝန်ခံလိုက်မိသည်။ သူ ဘာမှမဖြစ်ချင်ပါ။ သူ့ရင်ထဲက ပေါက်ကွဲထွက်တော့မည့် ခံစားချက်တွေကို သူ ဘယ်လိုနည်းနဲ့ ဆက်ထိန်းချုပ်ထားရမှာလဲ။

"ကိုကို မေမျို့ကိုချစ်တယ်မဟုတ်လားဟင်"

"မေမျို အခန်းထဲပြန်ပါတော့ကွာ နော်၊ ကိုကိုတောင်းပန်ပါတယ်"

"ဟင့်အင်း မေမျိုမေးတာကို မဖြေရင် မပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တည့်တည့်မှာ မျက်နှာလေးမော့လျက် ကလေးတ ယောက်လို ကြိုကျနေသော မေပျို့နှုတ်ခမ်းလေးများအား သူ ဖိကပ်နမ်း လိုက်သည်။ မရှုန်းသွားသည့်အပြင် မျက်လုံးလေးများမှိတ်ပြီး ငြိမ်သက်ခံယူနေသော ဒီမိန်းကလေးကို သူ ဘယ်လိုနည်းနဲ့မှ လွှတ်မပေးနိုင်တော့

သူ့အနမ်းတွေ ပိုလို့နက်နက်ရှိုင်းရှိုင်း ရှေ့တိုးလေလေ သူ့ကိုသိုင်း ဖက်ထားသော မေပျို့လက်လေးတွေ ပိုလို့တင်းကျပ်လာလေလေ။ မ သင့်မှန်း သိသိလျက်နဲ့ပင် သူတို့နှစ်ယောက်လုံး ထိုညလေးကို လေတိုး တို့ရဲ့အလယ်မှာ အပိုင်သိမ်းပစ်ဖို့ ကြိုးစားမိကြသည်။

"မေပျို့ ကိုကို့ကို သိပ်ချစ်တယ်"

"ကိုကို သိတယ်"

သူ့ရင်ခွင်မှာ ခေါင်းအုံးထားရင်း သူမ တိုးတိုးလေးပြော သူ ကြင်နာစွာ ပွေ့ဖက်ထားမိသည်။ ထိန်းချုပ်ထားသင့်မှန်းသိပါလျက် သူ ကျူးလွန်မိသွားခဲ့သော အရာတစ်ခု။ ကလေးတစ်ယောက်လို တဖွတ် နှင့် ရှေ့တိုးလာသော မေပျို့ကို သူထိန်းရမည့်အစား သူကိုယ်တိုင်က အလိုတူအလိုပါ စည်းကျော်ခဲ့မိသည်။

သူ ဘယ်လိုယောကျ်ားမျိုး ဖြစ်သွားခဲ့ပြီလဲ။ စောင့်ထိန်းရမည့် စည်းမှန်းသိသိကြီးနဲ့ သူ အတင်းတိုးဝင်ခဲ့မိပြီ။ ဖြူစင်သန့်ရှင်းသည့် မေ ဘဝကို သူ ဖျက်ဆီးခဲ့မိသည့် အသုံးမကျသောယောကျ်ားတစ်ယော ဖြစ်ခဲ့ပြီ။

"ကိုကို ဘာတွေတွေးနေတာလဲ"

"ကိုကို မှားသွားတယ်နော်"

"ဘာကိုပြောတာလဲဟင်၊ ကိုကိုနဲ့ မေပျို့နဲ့ ခုလို အဟင်း"





ပြောနေရင်းတန်းလန်းနှင့် ရှက်ဝဲဝဲလေးဖြစ်ကာ ခေါင်းလေးကို သူ့ရင်ခွင်ထဲ ပိုတိုးဝင်လာသောမေပျို့အား သူ ပိုလို့တိုးဖက်ထားမိ၏။ ကိုကို တောင်းပန်ပါတယ် ညီမလေးရယ်။

"ဒီအခြေအနေရောက်မှတော့ မေပျို့ မရှက်တော့ဘူး။ ကိုကို့ကို ဖွင့်ခံစရာရှိတယ် သိလား"

"အင်း ပြောလေ"

"ကိုကို့နဲ့မတွေ့ခင်တုန်းက ယောကျ်ားတစ်ယောက်ကို အိပ်မက်ထဲ မှာ သုံးညဆက်တိုက်လောက်တွေ့ခဲ့တာ သိလား၊ မျက်နှာကိုသိပ်မမြင်ရပေ မယ့် ကိုကို့လိုပဲ အရပ်ရှည်ရှည် ကိုယ်လုံးကိုယ်ထည်တောင့်တောင့်နဲ့ အဲဒီလို တွေ့မက်ပြီး ဘယ်ခဲလောက်မှမကြာဘူး။ ကိုကို့နဲ့စဆုံတာပဲလေ၊ ပထမဆုံး မြို့အိုးမြီးရှည်ဆိုင်မှာ တွေ့တုန်းက မေပျို့ဖူးစာရှင်ဟာ ကိုကိုပဲဆိုပြီးတော့ သဘောကျခဲ့တာ"

"အဲဒါလည်း ကိုကိုသိတယ်"

"ဟင် ကိုကို လျှောက်ပြောမနေနဲ့"

မိန်းကလေးတစ်ယောက်က ကိုယ့်ကိုအကြောင်းမရှိအကြောင်းရှာ ဘသတ်သက်ထဲက ဒီမိန်းကလေး ကိုယ့်ကို အနည်းနဲ့အများတော့ စိတ်ဝင် နေမှန်း သူ သိပါ၁စည်။ ဒါပေမဲ့လေ အဲဒီအချိန်တွေတည်းက သူ့ကိုယ်သူ မှန်ကန်ကန် နေလာခဲ့တာပါ။ မေပျို့ကို ညီမလေးတစ်ယောက်ထက်မပို သာ သံယောဇဉ်မျိုးသာ ထားခဲ့သည်။

"ကိုကိုရော မေပျို့ကို ဘယ်အချိန်တုန်းက စချစ်ခဲ့တာလဲဟင်"

တကယ်ဆို အဲဒီမေးခွန်းရဲ့အဖြေကို သူကိုယ်တိုင်လည်းမသိပါ ပျို့ကို ညီမလေးတစ်ယောက်ဆိုသည့် စိတ်နဲ့ ဂရုတစိုက်ရှိနေရင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်တည်းက ဒီသံယောဇဉ်တွေ အရောင်ပြောင်းသွားခဲ့တယ်ဆိုတာ

"ဖြေလေ ကိုကိုရဲ့"

"အင်း မေပျို့ကို ဘယ်အချိန်က စချစ်တာလဲဆိုတော့ ခုနတုန်းကနဲ့တူတယ်"

"အာ ကိုကို လျှောက်ပြောပြန်ပြီ"

စကားတွေများနေသော မေပျို့ကို သူ အနမ်းလေးတစ်ချက် ထပ်ချွေလိုက်သည်။ ငြိမ်သက်စွာ ခံယူတတ်ပုံလေးက သူ့အနမ်းတွေကို အချိန်တော်တော်ကြာ စောင့်တနေခဲ့မှန်း သူ မြတ်နိုးစွာ သိလိုက်ရ၏။

ဒါပေမဲ့ သူ စိတ်မကောင်းပါ။ အဲဒီ အနမ်းတွေကို ကိုကို ထပ်မပေးနိုင်တော့ရင်။

"မေပျို အခန်းထဲပြန်တော့လေ၊ အန်တီတို့တွေ့သွားရင်"

"မေပျို နားလည်ပါတယ် ကိုကိုရယ်၊ ဒီလို အနေအထားနဲ့ မာမီတို့တွေ့သွားရင် ဘယ်လိုမှမသင့်တော်ဘူးဆိုတာ၊ ဒါပေမဲ့လေ မာမီ့ကို နားလည်အောင် ပြောပြပြီး ကိုကိုနဲ့မေပျို အတူတူနေကြမယ်နော်"

သူ အသံတိတ် ခေါင်းညိတ်ပြလိုက်သည်။ သူ့ရင်ထဲမှာတော့ မဖြစ်သင့်ဘူးဆိုတဲ့စကားတစ်လုံးကသာ နေရာယူထား၏။ ခုချိန်မှာ သူ့ကိုယ်သူတောင် မလေးစားနိုင်လောက်အောင် ဖြစ်နေမိသည်။ သူ စောင့်ထိန်းခဲ့သင့်သည်။ ခုတော့ ယောကျ်ားကောင်းမဆန်သည့် လုပ်ရပ်တစ်ခုကို သူ ကျူးလွန်မိခဲ့ပြီ။

ဒီအပြစ်တွေကို သူ ဘယ်နည်းနဲ့ပြန်ချေပနိုင်မှာလဲ။

■ ■ ■

ဒီနေ့မနက် နိုးထလာရတာ မေပျို့အတွက် လန်းဆန်းတက်ကြွေ





ခဲ့သည်။ ဝရန်တာကနေ ဝိုးဝင်လာသော ရနေကျ ပန်းရနံ့လေးများကလည်း ဒီနေ့မှ ပိုမွှေးကြိုင်သင်းပျံ့နေသည်။ ပူလွန်းသည်လို့ ထင်မိသည့် နေရောင်ခြည်တောင် ဒီနေ့တော့ မွေးထွေးစွာ တောက်ပနေ၏။

အချစ်ဆိုတာ အဲဒီလို ထူးထူးဆန်းဆန်း ခံစားမှုတွေကိုပေးမှန်း မေပျို မသိခဲ့ရပါ။ ခုတော့ ကိုကို့ကျေးဇူးကြောင့် အချစ်ကို ထိတွေ့ခံစားခွင့်ရခဲ့ပြီ၊ မေပျို ပေးလိုက်တာ၊ တစ်သက်လုံး ကိုယ့်ဘက်ကပဲ တစ်ဖက်သတ်ချစ်ပြီး နာကျင်မှုများဖြင့် အဆုံးသတ်ရတော့မည်လို့ ထင်ထားခဲ့မိတာ၊ ခုတော့ ကိုကိုကလည်း မေပျို့ကို ချစ်နေခဲ့တာပါပဲ။

ရေမိုးချိုးပြင်ဆင်ပြီး အခန်းပြင်ထွက်လာတော့ ကိုကို့အခန်းတံခါးလေးကို ခေါက်ဖို့ ကြိုးစားလိုက်သေးသည်၊ ဒါပေမဲ့ ကိုကိုနဲ့မျက်နှာချင်းဆိုင်ရမှာ ရှက်သောကြောင့် မခေါက်ဖြစ်တော့ဘဲ အောက်ထပ်ကိုသာ တက်ကြွသော ခြေလှမ်းလေးများဖြင့် အပြေးဆင်းလာခဲ့လိုက်သည်။

"မာမီရေ ကိုကို့ကို လိုက်ပို့ဖို့ အဆင်သင့်ဖြစ်ပြီလား"

"သမီးလေး နိုးလာပြီလား"

မနက်စာဝိုင်းမှာ အိမ်အကူအန်တီကြီးနှင့်အတူ ပြင်ဆင်နေသော မာမီက အပြုံးလေးဖြင့် လှမ်းနှုတ်ဆက်သည်။

"နိုးပြီပေါ့ မာမီရဲ့၊ ဒီနေ့ ကိုကို့ကို လေဆိပ်လိုက်ပို့ရမှာလေ၊ ဒါကြောင့် မေပျိုက စောစောထတာ"

"ဒါဆိုရင်တော့ သမီး နောက်ကျသွားပြီ"

"ဟင် ဘာဖြစ်လို့လဲ မာမီ"

"သမီး ကိုကိုက မနက်ငါးနာရီလောက်ထဲက ထထွက်သွားပြီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မြူးတူးစွာ လှုပ်ရှားနေသော အပြုအမူလေးတွေ ချက်ချင်း ငြိမ်ကျသွားရ၏။ ကိုကိုက မေမို့ကိုတောင် နောက်ဆုံးအကြိမ် မနှုတ်ဆက်ဘဲ နှင့် ထွက်သွားပြီတဲ့လား။ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ညကလေးတင် တစ်ယောက်နဲ့တစ်ယောက် ကြင်နာစွာ ပွေ့ဖက်ထားခဲ့သောလူက ဒီမနက်မှာ နှုတ်မဆက်ဘဲ ထွက်ခွာသွားပြီတဲ့လား။

"မဖြစ်နိုင်ပါဘူး မာမီရဲ့၊ သမီး ကိုကို့ကို လိုက်ပို့ချင်တာလေ"

"ဘာမှအရေးမကြီးလို့ ညီမလေးကို အိပ်ရေးပျက်မခံပါစေနဲ့တော့ ဆိုပြီး မာမီတို့ကို ပြောသွားတာပဲ"

"ဟာ ကိုကိုက ဘာလဲကွာ"

မာမို့ရှေ့မှာပင် ဟန်မဆောင်နိုင်တော့စွာ သူမ ငုတ်တုတ်ထိုင်ချ ငိုပစ်လိုက်မိသည်။

"သမီး ဒီလောက်ထိ သားကို လိုက်ပို့ချင်မှန်းသိရင် မာမီ ဒီတိုင်း ပဲ မလွှတ်လိုက်ပါဘူးကွယ်၊ သားကလည်း သမီးကို မနှိုးပါနဲ့တော့ဆိုပြီး အတင်းပြောနေတာနဲ့ ကိုရဲပဲ လိုက်ပို့လိုက်တာ"

မာမို့စကားကို ဆုံးအောင်နားမထောင်တော့ဘဲ လက်ထဲက ဖုန်း လေးကို ခပ်မြန်မြန်နှိပ်လိုက်မိသည်။ သူ လေယာဉ်ပေါ်တော့ မတက်လောက် သေးပါဘူးနော်။ ကိုကိုနဲ့ စကားတစ်ခွန်းလောက်ပဲဖြစ်ဖြစ် ပြောချင်ပါသေး သည်။ သို့သော် သူမ ကံဆိုးပါ၏။ ကိုကို့ဖုန်းက စက်ပိတ်ထားသည်။

သူမအတွက်နောက်ဆုံးအကြိမ်အဖြစ် ကိုကို့မျက်နှာလေးကို တွေ့ ခွင့်မရတော့ဘူးလား။

"သမီး အခု လေဆိပ်သွားရင် မီနိုင်သေးလားဟင် မာမီ"

"ဘယ်လိုမီတော့မှာလဲ သမီးရဲ့၊ လေယာဉ်ထွက်ဖို့ နာရီဝက်သာ





လိုတော့တာကို၊ လမ်းမှာကားပိတ်တာတွေ ဘာတွေနဲ့ ဘယ်လိုမှ မမီနိုင် တော့ဘူး"

သူမ လုံးဝကို ခြေကုန်လက်ပန်းကျကာ ပြောစရာစကားတွေ ပျောက်ရှသွားသည်။ ကိုကို့ကို မခွဲခွာခင် နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် အနမ်း လေးတစ်ချက်တော့ ပေးလိုက်ချင်သေးတာ။ ခုတော့ ဘာကိုမှ ပြောခွင့်မရ လိုက်ပါဘဲ ကိုကိုက ထွက်ခွာသွားခဲ့သည်။

"သမီး ဘယ်လိုဖြစ်တာလဲ၊ လမ်းလယ်ခေါင်ကြီးမှာ"

မာမီက သူမ လက်မောင်းကိုဆွဲထူလျက် အခန်းထဲထိ ပြန်လိုက်ပို့ ပေးသည်။

"သမီး ဘာမှမဖြစ်ပါဘူး မာမီ"

"ဘာမှမဖြစ်ဘူးသာ ပြောတယ်၊ သမီးမျက်နှာတစ်ခုလုံး သွေး မရှိသလို ဖြူလျော်နေတာပဲ"

"သမီး တကယ် ဘာမှမဖြစ်ပါဘူး"

"မောင်စစ်ငြိမ်းချမ်းအပေါ်မှာ သမီး သံယောဇဉ်ရှိတာ မာမီ နားလည်ပါတယ်"

မာမို့ကို သူမ အလန့်တကြား မော့ကြည့်မိသည်။ မာမို့မျက်ဝန်း တွေမှာ ဘာအရောင်မှ မမြင်ရတော့မှ စိတ်ချလက်ချဖြစ်မိပြန်၏။ သူမနဲ့ ကိုကို့ကြားက ထားရှိတဲ့အချစ်ကို မာမီတို့ ခုချိန်မှာ စောစောစီးစီး ရိပ်မိသွား မှာတော့ မေမို့လည်း မလိုချင်သေးပါ။

"သမီးက ငယ်ငယ်တည်းက တစ်ယောက်တည်း ကြီးပြင်းလာရ တာမဟုတ်လား။ အစ်ကိုတစ်ယောက် ကောက်ရသလို ခံစားချက်နဲ့ တွယ်တာ နေတာ မာမီ သဘောပေါက်တယ်၊ အခု သားလေးစစ်သွားတော့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့အလုပ်ကိစ္စလေး၊ ခဏတာဖြုတ်လေးသွားတာ၊ အမြဲတမ်း ခွဲနေကြမှာမှမဟုတ်ဘဲ၊ ပြီးတော့ ဖုန်းလည်းနေ့တိုင်းပြောလို့ရတယ်၊ အင်တာနက်ကနေလည်း တွေ့ကြဆုံကြလို့ရတယ်၊ ဒီလောက် ကြီးကြီးမားမား ခံစားမနေပါနဲ့ သမီးရယ်''

မာမီကတော့ ကိုကို့အပေါ် သူမထားရှိတဲ့မေတ္တာကို ရိုးသားစွာလို့ ထင်မှတ်ပြီး ရှည်ရှည်ဝေးဝေး ရှင်းပြဖြေသိမ့်ပေးနေခြင်း ဖြစ်သည်။ မေပျို့မှာသာ ဘယ်သူ့ကိုမှ ထုတ်ပြောပြလို့မရသော ဝေဒနာတစ်ရပ်ကိုပိုက်ပြီး မချိတင်ကဲ ခံစားနေရတာ။

သိပ်မျှော်လင့်ခဲ့ရသော ကိုကို့အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုတော့လည်း ကိုကိုက အနားကနေ နှုတ်မဆက်ဘဲ ထွက်ခွာသွားပြန်သည်။ ကိုကို့ကို ဘယ်လိုနားလည်ရမှာလဲ။

''သမီး ပြန်အိပ်လိုက်ဦးမယ် မာမီ''

သူမ တစ်ယောက်တည်း တိတ်ဆိတ်စွာ နေလိုသည်။ ကိုကို့နဲ့ မတွေ့ကြရတော့ဘူးဆိုတာကို မေပျို့ သိရှိထားပြီးဖြစ်ပေမယ့် တကယ်တမ်း လက်တွေ့ရင်ဆိုင်လာရတော့ မခံမရပ်နိုင်လောက်အောင်ပင် နှလုံးသားက နာကျင်လာသည်။

ကိုကိုရက်စက်သည်။ မေပျို့ကို နည်းနည်းမှတောင် နှုတ်မဆက်ဘဲနှင့် ထွက်သွားရက်သည်။ ဒါပေမဲ့လည်း မေပျို့ အားတင်းထားပါသည်။ မာမီ ပြောသလိုပဲ အပြီးအပိုင် ထွက်ခွာသွားတာမှ မဟုတ်တာ၊ ပြီးတော့ ဒီခေတ်ကြီးမှာ ဆက်သွယ်လို့ရသည့်နည်းလမ်းတွေမှ အများကြီးပဲမဟုတ်လား။

တစ်ခုပဲ မေပျို့ ဝမ်းနည်းမိတာက ကိုကို့အနမ်းတွေကို ထိတွေ့ခွင့်





မရတော့တာပေါ့။ နွေးထွေးပြီး နက်ရှိုင်းသည့် ထိုအနမ်းတွေကို မေပျို့ ဘယ်တော့မှ ပြန်တွေ့ခွင့်ရမှာလဲဟင် ကိုကို။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကိုကိုကို အရမ်းသတိရတယ်"

အွန်လိုင်းကနေ ထိုစာလေးတစ်ကြောင်းကို ရိုက်ပို့ပြီးသည့်နောက်မှာ သူမ မျက်ဝန်းက မျက်ရည်စတွေ စီးကျလာ၏။ ဒီနေ့ဆို ကိုကို ထွက်သွားတာ တစ်လတိတိရှိပြီ။ တစ်နေ့ကို ဘယ်နှခေါက်မှန်းမသိလောက်အောင် မေပျို စာတွေပို့နေပေမယ့် ကိုကို့ထံမှ ယောင်မှားပြီးရောက်လာသော စာ တစ်ကြောင်းတလေလောက်တောင် မရခဲ့ပါ။

ကိုကိုဘာဖြစ်လို့ ဒီလိုလုပ်နေခဲ့တာလဲ။ မေပျို့ကို တကယ်ပဲ အဆက်အသွယ်မလုပ်ချင်တော့ဘူးလား။ ဖုန်းနံပါတ်မှားနေလို့လားဆိုသည့် အတွေးနှင့် အန်ကယ့်ကို သွားမေးဖူးပေမယ့် ဖုန်းနံပါတ်မမှားပါဘူးဆိုသည့် အဖြေစကားကိုသာ ရရှိခဲ့သည်။ ကိုကိုက အန်ကယ်တို့မာမီတို့နှင့် အဆက်အသွယ်ရှိပါလျက် မေပျို တစ်ယောက်တည်းကိုသာ ကွက်ပြီး မေ့လျော့ပစ်ထားခြင်းလား။ ဘာဖြစ်လို့လဲ ကိုကိုရယ်။

"သမီး စာကျက်နေတာလား"





အခန်းဝကနေ မာမီပေါ်လာပြီး မေပျို့ကို လှမ်းမေးသည်။ တစ်နေ့ထက်တစ်နေ့ ပိုပိုမှိုင်လာသော မေပျို့ကို မာမီ သတိထားမိပေမယ့် ဖြေဆိုနေရသော စာမေးပွဲကြောင့်လို့ ထင်နေတာ မေပျို သိပါသည်။

"ဒီနေ့ရော ဖြေနိုင်ရဲ့လား သမီး"

"ဖြေနိုင်ပါတယ် မာမီ"

"သမီးကိုကြည့်ရတာ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ကွယ်၊ မာမီဖြင့် သိပ်တောင် အားမရချင်ဘူး။ အားဆေးတွေရော မှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ် မာမီရဲ့၊ စာမေးပွဲကြောင့် စိတ်ဖိစီးနေလို့ပါ"

"တစ်လျှောက်လုံး ဒီစာတွေလုပ်လာတာပဲကွယ်၊ သိပ်လည်း သောကမထားပါနဲ့၊ မာမ့်သမီးလေးကိုကြည့်ရတာ လုံးဝကိုအားမရဘူး၊ စာမေးပွဲပြီးသွားရင်တော့ လုံးဝကို အနားယူလိုက် သိလား၊ ခရီးတွေဘာတွေ ထွက်ပေါ့"

"မာမီ တကယ်ပြောတာလားဟင်"

"အင်းပေါ့ မိုးစက်တို့နဲ့ ခုတည်းက ကြိုတိုင်ပင်ထားလိုက်လေ"

"ဟုတ်ကဲ့ မာမီ"

သူငယ်ချင်းတွေနဲ့ တစ်နေရာရာကို ခရီးထွက်လိုက်ရင်တော့ မေပျို လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာနိုင်ပါတယ်လေ။ အခုကတော့ အားလုံးလည်း စာနဲ့ပဲ နပန်းလုံးနေရတာဆိုတော့ မေပျို့မှာ ဘယ်သူ့ကိုမှလည်း ရင်ဖွင့်ခွင့် မရဘဲ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေခဲ့ရသည်။

"ဒါနဲ့ သမီး၊ ဟိုမှာ ကျောင်းတက်ဖို့ရော ဖောင်လှမ်းတင်လိုက်ပြီလား"

"သမီး ပို့လိုက်ပါပြီ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး မောင်စစ်ငြိမ်းချမ်းကလည်း ဟိုမှာ အဆင်ပြေနေတာဆိုတော့ သမီးလိုက်သွားရင် အတော်ပါပဲ"

မာမီ့ကိုလည်း ကိုကိုနဲ့ပတ်သက်ပြီး ဘာမှမမေးချင်တော့တာမို့ သူမတစ်ယောက်တည်းသာ တိတ်တိတ်လေး ကြိတ်ပြုံးလိုက်မိသည်။ ကိုကိုက ခုတောင် မေပျို့ကို ရှောင်ခွာနေတာ မေပျိုသာ ဟိုထိလိုက်သွားပြီး ကျောင်းတက်မယ်ဆိုရင်ရော ကိုကို လက်ခံမှာတဲ့လား။

မေပျိုတို့ အတူဖြတ်သန်းခဲ့တဲ့ ညလေးလိုမျိုး နူးညံ့နွေးထွေးစွာ ကြင်နာတတ်သည့် ကိုကို့ကို ပြန်တွေ့ရမှာတဲ့လား။ မေပျိုကတော့ မယုံရဲတော့ပါ။

"ကဲ သမီး စာကျက်ပြီးရင်လည်း စောစောအိပ်လိုက်နော်"

■ ■ ■

"ကဲ ငါတို့ စာမေးပွဲလည်း ပြီးပြီဆိုတော့ ဘာလုပ်ကြမလဲ"

မိုးစက်က တက်တက်ကြွကြွနှင့်စကားစလာသည်။

"လောလောဆယ်တော့ ငါက အိပ်ရေးဝဝအိပ်ချင်တာပဲ သိတယ်"

ချိုသာက တစ်ချက်သမ်းဝေလျက် သူ့ဆန္ဒကိုတင်ပြလာတော့ ပိုးက ချိုသာ့လကျ်မောင်းကို ဖြောင်းခနဲ ရိုက်လိုက်ရင်း

"အိပ်တာက နင့်ဘာသာ အိမ်ပြန်ရောက်မှ အိပ်၊ လောလောဆယ် ငါတို့ ဘာလုပ်ကြမယ်ဆိုတာ အစီအစဉ်ဆွဲရအောင်"

"နင်တို့က ဘာလုပ်ချင်လို့လဲ"

"ငါကတော့ ခရီးသွားချင်တယ်၊ စိတ်ပြေလက်ပျောက်ပေါ့"

မေပျို ဝင်ပြောလိုက်တော့ မိုးစက်မျက်နှာက ပြုံးပြုံးကြီး ဖြစ်သွား





၏။

"အမှန်ပဲ မေပျို တစ်ယောက်ပဲ ငါ့ဆန္ဒကို ကောင်းကောင်းသိတော့တယ်"

"အင်း ခရီးတော့ ငါလည်းသွားချင်တယ်"

"သူများပြောမှ လိုက်ယောင်ပြန်ပြီ၊ ခုနကတော့ အိပ်ပဲအိပ်ချင်တာဆို၊ ငါတို့ ခရီးသွားမယ်၊ နင်အိပ်ပြီးကျန်ခဲ့၊ မကောင်းဘူးလား"

ပိုးက တမင်ရွဲ့ကာ ပြောတော့ ချိုသာက မျက်စောင်းထိုးလိုက်သည်။

"အောင်မာ ငါက အိပ်ပြီးကျန်ခဲ့လို့ ရတယ်၊ ဒါပေမဲ့ ငါမပါရင် နင်တို့ပျင်းနေမှာစိုးလို့"

"ဩော် ကျေးဇူးတင်ချင်စရာပါပဲ"

"ကဲ နင်တို့နှစ်ယောက် တော်ကြပါတော့၊ ဘယ်ကိုသွားမလဲဆိုတာ နည်းနည်းပါးပါး ဝိုင်းစဉ်းစားပေးကြပါဦး"

မိုးစက် ပြောလိုက်တော့မှ ချိုသာနဲ့ပိုးတို့ စကားများနေတာ ရပ်တန့်သွား၏။

"ငါ့အဒေါ်ရှိတဲ့ နယ်ဘက်ကို သွားကြမလား"

"ဟွန် ဘာပျော်စရာရှိလို့လဲ"

"ရှုခင်းလေးတွေ လှတယ်ဟ၊ သာသာယာယာနဲ့ နေလို့ကောင်းတယ်"

"ဒီလိုဆိုလည်း လုပ်ဟာ၊ ငါတို့က အေးအေးဆေးဆေးအနားယူလို့ရရင် ပြီးတာပဲ"

အားလုံးရဲ့သဘောတူညီမှုဖြင့် သူမတို့လေးယောက်ရဲ့ ခရီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



နောက်သုံးရက်အကြာမှာပဲ စတင်ဖြစ်ခဲ့ပါသည်။

သစ်ပင်များ တောတောင်များဖြင့် စိမ်းစိမ်းစိုစိုရှိသော ထိုဒေသလေးကိုရောက်ရောက်ချင်းမှာပဲ မေပျို စိတ်တွေလန်းဆန်းသွားရ၏။ ချိုသာ့အဒေါ်အိမ်က ခြံကျယ်ကျယ်အိမ်အကြီးကြီးမို့ သူမတို့သူငယ်ချင်းတွေ လွတ်လပ်စွာ နေနိုင်ကြသည်။ အဒေါ်အပျိုကြီးနှင့် အိမ်မှာကူဖော်လောင်ဖက်ရအောင်ခေါ်ထားသော ကလေးမလေးတစ်ယောက်သာ ရှိတာမို့ သူမတို့အတွက်တကယ့်ကို စိတ်လွတ်ကိုယ်လွတ်ပါပဲ။

"ဘယ်လိုလဲ နင်တို့တွေ သဘောကျသွားပြီမဟုတ်လား"

"သူတို့တော့ မသိဘူး၊ ငါကတော့ တကယ်သဘောကျတယ် ချိုသာ"

မေပျို့အပြောကြောင့် ချိုသာက မိန့်မိန့်ကြီး ပြုံးလိုက်၏။

"ငါတို့ ဟိုဟိုဒီဒီ လျှောက်ကြည့်ရအောင်လေ"

"အောင်မလေး ပိုးရယ် နည်းနည်းပါးပါးလည်း နားပါရစေဦး"

"ချိုသာ နင်ကျန်ခဲ့တဲ့ သုံးရက်လုံးလည်း အိပ်နေတာ မဟုတ်ဘူးလားဟင်၊ ခုလည်း ထပ်နားဦးမယ် ဟုတ်လား"

"နင်တို့နှစ်ယောက် ကိုက်ပြန်ပြီလားဟင်"

မိုးစက်အပြောကြောင့် ချိုသာရော ပိုးပါ ခါးကြီးတွေထောက်ပြီး မိုးစက်ကို မျက်စောင်းထိုးလိုက်ကြ၏။

"နင်က ငါတို့ကို ဘာစကားပြောတာလဲ"

"နင်တို့ကလည်း စိတ်ကြီးပဲ၊ ငါက နင်တို့ရန်မဖြစ်အောင် ကြားဝင်တားပေးတာပါ"

"တားပုံကြီးကလည်း အရိုက်ခံရမယ့်ကိန်းကြီးနော်"





သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ပြောနေတာကိုကြည့်ပြီး မေပျိုကတော့ နှုတ်ပိတ်နေမိသည်။ အရင်လိုမျိုး လွတ်လပ်ပျော်ပါးသည့် စိတ်မျိုးတွေ မေပျို့မှာ ဘာဖြစ်လို့များပျောက်ဆုံးနေခဲ့တာလဲ။ အချိန်တိုင်းမှာ တစ်ခုခုကို လွမ်းလွမ်းဆွတ်ဆွတ်နှင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေမိသည်။

သောနားမှာ သူငယ်ချင်းတွေ ရှိနေတာတောင် သူမ တစ်ယောက်တည်း အထီးကျန်နေသလို ခံစားနေရ၏။

"မေပျို နင်ကလည်း စာမေးပွဲပြီးတာတောင် မပျော်နိုင်သလိုပဲနော်၊ နင် ဘာတွေဖြစ်နေတာလဲ"

သူမကို သတိထားမိနေပုံရသော သူငယ်ချင်းတွေက ဝိုင်းမေးလာတော့လည်း တစ်လျှောက်လုံး မြိုသိပ်လာခဲ့ရသည့် ခံစားချက်တွေကို ရင်ဖွင့်ပြဖို့ မေပျို အားယူလိုက်သည်။

"ငါ နင်တို့ကို ဖွင့်ပြောချင်ခဲ့တာ ကြာပြီ"

"ဘာများလဲဟ"

"စာမေးပွဲရှိနေလို့ ငါ ဘာမှမပြောပြခဲ့တာပါ"

"ဘာဆိုတာကို ပြောပါဟ၊ နင်လုပ်တာနဲ့ ငါတို့ သိပ်သိချင်လာပြီ"

တစ်ယောက်တည်း ကြိတ်ခံစားလာရတာတွေကို ခုလို ဖွင့်ပြောပြရတော့မယ်ဆိုတော့ အလိုလိုနေရင်းကမှ ငိုချင်နေမိသောစိတ်တွေ အရည်ပျော်ဆင်းလာသည်။

"ဟဲ့ မေပျို ဘာဖြစ်လို့ ငိုနေတာလဲ"

"ဒုက္ခပါပဲ ဘာမှတောင်မပြောရသေးဘူး၊ ဘာလို့ငိုတာတုန်း"

တစ်ယောက်တစ်ပေါက်နှင့် သူတို့ပျာယာခတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ငါသိပ်ချစ်တာ နင်တို့ သိတယ်နော်"

"အေး သိပါတယ်၊ ဟိုပြန်သွားတဲ့နေ့မှာ နင့်ကိုတောင် နှုတ်မဆက်သွားဘူးဆို၊ ပြီးတော့ နင်ကလွဲရင် ကျန်တဲ့သူတွေကို အဆက်အသွယ်လုပ်တယ်ဆို"

"အေး ဟုတ်တယ်"

"နင်က အဲဒီလို နှုတ်ဆက်မသွားတာကို ပြန်တွေးပြီး ဝမ်းနည်းနေတာလား၊ ထားလိုက်ပါဟာ၊ သူက နင့်မေတ္တာကိုသိလို့ တမင်အနိုင်ယူနေတာ"

သူငယ်ချင်းတွေက မေပျို့ဘက်ကနေ နာလျက် သူ့ကိုဝိုင်းအပြစ်တင်နေကြ၏။ ဒါတောင် ကိုကို နိုင်ငံခြားမပြန်ခင်ညက အဖြစ်အပျက်ကို သူတို့မသိသေးလို့၊ သိများသိသွားရင်တော့။

"အဲဒီအတွက်နဲ့ဆိုရင်တော့ နင် ငိုမနေနဲ့တော့ဟာ၊ ငါတို့တွေ ဒီမှာ ပျော်ပျော်ပဲနေရအောင်"

အဲဒီညက အဖြစ်တွေကို ပြန်ပြောပြလိုက်ရင် သူငယ်ချင်းတွေ စိတ်ညစ်ရမှာပါ။ ပျော်ချင်လို့ ဒီကို အလည်အပတ်ထွက်လာကာမှ မေပျို့ကြောင့် အားလုံးရဲ့အပျော်တွေ ပျက်စီးပြီး ဒါသတွက်ရမှာမျိုးတော့ မေပျို့ မဖြစ်စေချင်ပါ။

"အေးပါ ငါ မပြောတော့ပါဘူး"

"ငါတို့က နင်ခံစားရတာကို နားမလည်လို့ မဟုတ်ဘူးနော်၊ ဘာမဟုတ်တာလေးနဲ့ နင်စိတ်ပင်ပန်းနေတာကို မကြည့်ရက်တာ"

"ငါ သဘောပေါက်ပါတယ်"

"နင့်မှာ တခြားရင်ဖွင့်စရာတွေ ရှိသေးရင်လည်း ငါတို့နားထောင်





ပေးမှာပါ၊ ဒါပေမဲ့ ဘာကိုပဲဖြစ်ဖြစ် နင် မခံစားရစေချင်ဘူး၊ နင်နဲ့သူနဲ့က ဘယ်လိုပဲဖြစ်ဖြစ် မောင်နှမတွေအနေနဲ့ တစ်အိမ်တည်းမှာ ရှိနေပြီလေ၊ နင် သူ့ကိုချစ်နေတဲ့စိတ်က ရှေ့ဆက်ဖို့ သိပ်ခက်တယ် မေပျို့၊ အများအမြင်မှာ နင်တို့နှစ်ယောက်က မောင်နှမတွေ ဖြစ်နေခဲ့ပြီ"

ပိုး စကားက မေပျို့နှလုံးသားကို ဓားထက်ထက်နဲ့ထိုးဆွလိုက်သလိုပါပဲ။ အများအမြင်မှာ မောင်နှမတွေဆိုပေမယ့် မေပျို့တို့နှစ်ယောက်ရဲ့နောက်ကွယ်က ဇာတ်လမ်းလေးက အမှန်တကယ်ပင် ဖြစ်ပျက်ခဲ့တာဖြစ်သည်။ ဒါကို ဘယ်သူ့ကိုမှ ထုတ်ပြဖို့ မဖြစ်နိုင်တော့ဘူးလား။

မေပျို့သိက္ခာနှင့် ကိုကို့သိက္ခာကို ငဲ့သောအားဖြင့် အဲဒီတစ်ညတာကိစ္စလေးကို မေပျို့ မြှုသိပ်ထားလိုက်ရတော့မှာလား။ ကိုကို့ရဲ့လျှစ်လျူရှုမှုတွေအောက်မှာ မေပျို့ဘဝလေးဟာ တိတ်ဆိတ်စွာ ပြိုလဲနေရတော့မှာလား။

"နင့်မျက်ရည်တွေ သုတ်လိုက်ဟာ မေပျို့၊ ငါတို့ ရောက်တုန်းရောက်ခိုက် ပျော်ပျော်နေကြရအောင်"

"အေးပါ ငါမငိုတော့ဘူးနော်"

တစ်သျှူးစလေးဖြင့် မျက်နှာကို ပွတ်သုတ်လိုက်ရင်း သူငယ်ချင်းတွေကို ပြုံးရယ်ပြလိုက်ရသည်။ သူမ ရင်ထဲက ဝေဒနာကို ထုတ်ပြဖို့မဖြစ်မှတော့ တစ်ယောက်တည်းသာ ကြိတ်ခံစားရတော့မှာပဲလေ။

ကိုယ့်ထိုက်နဲ့ကိုယ့်ကံပါ၊ မေပျို့ ကိုယ်တိုင်ကလွဲရင် ကိုကို့မှာတောင် အပြစ်မရှိပါဘူးလေ၊ မြင်းကမလှုပ် ခုံကလှုပ်သလိုမျိုး ဖြစ်ခဲ့တာမဟုတ်လား။

"ငါတို့ ခဏတဖြုတ်နားပြီးရင် လျှောက်ကြည့်ကြမယ်လေ၊ ဟိုးရှေ့နောက်ဘက်ပိုင်းက ရေတံခွန်လေးတစ်ခု ရှိတယ်၊ သိပ်လှတာပဲ"

"အေး ကောင်းတယ်၊ ထမင်းတွေဘာတွေစားပြီးမှ သွားကြမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ''

''သမီးတို့လာမယ်ဆိုတာ ချိုသာ ဖုန်းဆက်ထားတာနဲ့ အန်တီလည်း စပါယ်ရှယ်ချက်ပေးထားပါတယ်''

ထမင်းစားဖို့ တာစူနေသော မိုးစက်ကို ချိုသာ့အဒေါ်က ဝင်ပြောလိုက်သည်။

''ချိုသာ့သူငယ်ချင်းတွေက အကုန်လုံး အငတ်တွေချည်းပဲ အန်တီရေ၊ စားဖို့သောက်ဖို့ဆို စပါယ်ရှယ်လစ်တွေ''

''စားကြစမ်းပါကွယ်၊ အန်တီကလည်း တစ်နေ့တစ်နေ့ တစ်ယောက်တည်း ဖြတ်သန်းနေရတာဆိုတော့ ခုလိုမျိုး သမီးတို့လာလည်တော့ ဝမ်းသာတယ်''

''အဲဒါကြောင့် ပြောတာပေါ့၊ အန်တီ့ကို ယောကျ်ားယူပါလို့''

''ဟယ် ဒီကောင်မလေး လူကြီးကို စစရာများ ထင်နေလား မသိဘူး''

''ငါ့အန်တီက သူ့ဘဝတစ်လျှောက်လုံး ဒီနယ်က ဆေးရုံလေးမှာ သူနာပြုဆရာမကြီးအဖြစ် လူနာတွေနဲ့ပဲ နပန်းလုံးလာခဲ့တာလေ၊ အဲဒါကြောင့် ယောကျ်ားတောင် ယူဖို့အချိန်မရခဲ့ဘူး''

''ချိုသာကတော့ အန်တီ့ကို အပျိုကြီးမဖြစ်စေချင်ပေမယ့် အန်တီက ဒီလိုတစ်ကိုယ်တည်းနေရတာကို သဘောကျနေတာလေ၊ လောကကြီးမှာ ဘယ်သူ့အပူမှမရှာဘဲ တစ်ယောက်တည်းနေရတာ ဘယ်လောက်သာယာလိုက်သလဲ''

ချိုသာ့အဒေါ်က သူ့ခံယူချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောပြလာတော့ ကိုယ့်အပူကိုယ်ရှာထားမိသော မေပျို့မှာ မရိုးပြုံးလေး ပြုံးမိသေး၏





အားလုံး ပျော်ရွှင်ကြည်နူးနေကြသည့်အချိန်မှာ သူမတစ်ယောက်တည်း မှိုင်တွေနေရင် အားလုံးရဲ့အပျော်လေးတွေ ပျက်စီးကုန်မှာစိုးသောကြောင့် အပြုံးတုတစ်ခုကို မျက်နှာမှာ ဟန်လုပ်တပ်ဆင်ထားရသည်။

ထမင်းဝိုင်းမှာလည်း အားလုံးက ခရီးတစ်လျှောက်လုံး ဆာလောင်ဘာသမျှကို အားရပါးရ ဝိုင်းတွယ်နေကြစဉ် မေပျို့မှာတော့ ထမင်းတစ်လုပ်မြိုကျဖို့ မနည်းကြိုးစားနေရ၏။ ကိုကို့ကိုလွမ်းဆွတ်သတိရခြင်းတွေအပြင် သူမကိုယ်တိုင်က စားချင်သောက်ချင်စိတ် ကင်းမဲ့နေခြင်း ဖြစ်သည်။

ဘာစားစား အရသာသိပ်မရှိချင်။ မြိုချလိုက်တိုင်း ဗိုက်ထဲရောက်သွားသော အစာတွေကို ပြန်အန်ထုတ်ပစ်လိုက်ချင်စိတ်သာ ပေါက်နေမိ၏။

''ဟို သမီးလေး စားတာ အားမရလိုက်တာ၊ စားမကောင်းလို့လားကွဲ့''

''မဟုတ်ပါဘူး အန်တီ၊ သမီးကိုယ်တိုင်က အစာမကြေချင်သလိုဖြစ်နေတာပါ''

အားလုံး စားသောက်ပြီးစီးကြတော့ ခဏတဖြုတ်အနားယူကာ စီစဉ်ထားသည့်အတိုင်း ရွာနောက်ဘက်ပိုင်းက ရေတံခွန်လေးဆီ လမ်းလျှောက်ထွက်လာခဲ့ကြသည်။ နေ့လယ်ခင်းဆိုပေမယ့် သစ်ပင်ကြီးများနေရာအနှံ့ပေါက်ရောက်နေသောကြောင့် ပူပြင်းမှုမရှိဘဲအေးမြမှုကိုသာ ခံစားရသည်။

''ကြားလား ရေတွေကျနေတဲ့အသံ''

မိုးစက်က အလန့်တကြား ထအော်သည်။

ဟုတ်ပါရဲ့၊ ရေတံခွန်ကို မမြင်ရသေးပေမယ့် ရေစီးကျနေသည့်အသံကိုတော့ ကျယ်လောင်စွာ ကြားနေရသည်။ အသံကိုကြားတည်းက စိတ်ကိုသိမ်းဆန်းနေစေသောကြောင့် ထိုရေတံခွန်ရှိရာဆီ မေပျို့ မြန်မြန်ရောက်ချင်



www.burmeseclassic.com

လှပြီ။

"ဟိုးရှေ့မှာ လှမ်းမြင်နေရပြီလေ"

ချိုသာလှမ်းပြသည့်နေရာကို သူမတို့အားလုံး ငေးကြည့်မိသွားသည်။ မြင့်မားမတ်စောက်သည့် တောင်ကုန်းထက်ကနေ ရေများဒလဟော စီးဆင်းကျနေတာ အလွန်လှပ၏။ အောက်မှာ အနည်းငယ်ကျယ်ပြန့်သော ရေအိုင်တစ်ခု၊ ကျောက်တုံးကျောက်ဆောင်များဖြင့် လှပစွာ တည်ရှိနေသော ထိုနေရာလေးက မေပျိုတို့ သူငယ်ချင်းတစ်စုကို တကယ်ပဲ ဆွဲဆောင်နိုင်ခဲ့ပါသည်။

ရေထဲဆင်းသူကဆင်း၊ ကျောက်ဆောင်လေးတွေပေါ်မှာ တက်ထိုင်သူကထိုင်၊ ဓာတ်ပုံရိုက်သူကရိုက်ဖြင့် သူမတို့တစ်တွေ အလုပ်ရှုပ်နေကြသည်။ မေပျိုကိုယ်တိုင်လည်း ကြည်လင်အေးမြသော ရေရဲ့ထိတွေ့မှုကြောင့် ပင်ပန်းနွမ်းနယ်နေခြင်းတွေ ပျောက်ဆုံးလျက် လန်းဆန်းနေမိသည်။

"ဟေး မေပျို ဒီနားလာခဲ့၊ ဓာတ်ပုံရိုက်ရအောင်"

ကျောက်ဆောင်တွေပေါ်မှာ နေရာအသီးသီးယူလျက် ဓာတ်ပုံရိုက်ရန် ဟန်ပြင်နေသော သူတို့သုံးယောက်က ရေထဲဆင်းကစားနေသော မေပျို့ကိုလှမ်းခေါ်သည်။

"လာခဲ့ပါဆို"

"လာပါပြီဟ ဒီကျောက်ဆောင်တွေက နည်းနည်းချော အား"

မိုးစက်တို့ရှိရာ ကျောက်ဆောင်တွေပေါ်သို့ လှမ်းတက်လိုက်ချိန်မှာ ရေညှိများဖြင့် ချောနေသောကြောင့် မေပျို ခြေချော်ကာ ရေထဲသို့ ပြန်ပြုတ်ကျသွားသည်။ ဗိုက်ကိုအရှိန်နှင့်ရိုက်လိုက်မိသော ဒဏ်က မခံမရပ်နိုင်အောင် နာကျင်လွန်းသောကြောင့် သူမ ချက်ချင်းပင် ပြန်မထနိုင်တော့။





"ဟယ် မေပျို ကျသွားပြီ"

"ဟဲ့ လုပ်ကြပါဦး"

သူငယ်ချင်းတွေရဲ့ စိုးရိမ်တကြီး အော်ဟစ်လိုက်သံကို ကြားရသည်၊ နောက်တော့ သူမ နာကျင်လွန်းစွာ မျက်လုံးများကို စုံမှိတ်ထားလိုက်မိ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟယ် ဆိုင်းမဆင့်ဗုံမဆင့်ပါလား သားရယ်"

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အန်တီထားက အံ့ဩတကြီးနှင့်ဝမ်းသာအားရ ပြေးနှုတ်ဆက်သည်။ အခုနောက်ပိုင်း ဖေဖေတစ်ယောက်တည်းကသာ လုပ်ငန်းကို ဦးစီးပြီးလုပ်ကိုင်နေသောကြောင့် အန်တီထားကတော့ အိမ်မှာအနားရနေသည်။ အိမ်ထဲကို ဟိုဟိုဒီဒီ ဝေ့ဝဲရှာကြည့်ပေမယ့် အန်တီထားကလွဲလို့ တခြားအရိပ်အယောင်တစ်ခုခုကိုမှ မမြင်မတွေ့ရပါ။

"ဒီမှာ လုပ်ရမယ့်ကိစ္စလေးတစ်ခု ပေါ်လာလို့ ကျွန်တော်ကိုယ်တိုင်ပဲ ပြန်လာလိုက်တာ အန်တီ၊ ပြီးတော့ အန်တီနဲ့ဖေဖေ့ကို ဖွင့်ပြောစရာလေးလည်း ရှိလို့ပါ"

"အေး မင်းအဖေကတော့ ညစာစားချိန်မှပဲ ဆုံတော့မှာလေ၊ အခု ဖေဖေ့ဆီ ဖုန်းရောဆက်ပြီးပြီလား"

"ဆက်ပြီးပါပြီ အန်တီ၊ ကျွန်တော် သွားနားလိုက်ဦးမယ်နော်"

"ဪ အေး သား၊ နားလိုက်လေ၊ တော်သေးတာပေါ့၊ မင်းညီမ





က မင်းအခန်းကို အမြဲသန့်ရှင်းရေးလုပ်နေတော့ အဆင်သင့်နေရုံပဲ"

သူ့ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားပြီး မချိတင်ကဲလေး ပြုံးလိုက်မိသည်။ သူ ရက်စက်စွာ အဆက်အသွယ်ဖြတ်ထားခဲ့တာကိုတောင် ဒီကောင်မလေးက ဘာယုံကြည်မှုတွေဖြင့် သူ့အခန်းကို တခုတ်တရ သန့်ရှင်းရေးလုပ်ပြီးစောင့်နေခဲ့သေးတာလဲ။ ဒါ ရှုံးသွပ်မှုတစ်ခုပဲလေ။

တကယ်ဆိုရင် သူ မပြန်ခင် တစ်ညဟာလည်း ရှုံးသွပ်စွာမိုက်မဲမှုတစ်ခုပါပဲ၊ သူ့ကိုယ်သူ ထိန်းသိမ်းဖို့ ခက်ခဲစွာပင် ကြီးမားသော အမှားတစ်ခုကို ကျူးလွန်ခဲ့မိသည်။ ရှေ့လျှောက် ထိုအမှားမျိုး ထပ်မဖြစ်စေရပါဘူးဆိုသည့် ဆုံးဖြတ်ချက်ဖြင့် သူ မေပျို့ကို အဆက်အသွယ်ဖြတ်ခဲ့တာ။

အခန်းတံခါးလေးကို တွန်းဖွင့်ဝင်လိုက်သည်နှင့် မွှေးပျံ့လတ်ဆတ်သော ရနံ့က သူ့ကိုနွေးထွေးစွာ ဆီးကြိုသည်။ လူမနေတာ တစ်လကျော်နှစ်လနီးပါးရှိနေသော အခန်းတစ်ခုလို့ ထင်ချင်စရာမရှိအောင်ကို သူ့အခန်းလေးက သန့်ရှင်းသပ်ရပ်နေသည်။ ခရီးဆောင်အိတ်ကို ခုတင်ခြေရင်းမှာချလိုက်ပြီး သူ အိပ်ရာထက် ပစ်လှဲလိုက်သည်။

သက်ပြင်းကို ဖွေ့ဖွေ့လေးချဖြစ်၏။ ဒီအခန်း ဒီနေရာလေးမှာ အမှတ်တရတွေ ဖန်ဆင်းခဲ့မိသော ကိုယ့်အဖြစ်ကိုယ် ဘယ်လိုမှ မလေးစားနိုင်ခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ အဲဒီ အမှတ်တရလေးတွေကို ပြန်တွေးလိုက်တိုင်း သူ ရင်တွေခုန်နေမိသည်။ ဒါနဲ့မေပျို့ကို သူ မတွေ့မိသေးပါ။ ဒီကောင်မလေး စာမေးပွဲပြီးပြီဆိုတော့ သူငယ်ချင်းတွေနှင့် ဘယ်လျှောက်သွားနေလဲ မသိ။

အင်းလေ၊ ဒါပဲ တစ်မျိုးကောင်းပါသည်။ ခုချိန်မှာ မေပျို့လိုသာ မျက်နှာချင်းဆိုင်တွေ့လိုက်ရရင် သူ့လာရင်းရည်ရွယ်ချက်တွေ ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ပါသည်။ သူ အချိန်ယူပြီး မေ့ဖျောက်ပစ်ဖို့ ကြိုးစားထားရသည့် မေပျို့ကို သူ ခုချိန်မှာ မတွေ့တာပဲ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

"သားရေ သားအဖေ ပြန်ရောက်နေပြီနော်"

အခန်းတံခါးကို တဒေါက်ဒေါက်လာခေါက်ပြီး အန်တီထား လာ အကြောင်းကြားသောကြောင့် သူ လှဲနေရာကနေ ချက်ချင်းထပြီး ရေမိုးချိုး အဝတ်အစားလဲလှယ်လိုက်သည်။ ဒီအခန်းထဲ စဝင်မိတည်းက မေပျို့ အကြောင်းတွေးနေမိတာ အန်တီထား သတိလာပေးမှပင် သူထဖြစ်ခြင်း ဖြစ်သည်။ အပြင်ကိုကြည့်လိုက်တော့ နေဝင်ပြီးမှောင်စပင်ပျိုးနေပြီ။

"သား မင်းကတော့ လုပ်လိုက်ရင် ဆိုင်းမဆင့်ဗုံမဆင့်ကြီးပဲ"

"ဟုတ်တယ် ဖေဖေရေ့ ရှယ်ယာဝင်ဖို့ပြောထားတဲ့ ကုမ္ပဏီတစ်ခု ကို ကိုယ်တိုင်လာကြည့်တာလေ"

"မင်း ဟိုတစ်ခါကပြောတဲ့ အထည်ချုပ်စက်ရုံဆိုတာလား"

"ဟုတ်တယ် ဖေဖေ"

"အဲဒီ စက်ရုံဆိုရင်တော့ ဖေဖေ လေ့လာထားသလောက်မဆိုး ပါဘူး။ သူတို့ဆီက ပစ္စည်းတွေ ဈေးကွက်မှာ တော်တော်အောင်မြင်နေတယ်"

"ကြားတယ် ဖေဖေ၊ ဒါကြောင့်လည်း ကျွန်တော်ကိုယ်တိုင် နောက်ဆုံးတစ်ကြိမ် လာဆွေးနွေးတာပါ"

"ကဲ သားအဖနှစ်ယောက် အလုပ်အကြောင်းတွေခဏထားပြီး ထမင်းလေးလည်း စားကြဦးစို့နော်"

ဧည့်ခန်းမှာ စကားကောင်းနေသော ဖေဖေနဲ့သူ့ကို အန်တီထားက လာဆော်လိုက်တော့ သားအဖနှစ်ယောက်လုံး ထမင်းစားပွဲဆီ ထလာခဲ့ လိုက်၏။





ခုထိ သူ မေပျို့အရိပ်အယောင်ကိုတောင် မမြင်ရသေးပါ။ ထမင်း စားချိန်တော့ ဒီကောင်မလေး အိမ်မှာရှိနေသင့်ပါတယ်။ ညခြောက်နာရီခွဲဆို တာ အပြင်မှာ တော်တော်မှောင်နေပြီဖြစ်၏။ ဒီချိန်ထိ အိမ်ပြန်မလာသေးဘဲ ဘယ်နေရာတွေ လျှောက်သွားနေလဲမသိ။

"အန်တီ မေပျို့ရော"

နောက်ဆုံးတော့ သူ မနေနိုင်စွာပင် ထုတ်မေးလိုက်မိသည်။

"မင်းညီမက သူ့သူငယ်ချင်းမလေးတွေနဲ့ နယ်ဘက်အလည်သွား တယ်လေ"

"ဩော် ဟို မိုးစက်တို့နဲ့လား"

"အေး ဟုတ်တယ်ကွဲ့၊ သားနဲ့အဝင်အထွက်လေးပဲ လွဲသွားတာ၊ သမီးက မနေ့ကမှ ထွက်သွားတာလေ"

"ဩော် ကျွန်တော်နောက်ကျသွားတာပေ့ါ"

"ဒါနဲ့ မင်းက ဒီတစ်ခါ ဘယ်လောက်ကြာမှာလဲ"

"အသေအချာတော့ မပြောနိုင်သေးဘူး ဖေဖေ"

"ဟော ဘယ်လိုဖြစ်လို့တုန်း"

"ကျွန်တော့်မှာ ဖေဖေတို့ကို တိုင်ပင်စရာ တခြားကိစ္စတစ်ခုလည်း ရှိနေလို့ပါ"

သူ့စကားအဆုံးမှာ ဖေဖေနဲ့အန်တီထားတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတာ သူ သတိထားလိုက်မိသည်။

"ပြောစမ်းပါဦး ဘာကိစ္စများလဲ သား"

"ကျွန်တော် လက်ထပ်တော့မယ် ဖေဖေ"

ဘယ်လိုမှ ထင်မှတ်မထားသော စကားတစ်ခွန်းကို ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သူများလို ဖေဖေရော အန်တီထားပါ မျက်လုံးများပြူးသွားကြ၏။

"မင်းက လက်ထပ်တော့မယ် ဟုတ်လား၊ ဘယ်လိုဖြစ်လို့ ချက်ချင်းကြီး ဒီလိုဆုံးဖြတ်ချက်ကို ချလိုက်တာလဲ"

"ကျွန်တော်နဲ့ ဟိုမှာတွေ့ခဲ့တဲ့မိန်းကလေးပါ၊ အခု ပြန်လာတော့ သူလည်း ပါလာပါတယ်"

"မြန်မာပြည်ကပဲလား"

"နိုင်ငံခြားသူကို ယူရလောက်အောင်တော့ သား မမိုက်မဲသေးပါဘူး ဖေဖေ၊ မြန်မာပြည်ကပါပဲ၊ သူ့မိဘတွေက ရွှေတောင်ကြားထဲမှာ နေပါတယ်"

"သားနဲ့ချစ်သူတွေဖြစ်နေကြတာလား"

ဖေဖေ့မေးခွန်းကို သူ ပြန်ဖြေဖို့ တစ်ခဏတော့ တွေဝေနေမိသည်။ တကယ်ဆို ရွှေစင်နဲ့သူ ချစ်သူတွေ မဖြစ်ခဲ့ပါ။ ဟိုမှာ ကျောင်းလာတက်သော ရွှေစင်က သူ့ကိုစိတ်ဝင်စားပြီး ရင်းနှီးမှုလိုက်ယူနေခဲ့တာ ကြာပြီဖြစ်သည်။ ဒီတစ်ခါပြန်တော့ မေပျို့ကို မေ့ပစ်ချင်သည့်စိတ်နှင့် ထိုမိန်းကလေးအား သူ တွဲဖြစ်ခဲ့သည်။

ဒါပါပဲ။ ရွှေစင်နဲ့ပတ်သက်ပြီး သူ့မှာ ပြောပြစရာ စကားလုံးသိပ်မရှိခဲ့။

"သူက သားလက်ထပ်ဖို့ သင့်တော်တဲ့ မိန်းကလေးတစ်ယောက်ပါ ဖေဖေ"

"သားကိုကြည့်ရတာ ဆုံးဖြတ်ချက်ပြတ်သားနေတဲ့ပုံမို့ ဖေဖေ ဘာမှမပြောတော့ပါဘူး၊ မင်းကောင်မလေးကို တစ်ရက်လောက် အိမ်ခေါ်လာခဲ့လေ"





"ဟုတ်တယ် သား၊ အိမ်ကိုခေါ်လာခဲ့ပါ၊ အန်တီကိုယ်တိုင် ဟင်းကောင်းကောင်းချက်ကျွေးမယ်"

"အန်တီထား၊ လက်ရာကိုတော့ သားယုံပါတယ်"

သူ့ချီးကျူးစကားကြောင့် အန်တီထားမျက်နှာက ဂုဏ်ယူသောအပြုံးများဖြင့် ဝင့်ကြွားသွား၏။ အကယ်၍ မေပျိုသာ အန်တီထားနဲ့ ဖုန်းအဆက်အသွယ်ရှိခဲ့ရင် သူ ပြန်ရောက်နေတာကိုလည်းသိပြီး သူ လက်ထပ်တော့မည့်အကြောင်းကိုလည်း သိသွားနိုင်ပါသည်။

ဒီလိုဆို မေပျို့ဘက်က တုန့်ပြန်မှုက ဘယ်လိုမျိုးများ ဖြစ်မှာလဲ။ အနားကနေ လုံးလုံးပျောက်ကွယ်သွားခဲ့ပြီး ပြန်ပေါ်ထွက်လာတဲ့အချိန်မှာ တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်တော့မယ်ဆိုတော့ သူမအတွက် တုန်လှုပ်စရာ သတင်းဆိုးတစ်ခုဖြစ်နေနိုင်သလို။

ဒီရက်တွေအတွင်း သူ အဆက်အသွယ်ဖြတ်ထားခဲ့သည့်အတွက် သူ့ကိုစိတ်နာကာ ပိုလို့ နာကျည်းမုန်းတီးသွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

"ဒါဆို သဘာက်ခါလောက်ဖြစ်ဖြစ် ရွှေစင့်ကို ကျွန်တော်ချိန်းလိုက်မယ်နော်"

အန်တီထားနဲ့ဖေဖေ့ဆီက သဘောတူခွင့်ပြုချက်ရခဲ့ပေမယ့် သူ့စိတ်ထဲမှာတော့ ဝမ်းသာတာလည်းမရှိ ပျော်ရွှင်တာလည်းမရှိ၊ တကယ့်ကို ငြိမ်သက်နေသည်။ လုပ်စရာရှိတာကို တာဝန်ဝတ္တရားအရ လုပ်လိုက်ရတာလိုပဲ ခံစားမိ၏။ သူ့အတွက် ပျော်ရွှင်ရင်ခုန်ခြင်းဆိုတာ ပျောက်ဆုံးနေခဲ့ပြီး သား အရာတစ်ခုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"သမီး သတိရလာပြီလား"

မျက်လုံးများ ပွင့်သွားသည်နှင့် မျက်စိရှေ့တည့်တည့်မှာ မြင်နေရတာ ချိုသာ့အန်တီ ဒေါ်သင်းဝေ။ သူမကို ကရုဏာသက်သော မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေသည်။

"ဗိုက်ကတော့ နာနေသေးတယ် အန်တီ"

"ကျောက်ဆောင်နဲ့ အရှိန်ပြင်းပြင်း ရိုက်မိသွားတာကိုး"

"တခြားဆိုးဆိုးရွားရွား ဘာမှမဖြစ်ဘူး မဟုတ်လားဟင်"

"ဘာမှမဖြစ်ပါဘူး သမီးကို ဆိုင်ကယ်ကြုံနဲ့တင်ခေါ်လာတော့ အန်တီ အချိန်မီ ကုသပေးထားပါတယ်"

အငြိမ်းစား သူနာပြုဆရာမကြီးဆိုတော့ အိမ်မှာလည်း ဆေးပစ္စည်းတွေ အစုံအလင်ဖြင့် စေတနာ့ဝန်ထမ်း လုပ်နေသော ဒေါ်သင်းဝေကြောင့်သာ မေပျို သက်သာရာရခဲ့ခြင်းမှန်း နားလည်လိုက်ပါသည်။

"သမီး ဗိုက်ဆာလား၊ ဘာစားချင်လဲ"

"မဆာပါဘူး အန်တီ၊ ချိုသာတို့ရော"

"ချိုသာနဲ့ပိုးနဲ့ကို ဆေးတချို့ဝယ်ဖို့ ဈေးလွှတ်လိုက်တယ်၊ မိုးစက်ဆိုတဲ့ ကလေးမကိုတော့ နောက်ဖေးမှာ ရေနွေးအိုးတည်ခိုင်းထားတယ် သမီး ရေချိုးချင်ရင် ရာသီဥတုအေးနေမှာစိုးလို့လေ"

"အို အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီ အန်တီရယ်"

"ဒါတွေ ပြောနေဖို့ မလိုပါဘူး"

ကူညီတတ်ပြီး စိတ်သဘောထားကောင်းပုံရသော ဒေါ်သင်းဝေက မေပျို့ကို အကြည့်များ မလွှဲဖယ်သေးဘဲ တစ်ခုခုတွေးတောနေပုံရ၏။ သူ့စိတ်ထဲမှာ တစ်ခုခုကို ထုတ်မေးချင်နေပုံ။





"အန်တီ ပြောစရာရှိလို့လားဟင်"

"အင်း ဟုတ်တယ် သမီး၊ ဒါပေမဲ့ အန်တီ ဘယ်ကစပြောရမှန်း မသိဘူးဖြစ်နေတယ်"

တိုးသက်သော အသံလေးက မေပျို့ကိုမေးရမှာ တွန့်ဆုတ်နေပုံပါပဲ။

"ပြောစရာရှိတာပြောပါ အန်တီ၊ သမီးကို ဘာမှအားနာမနေပါနဲ့"

"သမီးမှာ ကိုယ်ဝန်ရှိနေတာ သမီးကိုယ်တိုင်ရော သိသလား"

"ရှင်"

ထိတ်လန့်တကြားနှင့် ဒုတ်တုတ်ထထိုင်ဖို့ ကြိုးစားလိုက်ပေမယ့် ဗိုက်ထဲက ထိုးအောင့်သွားသောကြောင့် သူမ ပက်လက်လေး ပြန်အိပ်နေလိုက်ရသည်။

"သမီး မသိသေးဘူးနဲ့ တူတယ်"

"အန်တီ ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ် သမီး၊ သမီးမှာ ကိုယ်ဝန်ရှိနေတယ်၊ နှစ်လနီးပါးလောက်ဖြစ်နေပြီ"

ဟင့်အင်း အဲဒါ ဘယ်လိုဖြစ်နိုင်မှာလဲ၊ နှုတ်ခမ်းများက အသံမထွက်နိုင်တော့ဘဲ ခေါင်းကိုသာ ဆက်တိုက်ခါပစ်နေမိသည်။ ဒါ ဘယ်လိုမှ မဖြစ်နိုင်ပါ။ မေပျို့မှာ ကိုယ်ဝန်ရှိနေတယ်တဲ့။

"သမီး ချစ်သူက ရန်ကုန်ကပဲလား"

"ဟိုလေ သမီး"

ကြင်နာစွာ မေးနေသော ဒေါ်သင်းဝေကို မေပျို ဘာပြန်ဖြေလို့ရမှန်းမသိ။ ကိုကို ကိုကို မေပျို ဘာတွေဖြစ်နေတယ်ဆိုတာ လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပါဦး။

"သမီးမှာ ချစ်သူတော့ရှိတယ် မဟုတ်လား"

ဘယ်လိုမေးခွန်းကိုမှ ရင်မဆိုင်နိုင်စွာပင် သူမ မျက်လုံးများကို စုံမှိတ်ချပစ်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်နိုင်စွာပင် ခေါင်းကိုသာ ခါနေမိ၏။ မှိတ်ထားသော မျက်လုံးများထဲကနေ မျက်ရည်စများ စီးကျသွားသည်။ ဒီကိစ္စကြီးကို မေပျို တစ်ယောက်တည်း ဘယ်လိုရင်ဆိုင် ဖြေရှင်းရမလဲ ကိုကို။

"ချိုသာတို့ရော သိသွားပြီလားဟင် အန်တီ"

"သမီးသူငယ်ချင်းတွေ မသိသေးပါဘူး၊ အန်တီက သမီးကို အရင် ဆုံး ဖွင့်မေးကြည့်တာပါ၊ သူငယ်ချင်းတွေကို ပြောတာ မပြောတာကတော့ သမီးရဲ့ဆန္ဒပါပဲ၊ အန်တီက ဘာကိုမှမတိုက်တွန်းပါဘူး အန်တီ ပြောချင်တာ က တစ်ခုပဲ"

"ပြောပါ အန်တီ"

"ဒီကလေးကို အန္တရာယ်ဖြစ်စေမယ့်အရာမျိုးတွေ သမီးမလုပ်မိဖို့ ပါပဲ၊ ဒီခေတ်မှာက သမီးရည်းစားချင်း စည်းတွေကျော်ပြီး အချစ်နယ်လွန်မိ ကြရင် ဖြစ်လာတတ်တဲ့ ခုလိုကိုယ်ဝန်ကိစ္စတွေကို လွယ်လွယ်ကူကူပဲ အဖျောက်ဖြေရှင်းပစ်တတ်ကြတယ်လေ၊ သမီးကိုတော့ အဲဒီလို မလုပ်စေချင်ဘူး ဒါ အသက်တစ်ချောင်းမို့လို့ပါ"

မေပျို ဘာပြန်ဖြေရမှာလဲ။ ဒီကိုယ်ဝန်ဟာ မေပျို့ချစ်သူနဲ့ ရခဲ့တာပါ လို့ ပြောရမှာလား။ မေပျို့ချစ်သူဆိုတဲ့ ကိုကိုကရော မေပျို့ကို အဆက် အသွယ်တစ်ချက်တောင် လုပ်ခဲ့လို့လား။ ခုချိန်မှာ ဒီကိုယ်ဝန်ကို ကိုကို့ ရခဲ့တာပါလို့ ပြောထွက်ဖို့ကိုတောင် မေပျိုမဝံ့မရဲ ဖြစ်နေမိသည်။





"သမီး အန်တီပြောတာကို လက်ခံမယ် မဟုတ်လား"

"လူ့အသက်တစ်ချောင်းကို သမီးလည်း လက်လွှတ်စပယ်မလုပ် ပါဘူး အန်တီ၊ ဒါပေမဲ့လေ အင့် ဟင့်"

သူမ မထိန်းနိုင်တော့စွာ ငိုကြွေးလိုက်မိသည်။ မေပျို့လက်လေး နှစ်ဖက်ကို ဒေါ်သင်းဝေက တွေးဆုပ်ကိုင်ထားလျက် အားပေးနှစ်သိမ့်ပေးနေ သောကြောင့် ထင်ထားသလောက်တော့ သူမ ကြောက်ရွံ့ခြင်းမရှိခဲ့ပါ။

"သမီး ချစ်သူက နိုင်ငံခြားမှာ အန်တီ"

ဒါက ခုချိန်မှာ အကောင်းဆုံး အဖြေတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

"အိုအဖြစ်ဆိုးလိုက်တာ သမီးရယ်၊ ဒီလိုဆို အန်တီတို့ သူ့ဆီကို ဆက်သွယ်လို့ရအောင် ကြိုးစားကြည့်ကြမယ်လေ"

"ဟင့်အင်း အန်တီ၊ သမီးဆက်သွယ်တာကို သူ လက်ခံမှာမဟုတ် ဘူး။ ရန်ကုန်မှာတည်းက သူက သမီးကို အဆက်အသွယ်ဖြတ်ထားခဲ့တာ လေ"

"အို ဘုရားရေ"

ဒေါ်သင်းဝေရဲ့အာမေဋိတ်သံအဆုံးမှာ အိမ်ပေါ်သို့ တက်လာသော ခြေသံများနှင့်အတူ ချိုသာနဲ့မိုးစက်တို့ရဲ့အသံကျယ်ကျယ်ကိုပါ ကြားလိုက် ရသည်။

"ဟဲ့ မိုးစက် အခန်းဝမှာ ဘာလုပ်နေတာလဲ"

"ငါ ငါ ဘာမှမလုပ်ပါဘူး"

"မေပျိုရော သတိရလာပြီလား"

အခန်းထဲသို့ ဝင်လာသော သူငယ်ချင်းသုံးယောက်လုံးကို သူမ ငေးမကြည့်ချုံးလျက် ပြုံးပြလိုက်သော်လည်း မျက်ဝန်းမှ မျက်ရည်စများကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သုတ်ဖယ်ရန်မေ့လျော့နေခဲ့သည်။

"နင် ဘာလို့ငိုနေတာလဲ မေပျို"

"ငါ့ဗိုက်က နည်းနည်းနာလို့ပါဟ"

မှသားနဲ့အမှန်တရားကို တစ်ဝက်စီ ရောပြောလိုက်ရသည်။ ထိုစဥ်မှာပဲ မိုးစက်ထံမှ ရှိုက်သံတစ်ချက် ထွက်ပေါ်လာတော့ မေပျိုရော ကျန်သူငယ်ချင်းနှစ်ယောက်ပါ ကြောင်သွားမိသည်။

"မိုးစက် နင်ကရော ဘာဖြစ်လို့ ငိုနေတာလဲ"

ချိုသာက မျက်လုံးကြီးပြူးပြီး မေးသည်။ ဟုတ်ပါရဲ့ မိုးစက်က ဘာဖြစ်လို့ ငိုနေတာလဲ။

"နင် ဘာဖြစ်လို့ ငိုနေတာလဲ မိုးစက်"

သူမကိုကြည့်ပြီး ငိုနေသော မိုးစက်က မေးခွန်းအဆုံးမှာ ပိုလို့တောင် ရှိုက်ငိုလိုက်ရင်း

"နင် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါတို့ကို ပြောပြဖို့ အချိန်တန်ပြီလို့ထင်တယ် မေပျို"

"ဘာတွေလဲ နင်ဘာတွေပြောနေတာလဲ မိုးစက်"

"အင်းလေ မေပျိုက ငါတို့ကို ဘာတွေပြောပြဖို့ အချိန်တန်နေတာလဲ"

ချိုသာနဲ့ပိုးတို့က မိုးစက်ကိုပဲကြည့်ပြီး သူတို့သိချင်တာတွေကို မေးနေကြ၏။ မိုးစက်မျက်ဝန်းများကတော့ မေပျို့ထံမှာ မမိတ်မသုန်။

"အတိအကျကတော့ ငါတို့တွေ မေပျို ပြောပြမှပဲ သိနိုင်မှာ"

"သူ ဘာတွေပြောနေတာလဲ မေပျို"





ချိုသာတို့ပြန်လာတုန်းက မိုးစက်ကို အခန်းဝမှာ တွေ့လိုက်တာဆိုတော့ သူမနဲ့အန်တီသင်းဝေနဲ့ ပြောနေသည့်စကားများကို မိုးစက် ကြားသွားတာလည်း ဖြစ်နိုင်ပါသည်။ ဒီလိုဆိုရင်တော့ သူငယ်ချင်းတွေကို လိမ်ထားဖို့ အစီအစဥ်မရှိပါ။ သူမ အမှန်အတိုင်း ပြောပြရုံသာ ရှိတော့၏။

"နင်ဘယ်အထိ ကြားထားလဲ မိုးစက်"

"ငါအားလုံးကြားတယ် မေပျို။ နင်နဲ့အန်တီသင်းဝေနဲ့ ပြောနေတာတွေ ငါအားလုံးကြားတယ်၊ နင်တစ်ခုပဲ ငါ့ကိုပြောပြပါ၊ ငါကြားခဲ့တာတွေက အမှန်တွေ ဟုတ်မဟုတ်"

"နင်တို့နှစ်ယောက်တည်း ပြောမနေကြနဲ့လေ၊ ငါတို့ကိုလည်း ပြောပြဦးမှပေါ့"

"ငါ နင်တို့အားလုံးကို ပြောပြမှာပါ ချိုသာ၊ ဖြစ်ရပ်မှန်ကို ကာယကံရှင်ဖြစ်တဲ့ ငါတောင် ခုနကမှ သိလိုက်ရတာဆိုတော့ သိပ်ကိုထိတ်လန့်တုန်လှုပ်နေမိဆဲ ဖြစ်နေလို့ပါ"

ပက်လက်လှန်အိပ်နေသော သူမနားမှာ ဝိုင်းထိုင်နေကြသည့် သူငယ်ချင်းတွေရဲ့မျက်နှာများ၌ သိချင်ပြင်းပြစိတ်များဖြင့် ပြည့်နှက်နေတာ မြင်လိုက်ရတော့မှ အဖြစ်အပျက် အစအဆုံးတို့ ထုတ်ဖော်ပြောပြဖို့ ဆုံးဖြတ်လိုက်မိခြင်း ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘယ်လိုလဲ ရွှေစင်၊ အန်တီထားလက်ရာ ကောင်းတယ်မဟုတ်လား"

"သိပ်ကောင်းတယ် ကိုစစ်၊ တကယ့်ကို စပယ်ရှယ်ပဲ"

ရွှေစင်က အနီရောင်တောက်တောက် လက်သည်းဆိုးဆေးလေးများ ဆိုးထားသည့် လက်မလေးကို ထောင်ပြပြီး ချီးကျူးစကားပြောသည်။

"စားပြီးသွားရင် ကိုစစ်အခန်းလိုက်ပြဦးလေ၊ ရွှေစင် ကြည့်ချင်လို့"

ရွှေစင်ရဲ့တောင်းဆိုမှုကြောင့် သူ့အခန်းထဲကို ခေါ်လာရပေမယ့် စိတ်များကတော့ မပါပါ။ ဒီအခန်းထဲမှာ မေပျို့အငွေ့အသက်များဖြင့်သာ ပြည့်နှက်နေခဲ့တာလေ။ ခုလို တခြားမိန်းမတစ်ယောက်နဲ့တွဲပြီး ဒီအခန်းထဲ ဝင်လာရတော့ မေပျို မမြင်နိုင်ဘူးဆိုပေမယ့် သူ စိတ်မသက်မသာ ဖြစ်နေမိသည်။

"ဝရန်တာလေးက သိပ်လှတာပဲနော်၊ အောက်ကပန်းခင်းလေးတွေ





ကိုလည်း မြင်ရတယ်"

"ဒီဂစ်တာလေးက ကိုစစ် တီးနေကျ ဂစ်တာလေးလား။ ရွှေစင့်ကိုလည်း တီးပြပါလားဟင်"

"ကိုစစ်အခန်းက ယောကျ်ားလေးတစ်ယောက်နေတာနဲ့တောင် မတူဘူး၊ သန့်ရှင်းသပ်ရပ်နေတာပဲနော်"

အစရှိသဖြင့် စကားလုံးပေါင်း မြောက်မြားစွာကို ရပ်မဝင်အောင် ပြောနေပေမယ့် သူကတော့ တစ်နေရာထဲမှာ ငုတ်တုတ်ထိုင်ပြီး ငြိမ်သက်နေမိသည်။

"ကိုစစ် ရွှေစင့်ကို ဂစ်တာတီးပြပါဆို"

အခန်းထောင့်မှာ ထောင်ထားသော ဂစ်တာကို ယူလာပြီး သူ့လက်ထဲ အတင်းထိုးထည့်ပေး၏။ ခုချိန်မှာ သူ့စိတ်တွေက ဂစ်တာတီးဖို့အတွက် အာရုံမဝင်စားနိုင်တာ ရွှေစင် မရိပ်မိဘူးလား။

"ကိုယ် မတီးချင်ဘူး ရွှေစင်"

"ဘာဖြစ်လို့လဲ ကိုစစ်ရဲ့၊ ရွှေစင်က ကိုစစ်တီးပြတာကို နားထောင်ချင်လို့ပါ"

"ကိုယ် တကယ်ပြောနေတာ ရွှေစင်၊ ကျေးဇူးပြုပြီး ကိုယ့်ကို ဂျီမကျပါနဲ့"

သူ့စကားကြောင့် ရွှေစင့်ရဲ့နှုတ်ခမ်းဖူးဖူးလေး ရှေ့သို့ စူထွက်လာသည်။

"ဟွန့် ရွှေစင့်ကို ဒီလောက်လေးတောင် အလိုမလိုက်နိုင်ဘဲနဲ့များ တစ်သက်လုံး ဘယ်လိုလုပ်မလဲ ကိုစစ်ရဲ့"

သူမကတော့ တမင်သက်သက် အရွဲ့တိုက်ပြီး ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် သူကတော့ မျက်မှောင်ကြီးကျုံ့ပြီး ရွှေစင်မျက်နှာတည့်တည့်ကို စိုက်ကြည့်နေခဲ့မိသည်။

"ဟုတ်တယ်လေ၊ ခုတည်းက ရွှေစင်ကိုကျတာကို မခံနိုင်ရင် တစ်သက်လုံးဆို"

"မင်းက တစ်သက်လုံး ကလေးတစ်ယောက်လိုပဲ ကိုကျဖို့ စဉ်းစားထားတာလား ရွှေစင်"

မထင်မှတ်စွာ ထွက်သွားသော သူ့စကားကြောင့် ဟန်လုပ်ပြီး စိတ်ဆိုးချင်ယောင်ဆောင်နေသည့် ရွှေစင့်မျက်နှာလေး ပျက်ယွင်းသွားသည်။ ခုချက်ချင်းပဲ ငိုချလိုက်တော့မှာလိုလို။

"ရွှေစင်က ဒီတိုင်းနောက်တာပါ ကိုစစ်ရဲ့၊ ဘာဖြစ်လို့ ရွှေစင့်ကို လာအော်တာလဲ"

"ကိုယ် နည်းနည်းစိတ်ရှုပ်နေလို့ပါ၊ တောင်းပန်ပါတယ်နော်"

သူ့စိတ်များကို လျှော့ချလျက် တောင်းပန်စကား ဆိုလိုက်သည်။

"ကိုယ်တို့ခြံထဲဖြစ်ဖြစ် သွားရအောင်၊ အခန်းထဲမှာနေရတာ စိတ်မွန်းကျပ်တယ်"

တကယ်တော့ မေပျိုနှင့်ပတ်သက်သော ပုံရိပ်လေးတွေ ရှိနေသည့် အခန်းထဲမှာ သူ တခြားမိန်းကလေးတစ်ယောက်နှင့် အကြာကြီး ရှိမနေချင်။ ဒါကြောင့်လည်း ခြံထဲက ဒါန်းလေးဆီ ရွှေစင့်ကို ပထုတ်ခဲ့ခြင်း ဖြစ်၏။

"ဒါနဲ့ ကိုစစ်မှာ ဘာမှမတော်တဲ့ ညီမတစ်ယောက်ရှိတယ်ဆို"

"ဟုတ်တယ်"

"သူ့ကိုလည်း မမြင်မိပါလား"

"စာမေးပွဲပြီးလို့ သူ့ငယ်ချင်းတွေနဲ့ အပျော်ခရီးထွက်သွားတယ်





လေ"

"ပြော် ဒါနဲ့လေ သူနဲ့ကိုစစ်က ဘာမှမတော်ဘူးဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဆက်ဆံကြလဲဟင်"

ရွှေစင်က ဘာသဘောနှင့် သူ့ကို ဒီလိုမေးခွန်းတွေ လာမေးနေတာလဲ။ ဒီလိုမေးခွန်းမျိုးတွေ မေးနေတာ သိပ်ကိုသဘောထားသေးသိမ်လွန်းရာ ရောက်နေခဲ့ပြီမဟုတ်လား။

"ကိုယ့်ညီမနဲ့ပတ်သက်ပြီး မင်းမေးခွန်းတွေ သတိထားပါ ရွှေစင်၊ ခုချိန်မှာ ကိုယ်နဲ့မင်းက လက်ထပ်ဖို့ တစ်ယောက်မိသားစု တစ်ယောက်အကဲခတ်တဲ့အနေအထားပဲ ရှိပါသေးတယ်"

"အို ကိုစစ် ဘယ်လိုပြောလိုက်တာလဲ"

"ဆောရီးလို့ ကိုယ် ခဏခဏ မတောင်းပန်ချင်တော့ဘူး ရွှေစင်၊ သေချာတာကတော့ ကိုယ် ဒီနေ့ စိတ်မပျော်ဘူး၊ ဒီနေ့အတွက် မင်းပြန်လိုက်တာ ပိုသင့်တော်မယ်လို့ ကိုယ် ထင်တယ်"

နားမလည်နိုင်သော မျက်ဝန်းလေးတွေဖြင့် ရွှေစင် သူ့ကိုငေးမောနေခဲ့သည်။ သူ့အပေါ်မှာ သဝန်တိုတတ်သည့်စိတ်လေးရှိပေမယ့် ရွှေစင်က လိမ်မာကောင်းမွန်သော မိန်းကလေးဆိုတာတော့ သူ သေချာအာမခံနိုင်ပါသည်။ ဒါကြောင့်လည်း လက်ထပ်ဖို့အတွက် ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

"ကောင်းပြီလေ ရွှေစင် ပြန်တော့မယ်၊ စိတ်မပျော်ဘူးဆိုတော့ ကိုစစ် လိုက်မပို့ပါနဲ့တော့နော်၊ အေးအေးဆေးဆေး အနားယူလိုက်ပါ၊ ရွှေစင် အိမ်ပြန်ရောက်ရင် ဖုန်းခေါ်လိုက်ပါ့မယ်"

နှုတ်ဆက်ထွက်ခွာသွားသည့် ရွှေစင်ကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း သူ့စိတ်ထဲက မွန်းကျပ်မှုတွေက ပိုပိုတိုးလာခဲ့၏။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြှတ်မြှတ်နိုးနိုး ချစ်နေမိတာက တစ်ယောက်၊ လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တာက တစ်ယောက်မို့ သူ့စိတ်တွေ နှာကျင်စွာ မွန်းကျပ်လွန်းနေသည်။

မဖြစ်သင့်တဲ့စည်းတစ်ခုကို ကျော်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ်သတ်မှတ်ခဲ့ပြီးသည့်နောက်မှာ မေပျို့ကို ရှောင်ဖယ်ဖို့ကြိုးစားရင်းနှင့် ရွှေစင့်ကို သူ လက်တွဲခဲ့သည်။ ခုတော့ ရွှေစင်နဲ့ လက်ထပ်ဖို့လည်းဆုံးဖြတ်ခဲ့ပြီးပြီ။ ဒါပေမဲ့ သူနဲ့ရွှေစင် ပိုပိုနီးကပ်လာသလားဆိုတော့လည်း မဟုတ်ပါ။ ရွှေစင်နဲ့လည်း နီးကပ်လာခြင်း မရှိသလို သူ ဆုတ်ခွာထွက်ပြေးခဲ့သော မေပျို့ဆီကနေလည်း ဝေးကွာသွားခြင်း မရှိ။

ခံစားချက်တွေက အရင်အတိုင်း ရှိနေပေမယ့် သူကိုယ်တိုင်ကတော့ တလွဲတွေလျှောက်လုပ်နေမိဆဲ ဖြစ်သည်။ ရှေ့ဆက်ပြီး ဘာတွေကြုံတွေ့ရဦးမှာလဲ ကံကြမ္မာရယ်။

■ ■ ■

## အခန်း (၁၀)

"ဟင် ဘယ်လိုဖြစ်တယ်"

ဒေါ်ထားထားခင် မယုံကြည်နိုင်စွာနှင့် ပြန်မေးမိသည်။ ချိုသာ အဒေါ်ရှိသည့် နယ်လေးကို လိုက်သွားသော သမီးက ရေတံခွန်မှာ ချော်လဲလို့ဆိုပါလား။

"သမီး တော်တော်ထိခိုက်သွားတာလားဟင်"

"ချော်လဲတာက ကြီးကြီးမားမား ထိခိုက်တာတော့ မရှိပါဘူး မာမီ"

"မာမီကိုယ်တိုင် သမီးလေးကို ပြန်လာခေါ်ရမလား၊ အခုအခြေအနေက ဘယ်လိုရှိလဲ"

"ထင်ထားတဲ့ရက်က နည်းနည်းနောက်ကျပြီးမှ သမီး ရန်ကုန်ပြန်ရောက်မယ်ဆိုတာ လှမ်းအကြောင်းကြားတာပါ၊ တခြား တွေတွေထူးထူးတော့ ဘာကိစ္စမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ စိတ်ပူလိုက်ရတာ သမီးရယ်"

"ဘာမှစိတ်မပူပါနဲ့နော် မာမီ၊ သမီး ဘာမှမဖြစ်ပါဘူး"

မာမီ့ကို စိတ်မပူဖို့ ပြောနေရသော်လည်း သူမအသံတွေ နစ်ဝင်အက်ကွဲနေသည်။ ကိုကိုနဲ့ရခဲ့တဲ့ ကိုယ်ဝန် မေပျို့ဆီမှာ ရှိနေပါတယ်လို့ မာမီ့ကို ဘယ်လိုမှဖွင့်မပြောနိုင် ဖြစ်နေရ၏။

တကယ်ဆိုရင် ကိုယ်ဝန်ကိစ္စဖွင့်ပြောဖို့အတွက် သူမ ဖုန်းဆက်ခဲ့တာပါ။ မာမီ့အသံကို ကြားလိုက်တာနှင့် သူမမှာ ထိုကိစ္စကို ထုတ်ပြောရဲသည့်သတ္တိတွေ ချက်ချင်းပျောက်ဆုံးကုန်သည်။

"သမီး ငိုနေတာလား"

"မငိုပါဘူး မာမီရဲ့၊ ငိုစရာအကြောင်းမှ မရှိတာ"

တောင်းပန်ပါတယ် မာမီ၊ သမီးဟာ မိုက်မဲသည့်မိန်းမတစ်ယောက်ပါ။

"ဪ ဒါနဲ့ သမီးကို မာမီ ပြောစရာရှိတယ်"

"ဟုတ် မာမီ"

"မောင်စစ်ငြိမ်းချမ်း ပြန်ရောက်နေတယ်ကွဲ့"

"ရှင်"

ကိုကို ကိုကိုပြန်ရောက်နေတယ်ဆိုပါလား။ ဒီစကားကို ကြားလိုက်ရတာ မေပျို့ရင်ထဲမှာ တကယ့်ကို အတိုင်းမသိ ဝမ်းသာကြည်နူးသွားမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လုံးဝအဆက်အသွယ်ပြတ်နေခဲ့တာထက်စာရင် ခုလိုမျိုး တစ်အိမ်ထဲမှာ ပြန်ရောက်နေတယ်ဆိုတော့ ဒါ မေပျို့အတွက် အခွင့်အရေးပါပဲ။

"ဘယ်နေ့က ပြန်ရောက်တာလဲဟင် မာမီ၊ အလုပ်ကိစ္စနဲ့လာတာ





လား၊ ဘယ်တော့ ပြန်မှာတဲ့လဲ"

"ရောက်တာက နှစ်ရက်လောက်ရှိပြီ သမီးရဲ့၊ အလုပ်ကိစ္စအပြင် တခြားကိစ္စတစ်ခုလည်း သမီးကိုကိုက ယူလာသေးတယ်လေ"

မာမီ့အသံက ပြုံးပြုံးရွှင်ရွှင်နှင့်မို့ ကိုကို ဘယ်လိုအကြောင်းအရာတွေကိုများ အိမ်သို့သယ်ဆောင်လာတယ်ဆိုတာ မေပျို့ သိချင်စိတ်ပြင်းပြနေမိသည်။ မေပျို့နဲ့ ချစ်သူတွေဖြစ်နေတာကိုများ မာမီ့တို့ကို ပြောပြလိုက်တာလား။ ဟင့်အင်း မဖြစ်နိုင်ပါဘူး။ ကိုကိုနဲ့မေပျို့ ချစ်နေတယ်ဆိုတာသာ မာမီသိသွားရင် ခုလိုမျိုး ရယ်ရယ်မောမော စကားပြောနိုင်မည် မထင်ပါ။

"တခြားကိစ္စဆိုတာ ဘာလဲ မာမီ"

"လက်ထပ်တော့မယ်တဲ့လေ၊ မနက်ကတောင် သူ့ကောင်မလေးကို မာမီတို့အိမ်မှာ ထမင်းဖိတ်ကျွေးကြသေးတယ်"

"ရှင်"

"သမီး ဟဲ့ မေပျို့"

လက်ထဲမှာ ဆုပ်ကိုင်ထားသော ဖုန်းလေးလွှတ်ကျသွားသောကြောင့် တစ်ဖက်က မာမီ့အသံကို သူမ သိပ်သည်းကွဲစွာမကြားလိုက်ရ။ ဖုန်းကို ပြန်ကောက်ဖို့တောင် မေ့လျော့စွာ သူမ သတိလက်လွတ် ငေးမောရပ်နေမိသည်။ မျက်လုံးအိမ်များက စီးကျလာသော မျက်ရည်စက်တို့ကလည်း ချက်ချင်းလိုလိုပင် ပါးပြင်တစ်ခုလုံး စိုရွှဲနစ်သွား၏။

"မေပျို့ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ"

အနားမှာရှိနေသော ပိုးက ပြုတ်ကျသွားသည့် ဖုန်းလေးကို ပြန်ကောက်ကာ မေပျို့လက်ထဲ လာထည့်ပေးရင်း တတွတ်တွတ်မေးသည်။ မေပျို့ ဘယ်လိုပြန်ဖြေရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဖုန်းမချသေးဘူးဟ၊ နင် အန်တီနဲ့ပြီးအောင် ပြောလိုက်ပါဦး"

လက်ထဲပြန်ရောက်လာသော ဖုန်းလေးကို နားတွင်ကပ်လိုက်ရင်း အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ရသေးသည်။ သူမ သတိလက်လွတ် ငိုကြွေးမိသွားသည့်အကြောင်းကို မာမီ သိလို့ မဖြစ်သေးပါ။

"ဟယ်လို"

"ဆောရီး မာမီ၊ သမီးလက်ထဲက ဖုန်းလွတ်ကျသွားတာ"

"လန့်သွားတာပဲ သမီးရယ်၊ ဘာတွေများ ဖြစ်တာလဲလို့"

"ဘာမှမဖြစ်ပါဘူး မာမီ၊ သမီးဖုန်းချလိုက်တော့မယ်နော်"

"သမီး ပြန်လာမယ့်ရက်ကျ ဖုန်းကြိုဆက်ဦး"

တခြား ဟိုဟာဒီဟာတွေလည်း မာမီ ဆက်တိုက်မှာတမ်းချွေနေသေးပေမယ့် မေပျို နားမထောင်တော့။ ဖုန်းကို ဘေးနားမှာချထားလိုက်ပြီး အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိ၏။

"ဖုန်းထဲက ပြောတာထက် ကိုယ်တိုင်လူချင်းတွေ့ပြီးမှ အန်တီ့ကို ဖွင့်ပြောတာ ပိုသင့်တော်မယ်လို့ ငါထင်တယ်"

ပိုးရဲ့အကြံပေးချက်ကို မေပျို ဘာမှမတုံ့ပြန်မိ။ ခေါင်းထဲမှာ ကိုကို ကသာ ကြီးစိုးနေရာယူထားသည်။

"ဟဲ့ ငါပြောတာ ကြားလား"

မေပျို ကြားပါတယ်။ ဒါပေမဲ့ ဘာကိုမှ ပြန်လည်ပြောချင်စိတ်မရှိ ကိုကို သိပ်ရက်စက်သည်။ လက်ထပ်တော့မယ်ဆိုတာက ဘာသဘောလဲ ဘယ်လိုမိန်းကလေးမျိုးကို အိမ်ပေါ်ခေါ်တင်လာပြီး လက်ထပ်တော့မယ်လို့ ပြောရဲတာလဲ။ တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ရအောင် မေပျို





ဘယ်နားရောက်သွားလို့လဲ။

မေပျိုတို့နှစ်ယောက် စိတ်တူကိုယ်တူ ချစ်ခဲ့ကြတာ ဘယ်ရောက်သွားပြီလဲဟင် ကိုကို။

"မေပျို နင် ငါတို့ပြောတာကို ကြားလား"

အနားကို မိုးစက်နဲ့ချိုသာပါ ရောက်လာကာ သူမလက်မောင်းလေးကို လှုပ်ရမ်းပြီး မေးသည်။

"ဟဲ့ မေပျို မလှုပ်မယှက်နဲ့ ငါတို့ကို လန့်အောင်မလုပ်နဲ့နော်"

သူငယ်ချင်းတွေ အသည်းအသန်ခေါ်တော့မှ သူမ ယဲ့ယဲ့လေး ပြုံးပြဖြစ်၏။

"လန့်လိုက်တာဟာယ် ငါတို့က နင် တစ်ခုခုဖြစ်သွားတယ်ထင်လို့"

"ဟုတ်တယ်လေ၊ ငါ တစ်ခုခုဖြစ်သွားတယ်"

"နင့်ကို အန်တီ ဘာတွေပြောလိုက်တာလဲ"

မေပျို ချက်ချင်းပြန်မဖြေနိုင်ဘဲ ချုံးပွဲချငိုလိုက်မိသည်။

"နင် အဲဒီလို ငိုပဲငိုမနေနဲ့လေ၊ ငါတို့ကိုလည်း အကျိုးအကြောင်း ပြောပြဦးပေါ့"

ကလေးတစ်ယောက်လို အော်ဟစ်လျက် ငိုရင်းငိုရင်းနှင့် သူမ အသံတွေ တိမ်ဝင်ပျောက်ကွယ်သွားတော့မလားပင် ထင်မှတ်လာမိသည်။

"အဲဒီလောက်ထိ မငိုနဲ့ သမီး၊ မိခင်က သိပ်စိတ်ဆင်းရဲနေတာ ကိုယ်ထဲက ကလေးအတွက် မကောင်းဘူး"

ချိုသာ့အဒေါ် အနားရောက်လာပြီး မေပျို့ပခုံးလေးကို ဖေးမဖက်ကာ နှစ်သိမ့်သည်။

"ကိုကို ရန်ကုန်အိမ်မှာ ရောက်နေတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံများကို ထိန်းချုပ်လျက် မေပျို့ ပြောလိုက်သည်။ သူငယ်ချင်းတွေအားလုံးလည်း သူမလိုပင် အံ့ဩဝမ်းသာသွားသော အရိပ်အယောင်တွေ မျက်နှာပေါ် ဖြတ်ပြေးသွား၏။

"အဲဒါ နင့်အတွက် ကောင်းတာပေါ့ မေပျို့"

"ဟုတ်တယ်လေ၊ နင်က ဘာလို့ ငိုနေတာတုန်း"

"ကိုကိုက ဒီတစ်ခေါက် ပြန်လာတာ"

နောက်ဆက်တွဲစကားကို ဘယ်လိုမှ ပြောမထွက်သောကြောင့် ကိုယ့်ကိုယ်ကိုယ် အရှိန်ယူအားတင်းလိုက်ရသေး၏။

"မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ကိစ္စကြောင့်လေ"

"ဘာ"

အားလုံးထံမှ တစ်ပြိုင်နက်ထဲ ထွက်ကျလာသော အသံက အိမ်တစ်ခုလုံး တုန်ဟီးသွားမတတ်ပါပဲ။

"ဟုတ်တယ် ငါ ဘယ်လိုလုပ်ရမလဲ သူငယ်ချင်းတို့၊ ငါတော့ သွားပါပြီ၊ ငါဘာဆက်လုပ်ရမလဲ မသိတော့ဘူး"

ဒီတစ်နေ့လုံးတော့ သူမအတွက် ငိုကြွေးမှုများဖြင့်သာ ပြည့်နှက်နေတော့မှာ သေချာပါသည်။ မထင်မှတ်ထားသော နေရာကနေ ကိုကို့ရဲ့ ထိုးနှက်ချက်ကို မေပျို့ ဘယ်လိုမှ ခံနိုင်ရည်မရှိပါ။

"နင့်ကို ဒီလိုဖြစ်အောင် လုပ်ထားပြီး သူက အဆက်အသွယ် မလုပ်ဘဲ နေခဲ့တဲ့အပြင် တခြားမိန်းကလေးတစ်ယောက်နဲ့ပါ လက်ထပ်ဖို့ လုပ်နေတယ်ဆိုတော့ ဘာသဘောလဲ"

"ဒီကောင် တော်တော်မိုက်ရိုင်းပါလား"

"မေပျို့ နင် ဒီတိုင်း ခံမနေနဲ့၊ နင့်ဘက်မှာ ဒီလောက်ထိ ကိုး





အကြီးကြီးဖြစ်နေတာကို သူက ပျော်ပျော်ရွှင်ရွှင်နဲ့ လက်ထပ်ဦးမယ်ဆိုတာ ဘာလဲဟ"

အားလုံးဝိုင်းပြီးပြောသမျှကို မေပျို့ ဘာမှပြန်မပြောနိုင်ခဲ့။

"ငါဒီပုံစံနဲ့ ရန်ကုန်ကို ဘယ်လိုပြန်ရမလဲ"

"တောက် တော်တော်လူမဆန်ပါလား"

"ငါတို့ ဒီတိုင်းကြည့်မနေနိုင်တော့ဘူး မေပျို့၊ အခုချက်ချင်း ရန်ကုန်ပြန်ပြီး အန်တီ့ကိုရော အဲဒီလူကိုရော သွားရှင်းကြမယ်"

"ငါ ငါ အဲဒီလို မလုပ်နိုင်ဘူး မိုးစက်"

ကိုကို့ကို ထိခိုက်နစ်နာစေမည့်အလုပ်မျိုး မေပျို့ ဘယ်တော့မှ လုပ်ဖြစ်မှာမဟုတ်ပါ။ လက်ထပ်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့ မိန်းကလေးတစ်ယောက်ကိုတောင် အိမ်ပေါ်ခေါ်လာ မိတ်ဆက်ပေးပြီးသွားပြီဆိုတော့ ကိုကို့ရည်ရွယ်ချက်တွေ ပျက်စီးအောင်လုပ်မယ့်သူက မေပျို့ မဖြစ်ချင်ပါ။

"နင်က ဘာကိုမလုပ်နိုင်တာလဲ မေပျို့၊ ဟိုက နင့်မှာကိုယ်ဝန်ရှိနေတာကိုတောင် မသိဘဲနဲ့ တခြားမိန်းမကို လက်ထပ်တော့မှာလေ"

"ဟင့်အင်း ငါမလုပ်နိုင်ဘူး။ ကိုကို စိတ်ဒုက္ခရောက်မှာမျိုး ငါ မလုပ်ချင်ဘူးဟာ"

"သေလိုက်တော့ မေပျို့၊ နင်လဲသာ သေလိုက်တော့"

သူငယ်ချင်းတွေရဲ့ ကရုဏာဒေါသကို မေပျို့ နားလည်နိုင်ပါသည်။ ဒါပေမဲ့ ကိုကို့ကို ထိခိုက်နစ်နာသွားစေမည့် လုပ်ရပ်မျိုးတွေ မေပျို့ မလုပ်နိုင်ဘူး၊ အဲဒီခံစားချက်ကိုရော ဘယ်သူမှ နားလည်မပေးနိုင်ကြတော့ဘူးလား။

"ခုချိန်မှာ သမီး လုပ်သင့်တာက ကိုယ့်အတွက်ကိုယ် တွေးဖို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအခြေအနေမှာ ဘယ်သူကမှ သမီးလောက် အခြေအနေဆိုးမနေဘူး။ ပြီးတော့ သမီးတစ်ယောက်တည်းလည်း မဟုတ်ဘူးလေ၊ ကိုယ့်ဆီရောက်လာတဲ့ ရင်သွေးလေးကိုလည်း ငဲ့ရဦးမယ်''

''သမီးဗိုက်ထဲက ကလေးလေးကို တစ်ခုခုထိခိုက်နစ်နာသွားမှာမျိုး အဖြစ်မခံနိုင်ပါဘူး အန်တီ၊ ဒါက ကိုကို့ရဲ့ ရင်သွေးလေးမို့လို့ သမီးအသက်နဲ့လဲပြီး စောင့်ရှောက်မှာပါ။ အဲဒီလိုပဲ ကိုကို့ကိုလည်း ဘယ်လိုစိတ်ဆင်းရဲမှုမျိုးမှ မဖြစ်စေချင်တာ သမီးကို နားလည်မပေးကြတော့ဘူးလားဟင်''

''နင်မှားနေပြီ မေပျို့ရယ်''

ဒီတစ်ခွန်းကလွဲရင် ဘာမှထပ်မပြောတော့တဲ့ သူငယ်ချင်းတွေအားလုံး မျက်နှာမကောင်းစွာ ငြိမ်သက်သွားကြသည်။ ကိုကိုက မေပျို့ မဟုတ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်မယ်လို့ ဖွင့်ပြောနိုင်ခဲ့တဲ့နောက်မှာ ဘယ်လိုကြိုးမျိုးနဲ့မှ ချည်နှောင်မထားတော့ပါ။

■ ■ ■

## အခန်း (၁၁)

''ဟယ် သမီးလေး ပြန်လာပြီ''

မေပျို့ကို တွေ့လိုက်တာနှင့် မာမီက အပြေးတစ်ပိုင်း ထွက်ကြိုသည်။ မေပျို့ကတော့ မာမို့ကျော်ပြီး အိမ်ထဲကို လှမ်းကြည့်ရှာဖွေနေမိ၏။

''ရှော်လဲတာ ဘယ်လိုနေလဲ သမီး''

''ဘာမှမဖြစ်ပါဘူး မာမီရယ်၊ စိတ်ပူဖို့ မလိုပါဘူး''

''သမီး မျက်နှာလည်း မကောင်းပါလား''

''နည်းနည်းခရီးပန်းလာလို့ပါ''

''ဒါဆိုလည်း နားလိုက်လေ သမီးလေး၊ သမီးကိုကိုကတော့ ခုလေးတင်ပဲ ရွှေစင်နဲ့အပြင်ထွက်သွားကြတယ်''

မေပျို့ မကြားချင်စွာပင် နားနှစ်ဖက်ကို ပိတ်ထားပစ်လိုက်ချင်မိသည်။

''သူတို့က ဒီမှာ လက်မှတ်ထိုးပွဲလေးလောက်ပဲလုပ်ပြီး ဟိုမှာမှ



www.burmeseclassic.com

www.burmeseclassic.com



ပွဲအကြီးကြီးလုပ်မှာလေ၊ မာမီတို့အားလုံးလည်း ပွဲလုပ်မယ့်အချိန်ကျရင် အဲဒီကို လိုက်သွားရမှာ''

မာမီက သူမကို အခန်းထဲထိ လိုက်ပို့ရင်း နှုတ်ကနေ တဖွဖွ ပြောပြ၏။ မေပျို ဘယ်လိုမှ မခံနိုင်တော့စွာပင် အိပ်ရာထက် လှဲချပစ်လိုက်သည်။

''သမီး ခဏလောက် အိပ်ချင်တယ် မာမီ''

''အိုကေ အိုကေ ထမင်းစားချိန်ကျမှ မာမီ လာနှိုးမယ်နော်''

တကယ်တမ်း အိပ်ချင်စိတ်လည်း မရှိပါဘဲ အခန်းအပြင်သို့ မာမီ ထွက်သွားသည်နှင့် သူမ မျက်ရည်စက်တွေ ဒလဟောကျဆင်းလာတာ ခေါင်းအုံးလေးတစ်ခုလုံးတောင် ရွှဲနစ်သွားသည်။ မေပျို့စိတ်တွေ ဘယ်လိုမှ မထိန်းထားနိုင်တော့ပါ။ လက်သွတ်ဆုံးရှုံးခံဖို့ ဆုံးဖြတ်ပြီးပေမယ့် ကိုကို့မျက်နှာလေးကိုတော့ ခဏလောက်ဖြစ်ဖြစ် တွေ့မြင်ခွင့်ရချင်သေးသည်။

ခုတော့ ကိုကိုက မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ပွဲဆင်နွှဲဖို့ ကြိုးပမ်းနေချိန်မှာ မေပျိုကတော့ မျက်ရည်များဖြင့် နပန်းလုံးနေရသည်။ ဒါ မတရားဘူး မမှန်ကန်ဘူးဆိုတာ မေပျို သိပါရဲ့။

ဒါပေမဲ့ ဘယ်လိုလုပ်မလဲ ကိုကိုရယ်။ မေပျိုက ကိုကို့ကို ထိခိုက်နစ်နာစေမည့် ဘယ်လိုကိစ္စမျိုးကိုမှ မလုပ်နိုင်ဘူးလေ။ ကိုကို့လောက် အသည်းမမာနိုင်ခဲ့တာ မေပျို့ရဲ့အားနည်းချက်ပါပဲ။ ကိုကို ပျော်ပျော်နေပါ။ မေပျိုကတော့ မျက်ရည်တွေနဲ့ပဲ ရှင်သန်ပါ့မယ်။

■ ■ ■

''ဒီလိုဆို ရွှေစင့်ကို ကိုစစ်ညီမလေးနဲ့ မိတ်ဆက်ပေးဦးနော်''

သူ့ အိမ်ပြန်ရောက်တည်းက မေပျို ပြန်ရောက်နေပြီဆိုသည့်





သတင်းကို အန်တီထားက ဦးဆုံးလာပြောသည်။ သူတို့အိမ်မှာ ညစာစားဖို့ ပါလာသော ရွှေစင့်ကို အောက်ထပ်မှာ ထားခဲ့ပြီး မေပျို့အိပ်ခန်းလေးရှေ့မှာ ကျောက်ရုပ်တစ်ရုပ်လို သူ မလှုပ်မယှက် ရပ်နေမိသည်။ တံခါးလေးတစ်ချက်လောက် ခေါက်ဖို့ကိုတောင် ခုချိန်မှာ တွန့်ဆုတ်နေခဲ့မိ၏။

ဘယ်လိုမှ လူမဆန်သည့်လုပ်ရပ်မျိုးကို ကျူးလွန်ခဲ့မိသည့် သူ့အတွက် မေပျို့ဆီက ဘယ်လိုခွင့်လွှတ်မှုမျိုးနှင့်မှလည်း မထိုက်တန်တာ သိပါသည်။ ဒါပေမဲ့ မေပျို့မျက်နှာလေးကို တစိမ့်စိမ့်ထိုင်ကြည့်ပြီး စကားတွေ ပြောချင်နေမိသေးတာတော့ သူ့ရင်ထဲကဆန္ဒအမှန်ပါ။

''သားရေ မင်းညီမကို နှိုးလိုက်ပါဦးကွယ်၊ ညစာစားကြရအောင်''

အန်တီထားက အောက်ထပ်ကနေ လှမ်းအော်ပြောသည်။ သူ့ဟာ နဲ့သူဆို တွန့်ဆုတ်စွာ တွေဝေနေမိသော လက်များက အန်တီထားအားကိုး နှင့် မေပျို့အခန်းတံခါးလေးကို ရဲရဲဝံ့ဝံ့ပင် ခေါက်နိုင်သွား၏။

''မေပျို''

''ဒေါက် ဒေါက် ဒေါက်''

တံခါးလေးကို ဖြည်းညင်းစွာခေါက်လျက် နှုတ်ကနေလည်း တိုးတိုး ခွာလေး ခေါ်လိုက်မိသည်။ နှစ်ခါသုံးခါဆက်တိုက် ခေါက်ပါသော်လည်း ထဲမှ လှုပ်ရှားသံမကြားရ။ တံခါးလက်ကိုင်ဘုကို လှည့်လိုက်တော့ လွယ် င့်တကူပင် ပွင့်သွားခဲ့သည်။ အထဲက ချက်မချထားဘဲ မေပျို အိပ်ပျော် နေတာ ဖြစ်ပါလိမ့်မည်။

အခန်းထဲ လှမ်းဝင်လိုက်သည်နှင့် သူ အချိန်တိုင်း တောင့်တနေ သော ကိုယ်သင်းနံ့လေးတစ်ခုက ဆီးကြိုနေခဲ့သည်။ နေ့ရက်တိုင်းနာရီ မှာ မေပျို့ဆီ ပြန်လာချင်ခဲ့သည့်စိတ်ကို သူအောင့်အီးထြေသိမ့်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အများအမြင်မှာ ဘယ်လိုမှမသင့်တော်သော ဆက်ဆံရေးတစ်ခုကို မေပျို နှင့်သူ တည်ဆောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ထိုအတွေးနှင့်ပင် မေပျို့ကို သူ ဥပေက္ခာပြုခဲ့ခြင်း ဖြစ်၏။

အွန်လိုင်းကနေ ပို့သမျှ စာများကိုလည်း တစ်ကြောင်းလောက်တောင် မတုံ့ပြန်မိအောင် သူ့စိတ်တွေသူ ချုပ်တည်းထားခဲ့ရသည်။ မေပျို ရှုးသွပ်တိုင်း သူပါ လိုက်လံရူးသွပ်နေမိလို့ မဖြစ်ဘူးလို့ ကိုယ့်စိတ်ကိုယ် နှလုံးသွင်းထားရ၏။ ဒါပေမဲ့ ဘယ်လိုပဲ သူ့ကိုယ်သူ ထိန်းချုပ်ထားပေမယ့် မေပျို့ကို မေ့လို့မရနိုင်ခဲ့တာတော့ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် မိုက်ရူးရဲဆန်စွာနှင့်ပင် ရွှေစင့်ကိုလက်ထပ်ဖို့ သူ အမြန် ဆုံး ရွေးချယ်ခဲ့ခြင်း ဖြစ်၏။ ဒီလိုနည်းနဲ့ သူ့စိတ်ကိုရော မေပျို့စိတ်ကိုပါ ထိန်းချုပ်ဖို့ သူ ကြိုးစားခဲ့သည်။

အဲဒီနည်းဟာ အောင်မြင်သလား မအောင်မြင်သလား မသိပေမယ့် လောလောဆယ်တော့ သူ့မျက်စိရှေ့ အိပ်ရာထက်မှာ အိပ်မောကျနေသည့် မေပျို့ကိုယ်လေးကို ဖက်မွှေ့ထားလိုက်ချင်စိတ်များအား သူ မနည်းချိုးနှိမ် နေရသည်။ အရာရာဟာ လက်လွန်ခြေလွန်တွေ ဖြစ်ခဲ့ပြီမဟုတ်လား။ နောက် နှစ်ရက်နေရင်ပဲ ရွှေစင်နဲ့ လက်ထပ်စာချုပ်ကို တရားရုံးမှာ လက်မှတ်ထိုးရ တော့မည်။

"ကိုကို"

သူ ငေးစိုက်ကြည့်နေမိတုန်းမှာပဲ မေပျို့မျက်လုံးလေးတွေ ပွင့်လာ လျက် သူ့ကိုမြင်တွေ့သွားခဲ့ပြီ။ နှုတ်ခမ်းဖူးလေးတွေလှုပ်ခတ်ရုံ တိုးတိုးလေး ခေါ်လိုက်သံက သူ့နှလုံးသားတစ်ခုလုံးကို အရည်ပျော်ကျသွားစေပါသည်။ သူ ချက်ချင်းပင် ကျောပေးရပ်လိုက်၏။





"ကိုကို"

ကျေးဇူးပြုပြီး ထပ်မခေါ်ပါနဲ့တော့။ ဒီအချိန်ဟာ ကိုယ်တို့နှစ် ယောက် လမ်းခွဲဖို့အသင့်တော်ဆုံးအနေအထားကို ရောက်နေခဲ့ကြပြီမဟုတ် လား။

"ကိုကို မေပျို့ကို တစ်ချက်လောက်တော့ ကြည့်ပါဦးနော်"

အိပ်ရာထက်ကနေ ထလာပြီး သူ့နားသို့ တိုးကပ်လာသော ခြေသံ ဖွဖွလေးကို ကြားရသည်။ ဒါပေမဲ့ သူ လုံးဝလှည့်မကြည့်ပါ။

"မေပျို့မှာ ဘာအပြစ်ရှိလို့လဲဟင်"

သူ့ကျောပြင်ထက်ကို လာမှီအပ်လိုက်သော နွေးထွေးသည့် ပါးပြင် လေးရဲ့အငွေ့အသက်ကို သူခံစားလို့ရနေသည်။ သူ လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်ထားလိုက်မိ၏။

"အင်းလေ တကယ်တော့ မေပျို့အပြစ်တွေချည်းပါပဲ၊ ကိုကို့မှာ ဘာအမှားမှ မရှိပါဘူး"

မနည်းထိန်းချုပ်သားရသည့် သူ့စိတ်ကို အရည်ဖျော်ပစ်ဖို့ ကြိုးစား နေတာလား ညီမလေးရယ်။

"မသင့်တော်မှန်းသိလျက်နဲ့ မိန်းကလေးကစပြီး ရှေ့တိုးခဲ့မိတာပါ၊ ဒါပေမဲ့လေ မေပျို နောင်တမရပါဘူး ကိုကို"

ရှိုက်သံလေးတစ်ချက် အင့်ခနဲ ထွက်လာပြီး မေပျို ငြိမ်သက်သွား သည်။ သူ့ကျောပြင်တစ်ခုလုံး ပူနွေးစွတ်စိုနေမှုက မေပျို့မျက်ရည်များ ကြောင့်ဆိုတာ သေချာပါသည်။ မေပျို့မျက်ရည်တွေကို သူ မမြင်ချင်ပါ။ သူ့ကြောင့်နဲ့ မေပျို မျက်ရည်ကျငိုကြွေးနေရဆဲဆိုတာမျိုးလည်း မဖြစ်စေချင် ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရက်စက်မှုတွေအတွက် မေပျို့ဆီက နာကျည်းမှုများကိုသာ သူမျှော်လင့်ခဲ့တာ။ အမုန်းတရားတွေနဲ့ ပေါက်ကွဲသွားတာမျိုးကိုပဲ သူ လိုချင်ခဲ့တာ။ အဲဒီလိုဖြစ်အောင်လို့လည်း တစ်ချိန်လုံး သတိရတမ်းတနေမိသည့် စိတ်တွေအား ချိုးနှိမ်ထားခဲ့ပြီး ရက်ရက်စက်စက် ဥပေက္ခာပြုထားခဲ့တာ။

ခုတော့ သူ ထင်ထားသလိုမျိုး မေပျို ဖြစ်မလာခဲ့ပါလား။

ကိုကို့နဲ့ပတ်သက်တဲ့ မင်းစိတ်ခံစားချက်တွေ ဒီလောက်ထိ နက်ရှိုင်းနူးညံ့တာ ကိုကို တကယ်မသိခဲ့ပါဘူးကွယ်။

"ဒါ ဘယ်လိုဖြစ်နေတာလဲ"

အခန်းတံခါးဝမှာ ပေါ်လာသော အန်တီထားကြောင့် သူ ထိတ်လန့်တုန်လှုပ်သွားရသလို နောက်ဘက်မှ မေပျို့ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားတာလည်း သူ ခံစားသိလိုက်သည်။

"အန်တီထား"

"မာဓိ"

"အဲဒါ ဘယ်လိုဖြစ်တာလဲလို့ မေးနေတယ်လေ"

အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာသော အန်တီထားရဲ့မျက်လုံးတွေ မီးဝင်းဝင်းတောက်နေ၏။ ဒီအခြေအနေမှာ ဘယ်ကစပြီး ဘာကိုပြောရမှန်း သူ စကားလုံးရှာမတွေ့နိုင် ဖြစ်နေမိသည်။

"သမီးမှားတာပါ မာမီ၊ သမီးအပြစ်ပါ၊ ကိုကို့မှာ ဘာအပြစ်မှ မရှိပါဘူး"

သူ့နောက်မှာ ငြိမ်သက်စွာရှိနေသော ကောင်မလေးက ခုတော့လည်း သူ့ရှေ့တည့်တည့်မှာ ရပ်ပြီး စကားတွေ တရစပ်ပြောနေသည်။ သူ တစ်ခုခုပြောဖို့ ကြိုးစားနေတုန်းမှာ သူမက အပြစ်တွေအားလုံးကို





ခံယူနေခဲ့၏။

"ဘာကိုမှားတာလဲ၊ ဘာကိုအပြစ်ရှိတာလဲ မေပျို့ငယ် နင် ငါ့ကို သေချာပြောစမ်း"

အန်တီထား တကယ်ပင် ဒေါသထွက်နေပါပြီ။

"ကိုကို့ကို သမီး စချစ်ခဲ့တာပါ၊ ကိုကိုက သမီးကို တကယ့်ညီမလေးတစ်ယောက်လို သဘောထားခဲ့"

"ဖြန်း"

မေပျို့ကိုယ်လေး လဲပြိုကျသွားသည်ထိ အန်တီထား ရိုက်ချက်က ပြင်းထန်ပါသည်။ နာကျင်သွားသော ပါးပြင်လေးကို အုပ်ကိုင်ကာ ကြမ်းပြင်ထက်လဲကျနေသော မေပျို့ကိုကြည့်ပြီး သူ့နှလုံးသွေးတွေ တပွက်ပွက်ဆူလာသလို ခံစားရသည်။

"ဘာတွေဖြစ်နေတာလဲ ကိုစစ်"

"ဟင် ထား ဘာဖြစ်ကြတာလဲ"

အပေါ်ထပ်မှ ဆူညံသံများကြောင့် အောက်ထပ်မှာကျန်ခဲ့သည့် ရွှေစင်နဲ့ ဖေဖေတို့ပါ သူတို့ရှိနေသော အခန်းလေးရှေ့ရောက်လာခဲ့သည်။ တွေ့လိုက်ရသော မြင်ကွင်းကြောင့် အားလုံးပါးစပ်အဟောင်းသား ဖြစ်သွားအံ။

"မေပျို့ငယ် နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့အရှက်ကို ကောင်းကောင်းခွဲလိုက်တာလားဟင်"

"သမီးကို ကြိုက်သလို အပြစ်ပေးပါ မာမီ၊ ကိုကို့ကိုတော့ ဘာမှ မလုပ်ပါနဲ့နော်"

မျက်ရည်များကြားက တိုးလျှိုးတောင်းပန်နေသည့် မေပျို့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



လေးဟာ သိပ်ကိုဖြူစင်နူးညံ့လွန်းပါလား။ သူ ဒီလောက်ထိ ရက်စက်ခဲ့တာ တောင် သူ့ဘက်က ကာကွယ်ပေးဖို့ ကြိုးစားနေသေးသည်။

"ကျွန်တော် မှားခဲ့ပါတယ်၊ ဒီအမှားကနေ ထွက်ပြေးလွတ်မြောက်ဖို့လည်း ကျွန်တော် ကြိုးစားခဲ့မိတယ်၊ အဲဒီအတွက် ဖေဖေရော အန်တီထားရောကို ကျွန်တော် တောင်းပန်ပါတယ်"

"မဲ့င်း ဘာတွေပြောနေတာလဲ သား"

ဖေဖေက ဇာတ်လမ်းကို ဘာမှမသိသေးသူပီပီ သူ့ကိုနားမလည်နိုင်သော မျက်ဝန်းများဖြင့်ကြည့်ကာ မေးသည်။ သူ မထူးတော့ပြီမို့ အရာအားလုံးကို ဝန်ခံဖို့ ဆုံးဖြတ်လိုက်၏။

"မေပျို့နဲ့ကျွန်တော် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်နေခဲ့မိပါတယ်"

"ဘယ်လိုပြောလိုက်တယ် ကိုစစ်"

လူကြီးတွေ ပါးစပ်အဟောင်းသားဖြစ်နေချိန်မှာ ရွှေစင့်ထံမှ အံ့ဩမယုံကြည်နိုင်သည့် တုန်ယင်နေသော ဒေါသသံလေးထွက်လာခဲ့သည်။ ခုချိန်မှာတော့ သူ မတတ်နိုင်တော့ပါ။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေခဲ့ပါပြီ။

"ဟုတ်တယ် ရွှေစင်၊ ကိုယ် မင်းကိုမချစ်ခဲ့ဘူး။ မေပျို့ကိုချစ်တဲ့ စိတ်တွေကို မင်းနဲ့အစားထိုးဖို့ ကြိုးစားခဲ့တာ"

"ရှင် မိုက်ရိုင်းလှချည်လား"

ဒီတစ်ခါ ပါးပြင်နှစ်ဖက်လုံး ပူဆင်းသွားရသူက သူကိုယ်တိုင်ပင် ဖြစ်သည်။ ဘယ်ပြန်ညာပြန်ရိုက်ချပစ်လိုက်သော ရွှေစင့်လက်များထဲမှာ ရှိသမျှဒေါသတွေ ပါဝင်သွားခဲ့ရင် သူ ကျေနပ်ပါပြီ။ မျက်စိရှေ့ကနေ အပြေ





ကလေးထွက်သွားသော ရွှေစင့်ကို သူ အားနာမိပေမယ့် ဒါဟာ ပိုကောင်းတဲ့ လမ်းလည်းဖြစ်မယ်လို့ သူ ယုံကြည်သည်။ ကိုယ့်ကို တစ်သက်လုံးချစ်လာမှာမဟုတ်သည့် ယောကျ်ားတစ်ယောက်အတွက် အချိန်ကုန်မယ့်အစား ဒီလိုဖြစ်သွားတာ ရွှေစင့်အတွက် အကောင်းဆုံးပါပဲ။

"စစ်ငြိမ်းချမ်း မင်း ဘာတွေပြောနေတာလဲ"

ဖေဖေ့မျက်နှာတွေ ရဲရဲနီလျက် ဒေါသတွေကို ထိန်းမရနိုင်လောက်အောင် ဖြစ်နေခဲ့ပြီ။

"ကျွန်တော် မေပျို့ကိုချစ်တယ် ဖေဖေ၊ မေပျို့ကလည်း ကျွန်တော့်ကိုချစ်တယ်၊ ဖေဖေနဲ့အန်တီထားနဲ့ လက်ထပ်ဖို့ မသေချာသေးခင်တည်းက ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိတ်ထဲမှာရှိနေခဲ့ကြတာပါ"

"ဟုတ်ပါတယ် မာမီး ကိုကို့ကို အန်ကယ့်သားမှန်း မသိခင်တည်းက သမီးချစ်နေခဲ့မိတာပါ၊ ဒါပေမဲ့ မာမီနဲ့လက်ထပ်မယ့်လူရဲ့သားမှန်း သိသွားတဲ့အချိန်မှာ"

မေပျို့အသံလေးတွေ တုန်ယင်လျက် ပျောက်ကွယ်သွားသည်။ မျက်နှာလေးက ရှုံ့မဲ့လျက် ဗိုက်ကို လက်နှင့်ဖိနှိပ်ထား၏။

"မေပျို ဘာဖြစ်တာလဲ"

"အား ဗိုက် ဗိုက်နာတယ်"

"ဟင် သမီး ဘယ်လိုဖြစ်တာလဲ"

ခုနက ဒေါသတွေဖြင့် ပြည့်နှက်နေသော အန်တီထားမျက်နှာသည် ခုတော့လည်း မေပျို့နားကို အပြေးရောက်လာလျက် စိုးရိမ်ပူပန်မှုများအဖြစ် ပြောင်းလဲနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ၊ ဘာအစားမှားလို့လဲ"

"အား သ သမီးကို ခွင့်လွှတ်ပါ မာမီ"

"ဘာတွေပြောနေတာလဲ သမီး။ တော်တော်ဆိုးသလား။ မာမီတို့ ဆေးရုံသွားကြရအောင်၊ ကိုရဲရေ ကားလုပ်ပါဦး"

အားလုံး ပျာယာခတ်ကုန်ကြသည်။ ဖေဖေကလည်း အောက်ထပ်ကို အပြေးပြန်ဆင်းသွား၏။ သူလည်း ခြေမကိုင်လက်မကိုင်မိ။

"သမီးမှာ ကိုယ်ဝန်ရှိနေတယ် မာမီ"

"ဘယ်လို"

အန်တီထား လုံးဝကို ငြိမ်ကျသွား၏။ ကြားလိုက်ရသော သူကိုယ်တိုင်လည်း ကြက်သေသေသွားမိသည်။ မေပျို့မှာ ကိုယ်ဝန်ရှိနေတယ်တဲ့။

ဒါ ဒါဆို ဒီကိုယ်ဝန်က။

■ ■ ■

## အခန်း (၁၂)

ဖေဖေရော အန်တီထားရောရှေ့မှာ သူ ဒူးနှစ်ဖက်ထောက်ထားမိသည်။ ခုချိန်မှာ သူ အတတ်နိုင်ဆုံး လုပ်နိုင်တာ ဒူးထောက်တောင်းပန်ရုံကလွဲလို့ ဘာရှိသေးလို့လဲ။

"အားလုံးက ဘာမှမတတ်နိုင်တော့ဘူး"

"ကျွန်တော့်အမှားတွေချည်းပါပဲ ဖေဖေ၊ မေပျို့က ဘာမှနားမလည်ခဲ့ပါဘူး။ ကျွန်တော် စောင့်ထိန်းခဲ့သင့်တာပါ"

အန်တီထားက မျက်နှာကိုတစ်ဖက်သို့လွှဲကာ မျက်ရည်သုတ်သည်။

"ကိုရဲ ပြောသလိုပဲပေါ့၊ ခုချိန်မှတော့ ထားတို့ ဘာတတ်နိုင်ဦးမှာလဲ"

"ကျွန်တော့်ကိုခွင့်လွှတ်ဖို့ ဖေဖေတို့ကို မတောင်းဆိုရဲပါဘူး။ ဒါပေမဲ့ မေပျို့နဲ့အတူ ဘဝတစ်သက်လုံး လက်တွဲခွင့်တော့ ပြုပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှစ်ယောက်လုံး သက်ပြင်းတွေပြိုင်တူချလျက် ပြောရခက်နေကြပုံပါပဲ။

"ပတ်ဝန်းကျင်အမြင်မှာ ဘယ်လိုမှ မသင့်တော်ဘူးဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်"

"ဒါဆို မင်းတို့က လက်တွဲဖို့ ဆုံးဖြတ်ရဲသေးတယ်ပေါ့"

ဖေဖေ့အသံက မချိတင်ကဲ။

"ကျွန်တော်မေပျို့ကိုခေါ်ပြီး ထွက်သွားပါ့မယ်၊ ဟိုမှာပဲ ကျွန်တော်တို့နှစ်ယောက် ဘဝကိုရှေ့ဆက်ဖို့ စဉ်းစားထားတယ်"

"ဆရာဝန်ပြောတော့ လူကြီးမှာ စိတ်ဖိစီးမှုတွေသိပ်များနေလို့ ကလေးကိုတောင် ထိခိုက်နိုင်တယ်တဲ့၊ ဒီလိုအချိန်မှာ သမီးကို အန်တီကိုယ်တိုင် စောင့်ရှောက်ချင်တယ်"

"မေပျို့ကို နောက်ထပ်စိတ်ဆင်းရဲမှုမျိုးတွေ ဘယ်တော့မှ ထပ်မပေးတော့ဘူးလို့ ကျွန်တော် ကတိပေးပါတယ်၊ ကလေးရော လူကြီးရော ကျန်းမာအောင် ကျွန်တော် အကောင်းဆုံးစောင့်ရှောက်မှာပါ၊ ကျေးဇူးပြုပြီး မေပျို့ကို ကျွန်တော်နဲ့ထွက်သွားခွင့်ပေးပါနော် အန်တီ"

"ဟုတ်ပါတယ် မာမီ၊ သမီး ကိုကိုမရှိဘဲနဲ့ ဘယ်လိုမှ ရှင်သန်နိုင်မှာမဟုတ်ဘူး"

ဆေးရုံခုတင်ထက်ကနေ လှမ်းပြောလိုက်သော မေပျို့အသံ သေးသေးလေး။ သူတို့အားလုံး မေပျို့နားသို့ ချက်ချင်းလိုလို ရောက်သွားကြသည်။

"သမီး သတိရလာပြီလားဟင်"

"သက်သာလား မေပျို"





မေပျိုက သူတို့အားလုံးကို အပြုံးလေးဖြင့် ခေါင်းညိတ်ပြသည်။

"ကိုကို့ကလေးရောဟင်"

"ကလေး ဘာမှမထိခိုက်ဘူး မေပျို၊ ဒါပေမဲ့ နောက်ထပ်တစ်ခါ မေပျို ငိုရင်တော့ တစ်ခုခုဖြစ်သွားနိုင်တယ်တဲ့"

မေပျို့မျက်ရည်တွေကို မမြင်ချင်တော့သောကြောင့် သူပြောလျှင် မေပျို မျက်စောင်းနုနုလေးတစ်ချက်နှင့် လှမ်းကြည့်၏။

"မာမီတို့ကို သမီး အနူးအညွတ်တောင်းပန်ပါတယ်၊ ကိုကိုရယ် ကလေးလေးရယ်နဲ့အတူ မေပျို့တို့ကို ထွက်သွားခွင့်ပြုပါနော်"

အန်တီထား ငိုနေတာကြည့်ပြီး သူ စိတ်မကောင်းပါ။ တစ်ဦးတည်းသော သမီးနှင့်မခွဲခွာချင်သည့်ဆန္ဒကို သူ နားလည်ပါသည်။ ဒါပေမဲ့ အတူတကွ ပေါင်းစည်းနေဖို့ဆိုတာကလည်း ဘယ်လိုမှမဖြစ်နိုင်ဘူးမဟုတ်လား။

"မာမီ ခွင့်ပြုပါတယ်"

"ဖေဖေလည်း မတားချင်တော့ပါဘူးကွယ်"

လူကြီးတွေနှစ်ယောက်လုံး ရင်ထဲမှာ နာကျင်နေမှာသိပေမယ့် ဒီတစ်ခါတော့ မေပျို့ကိုလက်လွှတ်မခံနိုင်တော့သော စိတ်များဖြင့် သူ ပျော်ရွှင်သွားမိသည်။ ဖျော့တော့စွာ အားအင်မဲ့နေသော မေပျို့လက်လေးနှစ်ဖက်ကို သူ တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်၏။

"ကိုကို မေပျို့ကို စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်တော့ဘူးနော်"

"ကတိပေးလား"

"ကတိပေးတယ်၊ မေပျို့ဗိုက်ထဲက ကိုကို့ရင်သွေးလေးကို သက်သေထားပြီးတော့ကို ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖြစ်သည်းနေပုံကိုကြည့်ပြီး ဖေဖေနဲ့အန်တီထားတို့က အလိုက်တသိနှင့်ဆေးရုံခန်းထဲမှ ထွက်သွားပေးသည်။

"မာမီ့ကို တကယ်အားနာမိတယ် ကိုကိုရယ်"

"ကိုကိုတို့က တစ်သက်လုံး အဆက်အသွယ်ဖြတ်ပြီး ခွဲသွားတာမှ မဟုတ်တာ မေပျို့ရဲ့၊ အချိန်မရွေး တွေ့နိုင်ပြီး စကားတွေလည်း ပြောနိုင်တယ်၊ ဒီလိုလုပ်လေ မေပျိုက ကိုကို့နဲ့အတူ ကျောင်းလိုက်တက်တယ်လို့ သဘောထားလိုက်ပေါ့"

"ပြောပုံကိုက ဒီမှာ ဗိုက်တစ်လုံးနဲ့ ဘယ်လိုကျောင်းတက်မှာတုန်း"

"အောင်မာ မေပျို တက်ချင်ရင် တက်လို့ရပါတယ်နော်၊ ကိုကို လည်း တူတူလိုက်တက်ပေးမှာပေါ့"

"သွား အပိုတွေ"

မေပျို့မျက်နှာပေါ်က အပြုံးလေးတွေကို ပြန်မြင်ခွင့်ရတာ သူ သိပ်ကံကောင်းပါသည်။ ဘယ်တော့မှ မေပျို့နဲ့တူတူ ခုလိုမျိုး ပျော်ရွှင်ကြည်နူး ခွင့်ရမှာမဟုတ်တော့ဘူးလို့ ထင်နေခဲ့မိတာ။ ဒါကြောင့်လည်း သူ့ဆုံးဖြတ်ချက် နဲ့သူ ထင်ရာစိုင်းခဲ့မိတာ။

"နောက်ဆို ကိုကို လုပ်ချင်တာပေါ့ကြီးပဲ စွတ်မလုပ်ရဘူးနော်၊ ကိုကို အဲဒီလိုလုပ်တာ မေပျို သိပ်နာကျင်ရတယ်"

"ကိုကို ကတိပေးပါတယ်ဆိုကွာ"

သူက မေပျို့နဖူးလေးကို ငုံ့နမ်းဖို့ ကြိုးစားလိုက်တော့ မေပျိုက လက်ကလေးများဖြင့် မျက်နှာကို အုပ်ကွယ်ထားလိုက်ပြီး

"လူလည်မကျနဲ့"

"ဟွန့် ဘာဖြစ်လို့လဲ၊ ကိုယ့်မိန်းမကိုယ် နမ်းတာပဲ"





"ဘယ်သူက သူ့မိန်းမဖို့လို့လဲ"

"ကိုယ့်ကလေးကိုတောင် ဗိုက်ထဲထည့်ထားပြီးတော့များ မိန်းမ မဟုတ်လို့ ဘာလဲ"

နှုတ်ခမ်းလေးစူပြီး နွဲ့နွဲ့လေးပြောနေသော မေပျို့ကို သူ အသည်း ယားစွာပင် အုပ်မိုးပွေ့ဖက်ထားလိုက်မိ၏။

"ဟာ ဆေးရုံဆိုတာ မေ့သွားပြီလား"

ရှန်းကန်ချင်နေသည့် မေပျို့ကိုယ်လေးကို သူ ပိုလို့တင်းကျပ်နေ အောင် ဖက်ထားလိုက်သည်။

"ဆေးရုံဆိုတာ မမေ့ပါဘူး၊ ဒါပေမဲ့ မေပျိုက ကိုကို့အနမ်းတွေ ကို မေ့သွားမှာပဲ ကြောက်တာ"

"ကိုကိုရယ် အဲဒီအနမ်းတွေကလေ မေပျို့အတွက် ဘယ်တော့မှ မေ့လို့မရမယ့် အရာတွေပါ၊ တစ်သက်လုံး ဝေးသွားခဲ့ရင်တောင် မှတ်မိနေဦး မှာ"

"ကိုကို မင်းကို သိပ်ချစ်ပါတယ်ကွာ"

သူ့ချစ်စကားကြောင့် မေပျို့နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။ ပြုံးနေသော နှုတ်ခမ်းလေးတွေကို သူ ညင်ညင်သာသာလေး နမ်းရှိုက် လိုက်၏။ ဒီတစ်ခါတော့ မေပျိုက မရုန်းကန်တော့ဘဲ ငြိမ်သက်စွာ သူနေ၏။

"အဲဒီအနမ်းတွေကို မေပျို ဘယ်တော့မှ မမေ့ပစ်လိုက်ချင်ဘူး ကိုကို"

"စိတ်ချ ကိုကို့ကို မေ့ချင်ရင်တောင် မေ့လို့မရအောင် အနမ်းတွေ ညည်နှောင်ထားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ လွတ်ထွက်မသွားအောင် ခင်တင်းတင်းလေး ချည်ထားပါနော် ကိုကို၊ မေပျို ကိုကိုနဲ့ ထပ်ဝေးရမှာကြောက်တယ်"

ကမ္ဘာပေါ်မှာ ဘယ်တော့မှ မရှိအောင်နိုင်ဆုံးသော အရာတစ်ခုက် ပြပါဆိုရင် ခုချိန်မှာတော့ သူ့အတွက် မေပျို့နှုတ်ခမ်းလေးများကိုသာ လက်ညှိုးထိုးပြမိမှာ ဖြစ်သည်။ အချိုမြိန်ဆုံး အရှည်ကြာဆုံး မက်မောတွယ်တာရဆုံးသော အနမ်းတွေနဲ့ သူတို့ဘဝလေးကို ခိုင်ခိုင်မာမာ တည်ဆောက်ဖို့ အသင့်ဖြစ်နေပါပြီ။

"ကိုကိုလည်း မေပျို့ကို ဘယ်တော့မှ ထားမသွားတော့ပါဘူးကွာ"

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com